# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
# ဒုတိယနေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၄.၁၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း ကို တင်ပြပါမယ်။

ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဆေးစစ်ခံ။ ဒေါက်တာစိုးထွန်း၊ မန္တလေး(၁)၊ ကျန်းမာရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ မိခင်ကျန်းမာရေး။ ဦးမှတ်ကြီး၊ မန္တလေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ညီမနာရေး။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးအောင်ကျော်ဇော၊ တပ်မတော်၊ တာဝန်ထမ်းဆောင်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးဝင်း၊ ဧရာဝတီ(၅)၊ ဆေးရုံတက်၊ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဖွံ့ဖြိုးရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကျန်းမာရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကျန်းမာရေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို<br>မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**SME ၏ ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရန် ထောက်ပံ့ ဆောင်ရွက်ပေးထားမှု ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က SME ၏ ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရန် ထောက်ပံ့ဆောင်ရွက်ပေးထားမှု ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် SME ရဲ့ ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရန် ထောက်ပံ့ဆောင်ရွက်ပေးထားမှုနဲ့ ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေနဲ့ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ စီးပွားရေးလုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ယခင်ကလည်းပဲ သူတို့ရဲ့ မူဝါဒများ၊ နောက် ဆောင်ရွက်မှုများ၊ ထားရှိမှုများကို အကြိမ်ကြိမ် ကျွန်တော် မေးမြန်းခဲ့ပြီးလည်း ဖြစ်ပါတယ်။ နောက် အာဆီယံအသိုင်းအဝိုင်း AEC ကို ရောက်တဲ့အခါမှာလည်းပဲ ဒါဟာ အင်မတန်မှ အရေးကြီးတယ်ဆိုတာ ကျွန်တော်တို့ နိုင်ငံနဲ့တစ်ဝှမ်း နိုင်ငံတော်သမ္မတကြီး ကိုယ်၌ကိုယ်က ဒီဟာကို အလေးထား ဆောင်ရွက်ရန် အကြိမ်ကြိမ် တိုက်တွန်း နှိုးဆော်နေတယ်၊ ညွှန်ကြားချက်တွေပေးနေတယ် ဆိုတာလည်းပဲ အများသိရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီကနေ့ မေးတဲ့မေးခွန်းမှာတော့ SME နဲ့ ပတ်သက်တဲ့ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်များကလည်း လေ့လာပြီးတော့ မေးကြည့်တဲ့အခါမှာ သူတို့ကလည်းပဲ ပံ့ပိုးမှုတွေ လိုအပ်သလောက်ရရှိမှု မရှိဘူး၊ အဲဒီပံ့ပိုးမှုတွေဟာ နည်းနေတယ်ဆိုတဲ့သဘောမျိုးတွေကလည်းပဲ လေ့လာသိရှိရပါတယ်။ ဒါကြောင့် ဒီဟာနဲ့ စပ်လျဉ်း ပြီးတော့ ကျွန်တော်သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနကို ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

အဲဒီတော့ အသေးစား၊ အလတ်စား ဒီစီးပွားရေးလုပ်ငန်းတွေ၊ စက်မှုလုပ်ငန်းတွေဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ၊ မြန်မာနိုင်ငံရဲ့ စီးပွားရေးမှာ ပါဝင်နေတဲ့ ရာခိုင်နှုန်းဟာ (၉၀)ရာခိုင်နှုန်း ကျော်ပါတယ်။ (၉၆)ရာခိုင်နှုန်းလောက် ရှိပါတယ်ဆိုတာ ဒါအများလည်းပဲ၊ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနကလည်းပဲ သိရှိပြီးဖြစ်မှာပါ။ နောက် ကျွန်တော်တို့အနေနဲ့ SME နဲ့ ပတ်သက်ပြီးတော့ အရင်တုန်းက ဆွေးနွေးပွဲတွေ၊ သူတို့ရဲ့ awareness တွေ ဖြစ်အောင် ဒါတွေကလည်းပဲ အကြိမ်ကြိမ် ဆောင်ရွက်ပြီးပြီလို့ ကျွန်တော့်အနေနဲ့တော့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ လုပ်ငန်းအကောင်အထည်ကို ဖော်နေပြီ၊ လုပ်ငန်းအကောင်အထည်ကို ပီပီပြင်ပြင်ဖြစ်အောင် ဆောင်ရွက်နေပြီလို့လည်းပဲ ကျွန်တော်တို့ အနေနဲ့ ယူဆရပါတယ်။

ဒါကြောင့် သက်ဆိုင်ရာ SME နဲ့ပတ်သက်တဲ့ပုဂ္ဂိုလ်များက ဆွေးနွေးတဲ့အခါမှာ ကျွန်တော့် အနေနဲ့ ဒီဟာကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်ရိုက်မေးမြန်း ရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ သိရှိလိုတာကတော့ တိတိကျကျ၊ ကွက်ကွက်ကွင်းကွင်း ကျွန်တော်တို့ ၂၀၁၂ ခုနှစ်မှာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်လို့ရှိရင် ဒီဖက်အပိုင်းမှာပဲဖြစ်ဖြစ် SME နဲ့ပတ်သက်တဲ့ ဒီထွက်ကုန် တွေကို ပြည်ပနိုင်ငံများ၊ အနီးဆုံး အာဆီယံနိုင်ငံတွေ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်း စသည် အားဖြင့် ဒီလို အနီးဆုံးနိုင်ငံတွေပဲ Volume ဘယ်လောက်လောက် ဘယ်လိုအမျိုးအစားများတွေ ဒါတွေဟာ တင်ပို့လို့ရအောင် Marketing ကအစ နည်းပညာတွေဟာ ဘယ်လိုချိတ်ဆက်ပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။ ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာ ဒါလေး တွေကိုလည်း သိချင်တဲ့အနေနဲ့ မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒီငွေရေးကြေးရေး ထောက်ပံ့မှုကလည်းပဲ၊ ဒီအတိုးနှုန်းတွေ၊ သက်ဆိုင်ရာ SME နဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေကို ချေးတဲ့အတိုးနှုန်းတွေကလည်းပဲ အတိုးနှုန်းဘယ်လောက်လောက် လျှော့ချပေးထား ခဲ့ပြီ အရင်တုန်းက ကျွန်တော်တို့ စက်မှုဖွံ့ဖြိုးရေးဘဏ်ကနေပြီးတော့ အခု အသေးစားစက်မှု လုပ်ငန်းများ ချေးငွေအတွက် ဘဏ်တွေ ဖွင့်ထားပြီးပါပြီ၊ စသည်အားဖြင့် ဒီလို ကျွန်တော်တို့ ဒီလို နိုင်ငံနှင့်တစ်ဝှမ်း

SME နဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်များ၊ တိုင်းသူပြည်သူသားတွေ အားလုံး သိရှိဖို့အတွက် လိုအပ်နေတဲ့ အချိန်လည်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် ဒီဟာကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥပမာအားဖြင့် ကျွန်တော် ဒါ SME ထဲမှာပါတဲ့၊ ဥပမာအားဖြင့် တင်ပြရရင် Border Trade ပဲဖြစ်ဖြစ်၊ ဥပမာ ဒါကတော့ စားကုန်သောက်ကုန်ပေါ့။ အဓိက က စားကုန်သောက်ကုန်တွေကလည်းပဲ ပါပါတယ်။ ဥပမာ သရက်သီးလို ဟာမျိုး။ ဒါဟာလည်း SME ထဲမှာ ပါတာပါခင်ဗျာ။ ဒါလည်းပဲ ကျွန်တော် လွယ်အောင် ရှင်းပြခြင်း ဖြစ်ပါတယ်။ မန္တလေးက ထွက်တဲ့ သရက်သီးလို ဟာမျိုးကို ဘယ်လိုနည်းပညာတွေ အထောက်အပံ့ပေးပြီးတော့၊ ဥပမာ ဂျပန်နိုင်ငံကပဲ ဖြစ်ဖြစ်၊ ကိုရီးယားနိုင်ငံကပဲဖြစ်ဖြစ် အဲဒီလိုနိုင်ငံတွေနဲ့ ချိတ်ဆက်ပြီးတော့ နည်းပညာတွေ ရရှိအောင် သူတို့ကို ဆောင်ရွက်ပေးထားပြီးတော့ Border Trade ကပဲဖြစ်ဖြစ် ဘယ်လိုတင်ပို့ပြီးတော့ ဆောင်ရွက်တယ်၊ volume ဘယ်လောက်လောက် ရှိတယ်၊ ဒီလို ကျွန်တော်တို့အနေနဲ့ သိရှိလိုခြင်း ဖြစ်ပါတယ်။

ယေဘုယျဆန်ဆန်နဲ့ ကျွန်တော်တို့ ပိုပြီးတော့ နည်းနည်းတိကျသော အစိတ်အပိုင်းနဲ့ ဂဏန်းအားဖြင့် ဒီဟာလေးတွေကို ကျွန်တော်တို့က သိရှိလိုခြင်း ဖြစ်ပါတယ်။ ဒါဟာလည်းပဲ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ စီးပွားရေး ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်များ သိရှိမှာပါ။ C.L.M.B နဲ့ပတ်သက်ပြီးတော့ ခုနက ကျွန်တော်တို့ Cluster SME ဆိုပြီးတော့ ပူးပေါင်းဆောင်ရွက်တဲ့ ဒီကိစ္စတွေလည်းပဲ အရင်တုန်းက အာဆီယံမှာ လွန်ခဲ့တဲ့နှစ်တွေက ဆွေးနွေးထားပြီးတော့ စီစဉ်ဆောင်ရွက်မှုတွေလည်းပဲ ထားရှိတယ်လို့ ကျွန်တော့်အနေနဲ့ လေ့လာတွေ့ ရှိရ ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ၂၀၁၅၊ နောက် အာဆီယံ ဥက္ကဋ္ဌလည်း ဖြစ်လာပြီ။ ၂၀၁၅ ခုနှစ်၊ ရှေ့လျှောက်သွားတဲ့အခါမှာ အင်မတန် အရေးကြီးတဲ့ SME အပိုင်းဟာ အခု ဆောင်ရွက်နေမှုအချိန်ကို၊ အခြေအနေကို ကျွန်တော့်အနေနဲ့ ကွက်ကွက်ကွင်းကွင်း ဒါ SME ဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်များကအစ သိရှိအောင်၊ တစ်တိုင်းပြည်လုံး သိရှိအောင် မေးမြန်းရခြင်းဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဒေါ်လဲ့လဲ့သိန်း (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြ ပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ SME ရဲ့ ထုတ်ကုန်တွေကို ပြည်ပကို တင်ပို့နိုင်ဖို့ ထောက်ပံ့ဆောင်ရွက်ပေးထားမှု ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်း မှ ဖြေကြားမှာ ဖြစ်ပါတယ်။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုမှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ SME ဟာ အဓိက မောင်းနှင်အား ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ထိရောက်တဲ့ပံ့ပိုးမှုတွေ ထောက်ပံ့ပေးဖို့အတွက် လိုအပ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံမှာရှိတဲ့ SME လုပ်ငန်းတွေဟာ ၁၉၉၀ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ပုဂ္ဂလိကစက်မှု လုပ်ငန်း ဥပဒေအရ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ ဒီဥပဒေပါ SME အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပြဋ္ဌာန်းချက် တွေဟာ ပြောင်းလဲလာတဲ့ ခေတ်ကာလအခြေအနေနဲ့ ကိုက်ညီမှု မရှိတော့တဲ့အတွက်ကြောင့်မို့လို့ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ရေးဆွဲရေးဆပ်ကော်မတီ ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ် အဖွဲ့အစည်းနဲ့ နိုင်ငံတကာဖွံ့ဖြိုးမှု အထောက်အကူပြု မိတ်ဖက်အဖွဲ့အစည်းတို့မှ ကျွမ်းကျင်သူ ပညာရှင် တွေ ပူးပေါင်းပြီးတော့ နိုင်ငံတကာမှာရှိတဲ့ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းဥပဒေတွေနဲ့ နှိုင်းယှဉ်သုံးသပ် ပြီးတော့ နိုင်ငံတကာ ဥပဒေကျင့်ထုံးများနဲ့အညီ SME လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေမူကြမ်းကို ရေးဆွဲခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပေးနိုင်ဖို့အတွက် လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နောက် အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေရဲ့ နည်းပညာ တိုးတက်ရေး၊ သတင်း အချက်အလက် ဖြန့်ဖြူးရေး၊ ပြည်ပပို့ကုန် မြှင့်တင်ရေး၊ ဈေးကွက် တိုးချဲ့နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့အခါမှာ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်တွေကို ဈေးကွက်ဆိုင်ရာ Tender တင်သွင်းခြင်းကိစ္စရပ်တွေကို ပိုပြီးတော့ နားလည်တတ်ကျွမ်းစေဖို့ ရည်ရွယ်ပြီးတော့ ကနေဒါနိုင်ငံ Building Market နဲ့ ပူးပေါင်း ပြီးတော့ Tender တင်သွင်းခြင်းဆိုင်ရာ General Procurement Training ကို စက်မှုဝန်ကြီးဌာန အနေနဲ့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှစပြီးတော့ တစ်လမှာ နှစ်ကြိမ်၊ နှစ်ရက်သင်တန်းကို အခမဲ့ပို့ချပေး လျက်ရှိတဲ့အခါမှာ ၁၃-၁-၂၀၁၄ အထိကို သင်တန်း(၂၅)ကြိမ်၊ သင်တန်းသား ပေါင်း(၆၉၀)ကျော် ပို့ချပြီး ဖြစ်ပါတယ်။

အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကိုလည်း တည်ထောင် ထားပြီးတော့ လိုအပ်တဲ့မူဝါဒများချမှတ်ခြင်း၊ ဥပဒေရေးဆွဲခြင်း၊ လုပ်ငန်း စတင်တည်ထောင်လိုသူတွေကို တိုင်ပင်ဆွေးနွေး ညှိနှိုင်းပေးခြင်း၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေရဲ့ လုပ်ငန်းမှတ်ပုံတင်ခြင်းနဲ့ ငွေကြေးအထောက်အပံ့ ရယူလိုခြင်းအတွက် ကူညီပံ့ပိုးပေးခြင်း၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး သင်တန်းများ ပို့ချခြင်းနဲ့ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိ ပါတယ်။ ဒီ ဗဟိုဌာန စတင်ဖွင့်လှစ်တဲ့ ၄-၄-၂၀၁၂ ကနေပြီးတော့ ၁၅-၁-၂၀၁၄ ရက်နေ့ထိကို လုပ်ငန်းရှင် ပေါင်း(၁၁၀၀)ကျော်ကနေပြီးတော့ လာရောက်တွေ့ဆုံခြင်းနဲ့ မေးမြန်းခြင်းတွေကို ပြန်လည်ဖြေကြားခြင်း၊ အကြံဉာဏ်ပေးခြင်းနဲ့ ပံ့ပိုးကူညီခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

Enterpreneurship Training, Business Planning and Financial Management Training, Foundry and Forging Technologies Training အပါအဝင် သင်တန်းများကိုလည်း ဖွင့်လှစ်ပေး ပြီးတော့ သင်တန်းသားပေါင်း (၇၆၀)ကျော်ကို ပို့ချခဲ့ကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ ဒီလက်ရှိ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ထပ်မံတိုးချဲ့ပြီးတော့

ရုံးခွဲတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီး (၁၄)ခုနဲ့ နေပြည်တော်ကောင်စီ နယ်မြေတို့မှာ ခရိုင်ရုံးခွဲတွေ ဖွင့်လှစ်ပြီးတော့ ဆောင်ရွက် သွားမှာလည်း ဖြစ်ပါတယ်။

နောက် အသေးစား၊ အလတ်စားလုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေကို ဈေးကွက်ချိတ်ဆက်မိစေဖို့ အတွက် မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ် အတွင်း ကျင်းပမယ့် ပြပွဲများ (Festivals)နဲ့ ကုန်စည်ပြပွဲများ(Trade Fairs) တွေကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ပေးပို့ထားပြီး ဖြစ်ပါတယ်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံး ကနေပြီးတော့ အာဆီယံနိုင်ငံတွေမှာ ကျင်းပမယ့် ပြပွဲတွေကို စုစည်းပြီးတော့ ၂၀၁၃ Asean Festival Calendar ကို ထုတ်ဝေပြီးတော့ Asean Website မှာ လွှင့်တင်ထားပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ အသေးစား၊ အလတ်စား လုပ်ငန်းရှင်တွေ အနေနဲ့ အာဆီယံ နိုင်ငံတွေမှာ ရှိတဲ့ သက်ဆိုင်ရာပြပွဲတွေမှာ ပါဝင်လေ့လာဆောင်ရွက်နိုင်ဖို့အတွက် 2013 Asean Festival Calendar ကို အသေးစားနဲ့ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနကနေပြီးတော့ ကုန်သည်များနဲ့ စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများ အသင်းနဲ့ စက်မှုဇုန် များကို ဆက်လက်ဖြန့်ဝေဖို့အတွက် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ထိပ်တန်းအသေးစားနဲ့ အလတ်စားလုပ်ငန်း(၁၀၀)ဦးရဲ့ အမည်စာရင်းကိုလည်း အာဆီယံအတွင်းရေးမှူး ချုပ်ရုံးကို ပေးပို့ပြီးတော့ Asean Website မှာ လွှင့်တင်နိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄ ခုနှစ်မှာလည်း ဒီ လုပ်ငန်းတွေကို ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထုတ်ကုန် အရည်အသွေးမမှန် တဲ့အတွက်ကြောင့်မို့လို့ ပြည်ပဈေးကွက်ပျက်နေတဲ့ လုပ်ငန်းတွေအတွက် PUM Netherlands Expert အဖွဲ့ကနေ ပညာရှင်တွေကို ဖိတ်ကြားပြီးတော့ အသေးစား၊ အလတ်စား လုပ်ငန်းတွေမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ဝိုင်းဝန်းအဖြေရှာ ပေးခြင်း၊ မြန်မာ့ယဉ်ကျေးမှုကို အခြေခံတဲ့ ထုတ်လုပ်မှုလုပ်ငန်းတွေကို အပြည်ပြည်ဆိုင်ရာ ဈေးကွက်ကို တိုးချဲ့ ဝင်ရောက်နိုင်ဖို့အတွက် အခွင့်အလမ်းတွေ ရရှိလာစေဖို့အတွက် အကြံပေးခြင်းများကိုလည်း ဆောင်ရွက် ပေးလျက်ရှိပါတယ်။

အသေးစားနဲ့ အလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဝန်ထမ်းအင်အား (၂၅)ဦး အောက် အသေးစားစက်မှုလုပ်ငန်းတွေ ထူထောင်တဲ့အခါမှာလည်း မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊ အခွန်ကင်းလွတ်ခွင့် ပြုခြင်း စသည်တို့ဖြင့် ပံပိုးပေးလျက်ရှိပါတယ်။ ငွေကြေးအထောက်အပံ့အတွက် အသေးစားနဲ့ အလတ်စားစက်မှု လုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်ကနေပြီးတော့ ချေးငွေ တွေကို ပံပိုးပေးလျက် ရှိပါတယ်။ ဆက်လက်ပြီးတော့ ဒီဟာကို နှစ်စဉ် တိုးတက်ပြီးတော့ ဆောင်ရွက်သွားမှာလည်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းနဲ့ မကွေးတိုင်းဒေသကြီး တို့မှာလည်း ကိုယ်ပိုင်လုပ်ငန်းငယ် တွေကို ဒေသအစိုးရ အကူအညီနဲ့ အသေးစားငွေချေး လုပ်ငန်းတွေကတစ်ဆင့် ကူညီဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် အသေးစား၊ အလတ်စားလုပ်ငန်းတွေအနေနဲ့ လုပ်ငန်းတူ အုပ်စုတွေ စုပေါင်းပြီး တော့ ပို့ကုန်တင်ပို့နိုင်ဖို့အတွက် Export Consortia အသင်း ဖြစ်ပေါ်ဖို့အတွက် SME Cluster Development ဖြစ်ဖို့ အတွက်လည်း ကူညီဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်ရှင်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာမြင့်ကြည် က သူက အသေးစိတ် သိချင်တဲ့ ဟာ Export ဆိုလို့ ရှိရင်လည်း Volume နဲ့ ငွေချေးတယ်ဆိုလို့ရှိရင်လည်း Amount နဲ့ ဆိုတော့ လောလောဆယ်လည်း ဒုဝန်ကြီးက ပါလာမှာ မဟုတ်ဘူး။ ပါလာမှာ မဟုတ်လို့ ရှိရင်တော့ စာနဲ့ တစ်ခါတည်း ပြန်ပြီးတော့ ဖြေပေးဖို့၊ ဒေါက်တာမြင့်ကြည် သိချင်တဲ့အချက် အသေးစိတ်ထပ်ပြောလိုက်ပါ။

**အချိန်၊ ၁၀း၂၀။**

**ဒေါ်လှဲ့လှဲ့သိန်း (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ Export Volume ရယ်၊ နောက်တစ်ခါကျ ဘဏ်က SME Meeting Bank က ချေးတဲ့ ချေးငွေပမာဏ၊ Amount တွေ ကိုပါ ကျွန်မ ဒီ စက်မှုဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ နောက် အသေးစိတ် ကလေးကို ကျွန်မပြန်ပြီးတော့ ဖြေကြားပေးပါ့မယ်ရှင့်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ စာနဲ့ ပြန်ဖြေကြားပေးနော်။

**အချိန်၊ ၁၀း၂၁။**

**ဒေါ်လှဲ့လှဲ့သိန်း (ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)** ။ ။ ဟုတ်ကဲ့၊ စာနဲ့ပြန်ဖြေကြားပေးပါ့မယ်ရှင့်။ ဟုတ်ကဲ့ပါ။

**ရန်ကုန်မြို့တော်နေ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို မျှတစွာ ဖြည့်ဆည်းပေးနိုင်ရန် ခရိုင်(၄)ခုရှိ ဆေးရုံကြီးများကို ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးများအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) မှ ဒေါက်တာမြတ်ဉာဏစိုး က ရန်ကုန်မြို့တော်နေ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုကို မျှတစွာ ဖြည့်ဆည်းပေးနိုင်ရန် ခရိုင်(၄)ခုရှိ ဆေးရုံကြီးများကို ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီးများအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး၊ ကော်မရှင်အဖွဲ့ဝင် ပညာရှင်ကြီးများ အားလုံးနဲ့ ဒီနေ့အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယဝန်ကြီး များကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့မေးမယ့်မေးခွန်းကတော့ ရန်ကုန်မြို့တော်မှာ ရှိတဲ့ ပြည်သူလူထုတွေရဲ့ ကျန်းမာရေးကို မျှတစွာ ဖြည့်ဆည်း ဆောင်ရွက်ပေး နိုင်ရန်အတွက် ရန်ကုန်မှာရှိတဲ့ ခရိုင်ကြီး(၄)ခုရဲ့ ဆေးရုံကြီးတွေကို ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးများအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ စီးပွားရေးမြို့တော် ရန်ကုန်မြို့တော်ကြီး ဟာ

အခုအချိန်မှာဆို လူဦးရေ(၆)သန်းကျော် ရှိနေပါပြီ။ မြန်မာနိုင်ငံ လူဦးရေရဲ့ (၁၀)ရာခိုင်နှုန်းကျော် မှီတင်းနေထိုင်တဲ့ မြို့တော်ကြီး ဖြစ်ပါတယ်။

ရန်ကုန်ဆေးရုံကြီးဟာဆိုရင် ရန်ကုန်မြို့တော်ကြီးရဲ့ အလယ်ဗဟိုမှာ ရှိပြီးတော့ ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီး ဖြစ်ပါတယ်။ ဒီ ရန်ကုန်ဆေးရုံကြီးကို အားကိုးပြီးတော့ အနယ်နယ်အရပ်ရပ်က လူနာတွေကလည်း ကုသဖို့ လာရောက်နေတာ ဖြစ်ပါတယ်။ အထူးကုဌာန အစုံအလင်ရှိပြီးတော့ ကုလည်း ကုသပေးနေပါတယ်။ ကုသပေးနိုင်တဲ့ အခြေအနေထက်ကို ကျော်လွန်ပြီးတော့ ဆရာဝန်၊ သူနာပြုအချိုးအစားနဲ့ကို မျှတမှု မရှိတော့ဘဲနဲ့ ဒီလိုဆောင်ရွက်ပေးနေရတာ ဖြစ်ပါတယ်။

ဒီအပြင် ရန်ကုန်မြို့ထဲမှာ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ကလေးဆေးရုံကြီး၊ ကလေးဆေးရုံကြီးဆို (၂)ရုံရှိပါတယ်။ ကျွန်တော်တို့ ရန်ကင်းမှာလည်း အသစ်ထပ်ဖွင့်ထားပါတယ်။ အရိုးအထူးကုဆေးရုံကြီး၊ တီဘီဆေးရုံကြီး၊ ကူးစက်ရောဂါဆေးရုံကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး အစရှိတဲ့ အထူးကုဆေးရုံကြီးတွေလည်း ရှိပါတယ်။ နောက်တစ်ခါ ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ အနောက်ပိုင်းဆေးရုံ၊ မြောက်ဥက္ကလာပ သင်ကြားရေးဆေးရုံကြီး၊ နောက် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးလို့ခေါ်တဲ့ ဒါ JICA အထောက်အပံ့နဲ့ တည်ဆောက်ထားတဲ့ ဆေးရုံကြီးတွေလည်း ရှိပါတယ်။ ဒီ ဆေးရုံကြီး အများစုဟာ မဟာရန်ကုန်ဧရိယာထဲမှာပဲ တည်ရှိနေတာကို တွေ့ရှိရပါတယ်။ ရန်ကုန်မြို့ဟာ အခုလူဦးရေတွေ များပြားလာတာနဲ့အမျှ လှိုင်သာယာ၊ ရွှေပြည်သာ အစရှိတဲ့ မြို့သစ်တွေ၊ နောက် ဒဂုံ(အရှေ့)၊ ဒဂုံ(မြောက်)၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒဂုံ(တောင်ပိုင်း) အစရှိတဲ့ မြို့သစ်တွေမှာလည်း မှီတင်းနေထိုင်တဲ့ လူဦးရေက တစ်နေ့တစ်ခြား ပိုပြီးတော့ များပြားလာပါတယ်။ ပြောရမယ်ဆိုရင်တော့ periphery မှာနေတဲ့ လူဦးရေအချိုးအစားဟာ ပိုပြီးတော့ တိုးတက်များပြားလာတာ ဖြစ်ပါတယ်။

အဲဒီတော့ ဒီ မှီတင်းနေထိုင်တဲ့ လူတွေအနေနဲ့ periphery မှာ နေရတဲ့ လူတွေဟာ အထူးကုဆေးရုံကြီးတွေကို သွားရောက်ကုသဖို့ဟာ နည်းနည်းလေးလှမ်းနေတဲ့ သဘောမျိုးဖြစ်နေပါတယ်။ အခုအချိန်မှာတော့ အရှေ့ပိုင်းခရိုင်မှာ တည်ရှိတဲ့ သဃ်န်းကျွန်းစံပြဆေးရုံကြီးကို ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးတော့မယ်ဆိုတဲ့ သတင်းကောင်းကိုလည်း ကြားသိရပြီးဖြစ်ပါတယ်။ ဒီအတွက်ကြောင့်မို့လို့ တောင်ပိုင်းခရိုင်မှာရှိတဲ့ ဆေးရုံကြီးတွေအနက်ကမှ ဒီမှာ ကျွန်တော်တင်ပြလိုတာက ဥပမာအနေနဲ့သာ တင်ပြတာ ဖြစ်ပါတယ်။ ဒီဆေးရုံတွေကို Update လုပ်ပေးရမယ်။ အဆင့်မြှင့်တင်ပေးရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး။ တောင်ပိုင်းခရိုင်မှာဆိုလည်း သင့်လျော်တဲ့ ဆေးရုံကြီးတစ်ရုံ၊ ဒီ ကျွန်တော့် မေးခွန်းမှာတော့ တင်ပြထားတာဟာ သံလျင်ပြည်သူ့ဆေးရုံကြီး ဖြစ်ပါတယ်။ အနောက်ပိုင်းခရိုင်မှာဆိုရင်တော့ လှိုင်သာယာပြည်သူ့ဆေးရုံ၊ မြောက်ပိုင်းခရိုင်မှာ ဆိုရင်တော့ အင်းစိန်ပြည်သူ့ဆေးရုံ၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးဟာ ဆိုရင်လည်း ဒါ ကျွန်တော်တို့ သင်ကြားရေးဆေးရုံအနေနဲ့ကို တွဲဖက်ပြီးတော့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီ ဆေးရုံကြီးတွေကို ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးတွေအဖြစ် အဆင့်မြှင့် တင်ပေးနိုင်မယ်ဆိုရင် ခရိုင်(၄)ခုလုံးမှာ အထူးကုဆေးရုံကြီးတွေ ညီညွတ်မျှတစွာ တည်ရှိနိုင်ပြီးတော့ ရန်ကုန်မြို့တော်ကြီးကို မှီတင်းနေထိုင်ရတဲ့ ဒီ periphery က ပြည်သူတွေအတွက်ဟာ အင်မတန်မှ ဝမ်းမြောက်ဝမ်းသာ ဖြစ်မှာဖြစ်ပါတယ်။ သူတို့တွေကို ပေးနိုင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု အနေအထားကလည်း များစွာမှ တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အရှေ့ပိုင်းခရိုင်မှာ သယ်န်းကျွန်းစံပြဆေးရုံကြီးကို ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးခဲ့တဲ့နည်းတူ တောင်ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်တွေမှာလည်း ဒီလို ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီးတွေ အဆင့်မြှင့်တင်ဖို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ တာဝန်ယူဆောင်ရွက်ပေးဖို့ အစီအစဉ် ရှိ၊ မရှိ နဲ့ မရှိဘူးဆိုရင်လည်း ဘယ်လို အကြောင်းကြောင်းကြောင့်၊ အကြောင်းမျိုးကြောင့် တာဝန်ယူ ဆောင်ရွက်ပေးနိုင်ခြင်း မရှိဘူးဆိုတာကို အများပြည်သူအကျိုးငှာ သိရှိလိုတဲ့အတွက်ကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာသိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄)မဲဆန္ဒနယ် ဒေါက်တာမြတ်ဉာဏစိုး ၏ မေးခွန်းနဲ့ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာ သိန်းသိန်းဌေး မှ ဖြေကြားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းစံပြဆေးရုံကြီးအား ကျွန်မတို့ ခုတင်(၃၀၀)ဆံ့ ဆေးရုံအဖြစ် ၁၉၉၄ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်အလိုက် ဆေးရုံတက် အတွင်းလူနာဦးရေ တိုးတက်လျက်ရှိပြီး ခွင့်ပြုဆေးရုံရဲ့အသုံးချရာခိုင်နှုန်းဟာ ကျွန်မတို့ ၂၀၁၁ ခုနှစ်မှာ (၁၃၂)ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်မှာ (၁၄၆.၄၄)ရာခိုင်နှုန်းနဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအထိ (၁၆၃.၄၄)ရာခိုင်နှုန်းထိ တိုးတက်လာကြောင်း စိစစ်တွေ့ရှိရတဲ့ အတွက်ကြောင့်မို့လို့ သယ်န်းကျွန်းစံပြဆေးရုံကြီးကို ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်မှာ ခုတင်(၃၀၀)ဆံ့ဆေးရုံကနေ ကိုယ်စားလှယ်တော်ကြီး အမိန့်ရှိသွားတဲ့အတိုင်းပဲ ကျွန်မတို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံအဆင့်ကို တိုးမြှင့်နိုင်ဖို့အတွက် တင်ပြဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

အလားတူပဲ တောင်ပိုင်းခရိုင်၊ သန်လျင်ပြည်သူ့ဆေးရုံသည် ခုတင် (၁၅၀)ဆံ့ဆေးရုံဖြစ်ပြီး၊ ၂၀၁၃ ခုနှစ်အတွင်း ဆေးရုံတက် အတွင်းလူနာဦးရေ တိုးတက်လာကြောင်း တွေ့ရှိရပါတယ်။ ကျွန်မတို့နိုင်ငံတော်မှ ကျန်းမာရေး အသုံးစရိတ်များ ပိုမိုရရှိလာပြီး၊ ဆေးဝါးပစ္စည်းကိရိယာများ ပိုမိုပံ့ပိုးလာနိုင်သည့် အားလျော်စွာ ဆေးရုံခုတင် အသုံးချမှု ရာခိုင်နှုန်းသည်လည်း အခြားသော ဆေးရုံများ နည်းတူ သန်လျင်ပြည်သူ့ဆေးရုံကြီးမှာ ၂၀၁၂ ခုနှစ်မှာ (၅၃)ရာခိုင်နှုန်းရှိရာမှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအထိ စာရင်းဇယားများကို စိစစ်ချက်အရ (၆၁)ရာခိုင်နှုန်းသို့ တိုးတက်လာတဲ့အတွက်ကြောင့် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်မှာ ခုတင်(၂၀၀)ဆံ့ ဆေးရုံအဖြစ်ကို တင်ပြဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

နောက် မြောက်ပိုင်းခရိုင်၊ လှိုင်သာယာပြည်သူ့ဆေးရုံသည် နှစ်အလိုက် ဆေးရုံတက်လူနာဦးရေနဲ့ ဆေးရုံခွင့်ပြု ခုတင် အသုံးချမှုရာခိုင်နှုန်းဟာ ကျွန်မတို့ ဒီ ၂၀၁၃ ခုနှစ် စတုတ္ထ(၃)လပတ်မှာ ကျွန်မတို့ စိစစ်တွေ့ရှိချက်အရ (၂၀၀)ရာခိုင်နှုန်းအထိ တိုးတက်လာတဲ့အတွက်ကြောင့် ခုတင်(၂၅)ဆံ့ဆေးရုံ အဆင့်ကနေမှ ကျွန်မတို့ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်မှာ ခုတင်(၅၀)ဆံ့ဆေးရုံအဆင့်ကို တိုးမြှင့်နိုင်ဖို့လို့အတွက်လည်း တင်ပြဆောင်ရွက်ရန် စီစဥ်ထားရှိပြီး ဖြစ်ပါတယ်။

အလားတူပဲ မြောက်ပိုင်းခရိုင်၊ အင်းစိန်ပြည်သူ့ဆေးရုံဟာ ခုတင်(၃၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အဖြစ်၊ ဆေးရုံ အသုံးချမှု ရာခိုင်နှုန်းဟာ ၂၀၁၁ ခုနှစ် မှာ (၁၀၈)ရာခိုင်နှုန်း ရှိရာမှ ၂၀၁၃ ခုနှစ်မှာ (၁၂၇)ရာခိုင်နှုန်းသို့ တိုးတက်လာသည်ကို တွေ့ရှိရတဲ့အတွက် လိုအပ်ချက်ကို ဆန်းစစ်ပြီးတော့ ထိုက်သင့်အားလျော်စွာ အဆင့်မြှင့်တင်နိုင်ရေးအတွက် ကျွန်မတို့ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီး မှတစ်ဆင့် လေးစားစွာ ဆက်စပ်မေးခွန်းလေး တင်ပြလိုပါတယ်ခင်ဗျား။ ခုနတုန်းက မေးခွန်းမေးမြန်းသွားတုန်းကလည်း တင်ပြ ခဲ့ပြီး ဖြစ်ပါတယ်။ မေးခွန်းထဲမှာ ဖော်ပြထားတဲ့ ဆေးရုံတွေက ဥပမာအနေနဲ့ တင်ပြခဲ့တာဖြစ်ပါတယ်။ ဆေးရုံတွေဟာ (၁၆)ခုတင်၊ (၂၅)ခုတင်၊ ခုတင်(၅၀)၊ ခုတင်(၁၀၀) အဆင့်ဆင့် တိုးမြှင့်ရတာကို သိရှိနားလည်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမဲ့ အနောက်ပိုင်းခရိုင် ကျွန်တော်တို့ လှိုင်သာယာ ရန်ကုန်မြစ်ကြီးကို ကူးသွားပြီးတဲ့ ဟိုဘက်အခြမ်းမှာ ကျွန်တော်တို့ ဆေးရုံတွေဟာ အထူးအားဖြင့်တော့ အနောက်ပိုင်းခရိုင်နဲ့ တောင်ပိုင်းခရိုင်တွေမှာ ကျန်းမာရေးစောင့်ရှောက်မှု အနေအထား နည်းနေတယ်လို့ သုံးသပ်ရရှိတာ ဖြစ်ပါတယ်။

အဲဒီတော့ ခုတင်(၅၀)ဆံ့ ဆေးရုံမဟုတ်ဘဲနဲ့ ဒီလို ခုတင်(၃၀၀)၊ ခုတင်(၅၀၀) အစရှိသဖြင့် အထူးကု ဆေးရုံကြီးတွေအဖြစ် တည်ထောင်ပေးမယ်၊ ဒီနေရာမှာလည်း facility အပြည့်နဲ့ အထူးကု ဌာနကြီးတွေ အပြည့်ရှိလာတယ် ဆိုတဲ့အခါကျရင် ပြည်သူလူထုဟာ အင်မတန်မှ အားကိုးအားထားပြုပြီးတော့ ဒီနေရာမှာ ကုသကြမှာ ဖြစ်ပါတယ်။ ခုနက ဒုတိယဝန်ကြီး ရှင်းလင်းသွားသလို ဖြစ်ပါတယ်။ ကျွန်တော်တို့ သန်လျင် ပြည်သူ့ဆေးရုံကြီးဟာ ခုတင် (၁၅၀)ဆံ့ ကနေပြီးတော့ ခုတင် (၂၀၀)၊ ဒါပေမဲ့ ဒီနေရာမှာလည်း ကျွန်တော်တို့ သယ်န်းကျွန်းစံပြ ဆေးရုံကြီးလို၊ ဒါမှမဟုတ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးလို ခုတင်(၅၀၀)ဆံ့လောက် အထူးကုဆေးရုံကြီးတစ်ခု ထူထောင်ပေးနိုင်မယ်ဆိုရင် တောင်ပိုင်း ခရိုင်မှာ ရှိတဲ့ ကျွန်တော်တို့မြို့တွေဟာ မြစ်ကူးချောင်းခြားနဲ့ ရန်ကုန်မြို့ထဲကို လာစရာ မလိုတော့ဘဲနဲ့ ပြသနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဟာလေးကိုလည်း ကျွန်တော်တို့ ခုတင်အချိုးအစားအလိုက် အဆင့်မြှင့်တင်တဲ့ နည်းတူ ခရိုင်(၄)ခုကို မျှတအောင် ဒီလိုဆောင်ရွက်ပေးဖို့ရော သီးခြားအစီအစဥ် တစ်ရပ်အနေနဲ့ စဥ်းစားပြီးတော့ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ ကို ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဒေါက်တာသိန်းသိန်းဌေး (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစား အပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ၏ မေးမြန်းချက်နဲ့ စပ်လျဉ်းပြီးတော့ ကျွန်မတို့ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်တဲ့ အခါမှာ ဒီ ပြည်သူများရဲ့ ကျန်းမာရေး လိုအပ်ချက်ကိုလည်း ဒေါက်တာမြတ်ဉာဏစိုးနဲ့ ကျွန်မတို့တွေ အတူတကွ နားလည်ပါတယ်။ အလားတူပဲ ကျွန်မတို့ စောင့်ရှောက်မှုပေးဖို့လို့ စီစဉ်တဲ့အခါမှာလည်း ဒါကြောင့်မို့လို ကျွန်မပြန်လည် ဖြေကြားသွားတဲ့ အဖြေမှာကိုက ဒေါက်တာမြတ်ဉာဏစိုး မေးသွားတုန်း ကလည်း ဒီ ဥပမာအနေနဲ့ ပြောသွားခြင်းဖြစ်ပြီးတော့ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးမျိုး၊ သယ်န်းကျွန်းစံပြ ဆေးရုံမျိုး အလားတူ ခရိုင်တစ်ခုစီမှာ မပေးနိုင်ဘူးလား အစီအစဉ် ရှိ၊ မရှိ ဆိုတာလေး မေးတာနဲ့ ပတ်သက် ပြီးတော့မှ ကျွန်မတို့ ဆန်းစစ်ချက်အရ လူနာဆေးရုံအသုံးပြုတဲ့နှုန်းနဲ့ ကျွန်မ နှိုင်းယှဉ်ပြီးတော့ ဖြေကြား သွားပါတယ်။

အဲဒီတော့ ကျွန်မတို့ ဒီ(၁၀၀) ရာခိုင်နှုန်း ပြည့်သုံးတဲ့ အဓိပ္ပာယ်က အဲဒီဆေးရုံမှာရှိတဲ့ ခုတင်(၁၅၀) ဆိုလည်း (၁၅၀)၊ (၂၅)ဆိုလည်း (၂၅) အဲဒီလောက်ကို ရာနှုန်းပြည့်ကို၊ ခုတင်အပြည့်ကို လူနာတွေ တက်တယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။ ဆရာလည်း ဒါကို နားလည်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ခုတင်(၂၀၀)ရာခိုင်နှုန်း သုံးပြီဆိုရင်တော့ သူတို့ အလယ်မှာ ခုတင်တွေ ထိုးပြီးတော့ လူနာ(၂၅) ယောက်ဆံ့တဲ့ (၂၅)ခုတင်မှာ လူနာတစ်နေ့ကို (၅၀) ပျမ်းမျှတက်တယ်ဆိုတဲ့ အနေအထား မျိုးဖြစ်ပါတယ်။

အလားတူပဲ အနောက်ပိုင်းခရိုင်ကို ပြန်ပြီးတော့ လေ့လာကြည့်လိုက်လို့ရှိဆိုရင် အနောက်ပိုင်း ခရိုင်မှာ ဒါသည် (၂၅)ခုတင် ဖြစ်ရခြင်းဟာ လှိုင်သာယာသည် မြို့နယ်ဆေးရုံအဆင့် ကျွန်မတို့ စပြီးတော့ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အလားတူ အဲဒီမှာလည်း ရန်ကုန်မြို့တော်ကြီး တစ်ခုလုံးရဲ့ ဖွဲ့စည်းပုံ တွေဟာ မတူညီကြပါဘူး။ ဒီလှိုင်သာယာရွှေပြည်သာဆိုရင် Urban လို့ ခေါ်တဲ့ မြို့ပြလူဦးရေလည်း ရှိတယ်။ နောက်ပြီးတော့ ကျေးလက်နေ လူဦးရေတွေလည်း ရှိတယ်။ နောက်ပြီးတော့ လှိုင်မြစ်တစ်ဖက် ကမ်းမှာ ကျွန်မတို့ အထူးဂရုပြုပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု ဦးစားပေးရမယ့် လူနေအုပ်စုလည်း ရှိတယ်ဆိုတာ ကျွန်မတို့လည်း နားလည်ပါတယ်။ နောက်အလားတူပဲ လှိုင်သာယာလိုမျိုး အခြားမြို့နယ် တွေလည်း၊ ဆေးရုံတွေလည်း ရှိနေတယ်၊ နောက်ပြီးတော့ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီးလည်း ရှိတယ်။ အနောက်ပိုင်းတစ်ကြောမှာပဲ အခြားအထူးကုဆေးရုံကြီးများလည်း ရှိတယ်ဆိုတာ ကျွန်မတို့ ပြန်ပြီးတော့ လွှမ်းခြုံမှုကို တွက်တဲ့အခါမှာ ဒါတွေအကုန်လုံးနဲ့ လူဦးရေ အချိုးအစားနဲ့ ဒီလိုမျိုးတွက်တဲ့အတွက်ကြောင့် မို့လို့ ခရိုင်တစ်ခုကို အထူးကုဆေးရုံကြီး ခုတင်(၅၀၀)ဆံ့ တစ်ခုနှုန်းနဲ့တော့ ကျွန်မတို့ ကြိမ်နှုန်းနဲ့ ထားဖို့ လို့အတွက် အခြေအနေ လောလောဆယ် ကျွန်မတို့ တွက်ချက်မှုအရ မရှိသေးသော်လည်းပဲ ဆရာအမိန့် ရှိတဲ့အတိုင်းပဲ ကျွန်မတို့ဟာ ပြည်သူတွေအများဆုံး အထူးကုဆရာဝန်ကြီး Category မျိုးစုံကို လက်လှမ်းမှီမယ့် အနေအထားမျိုး အခု ဆိုလို့ရှိရင် ဆေးရုံအသစ်ကြီးတစ်ခု အထူးသဖြင့် ခုတင်(၅၀၀)ဆံ့ ဆေးရုံလိုမျိုး တည်ထောင်တော့မယ်ဆိုရင် ကျွန်မတို့ တွက်ချက်ရတာတွေ အများကြီးရှိပါတယ်။

ဒီဆေးရုံ ဆောက်ပြီးရင် ဒီထဲကို ဖြည့်တင်းရမယ့် သူနာပြု၊ ဆရာဝန် ဒီ အရေအတွက်ကအစ ကျွန်မတို့မှာ မွေးထုတ်ပြီးသား အဆင်သင့် ရှိ၊ မရှိ၊ နောက်ပြီးတော့ ဆေးရုံကြီး ဆောက်ပြီးတော့ ဆရာဝန်က မရှိ၊ ဆေးဝါးမလိုက်နိုင်၊ ဒါမျိုးတွေလည်း မဖြစ်ဘဲနဲ့ ဒီလို တည်ထောင်ဖို့လို့အတွက် နိုင်ငံတော်ရဲ့

ဘတ်ဂျက်ထဲမှာ စပြီးတော့ လျာထားဖို့ကအစ စပြီးတော့ ဒါတွေကို အလေးထားပြီးတော့လည်း ကျွန်မတို့ အမြဲစဉ်းစားပါတယ်။ အခုဆိုရင်တော့ မကြာခင်မှာ တရုတ်နိုင်ငံရဲ့ အထောက်အပံ့နဲ့ ထောက်ကြံ့မှာ အထူးကုဆေးရုံကြီး၊ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးတစ်ခု ဆောင်ရွက်ပြီးလို့ရှိရင် သူ့ရဲ့ Cashment Area တွေ နယ်အဝေးကနေ ပြီးတော့မှ ရန်ကုန်အနီး တစ်ဝိုက်မှာရှိတဲ့ လူနာတွေ လာနိုင်ပါမှာလည်း ဖြစ်ပါတယ်။ အလားတူပဲ ရန်ကုန်မြို့လယ်မှာလည်း အထူးကုဆေးရုံတွေကို ကျွန်မတို့ တတ်နိုင်သလောက် ဘေးတွေကို ဖြန့်ဖြန့်ပြီးတော့ ဆောက်တဲ့လုပ်ငန်းကိုလည်း လုပ်နေပါတယ်။ ဆရာပြောသလိုမျိုး ခရိုင်မှာရှိတဲ့လူဦးရေ အကုန်လုံးနဲ့ အဲဒီထဲမှာပေးနိုင်တဲ့ အထူးကုဆရာဝန်များအထိပါ စောင့်ရှောက်မှုပေးနိုင်တဲ့ အချိုးအစား ကိုလည်း ကျွန်မတို့ ဒါကို ညှိနှိုင်းပြီးတော့ တွက်ချက်ပြီးတော့ လိုအပ်သလို ချဲ့ထွင်သွားဖို့အတွက် လည်း အစီအစဉ် ရှိပါတယ်။ လောလောဆယ်မှာတော့ ခရိုင်တစ်ခုမှာ ခုတင်(၅၀၀)ဆံ့ ဆေးရုံတစ်ခုဆောက်မယ် ဆိုတဲ့ အဲဒီလိုမျိုး ပျမ်းမျှအစီအစဉ်မျိုးတော့ မရှိသေးပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး မေးမြန်းတဲ့ မေးခွန်းတွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပဲခူးမြို့နယ်အတွင်း ပဲခူးရိုးမတောင်အစပ်ရှိ ကျေးရွာများကို ဆင်များအန္တရာယ်မှ ကာကွယ်ပေးရန် အစီအမံ ရှိ၊ မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ပဲခူးမြို့နယ်အတွင်း ပဲခူးရိုးမတောင်အစပ်ရှိ ကျေးရွာများကို ဆင်များအန္တရာယ်မှ ကာကွယ်ပေးရန် အစီအမံ ရှိ၊ မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်များ၊ ပညာရှင်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပဲခူးမြို့နယ်အတွင်း ပဲခူးရိုးမတောင်အစပ်မှာရှိတဲ့ ကျေးရွာများမှာရှိတဲ့ ဆင် အန္တရာယ်ကို ကာကွယ်ပေးဖို့ အစီအမံ ရှိ၊ မရှိ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်အတွင်း ပဲခူးရိုးမတောင်ရဲ့အစပ်မှာ ကျေးရွာ အုပ်စုပေါင်း (၉)အုပ်စု ရှိပါတယ်။ ဇောင်းတူ၊ တိုက်ကြီး၊ ဇီးတော၊ ကမ်းမြင့်၊ တမာပင်၊ ထန်းတောကြီး၊ ဝါးပုံကုန်း၊ သရက်ကုန်း၊ အောက်ကမ္ဘာ ကျေးရွာအုပ်စုကြီးတွေ ဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ ကျေးရွာငယ် များမှာ လယ်မြေဧက(၂၂၀၀)ကျော်ရှိပြီးတော့ တောင်သူလယ်သမား ဦးရေ(၁၅၀)ကျော်တို့ဟာ ထွန်ယက် စိုက်ပျိုး လုပ်ကိုင်စားသောက်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူများနဲ့ သွားရောက်တွေ့ဆုံစဉ်မှာ ကြားသိရတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

နှစ်စဉ် စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနဲ့ ဒီဇင်ဘာလ (၄)လတာကာလ အတွင်းမှာ အထူးသဖြင့် ဖုံးတုံးလုံးတုံး တန်ဆောင်မုန်းဆိုတဲ့ ကာလလောက်မှာ ဆင်အကောင်(၃၀)ကျော် လောက်ဟာ စပါးပင်တွေ က ဖျက်ဆီးတယ်၊ စပါးများကို စားသောက်ခြင်းတို့အတွက်ကြောင့် လယ်ယာ မြေတွေ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ နှစ်စဉ် ကလေး၊ လူကြီး(၁၀)ဦးခန့်ဟာလည်း ဒီဆင်များရဲ့ ရန်မူ သတ်ဖြတ်ခြင်းကိုလည်း ခံရတယ်လို့ သိရပါတယ်။ အဲဒီဒေသမှာတော့ တောဆင်ရိုင်းများလည်း ရှိပါတယ်။ သစ်တောဌာနပိုင် ဆင်တွေလည်းရှိသလို ပုဂ္ဂလိကပိုင် ဆင်များလည်းရှိကြောင်း သိရှိရပါတယ်။

ဒါကြောင့်မို့လို့ နိုင်ငံတော်ကနေပြီး စိုက်ပျိုးစရိတ် ချေးငွေယူပြီးတော့ စိုက်ပျိုးထားရတဲ့ ဒီလယ်ယာမြေများမှာ ကျွန်တော်တို့ရဲ့ စပါးပင်တွေ ပျက်စီးခြင်း၊ တောင်သူများ သေကြေဒဏ်ရာရခြင်းတို့ ဖြစ်ပေါ်လျက်ရှိတဲ့အတွက် အဆိုပါ တောင်သူလယ်သမား၊ ပြည်သူများ ဆင်အန္တရာယ်ကနေ ကာကွယ် စောင့်ရှောက်ပေးမယ့် အစီအစဉ် ရှိ၊ မရှိ ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မာဘဲလ်ကျောက် ထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးနိုင်မည့် အလား အလာ အတိုင်းအတာကို သိရှိလိုခြင်းနှင့် တောင်ကုတ်မြို့၌ မာဘဲလ်ကျောက်ပြား ကုန်ချောထုတ်စက်ရုံ တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်လတ် က မာဘဲလ်ကျောက် ထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်မည့် အလားအလာ အတိုင်းအတာကို သိရှိလိုခြင်းနှင့် တောင်ကုတ်မြို့၌ မာဘဲလ်ကျောက်ပြား ကုန်ချောထုတ်စက်ရုံ တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၈။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပညာရှင်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ထဲမှာ နေပူတောင်လို့ ဆိုတဲ့ မာဘဲလ် ကျောက်တောင်တစ်ခု ရှိပါတယ်။ အဲဒီကျောက်တောင်ဟာ ပြည်ထောင်စုကားလမ်းမအနီး တောင်ကုတ် မြို့က (၂၉)မိုင်ခန့်အကွာမှာ ရှိပါတယ်။ မြေပေါ်ကို ထိုးထွက်နေတာ မျက်မြင်အတိုင်းဆိုရင် ကုဗပေသန်း (၃၅၀)ခန့်ရှိပါတယ်။ ၁၉၇၀ ခုနှစ်မှာ သတင်းစာမှာ ဖော်ပြတာက အမေရိကန်ဒေါ်လာ (၉)ဘီလီယံတန်ဖိုး ရှိတယ်ဆိုပြီးတော့ ဖော်ပြခဲ့ပါတယ်။ မြေအောက်မှာ ပမာဏ ဘယ်လောက်ရှိတယ်ဆိုတာတော့ မသိရှိသေး ပါဘူး။ အဲဒီအချိန်က ဂျပန်တွေက နေပူတောင်က ကျောက်ကို သံတွဲသို့ ရထားလမ်းဖောက်ပြီးတော့ Export လုပ်ဖို့ အစီအစဉ် ရှိခဲ့ပါတယ်။ ဒါပေမဲ့ ခက်တာက ဆိုရှယ်လစ်ခေတ်ဖြစ်လို့ စီးပွားရေးတွက်ခြေ မကိုက်တာနဲ့ နောက်ပိုင်းမှာ အဲဒီစီမံကိန်း ပျက်သွားခဲ့ပါတယ်။ အဲဒီခေတ်မှာပဲ မာဘဲလ်ကျောက်တွေကို

ကုန်တင်ကားကြီးတွေနဲ့ ပြည်မဘက်ကိုသယ်ဆောင်ပြီးတော့ လမ်းခင်းကျောက်အဖြစ် သုံးတယ်။ တချို့ကို ကုန်ချောကျောက်ပြားအဖြစ် ထုတ်လုပ်တာတွေ ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းမှာကျတော့ ဗီယက်နမ် နိုင်ငံက SIMCO ဆိုတဲ့ ကုမ္ပဏီနဲ့ သတ္တုတွင်းဝန်ကြီးဌာနတို့ အရောင်းအဝယ် စာချုပ်ချုပ်တယ်လို့သိရပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာပဲ ဗီယက်နမ်သံအမတ်နဲ့ အဲဒီမြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးနဲ့ ဗီယက်နန်တို့ ဖက်စပ်ကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာတစ်ဦး တို့ဟာ ရခိုင်ပြည်နယ်အစိုးရနဲ့ နေပူတောင်ကျောက် ထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ နောက်ပြီးတော့ နေပူတောင် ကျောက်ထုတ်လုပ်ရေးကို၊ အဲဒီကုမ္ပဏီကို (၂၅)နှစ်တာရောင်းချတယ်လို့ သိရပါတယ်။ ဒါပေမဲ့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒေသခံလူထုကို ရှင်းပြတာက အနည်းအကျဉ်းပဲ ရှိခဲ့ပါတယ်။ ဒီထက် ကျယ်ကျယ်ပြန့်ပြန့်နဲ့ ပွင့်လင်းမြင်သာရှိဖို့ ဒီနေ့ခေတ်မှာ လိုအပ်ပါတယ်။ဒေသခံအများစုက EIA,SIA နဲ့ပတ်သက်လို့ ဒီနေ့အထိ သေသေချာချာ ဘာမှမသိရသေးပါဘူး။ အဲဒီလိုမျိုး EIA,SIA ကိစ္စတွေကို မလုပ်ခဲ့လို့ ကျွန်တော်တို့ ကျောက်ဖြူရွှေခဲကိစ္စတွေ၊ နောက် လက်ပံတောင်းတောင်က ကြေးနီကိစ္စတွေ ပေါ်လာတာ ဖြစ်ပါတယ်။ ဒီစီမံကိန်းတွေ ကို အကောင်အထည်ဖော်ဖို့ဆိုရင် ပြည်သူတွေနဲ့ ထိတွေ့လုပ်ဆောင်မှုများကို အဆင့်ဆင့် လုပ်ဖို့လိုပါတယ်။ ပြည်သူများကို စီမံကိန်းအကြောင်းကို အသိပေးရမယ်။ ပြည်သူ့အသံကို နားထောင် ရမယ်၊ အချက်အလက်များကို အပြန်အလှန် ဖလှယ်ရမယ်၊ ပြည်သူတွေနဲ့ ဆွေးနွေးရမယ်၊ စေ့စပ်ညှိနှိုင်း ရမယ် ဆိုတဲ့အဆင့်တွေကို အဆင့်ဆင့် လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

ဒီကနေ့ နိုင်ငံသားကောင်းတစ်ယောက်ဆိုတာဟာ မိမိပတ်ဝန်းကျင်ကို ကောင်းမွန်စေချင် ပါတယ်၊ ကာကွယ်ချင်ကြပါတယ် ဆိုတဲ့ နိုင်ငံရေးအသိရှိမှသာ ကျွန်တော်တို့ နိုင်ငံရဲ့သဘာဝပတ်ဝန်းကျင် စီမံချက်များ၊ ရည်မှန်းချက် အောင်မြင်ပြီး ကမ္ဘာနဲ့ ရင်ပေါင်တန်းလာမှာ ဖြစ်ပါတယ်။ EIA, SIA လုပ်ငန်းစဉ် တွေနဲ့ UN Convention တွေမှာ ပြည်သူတွေအတွက် ပွင့်လင်းမြင်သာစွာသိရှိခွင့်နဲ့ တရားမျှတမှုအတွက် လုပ်ဆောင်ခွင့်တို့ ပါဝင်ပြီးဖြစ်ပါတယ်။ ဒါတင် မကဘူး၊ ဒေသခံပြည်သူများအနေနဲ့ စီမံကိန်းတွေကို လုပ်သင့်၊ မလုပ်သင့် ဆုံးဖြတ်တဲ့ဖြစ်စဉ်တွေမှာတောင် ပါဝင်ခွင့် ရှိနေပါတယ်။

နေပူတောင်ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဒေသခံတွေ စိုးရိမ်စိတ်ရှိနေပါတယ်။ အရင်တုန်း ကလည်း လမ်းတွေပျက်စီးခဲ့တယ်။ အခုလည်း လမ်းတွေ ပျက်စီးလာမှာ၊ သဘာဝသစ်တောတွေပျက်စီးမှာ စိုးရိမ်ကြောင့်ကြမှု ရှိပါတယ်။ ချောင်းမြောင်းတွေ ပိတ်ဆို့ပြီး ရေကြီးမှာကိုလည်း စိုးရိမ်ပါတယ်။ အလုပ် လုပ်ခွင့်တွေ မရမှာနဲ့ ပါဝင်ခွင့်တွေ ဆုံးရှုံးမှာကိုလည်း စိုးရိမ်ပါတယ်။ ဆင်းရဲတဲ့ ဒေသခံတွေဟာ တောတောင်ကို မှီပြီးမှ ထမင်းစားနေရတာ ဖြစ်ပါတယ်။ အရင် အစိုးရလက်ထက်တွေတုန်းကလည်း သစ်တောတွေ ခုတ်သွားတယ်။ ဓာတ်ငွေ့တွေ ယူသွားတယ်။ ဒေသခံတွေ ပြန်မရခဲ့တာတွေ ရှိပါတယ်။ ဒေသခံအကျိုးကို အဓိကထားပြီးတော့ မစဉ်းစားခဲ့ပါဘူး။ အခုကလည်း ပြည်ထောင်စုအစိုးရနဲ့ ဗီယက်နမ် ကုမ္ပဏီတို့ ပူးပေါင်းလုပ်ဆောင်တယ်လို့ သိရှိရပါတယ်။ အမှန်လုပ်သင့်တာကတော့ ပြည်ထောင်စု အစိုးရက ပြည်နယ်အစိုးရကို လုပ်ပိုင်ခွင့်တွေ ချပေး၊ ပြည်နယ်အစိုးရကလည်း ဒေသခံကုမ္ပဏီတွေကို မြေတောင် မြှောက်ပြီးတော့ ပူးပေါင်းပါဝင်စေဖို့ ကောင်းပါတယ်။ တကယ်လို့ ဒေသခံကုမ္ပဏီမှာ ငွေမရှိဘူး ဆိုရင်လည်း ငွေတွေချေးငှားလို့၊ ရှာကြံပေးလို့ ရပါတယ်။ နိုင်ငံခြား ကုမ္ပဏီဆိုတာကလည်း

သူတို့ပိုက်ဆံနဲ့သူတို့ လုပ်တာမဟုတ်ပါဘူး။ ဟိုက၊ ဒီက ငွေတွေ ဆွဲယူပြီးမှ လုပ်တာတွေအများကြီး ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပူတောင်ဟာ တောင်ကုတ်မြို့နဲ့ နီးကပ်စွာ ရှိပါတယ်။ တောင်ကုတ်မြို့ဟာ ရန်ကုန်မြို့နဲ့လည်း အဆက်အသွယ် ကောင်းပါတယ်။ သံတွဲမြို့နဲ့လည်း အဆက်အသွယ် ကောင်းပါတယ်။ သံတွဲမြို့မှာ ပင်လယ်ကူး ဆိပ်ကမ်း ရှိပါတယ်။ နောက်တစ်ခုက တောင်ကုတ်မြို့မှာ မီးကလည်း (၂၄)နာရီ ရပါတယ်။ တကယ်လို့ တောင်ကုတ်မြို့မှာသာ မာဘဲလ်ကျောက်ပြား စက်ရုံတည်နိုင်ရင် ဒေသခံတွေ အလုပ်ရပါမယ်။ အသေးစား အိမ်တွင်းစက်မှုလက်မှု၊ အိမ်သုံးပစ္စည်းတွေ ထုတ်လုပ်ရေးလည်း ပေါ်လာမှာ ဖြစ်ပါတယ်။ မာဘဲလ်ကျောက် ကုန်ကြမ်းနှင့် ကုန်ချောထုတ်လုပ်ရေး၊ သင်္ဘောတင်ပို့ဆောင်ရေးလုပ်ငန်းတွေကို ရခိုင်ပြည်နယ်အတွင်းမှာ တည်ထောင်ပေးခြင်းအားဖြင့် ပြည်တွင်းက ဒေသခံတွေဟာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် တောင်ကုတ်-သံတွဲဒေသ ဖွံ့ဖြိုးရေးကို ဦးစားပေးပြီးတော့ ရခိုင်ပြည်နယ်ရဲ့ ဆင်းရဲမွဲတေမှုကို နောက်ပိုင်းမှာ လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

သဘာဝသယံဇာတ ထုတ်လုပ်ရာမှာ အထိုက်အလျောက် သဘာဝ ပတ်ဝန်းကျင်ပျက်စီးကာ လူထု ထိခိုက်နစ်နာမှု ရှိနေတာ ဖြစ်ပါတယ်။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကဲ့သို့ ဒေသခံများရဲ့ အကျိုးကို ထည့်သွင်းစဉ်းစားပေးပြီး ဒေသဖွံ့ဖြိုးရေးကို လုပ်ပေးခြင်း၊ မူဝါဒများကို နိုင်ငံတော်က ချမှတ်ပြီး ဖြစ်ပါတယ်။ ဒါပေမယ့်လည်း လက်တွေ့နဲ့ တခြားစီ ဖြစ်နေတယ်လို့ ယူဆပါတယ်။ အဲဒါကြောင့် ဒီမေးခွန်းကို မေးရတာဖြစ်ပါတယ်။ ကျွန်တော် မေးထားတဲ့မေးခွန်းက မာဘဲလ်ကျောက် ထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်မည့် အလားအလာ အတိုင်းအတာကို သိရှိလိုပါတယ်။ တောင်ကုတ်မြို့မှာ မာဘဲလ်ကျောက်ပြား ကုန်ချောထုတ်စက်ရုံတည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၆။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဖြစ်ပါတယ်။ ပထမဦးဆုံး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ရဲ့ ပဲခူးရိုးမတောင်အစပ်ရှိ ကျေးရွာများကို ဆင်များအန္တရာယ်မှ ကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ဆင်များကို တောရိုင်းတိရစ္ဆာန်အဖြစ်လည်းကောင်း၊ အိမ်မွေးဆင်အဖြစ်လည်းကောင်း တွေ့ရှိရပါတယ်။ အဓိကအားဖြင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ အသုံးချလျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ထိုနည်းတူပဲ ကျွန်တော်တို့ အာရှတိုက်

မှာဆိုရင် ဆင်အကောင်အရေအတွက်ပေါ်မှာ မူတည်ပြီး လေ့လာပါက အိန္ဒိယနိုင်ငံပြီးရင် ကျွန်တော်တို့ နိုင်ငံက အများဆုံး ဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ (၁၉၉၄) ခုနှစ်မှာ ပြဋ္ဌာန်းချက်အရ ဆင်ကို လုံးဝကာကွယ်ထားတဲ့ တိရစ္ဆာန်များစာရင်းမှာ ထည့်သွင်း ပြီးတော့မှ ကျွန်တော်တို့ ကာကွယ်ထားရှိပါတယ်။ နိုင်ငံတကာမှာလည်း အာရှ ဆင်၊ အာဖရိက ဆင် ဆိုပြီးတော့မှ (၂)မျိုး ခွဲခြားထားနိုင်ပြီး အဲဒီ(၂)မျိုးစလုံးကို မျိုးသုဉ်းရန် အန္တရာယ် ရှိတဲ့ မျိုးစိတ်အဖြစ် (Endangered Species) အဖြစ်နဲ့ သတ်မှတ်ထားရှိပြီး မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် အပင်များ နိုင်ငံတကာ ကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Flora and Faunna- CITES) တွင်လည်း ဆင်နဲ့ ဆင်ရဲ့ အစိတ်အပိုင်းများကို နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကန့်သတ်တားမြစ်ချက် စာရင်းအဆင့်(၁)အဖြစ်နဲ့ သတ်မှတ်ထားရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ တောဆင်ရိုင်း များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် ဆင်များရဲ့ မူလကျက်စားရာနယ်မြေတွေကို ဆင်ဘေးမဲ့တောအဖြစ်နဲ့ ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။

ဒါတွေကို တင်ပြရရင် ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဟာ (၆၇.၉၆)စတုရန်းမိုင် ၁၉၂၇ ခုနှစ်က တည်ထောင်ခဲ့ပါတယ်။ ထမံသီတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော (၈၃၀.၄၀) စတုရန်းမိုင်ကို ၁၉၇၄ ခုနှစ်မှာ တည်ထောင်ခဲ့ပါတယ်။ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် (၅၄၁.၆၂) စတုရန်း မိုင်ကို ၁၉၈၉ ခုနှစ်မှာ တည်ထောင်ထားရှိခဲ့ပါတယ်။ ရခိုင်ရိုးမဆင်ဘေးမဲ့တော (၆၇၇.၈၈) စတုရန်းမိုင် ရှိပြီးတော့ ၂၀၀၂ ခုနှစ်က တည်ထောင်ထားခဲ့ပါတယ်။ ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော (၆၇၀၈)စတုရန်းမိုင်ကို ၂၀၀၄ ခုနှစ်က တည်ထောင်ထားရှိပါတယ်။ ဒီ့အပြင် ခုန လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ ပဲခူးရိုးမနဲ့ ပတ်သက်လို့ ဆင်များကို ကာကွယ်စောင့်ရှောက်နိုင်ရန် အလို့ငှာ မြောက်ဇာမရီဘေးမဲ့တောကို စတုရန်းမိုင်အားဖြင့် (၃၇၉.၅၉) ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ စုစုပေါင်းအားဖြင့် တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး တင်ပြရပါက (၉၂၀၅.၄၅) စတုရန်းမိုင်ကို ကျွန်တော်တို့ သဘာဝနယ်မြေများ အဖြစ်နဲ့ ဖွဲ့စည်းပြီး တောရိုင်းဆင်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက် ရှိပါတယ်။ ဒီအပြင်အိမ်မွေးဆင်များကိုလည်း စနစ်တကျ မှတ်ပုံတင်ထားပြီးတော့မှ ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကို တင်ပြရရင် သစ်တောဦးစီးဌာနနဲ့ မြန်မာ့သစ် လုပ်ငန်း ဌာနပိုင်ဆင် (၁၉၀၃) ကောင်၊ ပုဂ္ဂလိကပိုင် ဆင်(၂၄၉၈) ကောင်၊ စုစုပေါင်း အိမ်မွေးဆင်အဖြစ်နဲ့ မှတ်ပုံတင်ထားသည်မှာ (၄၄၀၁)ကောင် ရှိပါကြောင်းတင်ပြလိုပါတယ်။ ဒါ့အပြင် သဘာဝနယ်မြေများ အပါအဝင် သစ်တောများအတွင်းမှာ ခန့်မှန်းတောဆင်ရိုင်းအကောင်ရေ (၂၀၀၀)ခန့်ရှိမယ်လို့ ကွင်းဆင်း စာရင်း ကောက်ယူချက်များအရ လေ့လာသိရှိရပါတယ်။

ကျွန်တော်တို့နိုင်ငံအတွင်းမှာ တောဆင်ရိုင်းများ မူလကျက်စားရာ နယ်မြေများဟာ မြေအသုံးချမှု ပြောင်းလဲလာတာနဲ့အမျှ ၎င်းတို့ရဲ့ ကျက်စားရာနယ်မြေများ ကျဉ်းမြောင်းလာခြင်း၊ သစ်တောမြေများ အတွင်း လူတို့ဝင်ရောက် လုပ်ကိုင်မှုကြောင့် ဆင်သွားလမ်းကြောင်းများ၊ ဆင်စားကျက်များ ထိခိုက်မှုများ ဖြစ်ပေါ်လာခြင်း၊ တရားမဝင် အမဲလိုက်သတ်ဖြတ်ခံရခြင်းကြောင့် တောဆင်ရိုင်းများဟာ ယခင် ကျက်စား နေကျနေရာများမှ နေရာရွှေ့ပြောင်း ကျက်စားမှုများ ရှိလာခဲ့ကြောင်း တွေ့ရပါတယ်။

ပဲခူးရိုးမဒေသဟာ တောဆင်ရိုင်းများရဲ့ မူလကျက်စားရာနယ်မြေများဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး ဆက်စပ်နယ်မြေများအထိ ပဲခူးရိုးမဒေသတစ်လျှောက် ကျက်စားနေထိုင်ခဲ့ကြတာ ဖြစ်ပါတယ်။ ယခုအခါမှာ ပဲခူးရိုးမအတွင်းမှာ ရိုးမဖြတ်ကျော်လမ်းများ၊ ဆည်များ၊ ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ တောဆင်ရိုင်းများ ကျက်စားရာနေရာများမှာ လူအများအခြေချနေထိုင်ခြင်း၊ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်းကြောင့် ဆင်နှင့် ပဋိပက္ခများ ဖြစ်ပွားလာရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပဲခူးရိုးမဒေသအတွင်း ဆင်နှင့်လူ ပဋိပက္ခဖြစ်ပွားမှု လျှော့ချရေး၊ တောဆင်ရိုင်းများရဲ့ ဂေဟာစနစ်နှင့် ကျက်စားနယ်မြေများ ပြန်လည်ထိန်းသိမ်းရေး၊ တောဆင်ရိုင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ရည်ရွယ်ပြီးတော့မှ ၂၀၁၂ ခုနှစ်မှာ ပဲခူးရိုးမဒေသမှာရှိတဲ့ မူလဆင်ကျက်စားရာ နယ်မြေများ အပါအဝင် မြောက်ဇာမရီ၊ ရဲနွယ်၊ ကျောက်တံခါး၊ အုတ်ဖိုကြိုးဝိုင်းများ အပါအဝင် သစ်တောကြိုးဝိုင်းဧရိယာ (၂၄၂,၉၃၈.၄၈) ဧကကို ဆင်ထိန်းသိမ်းရေး သဘာဝနယ်မြေ၊ မြောက်ဇာမရီ ဆင်ဘေးမဲ့တောအဖြစ်နဲ့ သတ်မှတ်ဖွဲ့စည်း တည်ထောင်ရန် ရည်ရွယ်ကြောင်း အမိန့်ထုတ်ပြန်ပြီးတော့မှ ဖွဲ့စည်းသတ်မှတ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

ပဲခူးရိုးမဒေသမှာ ဆက်စပ်လျက်ရှိတဲ့ ကျေးရွာများရှိ ဒေသခံပြည်သူများနဲ့ တောဆင်ရိုင်းများ မကြာခဏ ထိတွေ့ပြီး လူနှင့်ဆင် ပဋိပက္ခဖြစ်ပွားမှု ကြောင့် အသက်၊ အိုးအိမ်၊ စည်းစိမ်များဆုံးရှုံးမှုများ ဖြစ်ပေါ်နေမှုကို လျော့နည်းသက်သာစေရန်အတွက် တောဆင်ရိုင်းများနဲ့ ကျက်စားရာဒေသ ပတ်ဝန်းကျင်များမှာ သယံဇာတများထုတ်ယူသုံးစွဲခြင်း၊ ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခြင်း စတဲ့ အခြားမြေအသုံးချမှုလုပ်ငန်းများနှင့် သဘာဝဝန်းကျင်နှင့် ဂေဟာစနစ် ထိခိုက်ပျက်ယွင်းနိုင်တဲ့ လုပ်ငန်းများကို လျှော့ချဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ မြို့နယ်/ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာ့သစ်လုပ်ငန်း၊ သစ်တောဦးစီးဌာနတို့ပူးပေါင်းပြီး တောဆင်ရိုင်းများ ဝင်ထွက်သွားလာနိုင်တဲ့ လမ်းကြောင်းများကို ဖော်ထုတ်ခြင်း၊ အတားအဆီးများ စီမံခြင်း၊ ကင်းစနစ် ထားရှိပြီး ကြိုတင်အသိပေးခြင်း၊ မေ့ဆေးဆင်ဖမ်း၊ ဆင်မောင်း(၂)ဖွဲ့ကို သာယာဝတီဒေသတွင် လည်းကောင်း၊ ဆင်မောင်းအဖွဲ့(၁)ဖွဲ့ကို ပဲခူး(တောင်)ဒေသတွင်လည်းကောင်း ထားရှိပြီး သီးနှံခင်းများ၊ လူနေဒေသများအတွင်းသို့ တောဆင်ရိုင်းများ ဝင်ရောက်ပါက လိုက်လံမောင်းနှင်ပေးခြင်း၊ ဆင်ဘေးမဲ့တောအတွင်း ဆင်သွားလမ်းကြောင်းများမှ ဆင်များ ပြင်ပသို့ရောက်ရှိ ထွက်ခွာခြင်း မရှိစေရေးအတွက် ကျုံး၊ စည်းရိုး အတားအဆီးများ ပြုလုပ်ခြင်း၊ ဘေးမဲ့တော ဝန်ထမ်းများ တာဝန်ချထား၍ ကင်းစခန်းများ ဖွင့်လှစ်စောင့်ကြပ်ခြင်း၊ ပဲခူးရိုးမအတွင်း အကြောင်းအမျိုးမျိုးကြောင့် ပြင်ပသို့ ရောက်ရှိကျက်စားနေတဲ့ တောဆင်ရိုင်းများကိုလည်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းတို့မှ ဆင်နှင့်လူ ပဋိပက္ခဖြစ်ပွားမှု အများဆုံး နယ်မြေများရှိ နယ်ကျွံနေတဲ့ တောဆင်ရိုင်းအုပ်များကို စီမံချက်ရေးဆွဲပြီး ဌာနဆိုင်ရာများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ တောဆင်ရိုင်းများကို ပြန်လည်မောင်းသွင်းခြင်းကို ၂၁-၅-၂၀၁၃ ရက်နေ့ကနေ စတင်ဆောင်ရွက်ခဲ့ရာမှာ တောင်ဆင်ရိုင်း အထီး(၇)ကောင်၊ အမ(၂)ကောင် စုစုပေါင်း(၉)ကောင်ကို အောင်မြင်စွာ ပြန်လည်မောင်းသွင်းနိုင်ခဲ့ပါတယ်။

သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် ဒေသအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းပြီး တောဆင်ရိုင်းများ အန္တရာယ်နဲ့ တောဆင်ရိုင်းတိရစ္ဆာန်ဖြတ်ကူး လမ်းများအနီး ကျရောက်နေသည့်

ကျေးရွာ၊ လူနေအိမ်ခြေများ၊ စိုက်ခင်းများ၊ လယ်ယာများကို ဆင်အန္တရာယ်ကျရောက်မှုမှ ကာကွယ်ရေး၊ ဆင်များ တွေ့ရှိပါက အချိန်မီ သတင်းပို့ပေးရေးအပါအဝင် အရေးပေါ် ဆင်ခြောက်လှန့်မောင်းထုတ်ရေး အစီအစဉ်များကိုလည်း ပညာပေးဟောပြောမှုများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိနေပါတယ်။ မူလက ဆင်ကျက်စားရာ နယ်မြေဖြစ်တဲ့ မြောက်ဇာမရီ ဆင်ဘေးမဲ့တောအတွင်းမှာလည်း မူလက ဆင်ခိုလှုံရာ၊ ကျက်စားရာ နေရာများကို ကွင်းဆင်းစစ်ဆေးပြီး ဆင်စားကျက်များအဖြစ်နဲ့ ဧက(၁၀၀)ခန့်ကို တောင်ယာ စပါး၊ ငှက်ပျော၊ ထမဆိုင်းမြက်များ၊ ပဲစင်းငုံနှင့် ကြံပင်များကိုလည်း အဲဒီ မြောက်ဇာမရီအတွင်းမှာ စီမံချက်နဲ့ စိုက်ပျိုးပေးပြီးတော့မှ ဆင်များအတွက် စားနိုင်ဖို့ ပြင်ဆင်ထားပေးပြီး ဖြစ်ပါတယ်။

ဌာနပိုင်ဆင်များ၊ ပုဂ္ဂလိကပိုင် အိမ်မွေးဆင်များ လွတ်ကျောင်းမှုနှင့် ပတ်သက်လို့လည်း သက်ဆိုင်ရာ ဆင်စခန်းများမှာလည်းကောင်း၊ သစ်တောများအတွင်း၌လည်းကောင်း စနစ်တကျ စားကျက်သတ်မှတ်လွှတ် ကျောင်းခြင်း၊ လုံခြုံမှု စိတ်ချရစေရေးနှင့် ထိန်းသိမ်းကြီးကြပ်ရေးအတွက် ထူးခတ်ခြင်း၊ ဆင်ဦးစီးများ စောင့်ကြပ်ခြင်း တို့ကို စနစ်တကျ ဆောင်ရွက်သွားစေမှာဖြစ်ပါတယ်။ လူနေ အခြေကျနေထိုင်ရာဒေသများ အနီးပတ်ဝန်းကျင်ရှိ ဆင်ပိုင်ရှင်များအနေဖြင့် ဆင်လွှတ်ကျောင်းမှုများကို အသိပေးကြေညာခြင်း၊ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့များသို့ သတင်းပို့စေခြင်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆင်ပိုင်ရှင်များ အနေဖြင့်လည်း ၎င်းတို့ပိုင်ဆင်များကြောင့် ကျေးရွာဒေသခံစိုက်ခင်းများ ပျက်စီးမှု တို့အတွက် တည်ဆဲဥပဒေများအရ အရေးယူခြင်း၊ လျော်ကြေးပေးဆောင်စေခြင်း တို့ကိုလည်း ကြီးကြပ်ဆောင်ရွက်စေသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ပဲခူးရိုးမဒေသအပါအဝင် တောဆင်ရိုင်းများ နေထိုင် ကျက်စားတဲ့ သစ်တောနယ်မြေများ၊ သဘာဝနယ်မြေများနှင့် နီးကပ်ဆက်စပ်တည်ရှိတဲ့ ကျေးရွာများသို့ လူနဲ့ဆင် ပဋိပက္ခ ဖြစ်ပွားမှု လျှော့ချရေး အသိပညာပေး ဟောပြောခြင်းလုပ်ငန်းများ ဆောင်ရွက်သကဲ့သို့ အချို့ဒေသရှိ ကျေးရွာ၊ လူနေအိမ်ခြေများသို့ တောဆင်ရိုင်းများ ဝင်ရောက်မှုအန္တရာယ် မကြာခဏ ကျရောက်ပါက ပုဂ္ဂလိက ကျွမ်းကျင်သည့် ဆင်ဖမ်းအဖွဲ့များဖြင့် ကျုံးစနစ်ဖြင့် ဖမ်းဆီးစေခြင်းများ ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးတင်ပြလိုပါတယ်။ ဆင်များကျက်စားရာ နယ်မြေဖြစ်တဲ့ သစ်တောမြေများ၊ သဘာဝတောများအတွင်းသို့လည်း ဒေသခံပြည်သူများအနေနဲ့ ကျူးကျော်ဝင်ရောက် အခြေချနေထိုင်ခြင်း၊ တောင်ယာကို ခုတ်ထွင်လုပ်ကိုင်ခြင်း၊ ဆင်များကို ရန်စကျူးလွန်ခြင်း၊ ဆင်ခိုးဂိုဏ်း များမှ ဝင်ရောက်သတ်ဖြတ်ခြင်းတို့ကြောင့် ဆင်များ ရန်ငြိုးဖွဲ့ ရန်မူတိုက်ခိုက်ခြင်းများမှ ကာကွယ်တားဆီး နိုင်ရေး အတွက်လည်း ဒေသခံပြည်သူများအနေဖြင့် သိရှိနားလည်သဘောပေါက်ပြီး စည်းကမ်းတကျ လိုက်နာ နေထိုင်ကြရေးတို့ကိုလည်း ပညာပေးစည်းရုံး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသက မာဘဲလ်ကျောက် ထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်မည့် အလားအလာ အတိုင်းအတာ ကို သိရှိလိုခြင်းနှင့် တောင်ကုတ်မြို့၌ မာဘဲလ်ကျောက် ကုန်ချောထုတ်စက်ရုံ တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ်မှာ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ နေပူတောင်ဒေသမှ မာဘဲလ်ကျောက် ထုတ်လုပ်မှု ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်မည့် အလားအလာနှင့် အတိုင်းအတာကို လေ့လာမှု အရ မာဘဲလ်ကျောက် ထုတ်လုပ်မှု စီမံကိန်းဆောင်ရွက်ချိန်မှာ ကျောက်တုံးများ ထုတ်ယူရန်အတွက် ပေါက်ကွဲစေနိုင်သောပစ္စည်းများ အသုံးပြုခြင်းမရှိဘဲ လွန်ကျင်းဖောက်ခြင်း၊ စိန်သွားတပ် ကြိုးခွေများဖြင့် ဖြတ်တောက်ခြင်းများသာ ပြုလုပ်မှာ ဖြစ်ပါတယ်။ မည်သည့် ဓာတုပစ္စည်းကိုမျှ အသုံးမပြုဘဲ ရေအရင်းအမြစ်၊ ပတ်ဝန်းကျင်နှင့်လေထုတို့အား အန္တရာယ် ဖြစ်စေမည့် မည်သည့်ဘေးထွက်ပစ္စည်းများ ထွက်ရှိနိုင်မည် မဟုတ်ကြောင်း သုံးသပ်ရပါတယ်။ သယ်ယူပို့ဆောင်ရေးယာဉ်များကြောင့် လေထု အတွင်း ဖုန်များထွက်ရှိခြင်း၊ အိတ်ဇောငွေ့ ထွက်ရှိခြင်းနှင့် ဆူညံမှုနှင့် တုန်ခါမှု ဖြစ်ပေါ်ခြင်းများလည်း အနည်းငယ် ဖြစ်ပေါ်နိုင်ကြောင်း လေ့လာသိရှိရပါတယ်။

စက်ရုံများမှ အသုံးပြုပြီး စွန့်ထုတ်တဲ့ ရေမှာ အဆိပ်အတောက် ဖြစ်စေနိုင်မှုမရှိသည့် ကျောက်မှုန့် အနည်အနှစ်များသာ ပါဝင်နိုင်ခြင်းကြောင့် အနည်ထိုင်ကန်တွင် အနည်ထိုင်စေပြီး အပေါ်ယံရေကြည်အား စွန့်ထုတ်သွားမည်ဖြစ်၍ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းမယ်လို့ ယူဆရ ပါတယ်။ နောက်တောင်ကုတ်မြို့၌ မာဘဲလ်ကျောက်ပြား ကုန်ချောထုတ်စက်ရုံ တည်ဆောက်ရန် အစီအစဉ်နဲ့ ပတ်သက်ပြီးတော့ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းမှ နေပူတောင် ကျောက်တောင် အလှဆင်ကျောက် ထုတ်လုပ်ခြင်းကို ၁၉၉၉ ခုနှစ်၊ ဇွန်လ ၁၅ ရက် နေ့မှစပြီး သတ္တုတွင်း ဝန်ကြီးဌာနရဲ့ ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး စီးပွားရေး တွက်ခြေမကိုက်တဲ့အတွက် ၂၀၀၆ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်၊ ၁၈/၂၀၀၆ မှာ အလှဆင်ကျောက်ထုတ်လုပ်ခွင့် အမိန့်ကို သတ္တုတွင်းဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံခဲ့ ပါတယ်။ ယခုအခါမှာတော့ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ နေပူတောင်မှာ မာဘဲလ်အလှဆင်ကျောက်ပြားနှင့် ကျောက်တုံး စက်ရုံတည်ဆောက်ပြီး ထုတ်လုပ်သွားရန် အစီအစဉ် ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ပြည်သူ့ လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင် ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာ ပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေး နိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးစိုင်းမြမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄)ကို
ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

၁။ ပြည်သူ့လွှတ်တော်က အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၅/၂၀၀၄) ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို (၂၂-၁၀-၂၀၁၃) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းကို (၇- ၁ - ၂၀၁၄) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ်၊ ၅/၂၀၀၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းပုဒ်မ ၁ တွင် အဓိပ္ပာယ်ဖွင့်ဆိုမှု သင့်လျော် မှန်ကန်စေရန်အတွက် ဤဥပဒေကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည် ဟု ပြင်ဆင်ထားကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ဤဥပဒေကြမ်းတွင် ပြစ်ဒဏ်များကိုသာ အဓိကထား၍ ပြင်ဆင်ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မူလဥပဒေတွင် ပြဋ္ဌာန်းသတ်မှတ်ထားသော ထောင်ဒဏ်များကို လျှော့ချခြင်းဖြစ်ပြီး မူလ ဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ တို့တွင် ပါရှိသော ပြစ်ဒဏ်များတွင် ငွေဒဏ်၏ တန်ဖိုးများကို သတ်မှတ်ထား၍ ယင်းဒဏ်ငွေ မဆောင်မှသာလျှင် ထောင်ဒဏ်ကို ချမှတ်ရမည် ဟု ပြောင်းလဲပြင်ဆင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ပြစ်ဒဏ် ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များသည် သင့်လျော်ညီညွတ်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဤဥပဒေကြမ်း၏ အဆိုပြုပြဋ္ဌာန်းချက်ရှိ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ သည် ဖော်ပြရန် လိုအပ်ခြင်း မရှိ၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဖြည့်စွက်ပြင်ဆင်ရန် မရှိပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောတူလက်ခံ၍ အမျိုးသားလွှတ်တော်က အတည်ပြု ဆောင်ရွက်နိုင်ပါရန် တင်ပြအပ် ပါသည်။

အမျိုးသားလွှတ်တော်၊ဥပဒေကြမ်း ကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် အတည် ပြုပြီး ပေးပို့လာသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကိုဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၁-၁-၂၀၁၄ (အင်္ဂါနေ့) ထက် နောက်မကျဘဲ အမျိုးသား လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်း အမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော် က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၁၉၅၄ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးအောင်မြင့်သိန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး နှစ်သစ်မင်္ဂလာ အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ၁၉၅၄ ခုနှစ် နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော်က ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင် ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို (၁-၁၁-၂၀၁၃) ရက်နေ့တွင် ပြင်ဆင်ချက် များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးရန်အတွက် ပေးပို့လာပါသည်။ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို (၈-၁-၂၀၁၄) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်း ခဲ့ ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ် များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ မူရင်းတွင် ပုဒ်မ(၇)ခု သာပါရှိပြီး၊ ယင်း ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် အတည်ပြု သဘောတူသည့် ဥပဒေကြမ်း တွင် ပုဒ်မပေါင်း(၁၅)ခုရှိပါသည်။ ပြင်ဆင်ရမည့် ပုဒ်မများသည် မူရင်းဥပဒေပါ ပုဒ်မများ၏ ထက်ဝက် ကျော်နေပါသဖြင့် ဥပဒေရေးထုံးအရ ပြင်ဆင်ရန် မသင့်ပါကြောင်းနှင့် လိုအပ်ပါက ဥပဒေအသစ်ရေး ဆွဲသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ပုဒ်မ(၈)တွင် "ခရိုင်ရာဇဝတ် တရားသူကြီး" ဆိုသည့် စကားရပ်ကို "ခရိုင် တရားသူကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "နယ်ပိုင်ရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်ကို "မြို့နယ်တရားသူကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ် တရားသူကြီး" ဆိုသည့် စကားရပ်ကို "ပထမတန်း သို့တည်းမဟုတ် ဒုတိယတန်း ရာဇဝတ် အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်ကို "တရားသူကြီး" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည် ဟု ဖော်ပြ ထားပါသည်။ မိခင်ပင်ရင်း ဥပဒေဖြစ်သော ရာဇဝတ်ကျင့်ထုံးဥပဒေတွင် "ရာဇဝတ်တရားသူကြီး" ဆိုသည့် စကားရပ်ကို ပြင်ဆင်ခြင်း မပြုနိုင်သေးပါ။ ပြင်ဆင်ရန် ဆောင်ရွက်ဆဲ အခြေအနေတွင်သာ ရှိပါသည်။ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်အတည်ပြုပြီးမှသာ "ရာဇဝတ်တရားသူကြီး" ဆိုသည့်

စကားရပ်ကို "တရားသူကြီး" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို လက်ရှိအခြေအနေတွင် ပြင်ဆင်ရန် မသင့်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု တင်ပြသွားတဲ့ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန်မသင့်ကြောင်း တင်ပြသွားတာ ရှိပါတယ်။ ဒါကြောင့် ဒီဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နဲ့ ပတ်သက်ပြီးတော့ မဲခွဲဆုံးဖြတ်ဖို့ရှိပါတယ်။ ဒီလို ဆုံးဖြတ်တဲ့အခါမှာ ထောက်ခံမဲများလို့ရှိရင် ပြင်ဆင်ရန်မသင့်ကြောင်း ဆုံးဖြတ်ပြီးတော့မှ အမျိုးသားလွှတ်တော်မှာ ဒီကိစ္စရပ်ဆိုင်းသွားမှာ ဖြစ်ပါတယ်။ ကန့်ကွက်မဲ များလို့ရှိရင်တော့ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တောင်းခံခြင်းဖြင့် မူလပုံစံအတိုင်း ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီကိစ္စဟာ ထူးခြားတဲ့ ကိစ္စတစ်ခုဖြစ်တဲ့အတွက် မဲမခွဲမီ ခေတ္တအနားပေးပါမယ်။ ယခု လွှတ်တော် ကိုယ်စားလှယ်များ စဉ်းစားနိုင်ဖို့ (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၁း၁၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်ကျင်းပပါတော့မယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါ ပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည် ပြုပြီး ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာပါ သဘောထားမှတ်ချက်နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှု ကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက လက်ရှိအခြေအနေတွင် ပြင်ဆင်ရန်မသင့်ကြောင်း မှတ်ချက်ပြု တင်ပြလာပါသဖြင့် ဥပဒေကြမ်း ကော်မတီ၏ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်၏ဆန္ဒ ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေ လိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ(၁၇၈)မဲ၊ ကန့်ကွက်မဲ(၁)၊ ကြားနေမဲ(၁) ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ သစ်တောဂေဟစနစ် မျိုးစုံ (Forest Eco system) နှင့် ဇီဝမျိုးစုံ မျိုးကွဲ(Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်း သစ်တောနယ်မြေများ (Permanent Forest Estate -PFE) ထာဝစဉ် ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တော မူဝါဒကို လက်တွေ့ ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားတဲ့ သစ်တောဂေဟစနစ်မျိုးစုံ (Forest Eco system)နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်း သစ်တော နယ်မြေများ (Permanent Forest Estate-PFE) ထာဝစဉ် ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ် (၈)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၈။**

**ဦးဖေသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဒုတိယဝန်ကြီးနှင့် လေ့လာသူ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၄-၁၀-၂၀၁၃ ရက်နေ့ မန္တလေးတိုင်း မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမျိုးမြင့် ကနေ သစ်တောဂေဟစနစ်မျိုးစုံ (Forest Eco system)နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်း သစ်တောနယ်မြေများ (Permanent Forest Estate-PFE) ထာဝစဉ် ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒများကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း တင်သွင်းထားသည့် အဆိုအပေါ် မိမိထင်မြင်ယူဆချက်များနဲ့ အပြုသဘောဖြင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ဟာ တိုင်းပြည်ရဲ့ သစ်တောအရင်းအမြစ်ကြီးများဆုံးရှုံးပျောက်ကွယ် မသွားစေရေးအတွက် ပကတိ မြေပြင်ဖြစ်တည်နေတဲ့ သစ်တောအနေအထားအပေါ်စေတနာကြီးစွာဖြင့် နိုင်ငံ့သစ်တောများ ဖြစ်ထွန်းစေချင်တဲ့သဘောအနေနဲ့ ဆွေးနွေးတင်ပြထားတာ ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါတွေဟာ တောတောင်များကို မှီခိုသက်ဝင် လှုပ်ရှားရှင်သန်နေတယ်လို့ ပြောရင် မှားမယ်မထင်ပါဘူး။ ယနေ့ ကမ္ဘာကြီး ပူနွေးလာရတယ် ဆိုတာကလည်းသဘာဝဝန်းကျင်ပျက်စီးအပေါ်မှာ များစွာဖြစ်တည်နေပါတယ်။ လူတွေရဲ့ ပတ်ဝန်းကျင်မှာ မရှိမဖြစ်လိုနေတဲ့ မြေထု၊ ရေထု၊ လေထုတွေဟာ သစ်တောကြီးများနဲ့ ဆက်စပ်မှုရှိပြီး များစွာအထောက်အပံ့ပေးခြင်း ဖြစ်ပါတယ်။ ဒါကြောင့်လည်း သစ်တောကြီးများ အလဟဿပြုန်းတီးမှု မရှိစေရန် နိုင်ငံတော်နဲ့ပြည်သူတွေပဲ ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရရာသီဥတု ကွဲပြားခြားနားမှုကြောင့် အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်တဲ့အခါမှာ သစ်တောဂေဟစနစ်မျိုးစုံ၊ ဇီဝမျိုးစုံမျိုးကွဲ ပေါကြွယ်ဝတဲ့ နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေများစွာ ရနိုင်ပြီး နိုင်ငံခြားပညာရှင်များကို သစ်တောနဲ့ ပတ်သက်ဆက်နွှယ်တဲ့ လေ့လာစရာတွေ အထူးပေါတဲ့အတွက် များစွာဆွဲဆောင်နိုင်တဲ့ မြန်မာ့သစ်တောကြီးတွေလည်း ဖြစ်ပါတယ်။ ဒါကို ယခုအချိန်အခါမှာ အတိတ်ကလွန်ခဲ့ပြီးတဲ့ သစ်တောပြုန်းတီးမှုကို ကြည့်ပြီး အပြစ်တင် ဝေဖန်ရှုတ်ချမယ့်အစား ယခု အဆိုရှင် အကြံပြုထားသလို မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျ ပုံဖော်ဆောင်ရွက်နိုင်ဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနနဲ့ပေါင်းပြီး ဒေသအာဏာပိုင်များ အုပ်ချုပ်ရေးမှူးများဆက်စပ်ဝန်ကြီးဌာနများနဲ့ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းကြပြီးတော့မှ ယနေ့ မြန်မာ့သစ်တောကြီးကိုကာကွယ်ထိန်းသိမ်းကြဖို့ Protection၊ သစ်တောသယံဇာတများကို ထာဝစဉ်တည်တံ့ခိုင်မြဲစေဖို့ sustainablity Forest Resources သစ်တောသယံဇာတများ၏ စီးပွားရေးအလားအလာ များစွာအသုံးချနိုင်ရန် စွမ်းရည်တိုးမြင့်စေဖို့ Efficency လုပ်ဆောင်ရမယ့်အချိန်အခါမျိုး ဖြစ်ပါတယ်။ မြန်မာ့သစ်တောပြန်လည်ဖွံ့ဖြိုး တိုးတက်လာဖို့ ဆောင်ရွက်တဲ့အခါ ပြည်သူများ ပူးပေါင်းပါဝင်လာစေဖို့ People Participation ပြည်သူများ မိမိအသိဖြင့် နိုးကြွားတက်ကြွစွာပါဝင်ဖို့ အများဆုံး လိုအပ်မှာ ဖြစ်ပါတယ်။

ဒါ့အတွက် မြို့နယ်တွေမှာ ဒေသကျေးလက်ပြည်သူများကို အသိပညာပေးဖို့ သစ်တောမူဝါဒ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း လမ်းညွှန်ချက်များကို လိုက်နာတတ်အောင် ပညာပေးဟောပြော ရှင်းပြဖို့ များစွာလိုအပ်ပါမယ်။

ယခုခေတ် လူငယ်တွေ သစ်တောဥပဒေ၊ နည်းဥပဒေတွေကို လေးလေးနက်နက် အလေးထား လာတတ်ဖို့ အထူးအရေးကြီးပါတယ်။ ရှေးယခင် လူကြီးများ ပြောဆိုတဲ့အရာက ယခင်အုပ်ချုပ်သွားတဲ့ ခေတ်အဆက်ဆက် အင်္ဂလိပ် အုပ်ချုပ်ရေးကာလပါ အပါပေါ့၊ ကျွန်းနဲ့ ပတ်သက်လာရင် သွားကြားထိုး နားဖာအဆင့်ကိုတောင်မှာ တွေ့ရင် ကြောက်ရတယ်လို့ ပြောဖူးတာ ကြားဖူးပါတယ်။ ဒီအကျိုးဆက်ဟာ အဆိုရှင် ထောက်ပြသလို နှစ်ပေါင်း (၁၅၀)တိုင် ထိန်းသိမ်းခဲ့တာကိုလည်း တွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ရတနာတန်းဝင် သစ်တောကြီးတွေဟာ ၁၉၉၀ ခုနှစ်ထိ တော်တော် တည်တည်ငြိမ်ငြိမ် ရှိခဲ့ပါတယ်။ အဲဒီနောက်ပိုင်း တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်လုပ်ကွက်များ ချပေးသည့် နောက်ပိုင်းတွေမှာ ပေါက်ကရဖြစ်ပြီး သစ်တောပြုန်းတီးသွားသည့် အဆင့် ဖြစ်သွားရပါတယ်။

ကျွန်တော်တို့ ကချင်ပြည်နယ်မှာဆိုရင် ကျွန်းအပေါ်ဆုံးပြည်နယ် ဖြစ်ပါတယ်။ ယခုအခါ ကျွန်း မရှိတော့တဲ့ အနေအထားမျိုး ဖြစ်သွားပါတယ်။ ကျွန်တော်ဟာ အင်မတန် ကျွန်းပေါ်တဲ့ဒေသမှာ မွေးဖွား ခဲ့တဲ့ လူတစ်ယောက် ဖြစ်တဲ့အတွက် ဒီနေ့ ကျွန်းပင်များ ပျောက်ခြင်းမလှ ပျောက်သွားတာကို စိတ်ထဲ တစ်မျိုး ခံစားရပါတယ်။ မနှစ်က ကရင်ပြည်နယ် သံတောင်လေး၊ သံတောင်ကြီးဘက်ကို ရောက်သွားတဲ့ အခါ အင်မတန်မှ ကြီးတဲ့ ကျွန်းတောအချို့ကို တွေ့ရတော့ ကျွန်းပင်ကြား ကြီးပြင်းလာတဲ့ ကျွန်တော် တောင်မှ ကျွန်းပင်များကို ကြည့်ပြီး တော်တော်အံ့သြ ကြည်နူးမိခဲ့ပါတယ်။ အဲဒီလိုဖြစ်နေဖို့ နိုင်ငံအဝှမ်း သစ်တောဝန်ထမ်းများ ထိန်းသိမ်းသွားကြဖို့ လိုအပ်သလို ပြည်သူများနဲ့ ဆက်စပ်ဝန်ကြီးဌာနများကလည်း ဝိုင်းဝန်းပံ့ပိုးကူညီဖို့ လိုအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ သစ်တောပြုန်းတီးသွားရခြင်းရဲ့ အကြောင်းရင်း အချက်(၆)ချက်ဖြင့် ကျွန်တော်ရဲ့ ထင်မြင်ချက်ကို အပြုသဘောနဲ့ တင်ပြပါရစေ။ (၁) ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောဝန်ကြီးဌာနများ အထက်အောက် လုပ်ငန်းဆက်စပ်မှု မရှိခြင်း၊ သစ်တောမူဝါဒ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းကို ဥပက္ခာပြုနေကြခြင်း၊ ကွင်းဆင်းစစ်ဆေးမှု အားနည်းခြင်း ဥပမာ တင်ပြရမယ်ဆိုလျှင် ယခင့် ယခင် ခေတ်ကာလတွေမှာ သစ်တောအရာရှိများကိုယ်တိုင် ဥပမာ သစ်တောဝန်ထောက် အရေးပိုင်၊ တောအုပ်၊ တောခေါင်းများဟာ သစ်တောများအတွင်းကို ကိုယ်တိုင် ကွင်းဆင်းစစ်ဆေးခြင်း၊ အခက်အခဲများကို ဖြေရှင်းကြခြင်း၊ သစ်တောစခန်းများ ချထားပေးခြင်း စီးဆင်လေးများဖြင့် တောနင်း လိုက်လံစစ်ဆေးကြတာကို တွေ့ဖူးခဲ့ကြပါတယ်။ ကျေးရွာမှာ တာဝန်ကျတဲ့ တောခေါင်းတွေဆိုရင်လည်းပဲ ကျွန်တော်တို့ မှတ်မိသလောက် ကာကီစ ထူထူ လွယ်အိတ်ကြီးကို လွယ်ပြီး တော့မှ နေ့စဥ်နဲ့အမျှ တစ်ရွာဝင် တစ်ရွာထွက် လှုပ်ရှားနေတာကို တွေ့ရပါတယ်။ သူတို့ရဲ့ လွယ်အိတ်ကို ကြည့်ရင် သူတို့ ရိုက်တဲ့ တံဆိပ်တုံး အနည်းဆုံး (၂)မျိုး (၃)မျိုး ပေကြိုး မှတ်တမ်းဗလာစာအုပ်ပါ တွေ့ရ တာကို တွေ့ရှိခဲ့ရပါတယ်။

ယခု တိုးတက်လာတဲ့ ခေတ်ကျပြန်တော့လည်း တောခေါင်းဆိုရင်လည်းပဲ နေကာမျက်မှန်၊ ဆိုင်ကယ်နဲ့ မှတ်တမ်းစာအုပ် ခါးထိုး၊ ဖုန်းနဲ့ စကားပြော စက်ကလေးနဲ့ ကားလမ်းဘေး လက်ဖက်ရည်ဆိုင် ထိုင်ပြီးတော့မှ စောင့်နေတဲ့ အလုပ်မျိုးကို လုပ်နေတာကို တွေ့မြင်ခဲ့ရပါတယ်။ ယခင်အချိန်ကာလ

သစ်တော ဝန်ထမ်းများလို စိတ်စေတနာ ပြည့်ပြည့်ဝဝနဲ့ ယနေ့ မလုပ်ခဲ့နိုင်လို့ သစ်တော ပြုန်းတီးရခြင်းရဲ့ (၁) အချက်ဖြစ်ပါတယ်။ (၂) ဝိသမလောဘဖြင့် စီးပွားရေးလုပ် ကြသော လုပ်ငန်းရှင်များ သစ်တောကို ထင်ရာစိုင်း လုပ်ချင်နေကြတာကို သက်ဆိုင်ရာ သစ်တောဌာနမှ စနစ်တကျ ကိုင်တွယ်ဆောင်ရွက်နိုင်မှု မရှိခြင်း၊ ဥပမာ သစ်ကွက်ရတဲ့ ဝိသမလောဘ စီးပွားရှင်များကလည်း သစ်ကွက်ရ လိုက်တာနဲ့ သစ်ကွက်ထဲက သတ်မှတ်အပင် တင်သာမကဘူး။ အခြားအကွက် အပင်များပါ မသတ်မှတ်တဲ့ နုနုရွရွ အရွယ်ထင်တဲ့ သစ်မှန်သမျှ ခုတ်ယူသွားကြတာပဲ ဖြစ်ပါတယ်။ သစ်တောတာဝန်ခံလောက်က ဘေးဖယ်ထားလိုက်တာ ဖြစ်ပါတယ်။ တာဝန်ရှိသူကလည်း အလိုဆန္ဒပြည့်တော့ မိမိတာဝန်ကို ဥပက္ခာပြုထားသလို ဖြစ်ခြင်းပဲ ဖြစ်ပါတယ်။ ယနေ့အချိန်အထိ သစ်ပုပ်သစ်ဆွေးတွေဆိုရင် ကျွန်တော်တို့ ကချင်ပြည်နယ် တချို့ဘူတာ မရမ်းလိုမြို့နယ်မှာ အပုံလိုက် ဆွေးမြေ့ပြီးတော့မှ တွေ့ရတာလည်း ရှိပါတယ်။

နောက် သစ်ကွက်ပိုင်ရှင်များကလည်း ငါ့မြင်း ငါ့စိုင်း စစ်ကိုင်းရောက်ရောက် ဆိုသလို လုပ်ချင်တိုင်းလုပ် တောကပြုန်း၊ ငုပ်ကပဲ ကျန် တောပြုန်းရခြင်းရဲ့ (၂)အချက်ပဲ ဖြစ်ပါတယ်။ (၃) လုပ်ကွက်ရရှိတဲ့ သတ္တုလုပ်ကွက်ရရှိတဲ့ ကုမ္ပဏီလုပ်ငန်းရှင်များ ချမှတ်ညွှန်ကြားထားတဲ့ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာမှုမရှိခြင်း။ ဥပမာ သတ္တုလုပ်ငန်းရှင်များ လုပ်ကွက်ပြီးတိုင်း သတ်မှတ်သစ်ကွက်များ လုပ်ကွက်ဟောင်းများတွင် ပြန်စိုက်ရမယ်ဆိုတာ လုပ်ကွက်ပေးစဉ်ကတည်းက လမ်းညွှန်ချက်ရှိပါတယ်။ ဒါကလည်း ရတနာတန်းဝင်၊ ရတနာလုပ်ငန်း ရှင်ဆိုတော့ ပိုပြီး ဆိုးသလို တွေ့ရပါတယ်။

ဥပမာ ကချင်ပြည်နယ် ကျောက်စိမ်းလုပ်ကွက်၊ ရွှေလုပ်ကွက် လုပ်ကြတဲ့ လုပ်ငန်းရှင်တွေဟာ လုပ်ကွက်တစ်ကွက်ပြီး တစ်ကွက် ပြောင်းသွားပေမယ့် ဘယ်သစ်ပင်မှ စိုက်ပျိုးမသွားပါဘူး။ ဒါကလည်း သက်ဆိုင်ရာက အမိန့် ညွှန်ကြားချက်သာ လုပ်ကွက်ပေးတဲ့အခါ ပါတယ်။ လုပ်ကွက်ပြီးတဲ့အခါ အမိန့်ညွှန်ကြားချက် မပါတော့ အစားထိုး ပြန်မစိုက်တာကလည်း သစ်တောပြုန်းတီးရခြင်းရဲ့ (၃) အချက်ပဲ ဖြစ်ပါတယ်။ နောက် (၄) ကျေးလက်နေ ပြည်သူများ အိမ်သုံးသစ်များအတွက် အသုံးပြုခွင့်လက်မှတ်ကို ထုတ်ပေးခြင်း မရှိ ထုတ်ပေးမှု မရှိခြင်း ဥပမာ ယခင် ယခါက ကျေးလက်နေ ပြည်သူများဟာ မိမိ အိမ်သုံးသစ်များကို လိုအပ်ပါက သက်ဆိုင်ရာ နယ်မြေသစ်တောတွင်လျှောက်ပြီး လက်မှတ်ယူ ရပါတယ်။ လက်မှတ်ရပြီး မိမိသစ်ကို တရားဝင် သစ်တံဆိပ်ရိုက် ပေးပါတယ်။ ဒီလိုနဲ့ ထိန်းသိမ်း ခဲ့ကြပါတယ်။

ယခုအချိန်မှာ သစ်ကလေး (၁)တန်၊ (၂)တန် ရချင်လို့ လျှောက်ပြန်တော့လည်း တစ်ဆင့်ကနေ တစ်ဆင့် ရဖို့ခက်၊ နေ့ဆွဲ၊ လဆွဲနဲ့ နောက်ပိုင်း ပြည်သူတွေက စိတ်မရှည် သစ်များ ခိုးလုပ်ကြတယ်။ ပြီးတော့လည်း ဒဏ်ရိုက် နောက်ဆုံး ဒဏ်ရိုက်ခံပြီးတော့မှ ခိုးလုပ်တာမှ အဆင်ပြေတော့ ဆက်ပဲ လုပ်ကြပါတယ်။ တာဝန်ကျဝန်ထမ်းများကလည်း ဒီလိုစနစ်ကမှ ကိုယ့်အတွက် အဆင်ပြေသလို ရှိတော့ မသိဘာသာနေ၊ ဒါကလည်း တောပြုန်းရခြင်းရဲ့ (၄)အချက် ဖြစ်ပါတယ်။ (၅) ကြိုးဝိုင်းကြိုးပြင် လယ်ယာကြောင့် သစ်တောဆုတ်ယုတ်ရခြင်း၊ ဒီကိစ္စလေးကို အနည်းငယ် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းပြချင်ပါတယ်။

တကယ်တော့ သစ်တောကြိုးဝိုင်းအတွင်းမှာ တောင်သူတွေ လယ်ဝင်လုပ်တယ်ဆိုတာ အများဆုံး ကိုင်းမြေ ရေဝပ်တဲ့ နေရာများမှာ လုပ်ကြတာ များပါတယ်။ တကယ်တမ်းကျတော့ ဒီကိုင်းလွတ် ရေဝပ်မြေတွေမှာလည်း သစ်တောက အပင်မစိုက်ကြပါဘူး။ ကြိုးဝိုင်းအတွင်း လယ်ယာမြေလုပ်တာတော့ သစ်တောမြေဧရိယာ လျော့တာပဲ ရှိကောင်းရှိပါမယ်။ သစ်တောပျက်စီးမှု နည်းပါတယ်။ သစ်တော စိုက်မြေမှာ လုပ်ရင်လည်းပဲ၊ ဥပဒေအရ အရေးယူရုံပဲ ရှိပါတယ်။ သစ်တောမထိခိုက်တဲ့ ကိုင်းမြေ

ရေဝပ်နေရာတွေမှာ အလဟသဖြစ်မယ့်အစား လယ်ယာမြေ ဖြစ်လာတာကတော့ ပြည်သူများအတွက် သီးနှံအထွက်တိုး ပိုလာခြင်းကြောင့် များစွာအကျိုးရှိပါတယ်လို့ ဒါကိုလည်း စဉ်းစားဖို့ လိုအပ်ပါတယ်။ (၆) ရွှေ့ပြောင်းတောင်ယာကြောင့် သစ်တောပြုန်းတီးရခြင်း၊ ဥက္ကဋ္ဌကြီး ခင်ဗျား။ ရွှေ့ပြောင်းတောင်ယာနဲ့ ပတ်သက်ပြီး တင်ပြလိုပါတယ်။

သစ်တောပြုန်းတီးရခြင်းမှာ ရွှေ့ပြောင်းတောင်ယာများကြောင့်လည်း ပါ ပါတယ်။ ရှေးပဝေသဏီ ကတည်းက တောင်ပေါ်နေတဲ့ တိုင်းရင်းသားတွေဟာ ရွှေ့ပြောင်းတောင်ယာနဲ့ပဲ အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြရခြင်း ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ပြည်သူတို့ရဲ့ စပါးကျီဟာ တောင်ယာပါပဲ ဒါကို ပိတ်ပင် တားဆီးမယ်ဆိုပြန်လည်း သူတို့ရဲ့ ရိုးရာဓလေ့ လုပ်စားကိုင်စားတဲ့ ထမင်းအိုးကြီးကို သွန်ပစ်သလို ဖြစ်ပါမယ်။ သို့သော်လည်း သစ်တောတွေဟာ လူတွေကြောင့် ပြုန်းတီးပျက်စီးသွားရတယ်ဆိုရင် ပြန်ဖြစ်ထွန်း လာဖို့အတွက် လူတွေနဲ့ပဲ ပြန်ကုစား ရမှာဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှ ရွှေ့ပြောင်းတောင်ယာနဲ့ အသက်မွေးဝမ်းကျောင်း ပြုတဲ့ တောင်ယာလုပ် တောင်သူများရဲ့ စိုက်ဧကကို တိကျစွာ စာရင်းကောက် မှတ်ပုံတင်ပေးဖို့ လိုအပ်လှပါတယ်။ ရွှေ့ပြောင်းတောင်ယာ တောင်သူများကိုလည်း ဒေသနဲ့ လိုက်လျော ညီထွေ စိုက်ပင်များကို လုပ်တဲ့ စိုက်ဧကပေါ်မှာ ပြန်လည်စိုက်ပျိုးစေပြီး ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြု လိုပါတယ်။

ဒီလို စိုက်ပျိုးခိုင်းတဲ့အခါ တာဝန်ရှိ ဒေသအုပ်ချုပ်ရေးအဖွဲ့များနှင့် သစ်တောရေးရာ တာဝန်ခံများ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တောင်ယာလုပ် တောင်သူတစ်ဦးရဲ့ စိုက်ရမယ့် စိုက်ပင်များအပေါ် စိုက်ပျိုးရတဲ့ လုပ်အားခကိုလည်း တိတိကျကျပေးဖို့ လိုအပ်ပါမယ်။ အပင်တစ်ပင် ဖြစ်ထွန်းလာမယ့် ကာလ အချိန်အခါကိုလည်း သတ်မှတ်ပေးပြီး တာဝန်ပေးဖို့ လိုအပ်ပါမယ်။ နွေအခါရောက်လာရင် မီးဘေးအန္တရာယ်အတွက် မီးတားလုပ်ငန်းကိုပါ အခန့်နှုန်း သတ်မှတ်ပေးပြီး တောင်ယာတောင်သူကို တာဝန်ပေးအပ်နှင်းရမှာ ဖြစ်ပါတယ်။ ဒါမျိုးဆိုရင် တောင်ယာတောင်သူများအနေနဲ့ လုပ်ငန်းလည်းရ ဝမ်းလည်းဝ ဖြစ်တဲ့အနေမျိုး လက်ခံလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ပြည်ထောင်စု သစ်တောဝန်ကြီးဌာနကလည်း သစ်တောဖွံ့ဖြိုးရေးအတွက် ဘတ်ဂျက်ငွေ များကို မြို့နယ်သစ်တောဦးစီးဌာနကို တိတိကျကျ ချပေးဖို့ လိုအပ်ပါတယ်။ ရွှေ့ပြောင်းတောင်ယာ စိုက်ဧကအလိုက် လုပ်အားခများကို ပြည့်ပြည့်ဝဝပေးဖို့ လိုအပ်ပါမယ်။ ဒီလုပ်ငန်းကို တာဝန်ရှိတဲ့ တောအုပ်၊ တောခေါင်းများ အထူးကြပ်မတ် ဆောင်ရွက်သွားမယ်ဆိုရင် မြန်မာ့သစ်တော ဆယ်စုတစ်စုမှာ စိမ်းလန်းစိုပြေလာမှာဖြစ်ကြောင်း အကြံပြုခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဒီလိုမှ ရင်းနှီးမြှုပ်နှံမှု မလုပ်ရဲဘူးဆိုရင် သစ်တောပျောက်ဆုံးပြီး တောင်ကတုံးများသာ တစ်နေ့ထက်တစ်နေ့ တိုးပွားလာမှာ ဖြစ်ပါတယ်။ သစ်တောများကို လူမြင်ကောင်းတဲ့နေရာမှာ စိုက်ပြလို့ မရပါဘူး။ ပြုန်းတီးသွားတဲ့ ဧရိယာ အတွင်းမှာ လုပ်အားခပေးပြီး မြို့နယ်အလိုက် ပြန်စိုက်ပျိုးဖို့ အဓိက လိုအပ်ပါမယ်။ လုပ်အားခပေးရင် သစ်တောစိုက်ပျိုးကြမယ့် ပြည်သူများ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မြေကို ဧကရာထောင် ချီယူထားကြတဲ့ မြေရှင် ပဒေသရာဇ် များကိုလည်းပဲ လပိုင်း၊ နှစ်ပိုင်းသတ်မှတ်ပြီး သစ်တောသစ်ပင်များ ပြန်ဖြစ်ထွန်းဖို့ အချိန်မဆွဲစေဘဲ စိုက်ပျိုးရန် အချိန်သတ်မှတ်သတိပေးသင့်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံးသစ်ထုတ်လုပ်မှုအပေါ် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ဝင်ငွေပေါင်း (၆၅၆.၉)ဘီလီယံကျပ် ရရှိတယ်လို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တော

ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ချပြသွားတာ လွှတ်တော်ဂျာနယ်မှာ မှတ်သားလိုက်ရပါတယ်။ အကယ်၍ ထောင့်စုံ ဘက်စုံကနေ အစိုးရဌာနအသီးသီးမှ တာဝန်သိမှုနဲ့ တာဝန်ရှိမှုနှင့် ဝိုင်းဝန်းထိန်းသိမ်းပေးကြမယ်ဆိုရင် ကျွန်တော် ထင်ပါတယ်။ ယခု ဝင်ငွေထက် မနည်း ဘေးထွက်တော့မယ့် ဝင်ငွေတွေဟာ ပြန်တိုးလာနိုင်စရာ အများကြီးရှိတယ်လို့ ယုံကြည်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေနဲ့ တင်ပြချင်တာက ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ သစ်တောများဟာ အမှန်တကယ် ပြုန်းတီး ပျောက်ဆုံးသွားတာ နေရာအနှံ့လိုပဲ အောက်ခြေမှာ မြင်တွေ့နေရပါတယ်။

ဒါကြောင့် မြန်မာ့သစ်တော ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့ ပြည်ထောင်စုအစိုးရကလည်း အလေးထား ငွေအင်အားချပြီးတော့ နှစ်တိုစီမံကိန်း (၅)နှစ်မျိုးလို ချပြီးတော့မှ မြို့နယ်တိုင်းမှာ သစ်တော မြေလွတ် မြေလပ်တွေမှာ ဒေသနဲ့ လိုက်လျောညီထွေ အပင်များ ရတနာတန်းဝင် အပင်မျိုးများ ပြည်သူများအတွက် ထင်းမီးသွေး သုံးနိုင်တဲ့အပင်များ နိုင်ငံနဲ့ပြည်သူ မဖြစ်မနေ ပူးပေါင်းဆောင်ရွက်သွားမှ သာလျှင် မြန်မာ့သစ်တော သဘာဝအလှ ပြန်လည် ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါကြောင်း၊ ဒါကြောင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနသို့ သစ်တောမူဝါဒများကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးတင်မြ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၄၅။**

**ဦးတင်မြ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဦးစီးဌာန၊ ဒုတိယဝန်ကြီးနဲ့ ပညာရှင်များအားလုံး မင်္ဂလာပါလို့ ရှေးဦးဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အစီအစဉ်မှာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ အဆိုကို အလေးအနက် ထောက်ခံ အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပညာရှင်ရှုထောင့်က အလေးပေး ထောက်ခံဆွေးနွေးခြင်း မပြုဘဲနဲ့ ပြည်သူ့ဘဝဆန်တဲ့ အပြုသဘော ထောက်ခံအကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ အခြေခံနှစ်တစ်ခုကို အခြေခံပြီးတော့မှ လက်ရှိ မြင်နေရတဲ့ မြင်ကွင်းအခြေအနေ၊ ထုတ်ယူသုံးစွဲကြတဲ့ ဆောင်ရွက်နေတဲ့ လက်ရှိအခြေအနေ၊ ဘယ်လို ထိန်းသိမ်းခဲ့ကြသလဲ၊ ဆက်လက်ပြီး ဘယ်လို ထိန်းသိမ်းသွားကြရင် သင့်မလဲဆိုတဲ့ အမြင်မျိုးများနဲ့ အပြုသဘော ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့ အဆိုရှင်ရဲ့ အဆိုပြုချက်နဲ့ ပတ်သက်ပြီးတော့မှ ၁၉၉၂ ခုနှစ် အဲဒီနှစ်ရဲ့ အခြေပြစာရင်းကို အခြေခံပြီးတော့မှ ကျွန်တော်အကြံပြု တင်ပြဆွေးနွေးလိုပါတယ်။

၁၉၉၂ ခုနှစ်မှာ ကျွန်တော်တို့က နဝတ က ၁၉၉၂ ခုနှစ် သစ်တော ဥပဒေအသစ်ကို ရေးဆွဲပြီး တော့မှ ဒီနေ့အထိ ဆက်လက်ထိန်းသိမ်းကာကွယ်နေခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ၁၉၉၂ ခုနှစ်ရဲ့ အခြေခံနှစ် ဒီဇင်ဘာလ စာရင်းများအရ တွေ့ရတဲ့ မှတ်သားချက်အရဆိုရင် ကျွန်တော်တို့ရဲ့ နိုင်ငံတော် ဟာ တောင်နဲ့မြောက် အရှည်ဆုံး အလျားအနေနဲ့ မိုင်(၁၃၀၀)ခန့်ရှိတယ်လို့ မှတ်သားရပါတယ်။ အရှေ့ အနောက်ဆိုရင် မိုင်(၅၈၀)လောက်ရှိတယ်လို့ မှတ်သားရပါတယ်။ စတုရန်းမိုင်အနေနဲ့ဆိုရင် တစ်နိုင်ငံလုံး (၂၆၁၂၂၈)စတုရန်းမိုင် ရှိတယ်လို့ ဆိုပါတယ်။ ဒီလို မှတ်သားရတဲ့အထဲမှာ အဲဒီရဲ့ စတုရန်းမိုင်ထဲမှာ မြန်မာနိုင်ငံမှာ သစ်တောမြေဟာ (၅၁)ရာခိုင်နှုန်းရှိတယ်လို့ ဆိုပါတယ်။ ကြိုးဝိုင်းမြေဟာ (၁၅)ရာခိုင်နှုန်း လို့ ဆိုပါတယ်။ ကြိုးဝိုင်းပြင်တောကတော့ (၃၆)ရာခိုင်နှုန်းလို့ ဆိုပါတယ်။ (၅၁)ရာခိုင်နှုန်းလောက် ဆိုတော့ တစ်နည်းအားဖြင့် ကျွန်တော်တို့ နိုင်ငံတော်ရဲ့ စတုရန်းမိုင် ထက်ဝက်ကျော်ဟာ သစ်တောမြေ ဖြစ်နေပါတယ်။ တစ်နိုင်ငံလုံးဟာ စတုရန်းမိုင် (၂၆၁၂၂၈)စတုရန်းမိုင်ဆိုတော့ ထက်ဝက်အနေနဲ့ ကြည့်မယ်ဆိုရင်တောင်မှ (၁၃၀၆၁၄)စတုရန်းမိုင်ဟာ သစ်တောဖုံးလွှမ်းတဲ့ နယ်မြေဖြစ်နေပါတယ်။ အဲဒီလောက်ထိ ရှိနေတဲ့ဥစ္စာဟာ ၁၉၉၂ ခုနှစ်မှာ စိစစ် လိုက်တဲ့အခါကျတော့ တစ်နှစ် တစ်နှစ်ကို ကျွန်တော်တို့ သစ်တောပြုန်းတီးမှုဧကဟာ နှစ်စဉ် နှစ်စဉ် (၂၃၄၆၅၀)ဧက နှစ်စဉ်ပြုန်းတီးနေတယ်ဆိုတဲ့ မှတ်တမ်းကို တွေ့ရှိရပါတယ်။

အဲဒီတော့ ဒီလိုအနေအထားရဲ့ ဖြစ်စဉ်ကို ကျွန်တော်တို့ တကယ်လက်တွေ့ ဥက္ကဋ္ဌကြီး မှတစ်ဆင့် ကျွန်တော်တို့ ကိုယ်စားလှယ်များ မြင်နိုင်အောင် အာရုံထဲကနေလို့ မြင်နိုင်အောင် ကျွန်တော် တင်ပြရမယ်ဆိုရင် ဥပမာ လေယာဉ် ကနေကြည့်မယ်ဆိုရင် ကျွန်တော် ပြီးခဲ့တဲ့ အဲဒီကာလတွေမှာ ဥပမာ စစ်တွေက နေပြီးတော့မှ နေပြည်တော်၊ ရန်ကုန် အဲဒီတော့ ဒီ ကျွန်းပတ်လေယာဉ်နဲ့ အမ်းတို့၊ သံတွဲတို့၊ ရခိုင်ပြည်နယ် ဒီရိုးမတွေ အကုန်လုံးကို ကောင်းကင်ကနေကြည့်လိုက်၊ တစ်ခါ ရန်ကုန်ကနေပြီးတော့မှ မန္တလေး၊ မြစ်ကြီးနား၊ ပူတာအို စသည်အားဖြင့် ကလေးတို့၊ ကျိုင်းတုံဘက်တို့ ကြုံကြိုက်တဲ့အခါမှာ ကောင်းကင်ကနေပြီးတော့ ကျွန်တော်တို့ ကြည့်ကြည့်လိုက်တယ်။ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေ၊ နိုင်ငံ့ဝန်ထမ်း တာဝန်ထမ်းခဲ့တဲ့ ကိုယ်စားလှယ် တွေ ဆိုရင် နေရာအနှံ့၊ ဒေသအနှံ့ကို လေယာဉ်၊ ကား၊ ရထား စသည်အားဖြင့် မော်တော်ယာဉ်တွေကအစ သွားခဲ့တဲ့အခါမှာ အများဆုံး မြင်တွေ့ခဲ့ကြရမှာ ဖြစ်ပါတယ်။

ဆိုလိုချင်တာကတော့ ကောင်းကင်ကကြည့်ရင်တောင်မှ ကျွန်တော်တို့ မြေသားကို အလွယ်တကူ မြင်နေရတဲ့ အနေအထား ရှိပါတယ်။ အဲဒီတော့ ဒီနေရာ မှာ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းတဲ့မြေ (၅၁)ရာခိုင်နှုန်း၊ ထက်ဝက်(၅၀)ရာခိုင်နှုန်း ကြည့်လိုက်မယ်ဆိုရင် (၁၃၀၆၁၄)စတုရန်းမိုင်ဟာ တကယ်တော့ စာရင်းသာရှိနေပြီး လက်တွေ့မှာတော့ ကျွန်တော်တို့ တော်တော်ပြုန်းတီးနေ ပါလားဆိုတဲ့ လက်တွေ့ မြင်ကွင်းတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ ကောင်းပြီ၊ ဒါတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့က ထုတ်ယူ သုံးစွဲခဲ့ရတဲ့ အနေအထားမှာ ကြည့်မယ်ဆိုလို့ရှိရင် တစ်နည်းအားဖြင့် နယ်စပ်ဒေသတွေမှာ အထူးသဖြင့် ကရင်ပြည်နယ်လို တစ်နည်းအားဖြင့် တည်ငြိမ်အေးချမ်းမှု မရှိတဲ့ နယ်မြေတွေမှာ ကျွန်တော်တို့က လက်လှမ်းမမှီတဲ့ နေရာတွေမှာ သစ်တွေ အများကြီးရှိပါတယ်။ ဒီ သစ်တွေဟာ နယ်စပ်တွေက နေပြီး တော့မှ နည်းမျိုးစုံနဲ့ ထုတ်ယူကြတဲ့အခါကျတော့ ဒီဟာတွေကို ကျွန်တော်တို့က နည်းမျိုးစုံနဲ့ တစ်နည်း အားဖြင့် ခိုးထုတ်ခံရမယ့်အစား ဒါတွေကို ကုမ္ပဏီတွေ ဖွဲ့ပြီးတော့မှ ၁၉၉၂ ခုနှစ်မှာ ကျွန်းကလွဲရင် ပုဂ္ဂလိက ထုတ်လုပ်ပိုင်ခွင့်ကို ပေးလိုက်တဲ့အခါကျတော့ ကုမ္ပဏီပေါင်း သစ်တောဦးစီးဌာနနဲ့ ပူးပေါင်းလို့

ဆောင်ရွက်တဲ့ ကုမ္ပဏီတွေ၊ မြန်မာ့သစ်လုပ်ငန်းနဲ့ ပူးပေါင်းပြီးဆောင်ရွက်တဲ့ ကုမ္ပဏီတွေ၊ ကုမ္ပဏီပေါင်း (၅၀)ကျော်ကနေပြီးတော့မှ ထုတ်ယူလိုက်တဲ့ဥစ္စာ ဒီသစ်တွေနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ နိုင်ငံအနှံ့ လက်ရှိမှာလည်းပဲ ၃၁-၃-၂၀၁၄ နောက်ဆုံးထား သစ်လုံးတွေကို ထုတ်လုပ်မှု ရပ်တန့်မယ်ဆိုတဲ့ အခါကျတော့ ရန်ကုန်-မန္တလေး မူလကားလမ်းဟောင်းမှာ နယ်မြေဒေသအနှံ့က ပြည်ထောင်စုလမ်းမကြီး တွေမှာ၊ မြို့နယ်လေးတွေကို ခွဲထွက်တဲ့လမ်းတွေမှာ သစ်တင်ကားကြီးတွေ (၁၂)ဘီးကားနဲ့ ထွေလာကား တွေနဲ့ ဘယ်လောက်အထိ ထုတ်ယူသုံးစွဲနေတယ်ဆိုတဲ့ အမြင်ဟာ ကိုယ်စားလှယ်ကြီးများ အားလုံးအမြင် ဖြစ်ပါတယ်။

အဲဒီတော့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီဟာတွေဟာ တကယ်ကျတော့ ထုတ်ယူသုံးစွဲတဲ့အခါမှာ ပြည်သူတွေအနေနဲ့ အမှန်အတိုင်း ပြောရရင်တော့ ဘယ်လိုနှုန်းထားတွေနဲ့ ထုတ်လုပ်ပြီးတော့မှ ဘယ်နေရာမှာ ဈေးကွက်ဆုံးပြီးတော့ ဘယ်ကို ရောက်သွားသလဲဆိုတဲ့ အနေအထားတောင်မှ ပြည်သူ တွေက မသိပါဘူး။ ဒီလောက်အထိ ကျွန်တော်တို့က ကုန်ကြမ်းသစ်ပေါ်နေတဲ့ကိစ္စကို ကျွန်တော်တို့ အနေနဲ့ လက်လွတ်စပယ် ထုတ်ယူသုံးစွဲနေတဲ့ သဘော၊ သာမန်အားဖြင့် မြင်ရပါတယ်။ သို့သော် ဒီနေရာမှာ နိုင်ငံပြင်ပဝင်ငွေအနေနဲ့ နိုင်ငံခြားဝင်ငွေအနေနဲ့ ဒုတိယအဆင့်ကနေ ပထမအဆင့်အထိ သစ်တောကဏ္ဍကနေပြီးတော့မှ ရရှိတယ်လို့ ဆိုလည်းဆိုလိုက်ရော အကောင်းအဆိုးဆိုတာ တွဲလျက် ရှိပါတယ်။ သစ်တောလည်း ပြုန်းသလောက် ဖြစ်သွားတာပါပဲ။ အဲဒီလိုဖြစ်သွားတဲ့ အခါကျတော့ ဒီ ထုတ်ယူသုံးစွဲမှုမှာ ကျွန်တော်တို့က တောင်ယာခုတ်တာတို့၊ မြို့သစ်၊ ရွာသစ်၊ လမ်း ဒီလိုတွေ ဖောက်လုပ် တာတို့ရဲ့ ပြုန်းတီးမှုအပြင် ကျွန်တော်တို့ ချိန်းဆောတွေ ပေါ်လာတယ်။ ချိန်းဆောတွေ ပေါ်လာတဲ့အခါ ကျတော့ သစ်ခွတို့၊ ပန်းရိုးတို့ ရှာတယ်။ တောကြီးတွေထဲမှာ သစ်ခွတို့၊ ပန်းရိုးတို့က လူတစ်ဖက်စာလောက် (၁၀)ပေ၊ (၁၂)ပေ လောက်ရှိတဲ့ အပင်ကြီးတွေမှာ အစို အချိန်(၁၀) လောက်ရှိနေတယ်။ ဒါလေးကို ရချင်ပြီးတော့မှ ကျွန်တော်တို့က ဘာဖြစ်သလဲဆိုရင် တစ်ပင်လုံးကို လှဲတယ်။ သစ်ခွပန်းရိုးလေးတွေရဖို့ ယူသွားတယ်။ ပစ်ထားခဲ့တယ်။ ပြုန်းတီးတယ်။ နောက် အင်၊ ကညင်၊ ပွဲညက်တွေကို ဒီလိုပဲ ရယူတယ်။ ပြုန်းတီးတယ်။ အဲဒီတော့ ဒီလိုပြုန်းတီးမှုတွေအရ သစ်တောဟာ ကျွန်တော်တို့ ဘာဖြစ်သလဲဆိုရင် တစ်နည်းအားဖြင့် တောင်ကုန်းတွေ ပြောင် သလောက်၊ သစ်တောတွေဟာ ပြောင်သွားပါတယ်။

အဲဒီတော့ ပြောင်သွားတာမှ ကျွန်တော်တို့ သွားနေတဲ့ ပြည်ထောင်စုလမ်းမကြီးတို့ တစ်နည်းနည်းနဲ့ ကျွန်တော်တို့ ရထားလမ်းတွေနဲ့ အားလုံးကို သွားမယ်ဆိုလို့ရှိရင် လမ်းဘေးဝဲ/ယာမှာ ကျွန်တော်တို့က ပြောင်သလင်း ခါနေပါတယ်။ အဲဒီတော့ စည်းစနစ်တကျ ထုတ်ယူမှု မရှိဘဲနဲ့ ဒီလိုတွေ ခံခဲ့ရတဲ့ အတွက် ခုနေတုန်းက ကျွန်တော်တို့ရှိနေတဲ့ ဇကဟာ စာရင်းမှာသာ ပေါ်နေပေမယ့် လက်တွေ့မှာ ကျွန်တော်တို့ ပျောက်ခဲ့ရပါတယ်။ အဲဒီလို ပျောက်ခဲ့တဲ့အခါကျတော့ ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် စဉ်းစားကြည့်ပါတယ်။ ဒီနေရာမှာ ကျွန်တော် အလေးအနက် အမျိုးသားရေး အမြင်၊ အမျိုးသား အကျိုးစီးပွားအတွက် ကျွန်တော် စဉ်းစားကြည့်ပါတယ်။ အဲဒီတော့ နိုင်ငံတော်မှာ ငွေကြေးအင်အား သန်းပေါင်း ဘယ်လောက် အခြေခံကုန်ကျလိုက်မယ်ဆိုရင် သစ်တောသယံဇာတ၊ တောရိုင်းတိရစ္ဆာန် သယံဇာတ ဘယ်လောက်အထိ ဘယ်နှစ်နှစ်အတွင်းမှာ ပြုန်းတီးသွားစေမလဲ၊ ကျွန်းနဲ့ ပတ်သက်လို့ အမြစ်ပါ မကျန်၊ တမလမ်းတည် အနှစ်ပါ မကျန်၊ နောက် သင်းလူချပ်၊ သင်းခွေချပ်၊ မြွေ၊ ချေ၊ ဒရယ်၊ စိုင်၊ ဆတ် အရိုးကအစ အားလုံးကို ကျွန်တော်က တစ်နေရာက နေပြီးတော့မှ ဒီဥစ္စာကို ငွေသန်းပေါင်း ဘယ်လောက် သုံးပြီးတော့မှ အစီအစဉ် စနစ်တကျနဲ့ ဝယ်ယူမယ်ဆိုရင်၊ အဲဒီတော့ မြန်မာနိုင်ငံရဲ့

သစ်တောဧရိယာ၊ သဘာဝ သက်ရှိသက်မဲ့ သယံဇာတ ဒါတွေဟာ ဘယ်နှစ်နှစ်လောက်ကြာရင်တော့ ပြုန်းတီးသွားမှာပဲ ဆိုပြီးတော့မှ ဒီလိုများရှိနေခဲ့ရင်တောင် အငိုက်မိသွားကြမှာလား၊ အမျိုးသားရေးအမြင် အမျိုးသားအကျိုးစီးပွားအတွက် အလေးအနက် ထားသင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။

ဥပမာ သယံဇာတတွေ ဖြစ်တဲ့ ကျွန်တော်တို့ အင်ကြင်းကျောက်တွေ၊ နောက် ကျွန်တော်တို့ ဆီမှာ ရှိနေတဲ့ သယံဇာတ၊ ရေသယံဇာတ၊ မြေသယံဇာတ အဆိုရှင်ရဲ့ အနေအထားမှာ ထာဝစဥ်တည်မြဲမှု ပါ ပါတယ်။ အဲဒီတော့ မြေဆိုရင် ကျွန်တော်တို့က သတ်မှတ်ကာလအတွင်းမှာ သတ္တုတူးဖော်ကြမယ်။ မြေရိုင်းတွေကို ရွှေတို့၊ ကျောက်သံ ပတ္တမြားတို့ပါတဲ့ ဥစ္စာတွေကို ယာဥ်ကြီး၊ ယာဥ်ငယ်နဲ့ သယ်ယူ သွားတယ်။ အဲဒီတော့ တစ်နည်းအားဖြင့် မြေပါ ဒီဥစ္စာ နယ်နိမိတ် ပြင်ပကို အသယ်အယူခံရတဲ့ဟာ မျိုးတွေ ဖြစ်တယ်။ အဲဒီတော့ အေးအေးဆေးဆေး သတ်မှတ်ကာလအတွင်းမှာ ကုန်ကြမ်းကို ရရှိသွား ပြီးတဲ့အခါကျတော့ ကုန်ချောကို အချိန်ယူ ပြီးတော့မှ ကျွန်တော်တို့က ရှာဖွေနိုင်တဲ့ အနေအထားတွေ ဖြစ်တယ်။ ခုနကပြောသလို တောရိုင်းတိရစ္ဆာန်ကအစ၊ သစ်တောသယံဇာတက အစ၊ မြေပေါ်မြေအောက်ရဲ့ ရေရှည်ကျွန်တော်တို့ သဘာဝအရင်းအမြစ်ကို ထိန်းရမယ့်ဥစ္စာကို ငွေကျပ်သန်းပေါင်း ဘယ်လောက် ကုန်ကျခံလိုက်ရင်တော့ ဒီနယ်မြေ၊ ဒီသယံဇာတတွေဟာ ပြုန်းတီးပြီးတော့မှ ကုန်သွားမှာပဲဆိုတဲ့ အစီအစဥ်နဲ့ ဆောင်ရွက်မယ်ဆိုရင်တောင်မှ ကျွန်တော်တို့ အငိုက်မိကြနိုင်ပါတယ် ဆိုတဲ့ သဘောလေးကို ကျွန်တော် ရိုးသားစွာ တွေးမိပါတယ်။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် အကြံပြုတင်ပြလိုတာက ဒီဟာတွေနဲ့ ပတ်သက် ပြီးတော့မှ ဘယ်လိုထိန်းခဲ့ကြရလည်းဆိုရင် ကျွန်တော်တို့ ၁၉၀၂ ခုနှစ်က သစ်တောအက်ဥပဒေ ရှိခဲ့ ပါတယ်။ ဒါဟာ အလောင်းမင်းတရားလက်ထက်ကတည်းကနေ ၁၇၅၂ ခုနှစ်ကတည်းက သစ်တောကို၊ ကျွန်းကို တော်ဝင်သစ်အဖြစ် သတ်မှတ်ပြီးတော့မှ စနစ်တကျ ထိန်းသိမ်းခဲ့တာ၊ အင်္ဂလိပ်တွေက အောက် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးကတည်းက မော်လမြိုင်နဲ့ မုတ္တမနယ်က ကျွန်းတွေကို စိတ်တိုင်းကျ ထုတ်ယူ သုံးစွဲခဲ့တာ ဖြစ်ပါတယ်။ အဲဒီလို ထုတ်ယူသုံးစွဲပြီးတဲ့အခါကျတော့ ၁၈၅၆ ခုနှစ်မှာ မြန်မာနိုင်ငံမှာ သစ်တောဦးစီးဌာန၊ အင်္ဂလိပ်က စတင်တည်ထောင်ပြီးတော့မှ စနစ်တကျ သူတို့က ထုတ်ယူသုံးစွဲတာ နှစ်(၃၀)မှာ တော တစ်ပတ်၊ ကျွန်တော်တို့ နှစ်(၃၀)တစ်ကြိမ်၊ ဒီလိုမျိုး ထုတ်ယူသုံးစွဲပြီးတော့မှ ဆောင်ရွက် ခဲ့တာ၊ ဒီလို ဆောင်ရွက်နေတဲ့ကိစ္စလေးတွေမှာ ကျွန်တော်တို့က တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ ထုတ်ယူ သုံးစွဲတဲ့နှစ်ဟာ ၁၉၀၂ ခုနှစ်၊ သစ်တောအက်ဥပဒေကနေ၊ ၁၉၉၂ ခုနှစ်အထိ နှစ်(၉၀)လုံးလုံး၊ ကျွန်တော်တို့ရဲ့ သစ်ထုတ်လုပ်မှု နည်းစနစ်မကျခဲ့တဲ့အပေါ်မှာ ကျွန်တော်တို့ တော်တော်ထိခိုက်နစ်နာခဲ့တဲ့ အတွက် နှစ်(၉၀)ပြည့်မှ ပြန်လည်သုံးသပ်ပြီးတော့ ၁၉၉၂ ခုနှစ်မှာ သစ်တောဥပဒေကို ရေးဆွဲခဲ့ပါတယ်။

အဲဒီနေရာမှာ ကြိုးဝိုင်းတော၊ ကြိုးပြင်တောဆိုပြီးတော့မှ ကျွန်တော်တို့ သတ်မှတ်ခဲ့တယ်။ အဲဒီ ကြိုးဝိုင်းတောဟာ ကျွန်တော်တို့ တစ်နိုင်ငံလုံးရဲ့ (၅၁)ရာခိုင်နှုန်းထဲက (၁၅)ရာခိုင်နှုန်း ရှိတယ်။ ကြိုးပြင် တောဟာ ကျွန်တော်တို့က တစ်နိုင်ငံလုံး(၅၁)ရာခိုင်နှုန်းထဲက (၃၆)ရာခိုင်နှုန်း ရှိတယ်ဆိုရင် ဒါတွေဟာ စာရင်းထဲမှာ ရှိနေတာလား၊ ဘယ်လိုသိရှိ ထိန်းသိမ်းရမလဲ ဆိုတာလေးကို ရိုးသားစွာ အကြံပြုသဘော ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆွေးနွေးလိုပါတယ်။

အဲဒီတော့ လက်တွေ့အနေနဲ့ဆိုရင် ကျွန်တော်တို့က ပြည်နယ်/တိုင်းတွေမှာ ကြိုးဝိုင်းတော၊ ကြိုးပြင်တော ဘယ်လောက်ဆီ ရှိသလဲ၊ အဲဒီတော့ မြို့နယ် တစ်ခုချင်းမှာ ဘယ်လောက်စီရှိသလဲ၊

အဲဒီတော့ မြို့နယ်တစ်ခုစီမှာ အခြေပြု အဲဒီရဲ့ ကြိုးဝိုင်းတော၊ ကြိုးပြင်တောတွေဟာ ဘယ်လို ဇရိယာတွေမှာ ရှိသလဲ၊ အဲဒီတော့ စံနမူနာပြအနေနဲ့ ဒါဟာ သဘာဝတောကို ထိန်းသိမ်းထားတာ ဖြစ်တယ်။ ဒါဟာ ကြိုးဝိုင်းတော ဖြစ်တယ်။ ကြိုးပြင်တော ဖြစ်တယ်ဆိုတာ ပြည်သူပါဝင်ဖို့ ပြည်သူကလည်း သိစေဖို့ လိုပါတယ်။ အဲဒီတော့ နေပြည်တော်နယ်တစ်ဝိုက်မှာ ကြည့်မယ်ဆိုရင်နော် (၅)နှစ်၊ (၁၀)နှစ်လောက် ပြုစုထိန်းသိမ်းလိုက်တာ၊ အပင်တွေ ပတ်ဝန်းကျင်မှာ ကျွန်တော်တို့မြင်နေရတာကို တော်တော် စိမ်းလန်းစိုပြည်ပြီးတော့မှ သဘာဝအလျောက် ပေါက်ပွားကြီးထွားခွင့်ကိုရတော့ တော်တော်လှပတဲ့ တောအုပ်ကလေးတွေ ဖြစ်နေပါတယ်။ ဒီလိုပဲ ကျွန်တော်တို့က ဥပမာ ကြိုးဝိုင်းတော၊ ကြိုးပြင်တော တွေကို မြို့နယ်အလိုက်မှာ တကယ်တမ်း အများပြည်သူလည်းသိအောင် သတ်မှတ်ထားပြီးတော့ ဒါကြီးတော့ဖြင့် တို့မြို့နယ် မှာ ကြိုးဝိုင်းတော ပါလား။ ဒါ ကြိုးပြင်တော ပါလားဆိုတာ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းသစ်တောဦးစီးမှူးတွေက စာရင်းထိန်းရုံတင်မကဘဲနဲ့ လက်တွေ့ကွင်းဆင်းကြည့်မယ်ဆိုရင်တောင် မြင်လောက်တဲ့ ထိန်းသိမ်းနည်းမျိုးတွေကို လက်တွေ့ကျကျထိန်းဖို့ သင့်တယ်လို့ အကြံပြုလိုပါတယ်။

ဥပမာ ကျွန်တော်တို့က ဒီ ကားလမ်းဝဲ/ယာဆိုရင် ဒီကနေ မန္တလေးကို သွားမယ်ဆိုရင် ဝမ်းတွင်းလို နယ်မြေတွေမှာ ကန္တာရလွင်ပြင်တွေ တွေ့ပါတယ်။ ကန္တာရလွင်ပြင်တွေဟာ တကယ်တမ်း ကျတော့ ကျွန်တော်တို့က (၅)နှစ်၊ (၁၀)နှစ်လောက်များသာ တစ်နေရာလေးမှာ သဘာဝအတိုင်း ထိန်းသိမ်းထားရမယ်ဆိုရင် ကန္တာရ ဥယျာဉ်လိုတောင်မှ တော်တော်လှပတဲ့ သဘာဝကန္တာရ တောဥယျာဉ်လေးတွေ ဖြစ်မှာပါ။ တပ်တွေကိုတိုးချဲ့တဲ့အခါမှာ တပ်ရဲ့ နယ်မြေစည်းဝိုင်းထဲမှာ အခုတ်အရှင်း မရှိခဲ့တဲ့ အပင်တွေကို တပ်နယ်မြေထဲမှာ ကြည့်လိုက်ရင် တော်တော်ကို လှလှပပတွေ တွေ့နေရပါတယ်။ ဆိုလိုချင်တာက သဘာဝအတိုင်း သစ်တောကို သတ်မှတ်ပြီးတော့မှ အများပြည်သူလည်းသိအောင် မြို့နယ်အလိုက်မှာ ကြေညာပြီးတော့မှနော် ထိန်းသိမ်းမယ်ဆိုလို့ရှိရင် ခုနကပြောသလို သဘာဝတောတွေဟာ လှလှပပ ဖြစ်လာမှာပါ။ အထက်ပိုင်းဆိုလို့ရှိရင် ကိုးတောင်ဘက်၊ ချသင်း၊ ပင်းသာ၊ သစ်ရေပင် ဆိုတဲ့ နယ်မြေတွေမှာ သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလမ်းဆိုတဲ့ ဥစ္စာတွေဟာ သဘာဝအလျောက် ပေါက်နေတာတွေ အများကြီးပါ။ (၅)နှစ်၊ (၁၀)နှစ်လောက် သဘာဝအတိုင်းကို ဒီ ဥစ္စာဟာ ကျွန်တော်တို့ ကြိုးဝိုင်းတော၊ ကြိုးပြင်တော သတ်မှတ်ပေးထားခဲ့လို့ စောင့်ရှောက်ထိန်းသိမ်းမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က တော်တော်ကို ကြည့်ကောင်း၊ မြင်ကောင်းဖြစ်လာမယ့် တောအုပ်တွေ ဖြစ်လာ မှာပါ။

အဲဒါကြောင့်မို့လို့ မြို့နယ်အလိုက်၊ ဒေသအလိုက်တွေမှာ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးမှူး၊ ခရိုင်သစ်တောဦးစီးမှူး၊ တိုင်းဦးစီးမှူးတွေက စာရင်းအရ ရှိနေတာ မဟုတ်ဘဲနဲ့ အဲဒီတော့ စတုရန်းမိုင် ဘယ်လောက် ဘယ်လောက် ရှိနေတယ်၊ ဧကဘယ်လောက်ရှိနေတယ်ဆိုတာ မြေပုံနဲ့တကွ ရှိနေရင် ဒီ နယ်မြေ၊ ဒီ မြေပုံ၊ ဒီဒေသကတော့ဖြင့် ကြိုးဝိုင်းတော၊ ကြိုးပြင်တော စသည်အားဖြင့်က အများလည်း သိမှာဖြစ်ပါတယ်။ အဲဒီတော့ ဒါကို ပြည်သူကလည်း ရှောင်နိုင်မှာ၊ စောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ တစ်မိုင်ပတ်လည်လောက်ကလေး ကျွန်တော်တို့က စုစည်းပြီး စံပြထိန်းမယ်ဆိုရင် တောင်မှ ခုနကပြောသလို ကန္တာရပင်တောတွေ၊ သစ်ရာ၊ အင်ကြင်း၊ ပျဉ်းကတိုး၊ ပိတောက်ရှိတဲ့နေရာတွေ၊ ထင်းရှူးပင်တောတွေ၊ ဒီရေတောတွေ၊ တစ်မိုင်စတုရန်းလောက် ကျွန်တော်တို့ ထိန်းပေးထားနိုင်မယ်ဆိုရင်တောင် ဧက(၆၄၀)လောက် စံပြဖြစ်မှာပါ။ အဲဒီတော့ ပညာရှင်အမြင် ကျွန်တော်တို့က ဘယ်လို ထိန်းသိမ်းမယ်၊ ဘယ်လိုစောင့်ရှောက်မယ်ဆိုတဲ့ နည်းပညာတွေနဲ့ ကျွန်တော်တို့က တင်ပြမယ့်အစား၊ လက်တွေ့ အများပြည်သူလည်းသိအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်အောင် မြို့နယ်တိုင်း၊

ဒေသတိုင်းမှာ ဘယ်နေရာတော့ ကြိုးဝိုင်းတော ဖြစ်ပါတယ်။ ဘယ်နေရာတော့ ကြိုးပြင်တော ဖြစ်ပါတယ်။ ဒီ ပြုစုထိန်းသိမ်းခဲ့တာ ကျွန်တော်တို့ သဘာဝအတိုင်းထားတာ ဘယ်နှစ်နှစ် ရှိပါပြီ၊ မြင်တဲ့အတိုင်းပါပဲ၊ ဒီလိုသာထားမယ်ဆိုရင် ကျွန်တော်တို့က ဒီ အတိုင်းနေကျန်တဲ့ ဥစ္စာလည်းပဲ ဒါ ကြီးထွားလာမှာပါ။ နှစ်စဥ်၊ နှစ်စဥ် ကျွန်တော်တို့က အလှည့်ကျနဲ့ ကျန်သစ်တွေကို စာရင်းပြုစုပြီးတော့မှ ဘယ်တောမှာ ဘယ်နှစ် ကျရင် ဘယ်နှစ်တန်လောက်၊ ဘယ်သစ်မျိုးကို ထုတ်နိုင်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ သစ်တော ပြုန်းတီးမှုကိုလည်း မထိခိုက်ပါဘူး။ နှစ်အလိုက် သစ်တွေရဲ့ သူ့ရဲ့ သဘာဝအလျောက် တိုးတက်လာတဲ့၊ ကြီးထွားလာတဲ့ တန်တွေ၊ အပင်အရေအတွက်တွေ၊ ဒီကြီးထွားနှုန်းတွေဟာ ကျွန်တော်တို့ရဲ့ သဘာဝ ပင်ရင်းအရင်းအမြစ်တွေ ဖြစ်ပါတယ်။

အဲဒါတွေဟာ ကျွန်တော်တို့က ဘာလဲဆိုရင် ငွေဘဏ်တိုးလိုပါပဲ၊ မြေမှာပေါက်နေတဲ့ သစ်တွေရဲ့ ကြီးထွားမှု တန်နှုန်းမြင့်မားလာတာဟာ ကျွန်တော် တို့ရဲ့ ဒါဟာ သဘာဝအရင်းအမြစ်က တကယ့်အရင်းအနှီး အတိုးတွေပါပဲ၊ ဒါကြောင့်မို့ ကျွန်တော်တို့က အဆိုရှင် ဦးမျိုးမြင့် ရဲ့ သစ်တောနဲ့ ဇီဝမျိုးစုံ၊ မျိုးကွဲ ဆိုတဲ့ ဥစ္စာတွေဟာ သစ်တောတင် မဟုတ်ပါဘူး။ သဘာဝတောရိုင်းတိရစ္ဆာန်ရော၊ သက်ရှိ၊ သက်မဲ့ ကျွန်တော်တို့ ရုက္ခဗေဒ မျိုးကွဲအပါအဝင် အားလုံးကို ခုနကပြော သလို ပြည်သူနဲ့တကွ မြို့နယ်၊ ခရိုင်၊ တိုင်း သစ်တောဦးစီးမှူးတွေက ကြိုးဝိုင်း၊ ကြိုးပြင်တောကို စာရင်းအရ မဟုတ်ဘဲနဲ့ လက်တွေ့ပြည်သူများပါသိအောင် ပြုစု ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ လိုအပ်ပါကြောင်း အဆိုရှင်ရဲ့ အဆိုကို အလေးအနက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁)နာရီခန့် ခေတ္တရပ်နားပါ မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို ၁၂း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့်ပန်ကြားသူများ ရှိတဲ့အတွက် ဖတ်ကြားတင်ပြပါမယ်။

ဦးတင်ရှန်၊ တနင်္သာရီ(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊

မိသားစုကျန်းမာရေး။ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနများ၏ ၂၀၁၄-၂၀၁၅ စီမံကိန်းဥပဒေကြမ်းအပေါ် လေ့လာအစီရင်ခံရန်။ ဦးပီမောင်စိုး၊ ကယား(၁) အလားတူ ဖြစ်ပါတယ်။ ဦးပေါ်လျှံလွင်၊ ချင်း(၉) အလားတူ ဖြစ်ပါတယ်။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃) အလားတူ ဖြစ်ပါတယ်။ ဦးမင်းဦး၊ ပဲခူး(၇) အလားတူဖြစ်ပါတယ်။ ဒေါက်တာခင်မောင်လေး၊ ပဲခူး(၈) အလားတူ ဖြစ်ပါတယ်။ ဦးလှသိန်း၊ မကွေး(၃) အလားတူ ဖြစ်ပါတယ်။ ဦးဌေးမောင်၊ မန္တလေး(၁၂) အလားတူ ဖြစ်ပါတယ်။ ဒေါက်တာကျော်သိန်း၊ မွန်(၄)အလားတူ ဖြစ်ပါတယ်။ ဦးကျော်ကျော်၊ ရခိုင်(၂) အလားတူ ဖြစ်ပါတယ်။ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃) အလားတူ ဖြစ်ပါတယ်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀) အလားတူ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၃။**

**ဥက္ကဋ္ဌ**။ ။ ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၀၄။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ လေ့လာသူပညာရှင်များနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ သစ်တောဂေဟစနစ်မျိုးစုံ (Forest Eco system)နဲ့ ဇီဝမျိုးကွဲ (Biodiversity) ကြွယ်ဝတဲ့ မြန်မာနိုင်ငံ၏ အမြဲတမ်းသစ်တောနယ်မြေများ (Permanent Forest Estate -PFE) ထာဝစဉ် ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသော အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးနိန်းခင်းပေါင် မှ အပြုသဘောဖြင့် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကမ္ဘာကြီးဟာ ပူနွေးလာမှုနဲ့ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများရဲ့ ဆိုးကျိုးသက်ရောက်မှုများကို ကြုံတွေ့ခံစားနေရပါတယ်။

၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာတစ်လွှား အန္တရာယ်ဖြစ်ပွားမှု အကြိမ်ပေါင်း(၃၀၀)ရှိခဲ့ပြီး လူပေါင်း(၉၃၃၀) အသက်ဆုံးရှုံးခဲ့ရပါကြောင်း ပျက်စီးဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ (၁၃၈)ဘီလီယံ ရှိတယ်လို့ ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၂-၂၀၁၃ ခုနှစ်တွင် သဘာဝဘေးအန္တရာယ် (၄၁၈)ကြိမ် ဖြစ်ပွားခဲ့ပြီး ဘေးသင့်လူဦးရေ (၂၃၄၅၈၄)ဦး ရှိခဲ့ပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း (၆၆၄၁.၉၇) ရှိခဲ့ပါကြောင်း၊ ၎င်းကို ကြည့်ခြင်းအားဖြင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုဟာ ဖွံ့ဖြိုးတိုးတက်မှုကို မည်မျှအဟန့်အတား ဖြစ်စေတာ ခန့်မှန်း၍ ရနိုင်ပါကြောင်း၊ ယနေ့ကမ္ဘာတွင် ကြုံတွေ့နေကြရတဲ့ သဘာဝဘေးအန္တရာယ်များရဲ့ ဖြစ်ပွားမှုအကြိမ် အရေအတွက် များလာမှုနဲ့ ပိုမိုပြင်းထန်လာမှုများကို ရင်ဆိုင်ဖြေရှင်းရာမှာ နိုင်ငံတစ်နိုင်ငံတည်း၊ ဒေသတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရတော့တာကို တွေ့ရှိရပါတယ်။ နိုင်ငံတကာ စံနှုန်းများနဲ့အညီ မူဝါဒလုပ်ငန်းစဉ်များနဲ့ အန္တရာယ်လျှော့ပါးရေးနဲ့ အရေးပေါ် သုံးသပ်ရေးဆိုင်ရာ အာဆီယံသဘောတူညီချက် လုပ်ငန်းစဉ်များအတိုင်း စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာနနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဇီဝမျိုးကွဲတွေဟာ ရှည်လျားကျယ်ပြန့်တဲ့ အရပ်ဒေသတွေ ရှိမှသာ ပိုပြီး ရှင်သန်နိုင်စွမ်း ရှိပါတယ်။ ဒီဟာက သိပ္ပံပညာရဲ့ သဘောထား ဖြစ်ပါတယ်။ ယခုလူနေအရပ်တွေ တိုးချဲ့လာခြင်း၊ တောတောင်အရပ်ဒေသတွေကို လူတို့ အသုံးအဆောင်အတွက် ထိုးဖောက်ပြီး သုံးစွဲလာကြခြင်း၊ သစ်ထုတ်လုပ်မှု ပြင်းပြင်းထန်ထန် လုပ်ခြင်းတို့ကြောင့် သဘာဝအနေအထားရှိတဲ့ တောတောင်အရပ်ဒေသတွေဟာ ဆုတ်ယုတ်လျော့ နည်းလာတဲ့အချက်တွေက ဇီဝမျိုးစုံတွေ အများကြီး ရှင်သန်ဖို့အတွက် ဒေသကျယ်ပြန့်တဲ့ အရပ်ဒေသတွေမှာ မျိုးစေ့ဂေဟတွေ လဲလှယ်ခွင့်ရှိဖို့အတွက် နဂိုမျက်နှာပြင်မှာ ရှင်သန်ခဲ့ကြတဲ့ ဇီဝမျိုးစုံတွေဟာ ဆက်လက် ရှင်သန်ဖို့အတွက် အခွင့်အလမ်းတွေကို ဟိုက ဖြတ်တောက်၊ ဒီက ဖြတ်တောက်၊ ဟိုနားချန်လိုက်၊ ဒီအကွက်က ချန်လိုက်၊ ဒီလိုပဲ အမျိုးသားဥယျာဉ်တစ်ခု ထိန်းသိမ်းတောလေးတစ်ခု ထားပေမယ့်လည်း မတတ်သာလို့သာ ထားခြင်းဖြင့် ကျယ်ပြန့်အရပ်ဒေသမှာ ဇီဝမျိုးစိတ်ဂေဟတွေ၊ လဲလှယ်နိုင်တဲ့စွမ်းအားတွေ ပိုများတဲ့အတွက် ကမ္ဘာကြီးရဲ့ ပြောင်းလဲမှုအပေါ် ခံနိုင်ရည်စွမ်းရှိတဲ့ ဇီဝမျိုးစိတ်တွေ ရှင်သန်တတ်တယ်ဆိုတာ သိရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ တနင်္သာရီတောတန်း၊ တောင်တန်းတွေမှာ ဒီကနေ့ ကမ္ဘာ့မျက်နှာပြင်မှာ ရှားပါးလာတဲ့ မျိုးစိတ်တွေထဲက Flagship Species ဆိုတဲ့ လူတွေမြင်သာတဲ့ ဝေလငါးပြာလိုမျိုး၊ မျောက်ဝံ၊ လူဝံ အကောင်ကြီးလိုမျိုး၊ ဆင်၊ ကျားတို့လို အကောင်ကြီးမျိုးကို ခေါ်ဆိုတာ ဖြစ်ပါတယ်။ အလွန်ထင်ရှားပြီး မြင်သာတဲ့ သက်ရောက်မှုအားကြီးတဲ့ Eco system မှာ သူတို့မရှိရင် သက်ရောက်မှု အားကြီးတဲ့ သတ္တဝါတွေထဲက ကျားတွေဟာ အလံလွှင့်ထူနိုင်တဲ့ မျိုးစိတ်ဖြစ်တဲ့ကျားဟာ ကမ္ဘာမြေပြင်မှာ အရမ်းရှားပါးလာပါတယ်။ လွန်ခဲ့တဲ့ နှစ်(၂၀)က တရုတ်ပြည်မှာ ကျားရိုး Whisky၊ ကျားရိုးအားဆေးတို့၊ လိင်ခွန်အားတိုးတက်တာနဲ့ ကျားရိုးကို အခြေခံတဲ့ဆေးတွေက အလွန် အရောင်းတွင်ကျယ်လာတဲ့အတွက် တရုတ်ပြည်မှာ ဈေးကွက်အကြီးဆုံး ဖြစ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျားပျောက်သလောက် ဖြစ်သွားတာဟာ ဒီအရေးအခင်းပဲလို့ သုံးသပ်မိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဟူးကောင်းဒေသခွဲ Boundary Conservation ဆိုပြီး သတ်မှတ်ဖို့ ကြိုးစားနေဆဲ ဖြစ်ပါတယ်။ အဖိုးတန်သော ဒီကျားနဲ့ပတ်သက်၍ နေထိုင်ရာ

ပတ်ဝန်းကျင်တွေမှာ အရေးကြီးဆုံးနဲ့ ကမ္ဘာ့ဦးစားပေးဆုံး အဆင့်ဒေသအဖြစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ရွေးချယ်သတ်မှတ်ထားခဲ့ပါတယ်။ သဘာဝကျား အများဆုံးရှိတဲ့ဒေသဟာ ကမ္ဘာမှာ ဆိုက်ဗေးရီးယား ဖြစ်ပါတယ်။ ဒုတိယအများဆုံး ကျားနေထိုင်ရာက ကျွန်တော်တို့ မြန်မာနိုင်ငံ၊ တနင်္သာရီ ဒေသ ဖြစ်ပါတယ်လို့ ဇီဝဗေဒ ကမ္ဘာ့ပညာရှင်တွေရဲ့ တိုင်းတာချက်အရ သိရှိရပါတယ်။

ဒါကြောင့် ဦးစားပေး နေထိုင်ရမယ့်ဒေသက မျိုးစိတ်တွေနဲ့ မလေးရှား နိုင်ငံနဲ့ အင်ဒိုနီရှားနိုင်ငံ ဂျာဗား၊ ဆူမတ္တရာ ဒေသတွေက တိရစ္ဆာန်မျိုးစိတ် သစ်ပင် သန်းပေါင်းများစွာတို့နဲ့ လဲလှယ်ရာဒေသ ဖြစ်တာကိုလည်း သိရှိရပါတယ်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် ပါဝင်သော မြန်မာ-ထိုင်း ဆက်သွယ် ရေးလမ်းကြောင်းဟာ တောတန်းကြီးကို ဖြတ်သွားရမယ်ဆိုရင် သဘာဝ တောထဲမှာ ရှိတဲ့ သတ္တဝါတွေအတွက် ပုန်းခိုစရာနေရာ မရှိတော့ဘူးလို့ သုံးသပ်မိပါတယ်။ တစ်နည်းပြောရရင် မျိုးရိုး ဗီဇတွေ ဟိုဖက်တစ်ခြား၊ ဒီဖက်တစ်ခြား ဖြစ်သွားပါလိမ့်မယ်။

မျိုးဆက် ရှင်သန်ရေးအတွက် အလွန်ကြောက်ဖို့ကောင်းတဲ့ အတားအဆီးတစ်ရပ် ဖြစ်သွားပါ လိမ့်မယ်။ ဒီအပေါ်မှာအခြေခံပြီး ကမ္ဘာ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ကမ္ဘာ့ဘဏ်က ထုတ်ပေးတဲ့ Smart Green Infrastructure approach ဆိုတဲ့ နည်းကိုသုံးပြီး သတ္တဝါတွေနဲ့ မျိုးလဲလှယ်မှုကို အပိုင်း ပြတ်တောက် ဖြစ်မသွားစေရန် အတွက် လမ်းတည်ဆောက်မှု ဒီဇိုင်းတွေကို ဖန်တီးနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်ကြီးမှ ကူညီနိုင်မယ်လို့ သုံးသပ်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ တောင်ပေါ်ချင်း တိုင်းရင်းသား အများစုဟာ ရွှေ့ပြောင်းတောင်ယာစနစ်ကို ယနေ့တိုင် လုပ်ကိုင်နေဆဲ ဖြစ်တဲ့အပြင် တောမီးရှို့ပြီး သားကောင်းဖျက်ဆီးသော မိရိုးဖလာစနစ်ကိုလည်း တားမြစ်၍ ပိတ်ပင်နိုင်ခြင်း မရှိသေးပါဘူး။ ၎င်းသမားရိုးကျ စနစ်ဆိုး၊ အကျင့်ဆိုးတွေကြောင့် သဘာဝပတ်ဝန်းကျင် တစ်ခုလုံး တစ်ဖြည်းဖြည်း ပျက်စီးပြီး အပြာရောင်တောင်တန်းက တစ်ခုပြီးတစ်ခု ပျောက်ကွယ် နေတာကို ရင်နင့်ဖွယ် တွေ့ရပါတယ်။ ၎င်းအပြင် အတိတ်ကာလ စနစ်ဆိုးများကြောင့် ချင်းပြည်နယ် မြောက်ပိုင်းမှာ ဘိန်းများ ကာလရှည်ကြာစွာ စိုက်ပျိုးသဖြင့် လေသာတောင်တန်း တစ်ခုလုံးရှိ အမြဲစိမ်းသစ်တောကြီးများ တစ်နှစ်ပြီး တစ်နှစ် ဖုန်းဆိုးတောများအဖြစ်သို့ ပြောင်းလဲသွားတာကို ရင်နင့် ဖွယ်ရာ တွေ့ရှိရပါတယ်။

ရာသီဥတုပြောင်းလဲမှုတွေ ရာသီမိုးများ ပုံမှန်ရွာသွန်းမှုမှ ဖောက်လွဲဖောက်ပြန် ဖြစ်လာ တတ်သော ဆိုးကျိုးများ ဖြစ်လာကြပါတယ်။ ဘိန်းတောင်သူများ ရဲ့ ဘိန်းစိုက်ကွက်တွေက ကျယ်ဝန်းပြီး ပင်စည်လုံးပတ် အရွယ်အစားကြီးမားသော ညောင်ပင်အိုများ၊ ပိတောက်ပင်များ၊ အင်ကြင်းပင်များ၊ သစ်ရာပင်များ အများအပြား ခုတ်လှဲခြင်းခံရပြီး နှစ်စဉ်နှစ်တိုင်း ပျမ်းမျှတောရိုင်းဧက(၃၀၀)ခန့် ရွှေ့ပြောင်း ခုတ်ထွင်ခြင်း ခံနေရပါတယ်။ ဘိန်းစိုက်ပျိုးမှုတွင် သစ်ခွပန်းအချိန်ရာသီတွင် ခုတ်အလှဲဆုံး အပင် အရေအတွက်ရဲ့ ပမာဏကိုလည်း ခန့်မှန်းတွက်ချက်ပါက ချင်းပြည်နယ်အတွင်း သစ်တောပြုန်းတီးမှု အတိုင်းအတာ ဘယ်လောက်ကြီးမားတယ်ဆိုတာ ကြောက်ခမန်းလိလိ တွက်ချက်သိသာနိုင်ပါတယ်။ သစ်ခွမျိုးခွဲ(၅)မျိုးခန့်ကို စီးပွားရေးရှာဖွေသူ အရောင်းအဝယ်သမားများက လာရောက် ဝယ်ယူကြသဖြင့် ၁၉၈၈ ခုနှစ်မှစ၍ ချင်းပြည်နယ်တစ်ခုလုံးရှိ သစ်ခွပန်းရှာဖွေသူများက သစ်ပင်ကြီးများ ခုတ်လှဲပြီး ရှာဖွေ စုဆောင်းကာ ရောင်းဝယ်ဖောက်ကားနေကြသည်မှာ ယနေ့အထိတိုင်ပင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နယ်မြေသားရဲတိရစ္ဆာန်နဲ့ သဘာဝအပင်များ ကာကွယ်ရေး၊ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေနဲ့အညီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် ပြည်ထောင်စုဝန်ကြီးဌာနမှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဖွင့်လှစ်ပေးလိုက်ပြီလို့ သိရှိရ ပြန်တဲ့အတွက် ထိုသို့သောဒေသက သစ်ပင်များနှင့် ထိုတောအတွင်း မှီတင်းနေထိုင်ကြတဲ့ တောရိုင်း တိရစ္ဆာန်တွေအတွက် ပီတိ ဖြစ်ခဲ့ရပါတယ်။ မြန်မာနိုင်ငံတွင် သစ်ပင်တွေအတွက် ရင်နင့်ဖွယ်ဖြစ်ခဲ့ရသလို၊ တိရစ္ဆာန်တွေအတွက် ပြေးစရာမြေနေရာ ရှားတဲ့ အဖြစ်မျိုးတွေကြောင့် စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ သစ်တောမှန်သမျှ ကုမ္ပဏီဆိုင်းဘုတ်တွေချိတ်ပြီး လွတ်တဲ့တောက သစ်ပင်ခပ်ပါးပါး ရှိသမျှ အပင်တော မှန်သမျှ ဆိုင်ရာပိုင်ရာက အပင်လိုက်ဝါးမြိုကျလို့ ပြုန်းတီးနေရပါတယ်။ ထိုမျှမက လက်နက်ကိုင်ဆောင်ခွင့် ရနေကြသူတွေရဲ့ ကျည်ရမ်းကား မှုက ကြံ့၊ ပြောင်တွေ မျိုးတုံးစေသလို၊ ရွှေသမင်တွေလည်း အုပ်လိုက် သေဆုံးတယ်လို့ ကြားသိရပါတယ်။ သစ်တောသစ်ပင်အကြောင်း ရှားပါးစာရင်းဝင် မြန်မာ့သားရဲတိရစ္ဆာန် များကြောင့် တောတွေပြုန်း၊ တောင်တွေပြိုတဲ့အကြောင်းသာ ထင်ဟပ်ပါရှိတာ သိရှိရပါတယ်။ ကုမ္ပဏီ ဝန်ထမ်း၊ အစိုးရဝန်ထမ်း၊ လုပ်ပိုင်ခွင့် ရဝန်ထမ်းဟူသမျှ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ရနယ်မြေလို အပိုင်စား ယူကာ ရှိသမျှ အပင်ခုတ်၊ တွေ့သမျှ အကောင်သတ်၊ ကျားဆို တိရစ္ဆာန်ရုံအတွင်း လှောင်ချိုင့်နဲ့သာ ထားတဲ့အကောင်များသာ ကျန်ပါတော့တယ်။ ထို့ကြောင့် တည်ဆဲဥပဒေများအား ပြည်သူများလိုက်နာ ရန်မှာ ထိုဌာနရှိ ဝန်ထမ်းများကိုယ်တိုင် စံနမူနာ လိုက်နာပြဖို့ လိုအပ်လိမ့်မယ်လို့ သုံးသပ်မိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ သစ်ခွပန်း တစ်ပင်လိုချင်သူ သစ်ပင်တစ်ပင်လုံးအား အောက်ခြေမှ ခုတ်လှဲခဲ့သူများဟာ ဒေသခံမဟုတ်ပါကြောင်း၊ အိမ်ဆောက်ဖို့၊ အိမ်တိုင်ရရန်၊ ထင်းစိုက်ရန် စားမတိုတစ်ချောင်း၊ လှတစ်ခုဖြင့် တောထဲဝင်ခဲ့တဲ့ ဒေသခံများသာရှိပြီး တစ်တောလုံးပြောင်၊ တစ်တောင်လုံး ဖြိုတဲ့သူများ မဟုတ်ကြောင်း၊ အမှန်ကို သိရှိခွင့်ရတဲ့အခါ များစွာရင်နာစဖွယ် ခံစားရပါတယ်။ ကုမ္ပဏီ ဆိုင်းဘုတ် အထပ်ထပ်နဲ့ သစ်တောကြိုးဝိုင်းများ မီးရှို့ထားသဖြင့် သံသယဖြစ်နေသော တောင်ကတုံးများ ကို ဖြတ်ကျော် တွေ့ရှိရပါသဖြင့် ဒေါသများစွာ၊ သောကများစွာနဲ့ ရင်ထဲပူပူလောင်လောင် ခံစားရပါတယ်။ ရရှိတဲ့ အခွင့်အရေးကို လက်လွှတ်စပယ် အသုံးမချသင့်ပါဘူးလို့ ယူဆသင့်ပါတယ်။ ယခုအခါ ဒေသခံ များရဲ့ တာဝန်သိမှုကြောင့် ဘေးမဲ့တောတစ်ခု ပေါ်ပေါက်လာခြင်းကို တွေ့ရှိတဲ့အခါမှာ တာဝန်ရှိသူများရဲ့ ကိုယ်စား ရှက်ဖို့ပင် ကောင်းပါတယ်။ သူမလုပ်ရင်၊ ကိုယ်လုပ်မယ်။ သူစည်းကမ်းဖောက်စရာမလို ဟူသော အချက်ကို ၎င်းမြို့နယ်ဒေသခံများက ပြသလိုက်ခြင်းပင် ဖြစ်တယ်လို့ ထင်မြင်သုံးသပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အတွေးအမှန်နဲ့အတူ ကျွန်တော် ကျောင်းသားဘဝက ကြည့်ခဲ့ဖူးသော ပန်တျာကြည်လင် အဖွဲ့ရဲ့ ဇာတ်ထုပ်တစ်ခုက ရွှေသမင်လိုက်ခန်းကို ရုတ်တရက် ပြန်သတိရ လိုက်မိပါတယ်။ ထိုစဉ်က ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာက ထွက် ဟူသော စကားကို ကျွန်တော် ကြိုက်နှစ်သက်ခဲ့ပါတယ်။ ယခု အဖြစ်အပျက်မှာလည်း ထိုစကားအတိုင်း ဖြစ်နေသော ဖြစ်ရပ်များလို့ ဆိုပါလျှင် အပြုသဘောဆောင်ကာ မှားလိမ့်မယ် ဟု မထင်ပါ။ ထို့အတွက် ကိုယ့်တာက ရွှေသမင် မထွက်ဖို့အရေး ဝိုင်းဝန်းပြီး ပူးပေါင်းပြုပြင် ထိန်းသိမ်းပေးကြရန် လိုအပ်မည် ဖြစ်ပါကြောင်း အဆိုရှင်ရဲ့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ တင်သွင်းသော အဆိုမှာ မြန်မာနိုင်ငံ၏ အမျိုးသား မြစ်ကြီးဧရာဝတီ ထာဝရရှင်သန်စေရေးအတွက် ဧရာဝတီမြစ်ကော်မရှင် (The Ayeyarwaddy River Commission- ARC) ဖွဲ့စည်းဆောင်ရွက်သွားရန်အဆိုမှာ ဥပမာဖြင့် ပြောဆိုခိုင်းနှိုင်း တင်ပြတဲ့စကားမှာ သစ်တောအုပ်တစ်ခု ထိန်းသိမ်းပါလျှင် အဆိုပါသစ်တောအုပ်အတွင်း ပေါက်ရောက်လျက်ရှိကြတဲ့

သစ်ပင်တစ်ပင်ချင်း ထိန်းသိမ်းရန်ထက် တစ်အုပ်တစ်မ သစ်တောအုပ်တစ်ခုလုံးကို ခြုံငုံပြုစု ထိန်းသိမ်းရမည် ဟု အဆိုရှင်မှ နားလည်လက်ခံထားပါကြောင်း၊ ယခုထပ်မံ၍ အဆိုရှင်ရဲ့ သစ်တောဂေဟစနစ်မျိုးစုံ (Forest Eco system)နဲ့ ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝတဲ့ မြန်မာနိုင်ငံရဲ့ အမြဲတမ်းသစ်တောနယ်မြေများ (Permanent Forest Estate PFE) ထာဝစဉ်ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ကျွန်တော် ဦးနိန်းခင်းပေါင် မှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၁၇။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးနှင့်တကွ ပညာရှင်များအားလုံး မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် မန္တလေးတိုင်းဒေသ ကြီး မဲဆန္ဒနယ်အမှတ်(၆)က ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုနဲ့ ပတ်သက်လို့ ကျွန်တော် အနည်းငယ် ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်အရှေ့မှာလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အသေးစိတ်နီးပါး လေ့လာပြီးတော့ ဆွေးနွေးတင်ပြသွားတာ ကျွန်တော်တို့ အားလုံးကြားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီ သစ်တောမူဝါဒနဲ့ ပတ်သက်လို့ ဒါ မနေ့တစ်နေ့က ပြည်ထောင်စုလွှတ်တော်မှာ တင်သွင်းတဲ့အခါမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ မူဝါဒက ယခင်လိုမဟုတ်ဘဲနဲ့ ပြောင်းလဲပြီးတော့ ချမှတ်လာတာ ကျွန်တော်တို့ တွေ့ရှိပါတယ်။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ပတ်ဝန်းကျင်နဲ့ ပတ်သက်လို့ ရေမြေသဘာဝ ပတ်ဝန်းကျင်နဲ့ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေးဆိုတာကိုရှေ့တန်းတင်ပြီးတော့ သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းနဲ့ သစ်တောစိုက်ခင်းထူထောင်ခြင်း၊ ရာသီဥတု မျှတစေပြီး၊ စိုက်ပျိုးရေးကို အထောက်အကူပြုစေဖို့အတွက် မူဝါဒတွေချထားပြီးတော့ ကျွန်တော်တို့ သစ်တော ထိန်းသိမ်းဖို့အတွက် စီစဉ်ဆောင်ရွက်မယ်လို့ ကျွန်တော်တို့ တွေ့ရှိပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီမှာဆွေးနွေးချင်တာကတော့ ဒီ သစ်တောထိန်းသိမ်းဖို့အတွက် ဒီ လွှတ်တော်ကြီးထဲမှာတော့ အကြိမ်တော်တော်များများ ဆွေးနွေးခဲ့ပြီလို့ ကျွန်တော်ယူဆပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီ သစ်တောထိန်းသိမ်းဖို့အတွက် ဆွေးနွေးတဲ့အခါမှာ ဒီ အဆိုရှင် တင်ပြတဲ့အတိုင်း ကျွန်တော်တို့ ဇီဝမျိုးစုံမျိုးကွဲတွေ၊ ဂေဟစနစ်ပေါင်းစုံတွေ၊ ကျွန်တော်တို့ ဒါတွေကြွယ်ဝစေဖို့အတွက် သစ်တောကို ထိန်းသိမ်းဖို့ ကျွန်တော်တို့ ဒါ အဆိုပြုထားတာ တွေ့ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ နမူနာပြရလို့ရှိရင်တော့ ဒီ ဂေဟစနစ်တွေဟာ ကျွန်တော်တို့ လုံးဝပြန်မရနိုင်တဲ့ ဂေဟစနစ်တွေဟာ ကျွန်တော်တို့ သစ်တောတွေထဲမှာ ရှိနေပါတယ်။ အဲဒီတော့ ဇီဝမျိုးစုံ၊ မျိုးကွဲတွေကတော့ ပြန်လည်ရှင်သန်လာနိုင်ပေမယ့် ဂေဟစနစ်အဟောင်းအတိုင်း၊ မူလအတိုင်းတော့ ကျွန်တော်တို့ ဘယ်လိုမှ ပြန်မရနိုင်တဲ့စနစ်တွေ ကျွန်တော်တို့ ပျက်စီးပျောက်ကွယ်သွားပြီဆိုတာ ကျွန်တော်တို့ တွေ့နိုင်ပါတယ်။ ဒါ ဥပမာ

အားဖြင့် ကျွန်တော်တို့ ပဲခူးရိုးမသစ်တောကြီးကို ကြည့်လို့ရှိရင် ယခင် တာဝန်ထမ်းဆောင်စဉ် အခါတုန်းက ပဲခူးရိုးမသစ်တောကြီးဟာ နေပြောက် မထိုးလောက်အောင်ကို ထူထပ်သိပ်သည်းခဲ့ပါတယ်။ သို့သော်လည်းပဲ အဲဒီအချိန်အခါတုန်းကတော့ ဘယ်သူကမှ ပဲခူးရိုးမ အရှေ့ခြမ်း၊ အနောက်ခြမ်း ရှိသမျှ မြို့နယ်ကလူတွေ၊ တောရွာက လူတွေ ရိုးမထဲကို မသွားရဲဘူး။ ဘယ်ကြောင့် မသွားရဲဆို အဲဒီမှာ ဗမာပြည် ကွန်မြူနစ် ပါတီက လှုပ်ရှားနေတယ်။ တပ်မတော်နဲ့လည်း တိုက်ပွဲတွေဖြစ်နေတော့ ဒီ သစ်တောကြီးဟာ ဘယ်သူမှလည်း တက်ခုတ်မယ့် လူလည်း မရှိဘူး။ ကျွန်တော်တို့ အစိုးရဌာနပိုင်းကလည်းပဲ သက်စွန့်ဆံဖျား လုပ်ခဲ့ရတဲ့အတွက်ကြောင့် ဒါကြီးဟာ ကျွန်တော်တို့ ပဲခူးရိုးမ အလွန်ထူထပ်သိပ်သည်းခဲ့တဲ့သဘော ရှိခဲ့ပါတယ်။

ဒီနေ့ ဒီအချိန်အခါမှာတော့ ပဲခူးရိုးမဟာ တော်တော်လေးကို ကျွန်တော်တို့ ထုတ်ယူသုံးစွဲလို့ ရနိုင်တဲ့ သစ်အမျိုးအစားဟာ တော်တော်လေး လျော့နည်းလာတာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့လည်းပဲ ဝန်ကြီးဌာနအနေနဲ့ ပဲခူးရိုးမအပေါ်မှာ သစ် ထုတ်လုပ်ဖို့ ရပ်ဆိုင်းမယ်လို့ ကြားရတဲ့အတွက်ကြောင့်လည်း အင်မတန်မှ ဝမ်းသာပါတယ်။ အထူးသဖြင့် ဂေဟမျိုးစုံပျက်စီးခဲ့တဲ့ အကြောင်းအရင်းတွေဟာ ကျွန်တော်တို့ ရှိရှိသမျှ ချောင်းတွေ၊ မြစ်တွေမှာ ကျွန်တော်တို့ ဆည်တွေ တည်ဆောက်တယ်၊ ဆည် တည်ဆောက်တဲ့ အတွက်ကြောင့် သစ်ပင်သစ်တောအားလုံး အပြောင်ရှင်းပြီးတော့ ခုတ်ပစ်ခဲ့ရတယ်။ ရေစီးရေလာ လမ်းကြောင်းတွေ၊ ဆင် စားကျက်တွေ အကုန်လုံး ပျက်စီးခဲ့ရတာ ဖြစ်ပါတယ်။ ဒီ ဂေဟစနစ်တွေဟာ နှစ်ပေါင်းရာနဲ့ချီပြီး ကျွန်တော်တို့ ဖြစ်တည်ထွန်းပေါ်လာတဲ့ ဂေဟစနစ်တွေ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ တတ်နိုင်တဲ့အပိုင်းကနေ မူလ လူရယ်၊ သစ်ပင်၊ သစ်တော၊ ပန်းမန်တွေရယ်။ နောက် ကျွန်တော်တို့ သက်ရှိ၊ သက်မဲ့တွေရဲ့ ဆက်ဆံမှုတွေဟာ ကျွန်တော်တို့ ဘာဖြစ်ဖြစ် မရနိုင်တော့တဲ့ဟာ ကတော့ ထားပါ။ သို့သော် ရနိုင်သေးတဲ့အပိုင်းကိုတော့ ကျွန်တော်တို့ ပြန်လည်ထိန်းသိမ်း စောင့်ရှောက်ဖို့ လိုတဲ့အကြောင်း ဆွေးနွေးတင်ပြလိုပါတယ်။

ကျွန်တော်တို့ မြန်မာပြည် လွတ်လပ်ရေး ဆုံးရှုံးတဲ့ အချိန်တုန်းက ပထမဦးစွာ ကျွန်တော်တို့ ရခိုင်ရိုးမဟာ ဆုံးရှုံးခဲ့ပါတယ်။ အဲဒီတုန်းက ရခိုင်ရိုးမမှာ ရခိုင်ပြည်နယ်မှာ သစ်တောတွေ၊ အထူးသဖြင့် အဖိုးတန်တဲ့ ကျွန်းသစ်တွေ အများကြီးပါ။ အဲဒီတော့ ဒီနေ့၊ ဒီအချိန်အခါမှာ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်း ဒီဟာတွေကို ထုတ်ယူသုံးစွဲဖို့ ရခိုင်ပြည်နယ်အတွင်းမှာ အင်မတန် ရှားသွားတဲ့ သဘော၊ အထူးသဖြင့်တော့ ကျွန်တော်တို့ ကုလားတန်မြစ်ဝှမ်း၊ လေးမြို့မြစ်ဝှမ်း ဒေသတွေမှာ သစ်တောတွေ အင်မတန်ရှားတဲ့ ပုံတွေကို ယနေ့ထက်တိုင် တွေ့မြင်နိုင်တဲ့ အနေအထားရှိပါတယ်။ နောက် ကျွန်တော်တို့ ဒုတိယအကြိမ် လွတ်လပ်ရေး ဆုံးရှုံးတော့ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း စသည်အားဖြင့် ဒီနေရာတွေမှာ မုတ္တမတောင်တန်းတွေ၊ မွန်ပြည်နယ်တစ်ဝိုက်တွေမှာ ကျွန်တော်တို့ ကျွန်းသစ်တွေ အများကြီးပါ။ အဲဒါတွေ လည်းပဲ ကျွန်တော်တို့ကို ကျွန်ပြုခဲ့တဲ့ နယ်ချဲ့တွေက ထုတ်ယူသုံးစွဲသွားခဲ့တာ အခုအချိန်မှာဆိုရင် မုတ္တမ တောင်တန်းဟာ သစ်ပင်က လက်ချိုးရေလို့ ရနိုင်တဲ့ အခြေအနေတောင် တချို့ရှိခဲ့ပါတယ်။ ဒီအချိန်မှာ လည်း ကျွန်တော်တို့ဟာ ဒီ တောင်တန်းဒေသမှာ ထုတ်ယူသုံးစွဲလို့ သစ်ကို မရနိုင်တဲ့ အခြေအနေ တွေ့ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ကတော့ ဘာပဲဖြစ်ဖြစ် ရခိုင်ရိုးမဖြစ်စေ၊ တနင်္သာရီ၊ မွန်ပြည်နယ် ဖြစ်စေ ဒီသစ်တောတွေကို ပြန်လည်ထိန်းသိမ်းပြုစုဖို့ ကျွန်တော်တို့ လိုပါတယ်။ ပဲခူးရိုးမကတော့

ကျွန်တော်တို့ ထိန်းသိမ်းမယ် ဆိုရင် အချိန်တော့မီတယ်။ သို့သော် ကျွန်တော်တို့ ဂေဟစနစ်ကတော့ ကျွန်တော်တို့ ပြန်မရနိုင်တော့ဘူး။ အလားတူပဲ ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်းမှာရှိတဲ့ ကျွန်တော်တို့ ကသာခရိုင်၊နောက် ဒီဘက်ကဆိုရင် ဗန်းမော်ခရိုင် စသည့် အားဖြင့် ဒီဘက်က မိုးမိတ်၊ မဘိန်းဒေသ မြစ်ဝှမ်း ဧရာဝတီမြစ်နံဘေးမှာ ကြံခင်းတွေဟာ ဧက သိန်းနဲ့ သန်းနဲ့ချီပြီး ကျွန်တော်တို့ ဖြစ်ထွန်းနေပါပြီ၊ ဒီဟာတွေကို ပြန်ပြီးတော့ သစ်တောနယ်မြေအဖြစ် ပြန်သတ်မှတ်ပြီးတော့ လုပ်ဖို့ဆိုတာလည်း ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ ဒါကြောင့်မို့လို့ သစ်တောနယ်မြေစွန့်လွှတ်မယ်ဆိုရင်လည်း အမြန်ဆုံး စွန့်လွှတ်ပြီးတော့ ဒါ လူတွေ လုပ်ကိုင်စားသောက်ဖို့ ပေးလိုက်ပြီးတော့ သစ်တောနယ်မြေကို လျှော့ချဖို့ပဲ ရှိပါတယ်။ အထူးသဖြင့်တော့ ကျွန်တော်တို့က ဘာဖြစ်ဖြစ် နိုင်ငံတစ်ဝှမ်းမှာ (၄၀)ရာခိုင်နှုန်းလောက် သစ်တောဖုံးလွှမ်းမှု ရှိနေသေးတဲ့အတွက်ကြောင့် ဒီထက်ထပ်ပြီးတော့ မဆိုးအောင် ကျွန်တော်တို့ ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။

ကျွန်တော့်အနေနဲ့ တင်ပြချင်တာကတော့ ဥပမာအားဖြင့် ကျွန်တော်တို့ သူခိုးဆိုတဲ့ နေရာမှာ တခြားပစ္စည်းတွေ၊ တခြားသယံဇာတတွေ ခိုးယူတဲ့လူဟာ ရေတွက်လို့ရနိုင်ပေမယ့် သစ်သူခိုးကတော့ ရေတွက်လို့ မရနိုင်ဘူး။ အရင်တုန်းက ကျွန်တော်တင်ပြဖူးပါတယ်။ ဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့တဲ့ ခိုးသားငါးရာဟာ ကျွန်တော်တို့ ဗမာပြည်ကို ဘယ်လောက်ရောက်လာလည်း မသိဘူး။ အခု အချိန်အထိ သစ်ခိုးမှုဟာ ကျွန်တော်တို့ဟာ မပြီးပြတ်နိုင်သေးဘူး။ အထူးသဖြင့် ကချင်ပြည်နယ်၊ ဗန်းမော်ဒေသမှာ၊ မိုးမိတ်ဒေသမှာ သစ်ခိုးနေတာ နိုင်ငံတော်အစိုးရရဲ့ဌာနတောင်မှ နောက်ဆုတ်ပေးရတဲ့ဘဝကို ရောက်နေတယ်လို့ ကျွန်တော် မနေ့တစ်နေ့က ကြားခဲ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ အစိုးရဌာနတောင် မနိုင်တော့တဲ့အတွက်ကြောင့် ထုတ်လုပ်မှုလုပ်ငန်းတွေ၊ ထိန်းသိမ်းတဲ့လုပ်ငန်းတွေ၊ နောက်ဆုတ်ပြီးတော့ အခုအချိန်မှာ တစ်ဖက်နိုင်ငံမှာ ခိုးယူထုတ်လုပ်သွားတဲ့ သစ်တွေဟာ (၃)၊(၄)နှစ် သုံးမကုန်ဘူးလို့ ကျွန်တော်တို့ ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ ဘာပဲဖြစ်ဖြစ် ဒီ သစ်တောထိန်းသိမ်းတဲ့နေရာမှာ သစ်တောဝန်ကြီးဌာနမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောဝန်ကြီးဌာနမှာ အမှန်အားဖြင့်တော့ ထိန်းသိမ်းရေးနဲ့ ပတ်သက်လို့ Conservation ဒါ သစ်တောဌာနပါ။ ထုတ်ယူသုံးစွဲခြင်းနဲ့ ပတ်သက်လို့ utilization ကတော့ မြန်မာ့သစ်လုပ်ငန်းပါ။ သို့သော် သစ်တောဝန်ထမ်းတွေက တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ လူအင်အား (၁၀၀၀၀) လောက်ပဲရှိတဲ့ ဝန်ထမ်းနဲ့ ထိန်းသိမ်းဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ အခုတော့ မနေ့တစ်နေ့က ပြည်ထောင်စုလွှတ်တော်မှာ ကြားပါတယ်။ ဒါ ပြည်သူ့ရဲတပ်ရင်းကို သစ်တောထိန်းသိမ်းရေး တပ်ရင်းအဖြစ် ဖွဲ့စည်းမယ်လို့ ကြားတဲ့အတွက်ကြောင့် ဝမ်းသာပါတယ်။ ယခင့် ယခင်တုန်းက ကျွန်တော်တို့ သစ်တောထိန်းသိမ်းရေးတပ် Army guard, Forest guard ကျွန်တော်တို့ Forest Guard ရှိခဲ့ပါတယ်။

တပ်မတော်တပ်ရင်းတွေဟာ သစ်တောထိန်းသိမ်းရေးတပ်အနေနဲ့ လုပ်ခဲ့ပါတယ်။ အဲဒီတော့ ဒီနေ့ ဒီအချိန်အခါမှာ သစ်တောတွေကို ထိန်းသိမ်းဖို့ အတွက် လက်နက်ကိုင်နဲ့ ထိန်းသိမ်းမှ ကျွန်တော်တို့ ရမယ့်သဘော တွေ့မြင်ပါတယ်။ အထူးသဖြင့် ပဲခူးရိုးမကြီးကို ဗ.က.ပ ထိန်းသလိုပဲ၊ ကျွန်တော်တို့ ကလည်း လက်နက်နဲ့ ထိန်းမှပဲ သူခိုးတွေကို ထိန်းနိုင်မယ့်သဘော ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ဟာ မြန်မာသစ်တောတွေကို ရေရှည်တည်တံ့ စေချင်တယ်။ ဒီ ဂေဟစနစ်တွေကို မပျက်စီးစေချင်ဘူးဆိုရင် ဝန်ကြီးဌာနတစ်ခုတည်းနဲ့ လုပ်လို့ မရနိုင်ပါဘူး။ ဝန်ကြီးဌာနအများကြီးက လုပ်ဖို့ လိုပါတယ်။ နောက် ပြည်သူပြည်သား အများကြီးကလည်း ကျွန်တော်တို့ ဝိုင်းဝန်းပြီးတော့ လုပ်ပေးဖို့ လိုအပ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ အမိန့်တစ်စုံတရာနဲ့ ရေရှည်အကျိုးအတွက် မျှော်မှန်းပြီးတော့မှ ဒီထက်ပိုပြီးမှ တွန်းအားပေးပြီးတော့ မူဘောင်များ ချမှတ်ပြီးတော့ ထိန်းသိမ်းဖို့ လိုတဲ့အကြောင်း ကျွန်တော် ဆွေးနွေး တင်ပြလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၂၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဦးစံပြည့် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၃း၂၇။**

**ဦးစံပြည့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်း မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် ရဲ့ သစ်တောဂေဟစနစ်မျိုးစုံ (Forest Eco system) နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်းသစ်တောနယ်မြေများ (Permanent Forest Estate (PFE) ထာဝစဉ်ဖွံ့ဖြိုး ရှင်သန် နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပကာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့ အဆိုကို အလေးအနက် ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်ရှေ့ကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများက တော်တော်ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားကြပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော့်ရဲ့ ဘဝသက်တမ်းတစ်လျှောက်မှာ တွေ့ကြုံခဲ့ရတဲ့ ကျွန်တော်တို့ရဲ့ သစ်တရားမဝင် ထုတ်လုပ်မှု အခြေအနေလေးကို ကျွန်တော့်အနေနဲ့ ဖောင်းပေးပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်ဟာ တောထဲတောင်ထဲမှာပဲနေပြီးတော့ ကြီးပြင်းခဲ့ရတဲ့သူ ဖြစ်ပါတယ်။

အဲဒီတော့ တာဝန်ကလည်း တပ်မတော်ထဲမှာပဲ ဆိုတဲ့အခါကျတော့ နှစ်ပေါင်း(၃ဝ)လောက် တပ်မတော်ထဲမှာပဲ တောထဲတောင်ထဲမှာပဲ လှုပ်ရှား သွားလာနေရတာဖြစ်ပါတယ်။ အဲဒီတော့ ဒါပြီးတော့ တစ်ခါ နယ်စပ်ကုန်သွယ်ရေးမှာ ညွှန်ကြားရေးမှူးချုပ် နဲ့ (၅)နှစ် တာဝန်ထမ်းဆောင်တဲ့အခါကျတော့ လည်း နယ်စပ်တွေမှာပဲ၊ တောထဲ တောင်ထဲမှာပဲ လှုပ်ရှားဖြတ်သန်းခဲ့ ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုလွှတ်တော် ကိုယ်စားလှယ်အနေနဲ့လည်း တောထဲတောင်ထဲမှာပဲ တစ်ခါ ပြန်ပြီးတော့ လှုပ်ရှားသွား လာ နေရဆဲ ဖြစ်ပါတယ်။ အဲဒီလို ကျွန်တော့်ဘဝမှာ လှုပ်ရှားသွားလာခဲ့တဲ့၊ ဖြတ်သန်းခဲ့ရတဲ့ ခရီးစဉ်တစ်လျှောက်မှာ တွေ့ကြုံခဲ့ရတဲ့ တရားမဝင် သစ်ထုတ်လုပ်မှုကြောင့် ကျွန်တော်တို့ သစ်တောတွေ မလိုအပ်ဘဲနဲ့ ပြုန်းတီးနေရတယ်ဆိုတာလေးကို ကျွန်တော့်အနေနဲ့ အလေးအနက်ထား ပြီးတော့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော် တပ်မတော် မှာ ဗိုလ်ကြီးဘဝနဲ့ပဲ ၁၉၈၃ ခုနှစ် ကနေပြီးတော့ ၁၉၈၆ ခုနှစ်အထိ (၄)နှစ်နီးပါး ပဲခူးရိုးမထဲမှာ သစ်ထုတ်လုပ်ရေး၊ လုံခြုံရေးတပ်ခွဲအနေနဲ့ တာဝန်ယူဆောင်ရွက်ခဲ့ ရပါတယ်။ အဲဒီတော့ ကျွန်တော်က သစ်ထုတ်လုပ်ရေးအဖွဲ့တွေနဲ့ပဲ တောထဲတောင်ထဲမှာပဲ သူတို့ကို လုံခြုံရေးလုပ်ရင်းနဲ့ပဲ သစ်တောတွေရဲ့ အနေအထားကို သူတို့ရဲ့ သစ်တောသဘာဝအလျှောက် ပြုစု ထိန်းသိမ်းတာတွေ၊ နောက်ထုတ်လုပ်တာတွေ၊ နောက်သူရဲ့ နည်းစနစ်တွေပေါ့ ဒါတွေကိုလည်း အထိုက်အလျောက်ထိ ကျွန်တော် လေ့လာသိရှိခဲ့ရပါတယ်။ အဲဒီတော့ ကျွန်တော် အဲဒီကာလမှာ

ပဲခူးရိုးမထဲမှာ သစ်ထုတ်တာက ကျွန်တော်တို့ ဒီ အင်္ဂလိပ်က သတ်မှတ်ထားတဲ့ System အတိုင်းပဲ နှစ်ပေါင်း(၃၀)မှာတစ်ကြိမ် ပြန်ပြီးတော့ အလှည့်ကျ ပြန်သစ်ထုတ်တဲ့ အကွက်လိုက်စနစ်နဲ့ သူတို့က ထုတ်လုပ်တာ ဖြစ်ပါတယ်။ အဲဒီတော့ ပဲခူးရိုးမထဲမှာကတော့ တော်တော်စနစ်တကျနဲ့ ထုတ်တာကို တွေ့ရပါတယ်။ အဲဒီတော့ အဲဒီလိုလုပ်နေရင်း ကနေပြီးတော့ ၁၉၈၆ ခုနှစ်ရောက်တဲ့အခါကျတော့ အဲဒီမှာ ကျွန်တော်တို့ ပဲခူးချောင်း ဘေးဝဲယာမှာရှိတဲ့ ကျွန်တော်တို့ ဇောင်းတူ၊ တိုက်ကြီး အဲဒီနားတစ်ဝိုက်မှာ အပြောင်ရှင်းတဲ့စနစ်က ပေါ်လာပါတယ်။ ကျွန်တော်တို့ နားလည်တာကတော့ သစ်ကို ပထမသစ်တော ကနေပြီးတော့ ကျွန်းသတ်မယ်။ (၃)နှစ်လောက် ကြာတဲ့အခါကျမှ ခြောက်ပြီဆိုတဲ့အခါကျမှ၊ အသုံးတဲ့ပြီ ဆိုတဲ့ အခါကျမှ ဆွဲထုတ်လို့၊ ရေမျှောလို့ အဆင်ပြေပြီ ဆိုတဲ့အခါကျမှ သစ်ထုတ်လုပ်ရေးက ဝင်ပြီးတော့၊ ခုတ်လှဲပြီးတော့ သယ်ထုတ်တာ ဖြစ်ပါတယ်။

ဒါပေမဲ့ ၁၉၈၆ ခုနှစ်ကျတော့ အပြောင်ရှင်းတဲ့ စနစ်ကပေါ်လာတယ်။ ပေါ်လာတဲ့အခါ ကျတော့ ရသွားတာက ကန်ထရိုက်တွေက ရသွားတာ။ ရှင်းတဲ့အခါမှာလည်း ရှိသမျှသစ်ပင် သုံးလို့ရတဲ့ ဟာတွေ အကုန်အပြောင် ရှင်းလိုက်တယ်။ ရှင်းလိုက်တဲ့အခါကျတော့ ကျွန်တော်တို့ကလည်း အဲဒီတုန်းက ကပ္ပတိန်ဆိုတော့၊ လူငယ်ဆိုတော့ အထက်ကိုလည်း ကျွန်တော်တို့ မေးမြန်းဖို့ကလည်း၊ အနေအထား ကလည်း မရှိဆိုတဲ့အခါကျတော့ ဒါကလည်း မူဝါဒတစ်ခု၊ စနစ်တစ်ခုပဲ ဖြစ်မှာပဲ။ အကြမ်းဖျင်း သိရ တာတော့ ကျွန်တော်တို့ အပြောင်ရှင်းပြီးတော့ တစ်ခါ တကယ်တန်ဖိုးရှိတဲ့ ကျွန်းတွေကို ပြန်စိုက်တယ်လို့ သိပါတယ်။

ဒါပေမဲ့ ကျွန်တော်က ၁၉၈၇ ခုနှစ်နောက်ပိုင်းကျတော့ ကျွန်တော်က တပ်ပြောင်းသွားတဲ့ အခါကျတော့ အဲဒီအပိုင်းကိုတော့ ကျွန်တော်ပြန်မရောက်တော့ဘူး။ မရောက်တော့တဲ့အခါကျတော့ အပြောင်ရှင်းတဲ့ သစ်တောတွေဟာ အဲဒီတော့ တကယ့်ကိုပဲ ကျွန်းသစ်စိုက်ခင်းကြီးတွေ၊ ပြုစုထားတဲ့ သစ်တောကြီးတွေ ဖြစ်လာသလား၊ မဖြစ်လာဘူးလားဆိုတာတော့ ကျွန်တော့်အနေနဲ့ ဒါကိုမသိတော့ ပါဘူး။ အဲဒီတော့ အဲဒါနဲ့ပဲ ကျွန်တော် တစ်ခါ ၁၉၉၄-၁၉၉၅ ခုနှစ်ကျတော့ ကျွန်တော် ကယားပြည်နယ် ရောက်သွားတယ်။ ကယားပြည်နယ်ရောက်တော့ မယ်စဲ့၊ မယ်စဲ့ကနေ ကျွန်တော် နယ်စပ်တစ်လျှောက် ကျွန်တော်တို့ အထက် BP 13 ကနေပြီးတော့ BP 11 ဘက်ကို ချီတက်ရတယ်။ စစ်ကြောင်းကြီးနဲ့ ချီတက် ရတယ်။ ကျွန်တော်တို့ ချီတက်တဲ့နေရာဟာ ကျွန်တော်တို့ တပ်တွေ စိုးမိုးနိုင်တဲ့ နေရာအနေအထားမှာ မရှိပါဘူး။ အဲဒီတော့ ကျွန်တော်တို့တောင်မှ လမ်းပြခေါ်သွားတယ်။ လမ်းပြခေါ်တော့ လမ်းပြထွက်ပြေး၊ ကျွန်တော်တို့လည်း မြေပုံအညွှန်းတွေ၊ အကြည့်တွေမှားပြီးတော့ တော်တော်အခြေအနေဆိုးခဲ့တဲ့ အနေအထားလေးကို တွေ့ရပါတယ်။

အဲဒီမှာ ကယားပြည်နယ်ဟာ ကျွန်းနဲ့ပိတောက် အင်မတန် ပေါပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရောက်တဲ့အခါမှာ ထိုင်းဘက်ကနေပြီးတော့ သူတို့ ကားကြီးတွေနဲ့ လမ်းဖောက်တဲ့ ဘူဒိုဇာကြီးတွေ၊ နောက် သစ်တင်ကားကြီးတွေ သူတို့ဆွဲထားတဲ့ သစ်ကို သယ်ထုတ်ထားတဲ့ အနေအထားဟာ ကျွန်တော် အင်မတန် အံ့ဩသွားပါတယ်။ ဘာလို့လဲဆိုတော့ ပဲခူးရိုးမထဲမှာ သစ်တွေကို သယ်ထုတ်ဖူးပါတယ်။ ကားနဲ့လည်း ကျွန်တော် သယ်ထုတ်ဖူးပါတယ်။ လမ်းတွေလည်း ဖောက်ဖူးပါတယ်။ ကျွန်တော်တို့ မြန်မာ့ သစ်ထုတ်လုပ်ရေးက ထုတ်ယူနိုင်တဲ့ သစ်ကို သယ်ထုတ်နိုင်တဲ့ အနေအထား၊ လမ်းရဲ့ သူ့ရဲ့မတ်စောက်မှု အနေအထား ဒါကိုကြည့်ပြီးတော့ ဟိုမှာသွားကြည့်တဲ့ အခါကျတော့ လမ်းအတက် ကလည်း အင်မတန်

ရှည်ပါတယ်။ အင်မတန်ရှည်တယ်။ အတက်ကလည်း အင်မတန် မတ်တယ်။ ဘယ်လိုမျိုးကားတွေနဲ့များ သယ်သလဲလို့ ကျွန်တော် တော်တော်အံ့ဩပါတယ်။ အဲဒီတော့ တော်တော်များများက စခန်းတွေရှိပါတယ်။ ကျွန်တော် သွားတဲ့အခါကျတော့ စခန်းတွေက အဟောင်းတွေပဲ ကျန်တော့တယ်။ လူ မရှိတော့ဘူး။ အဟောင်းတွေပဲ ကျန်တော့တယ်။

အဲဒီတော့ ကျွန်တော်တို့က အဲဒီမှာ တောနင်းပြီးတော့ နယ်မြေအနှံ့ တောနင်းတဲ့အခါကျတော့ ကျွန်တော်တို့က ဒီဘောလခဲနဲ့ ဖားဆောင်းရဲ့ အရှေ့ဘက် သံလွင်မြစ်အရှေ့ဘက် တောင်တစ်တောင်ကျော်ရဲ့ လျှိုထဲမှာ အဲဒီထဲမှာ ကျွန်တော်တို့ သစ်ထုတ်ထားတဲ့ လမ်းတွေ တွေ့တယ်။ နောက် ဘူဒိုဇာ တစ်စီးလည်း ပျက်စီးနေတာကို တွေ့ပါတယ်။ အဲဒီတော့ ဆိုလိုတာက ကျွန်တော်တို့ ဒီထိုင်း နယ်စပ်နဲ့ ကျွန်တော်တို့ရဲ့ ကယားပြည်နယ် သံလွင်မြစ်ဟာ မိုင်(၂၀) (၃၀) ပတ်ဝန်းကျင် မှာရှိပါတယ်။ အဲဒီတော့ အဲဒီလောက်အထိကို ဝင်ပြီးတော့ သစ်တွေကို တရားမဝင် ခိုးထုတ်နေတာတွေ့ပါတယ်။ ဒါက ကယား ပြည်နယ်နဲ့ ပတ်သက်လို့ပါ။ ပြီးရင် ကျွန်တော် တစ်ခါ ကရင်ပြည်နယ်လည်း ကျွန်တော် ရောက်ပါတယ်။ ကရင်ပြည်နယ်မှာလည်း ကျွန်တော်တို့ ဒီ တာလီတစ်ဝိုက်မှာ ယခင်တုန်းက ထုတ်ထားတဲ့ ကားလမ်း ဟောင်းတွေ ရှိပါတယ်။ ယခင်တုန်းကတော့ ကျွန်းသစ်တွေ အင်မတန်ပေါတဲ့ နေရာပဲ ဖြစ်မှာပါ။

အဲဒီတော့ ကရင်ပြည်နယ်မှာလည်း ဒီအတိုင်းပဲ။ ထိုင်းဘက်ကို ခိုးထုတ်ထားတဲ့ လမ်းကြောင်း တွေ တွေ့ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တာလီတစ်ဝိုက်မှာ ကျွန်တော်တို့ ဒီကျွန်းငုတ်တွေပဲတွေ့တယ်။ အဟောင်း တွေပဲတွေ့တယ်။ အဲဒီတော့ ကျွန်းတွေဟာ မရှိသလောက် ဖြစ်သွားပါပြီ။ အဲဒီတော့ ပြီးတဲ့အခါ ကျတော့ တစ်ခါ ကျွန်တော် နယ်စပ်ကုန်သွယ်ရေးကို ၂၀၀၅ ခုနှစ်ကနေပြီးတော့ ၂၀၁၀ ခုနှစ် ကျွန်တော် ညွှန်ချုပ်တာဝန် ထမ်းဆောင်ပါတယ်။ ထမ်းဆောင်တဲ့အခါကျတော့ အဲဒီတော့ ကျွန်တော်တို့ တရုတ်ပြည်မှာ ဆိုရင် (၄)နေရာလောက်ရှိတယ်။ ကျွန်တော်တို့ နယ်စပ်စခန်းတွေ။ ကမ်ပိုက်တီး၊ လိုင်ဇာ၊ လိုင်ဇာကတော့ ၂၀၀၆ ခုနှစ်က ပြန်ပြီးတော့ ရုပ်သိမ်းထားတယ်။ နောက် လွယ်ဂျယ်၊ မူဆယ်ပြီးရင် ဟိုဘက် ထိုင်းဘက်မှာ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ ထားဝယ် ဘင်္ဂလားဒေ့ရှ်မှာ စစ်တွေ၊ မောင်တော၊ အိန္ဒိယဘက်မှာ ရိဒ်၊ တမူး အဲဒီ နယ်စပ်ဒေသတွေကို ကျွန်တော်ရောက်ပါတယ်။ ရောက်တော့ အဲဒီတော့ တမူးဘက်ကနေ စပြီးတော့ ပြောရလို့ရှိရင် တမူးဒေသမှာလည်း အိန္ဒိယကို သစ်တွေကို ခိုးထုတ်နေတာ ရှိပါတယ်။

အလားတူပဲ ကျွန်တော်တို့ ဘင်္ဂလားဒေ့ရှ်ကို စစ်တွေ၊ ပုသိမ်ဘက်ကနေပြီးတော့လည်း ဒီသင်္ဘောတွေနဲ့ တရားမဝင် တင်ပို့တာတွေ ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဒီ ထိုင်းဘက်ကိုလည်း ကျွန်တော်တို့သင်္ဘောတွေ၊ ကားတွေနဲ့ ဒါတရား မဝင် ခိုးထုတ်နေတာရှိပါတယ်။ နောက်တစ်ခါ တရုတ်၊ တရုတ်ကဆိုရင် တော်တော်လေးကို အခြေအနေဟာ တော်တော်ဆိုးပါတယ်။ အဲဒီတော့ သစ်တွေ တရားမဝင် ခိုးထုတ်နေတဲ့ အနေအထားလေးကို သိနေတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော် မူဆယ်၊ ရွှေလီ ကနေပြီးတော့ တရုတ်ပြည်ဘက်ကို ဝင်ပြီးတော့ သူတို့ရဲ့ ကားနဲ့ပဲ နယ်စပ်တစ်လျှောက် ကျွန်တော် လိုက်ကြည့်တယ်။ လိုက်ကြည့်တဲ့အခါမှာ နယ်စပ်တွေမှာ သစ်စက်တွေကို တွေ့ပါတယ်။

သစ်အပုံလိုက်၊ အလုံးလိုက် အပုံကြီးကို တွေ့တယ်။ တော်တော် ရင်နာစရာ ကောင်းပါတယ်။ ပြီးရင် ကျွန်တော် ဆက်သွားတဲ့အခါမှာ နယ်စပ်တစ်လျှောက်မှာ ကျွန်တော် စစ်ချီသွားမလို သွားမယ့်ပုံစံ အတိုင်းလား တစ်အုပ်တစ်မကြီးကို မြင်း ကုန်းနှီးတွေနဲ့တွေ့ပါတယ်။ ဒီမြင်းကုန်းနှီးတွေက၊ ဒီလားတွေက ဘာလုပ်တာလည်း ဆိုတော့ ကျွန်တော်တို့ ဒီ ကချင်ပြည်နယ်ထဲက သစ်တွေကို ကျွန်တော်တို့က

အဲဒီတုန်းက ကားနဲ့သွားလို့မရဘူး။ အဲဒီတုန်းက လူနဲ့ထမ်း၊ ထမ်းပြီးတော့ တစ်ထမ်းတစ်ပိုးပေါ့ လာပြီးတော့ ပို့ကြတယ် နယ်စပ်တွေမှာ။ အဲဒီဟာတွေကို သူတို့က လားတွေပေါ်တင်၊ မြင်းတွေပေါ် တင်ပြီးတော့ ဒီလိုသယ်ထုတ်တာ တွေ့ပါတယ်။ အဲဒီလို အနေအထားတွေရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တရုတ်နဲ့ ဒီ ကုန်သွယ်ရေးနဲ့ ပတ်သက်ပြီးတော့ အစည်းအဝေး လုပ်တိုင်းလုပ်တိုင်းမှာလည်း တရုတ်တွေက နေပြီး တော့ သူတို့ ဒီကချင်ပြည်နယ်ထဲ ဝင်ပြီးတော့ သူတို့ရဲ့ ကုမ္ပဏီတွေ သွားပြီးတော့ ယခင်တုန်းကတော့ ဒီလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တရားဝင်ပုံစံမျိုး၊ သူတို့ ပြောတဲ့ပုံစံက သူတို့ သွားလုပ်ကြတယ်။ လုပ်ပြီးတဲ့အခါမှာ ၂၀၀၃-၂၀၀၄ ပတ်ဝန်းကျင်လောက်ကနဲ့တူတယ်။ အဲဒီတော့ ကျွန်တော်တို့ တပ်မတော် အစိုးရကနေ ဖမ်းလိုက်တယ်။ တရုတ်ကုန်သည်တွေကို။ ဖမ်းလိုက်ပြီးတော့ ဥပဒေအရ အရေးယူတယ်။ ထောင်ချတယ်။ အဲဒီတော့ အစည်းအဝေး လုပ်တိုင်းလုပ်တိုင်း တရုတ်တွေက၊ တာဝန်ရှိတဲ့သူတွေက သူတို့ရဲ့ ကုမ္ပဏီက သစ်ထုတ်လုပ်တဲ့ ကုမ္ပဏီ အဖမ်းခံရတာရှိတယ်။ လူတွေ အဖမ်းခံရတာရှိတယ်။

အဲဒါကို ပြန်လွှတ်ပေးပါဆိုပြီးတော့ အမြဲတမ်း တောင်းဆိုတယ်။ သူတို့တောင်းဆိုလို့ ပြန်လွှတ် ပေးရတဲ့ ဟာတွေလည်း ရာနဲ့ချီပြီး ရှိတယ်။ အဲဒီလို အနေအထား ဖြစ်ပါတယ်။ အဲဒါကတော့ ကျွန်တော် တပ်ထဲမှာရယ်၊ နယ်စပ် ကုန်သွယ်ရေးမှာ တာဝန်ထမ်းဆောင်ရင်းနဲ့ တွေ့တာပါ။ အခုတစ်ခါ ကျွန်တော် ဒီလ လွန်ခဲ့တဲ့ ၁၉၊ ၂၀ ရက်ကနေပြီးတော့ ၂၁ ရက်နေ့အထိ ကျွန်တော် ဗန်းမော်၊ မန်စီမှာ ရှိတဲ့ ကျွန်တော် စစ်ရှောင်ဒုက္ခသည်တွေကို သွားပြီးတော့ ထောက်ပံ့တာတွေရှိပါတယ်။ အဲဒီလို ထောက်ပံ့တဲ့အခါမှာ ကျွန်တော်တို့ မန်စီကနေပြီးတော့ မိုးမိတ်ကိုသွားတဲ့ ကားလမ်းဘေး နန့်ဟိုင် ဆိုတဲ့ရွာမှာ အဲဒီမှာ သစ်ပုံကြီးတွေ့ပါတယ်။ သစ်ပုံက ကျွန်တော် ဓာတ်ပုံလည်း ရိုက်ရပါတယ်။

ရွာသားတွေ ပြောပြချက်အရတော့ သူက သူတို့တိုင်းပြီး တင်ပြတာကတော့ တန်(၄၀၀) လောက်ပဲ တင်ပြတာလို့ပြောတယ်။ ဒါပေမဲ့ သူတို့ အပြောကတော့ တန်(၃၀၀)ခန့်လောက်ရှိတယ်လို့ ပြောတယ်။ တန်(၃၀၀)ခန့်လောက် ရှိပါတယ်တဲ့။ တချို့တွေကလည်း အဲဒီသစ်ဝိုင်းထဲကနေ သစ်ဝိုင်း ဘက်အပြင် အခြားနေရာတွေမှာ ပုံထားတာရှိပါတယ်။ အဲဒီ ယခုတင်ပြထားတဲ့ ပုံတွေမှာ ကျွန်တော် ပြောနေတဲ့၊ တင်ပြနေတဲ့ ပုံပဲ ဖြစ်ပါတယ်။ အဲဒါ သူတို့ကနေပြီးတော့ တန်(၃၀၀၀)ခန့်လို့ ပြော ထားတယ်။ ဒါလည်း အရပ်သားတွေပဲ သူတို့ပြောတဲ့အတိုင်းပဲ ကျွန်တော်လည်း တွေ့ပါတယ်။ ဒီကွင်းကြီးဟာ ကျွန်တော်တို့ ဘောလုံးကွင်း (၁၀)ကွင်းစာလောက် ရှိပါတယ်။ ကားလမ်းဘေးနားမှာ။ အဲဒီတော့ သူ့ရဲ့ အနေအထားဟာ ကျွန်တော်တို့ တရုတ်ပြည်နဲ့ဆိုလို့ရှိရင် မိုင်(၄၀) (၅၀)လောက် ရှိပါတယ်။ မိုင်(၄၀) (၅၀)လောက် လာပြီးတော့ တရုတ်တွေက ဒီမှာ စခန်းဖွင့်၊ တရုတ်ကုန်သည်တွေက လာပြီးတော့၊ ကိုယ်စားလှယ်တွေ လာပြီးတော့ အဲဒီနေရာမှာသူက သစ်တွေကို ဝယ်တယ်။ အဲဒီသစ်တွေက ဘယ်က လာသလဲ ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း၊ ကျွန်တော်တို့ဒီ စစ်ကိုင်းတိုင်း၊ ဗန်းမောက်၊ ပင်လယ်ဘူး၊ မန္တလေးတိုင်း အဲဒီကသစ်တွေကို ဧရာဝတီမြစ်ကို ဖြတ်ကျော် ပြီးတော့ ဒါတွေက ကျွန်းတွေနဲ့ တမလမ်းတွေ ဖြစ်ပါတယ်။ အဖိုးတန်သစ်တွေ ဖြစ်ပါတယ်။

ဒါတွေကို အဲဒီမှာလာရောင်းတယ်။ လာရောင်းပြီးတော့ သူတို့က အဲဒီကနေပြီးတော့ ပွင့်လင်း ရာသီမှာ တရုတ်က ကားတွေ လာတယ်။ ဘူဒိုဇာတွေနဲ့၊ လမ်းဖောက်တဲ့ စက်တွေနဲ့ ပြီးရင်သူတို့က တရုတ်ပြည်ကို သယ်သွားတယ်။ နန်တောင်းလမ်းကို သယ်သွားတယ်။ သယ်သွားတဲ့လမ်းတွေ၊ နေရာတွေ

ရှိပါတယ်။ ဒါက တရုတ်က အသုံးပြုတဲ့ ကားတွေပါ။ ကျွန်တော် လမ်းကြောင်းပုံ မပေါ်ဘူး ဖြစ်နေတယ်၊ ဒီထဲမှာ။ လမ်းကြောင်းပုံ နောက်တစ်ခု။ လမ်းကြောင်းပုံ မပါလာဘူး ဖြစ်နေတယ်။

အဲဒီတော့ ကျွန်တော်ဆိုလိုတာက အဲဒီနေရာက အရှေ့မြောက် ကျွန်တော်တို့ ရှမ်းအရှေ့မြောက်နဲ့ ကျွန်တော်တို့ ဒီဟာ ကချင်ပြည်နယ်နယ်စပ်မှာ တရုတ်ပြည်နဲ့ဆိုရင် မိုင်(၄၀)လောက်ရှိတယ်။ အဲဒီနေရာမှာ လာပြီးတော့ စခန်းချပြီးတော့ သစ်တွေကိုဝယ်တယ်။ ပြီးရင် ပွင့်လင်းရာသီမှာ သူတို့ သယ်ထုတ်သွားတယ်။ အဲဒီတော့ လွန်ခဲ့တဲ့ ကျွန်တော်တို့ ၂၀၁၃ ခုနှစ် ၁၀ လပိုင်းလောက်မှာ အဲဒီမှာ ကျွန်တော်တို့ တပ်နဲ့ KIA နဲ့ တိုက်ပွဲတွေ ဖြစ်တယ်။ တိုက်ပွဲတွေဖြစ်တော့ အဲဒီနေရာတွေမှာ တပ်က နေလိုက်တဲ့အခါကျတော့ သစ်တွေကို သူတို့ သယ်လို့ မရတော့ဘူး။ သယ်လို့ မရတဲ့အခါကျတော့ ကျွန်တော်တို့ သွားတဲ့အခါမှာ ဒါကိုတွေ့ရတဲ့ အနေအထားလေး ဖြစ်ပါတယ်။ ဒါ အခု ဒီကိုလည်း ကျွန်တော်တို့ ဒုတိယဝန်ကြီးကိုယ်တိုင် အဲဒီ အနားမှာရှိတဲ့ ဟန်ထက်ရွာအထိ ရောက်သွားတယ်လို့ ဒုဝန်ကြီး ကျွန်တော့်ကို ပြောပါတယ်။ ခုတော့ ဒုတိယဝန်ကြီးတို့ကနေပြီးတော့ ဒါကို သယ်ထုတ်နေပြီလို့ ပြောပါတယ်။ သယ်ထုတ်နေပြီ ဆိုတဲ့အခါမှာလည်း အရပ်သားတွေရဲ့ သတင်းအရ သူတို့က ဘာပြောလဲ ဆိုတဲ့အခါကျတော့ အဲဒီတော့ ဒီသယ်ထုတ်တဲ့အခါမှာလည်း ဒါကတော့ အဖြစ်မှန်တော့ ဒုတိယဝန်ကြီး ရှင်းပါလိမ့်မယ်။ ကျွန်တော် ကြားတာကို ကျွန်တော်က ဆွေးနွေးတာ ဖြစ်ပါတယ်။ အဲဒီတော့ ရွာသားတွေ ပြောပြတာက ဒီကန်ထရိုက်ရတဲ့၊ သစ်သယ်ဖို့ ကန်ထရိုက်ပေးလိုက်တဲ့သူကလည်း သူတို့ကလည်း ယခင်ကတည်းကလည်း သူတို့ဒီလုပ်ငန်းတွေကို လုပ်နေတဲ့သူတွေ ဖြစ်တယ်။ အဲဒီတော့ သူတို့က သစ်တွေကို လဲမယ်။ အဲဒီတော့ သစ်တွေကိုလဲမယ်။ ပြီးတော့ လျှော့ပြီးတော့ပြမယ်။ ပြီးရင် သစ်တွေကို ပိုင်းဖြတ်ပြီးတော့ အလုံးအရေအတွက် မလျော့အောင် ပိုင်းဖြတ်ပြီးတော့တင်မယ် စသည်ဖြင့် ဒီလို လေးတွေ လုပ်နိုင်တယ်။ အခု သူတို့ ဘူဒိုဇာကြီးတွေ လမ်းဖောက်တဲ့စက်ကြီးတွေ သူတို့ ပါသွားပြီ၊ ဘီးတွေ ဘာတွေလည်း ပါသွားပြီ ဆိုတဲ့အခါကျတော့ ဒီလူတွေက တစ်ခါပြန်ပြီးတော့ ခုနတုန်းက တရားမဝင်သစ်တွေကို ပြန်ပြီးတော့ တရားဝင် လုပ်စားခွင့်ပေးလိုက်သလိုမျိုး ဖြစ်သွားတယ်ဆိုပြီးတော့ သူတို့အနေနဲ့ ဒီလိုလေးတွေ ဆွေးနွေးတာလေးတွေ ရှိပါတယ်။ အဲဒီလို အနေအထားလေး ဖြစ်ပါတယ် ခင်ဗျာ။

နောက်တစ်ခါ အခု ဒါတွေကတော့ အခု ဆင်ဘို၊ ဆင်ဘိုဆိုတာက ကျွန်တော်တို့ သံလွင်မြစ်၊ ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှာရှိတဲ့ သစ်တွေကို ဧရာဝတီမြစ်ကို ကျော်လွန်ပြီးတော့ ဒါ ကသာရဲ့၊ ရွှေကူရဲ့ အနောက်ခြမ်း ကျွန်တော်တို့ ဒီဧရာဝတီမြစ်အနောက်ဘက်ခြမ်းက သစ်တွေကို ဧရာဝတီမြစ်ကို ကျော်လွန်ပြီးတော့ ဆင်ဘို၊ ဆင်ဘိုကနေပြီးတော့ လိုင်ဇာနား အထိပေါ့ ကားနဲ့ သွားနေကြတယ်လို့ ဒီလိုသတင်းရပါတယ်။ ကြားသိရတဲ့သတင်းကို ကျွန်တော် သိရှိနိုင်အောင် တင်ထားတာပါ။ ရှေ့က Slide ဒီဟာကတော့ ရှေ့က မျှားအနေနဲ့ ပြထားတာရှိပါတယ်။ ကျွန်တော်တို့ ဒီဟာကတော့ အပေါ်က မျှားချောင်းကတော့ ခုနက ကျွန်တော်ပြောတဲ့ နန့်ဟင်ရွာက သစ်ပုံဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ ကျွန်တော်တို့ ဒီပြည်နယ်နဲ့ ကချင်ပြည်နယ် အရှေ့မြောက်နဲ့ နယ်စပ်တစ်လျှောက်မှာ သူတို့ဒီ နန်တောင်း၊ မန်ဝိန်းကြီးဂိတ်ပေါ့။

မန်ဝိန်းကြီးဂိတ်ကို သူတို့ သယ်ထုတ်တဲ့ လမ်းဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဒီ မိုးမိတ်၊ မိုးမိတ်မြို့နယ်ထဲမှာ မိုးလွန်ဆိုတဲ့ ရွာရှိတယ်။ အဲဒီနေရာမှာလည်း အခု တရုတ်တွေ ရောက်နေတယ်။

အဲဒီနေရာကနေ သူတို့သစ်တွေဝယ်ယူပြီးတော့ မိုးလွန်ကနေပြီးတော့ မိုင်းတုံ၊ မိုင်းတုံကနေပြီးတော့ နမ့်ခမ်း၊ နန့်ခမ်းကနေပြီးတော့ ခုနကတုန်းက ကျွန်တော်ပြောတဲ့ မန်ဝိန်းကြီး၊ ပန်ခမ်း နေရာပေါ့။ အဲဒီ နေရာကို အခုသယ်ထုတ်နေတယ်လို့ ဒီလိုလေးတွေ သတင်းတွေ ရနေပါတယ်။ ဒါတွေကိုလည်း ခုနက တုန်းကဒါ သစ်ထုတ်လုပ်ရေး သစ်တောဝန်ကြီးဌာနကနေပြီးတော့ အနေအထားလေးကို သိရှိနိုင်အောင်နဲ့ ဒါတွေကို ကျွန်တော်တို့ ဘယ်လိုကုစားမလဲ။ ဒါလေးကို ကျွန်တော် တင်ပြလိုတာ ဖြစ်ပါတယ်။

အဲဒီတော့ နိဂုံးချုပ်အနေနဲ့ ကျွန်တော် တင်ပြချင်တာကတော့ ဒီဟာက သစ်တောဝန်ကြီးဌာန တစ်ခုတည်းနဲ့လည်း ကျွန်တော်တို့ ဒါ ကုစားလို့ မဖြစ်နိုင်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့က မူဝါဒ၊ ပေါ်လစီ ပဓာနကျတဲ့၊ လက်တွေ့ကျတဲ့ ပေါ်လစီကို သစ်တောမူဝါဒကို ကျွန်တော်တို့ ချမှတ်နိုင်ဖို့ အရေးကြီးပါတယ်။ ချမှတ်နိုင်ပြီးတော့ သစ်တောနဲ့ ကျွန်တော်တို့ အဖွဲ့အစည်းတွေရှိမယ်။ ကျွန်တော်တို့ ပြည်သူတွေ ရှိမယ်။ အဲဒီတော့ အဲဒီဟာတွေက သစ်တောပေါ်လစီ မူဝါဒအတိုင်း မှန်မှန်ကန်ကန် အားလုံးက ပူးပေါင်းပြီးတော့၊ ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်နိုင်မှ ကျွန်တော်တို့ ဒီ သစ်တောရဲ့ ဂေဟစနစ် မျိုးစုံ၊ ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝတဲ့ ကျွန်တော်တို့ရဲ့၊ မြန်မာနိုင်ငံရဲ့ အမြဲတမ်း သစ်တောဟာ ထာဝစဥ် ရှင်သန်မှာ ဖြစ်ပါတယ်လို့ ဦးမျိုးမြင့် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးရင်းနဲ့ပဲ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၄။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ဒုတိယဝန်ကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးကို ကျွန်တော် လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အဘ ဦးမျိုးမြင့် တင်သွင်းထားတဲ့ သစ်တောဂေဟစနစ်မျိုးစုံနှင့် ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်ဝတဲ့ မြန်မာနိုင်ငံမှာ အမြဲတမ်း သစ်တောနယ်မြေများကို ထာဝစဉ်ရှင်သန်နေစေရေး အတွက် မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းသည့် အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးမျိုးမြင့် အနေနဲ့ သစ်တောသစ်ပင်ချစ်တဲ့လူ၊ သဘာဝပတ်ဝန်းကျင်ကို တန်ဖိုးထားတဲ့ လူအနေနဲ့ ဒီအဆိုကို ပြည့်စုံသော Data များနဲ့ တင်သွင်းသွားတဲ့အတွက်ကြောင့် ကျွန်တော် စိတ်ဝင်စားပြီး ဒါကို ဆွေးနွေးဆုံးဖြတ်တာ ဖြစ်ပါတယ်။ သူ့အနေနဲ့ သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်သွားနိုင်ရန် ဆိုပြီးတော့ စကားအသုံးအနှုန်းကအစ ရွေးချယ်ပြီး တင်ပြသွားတာ တွေ့ရပါတယ်။ ဆိုလိုတာကတော့ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ ရှိတာကိုလည်း သိပါတယ်။ အဓိကအချက် (၆)ချက်ကိုလည်း တင်ပြသွားပါတယ်။ အဲဒီမူဝါဒအရ အကောင်အထည် ဖော်နိုင်တဲ့ အနေအထားများကိုလည်း ကိန်းဂဏန်း အချက်အလက်နဲ့ အသိအမှတ်ပြု တင်ပြသွားပါတယ်။ ဆိုလိုတာက မလုပ်ဘူးလို့ ဝေဖန်တာ မဟုတ်ဘဲနဲ့ လုပ်နေပေမယ့် မျှော်မှန်းရလဒ် မရသေးဘူး။ ဒါကြောင့်

မို့လို့ ပိုမိုအားထည့်သင့်တယ်ဆိုတဲ့ အခြေအနေကို တင်ပြအကြံပေးခြင်းသာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ တာဝန်ရှိပုဂ္ဂိုလ်များအနေနဲ့ နားလည်လက်ခံပေးဖို့ ကျွန်တော် မေတ္တာရပ်ခံပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောမူဝါဒအရ PFE လို့ခေါ်တဲ့ Permanent Forest Estate များကို နိုင်ငံဧရိယာရဲ့ (၃၀)ရာခိုင်နှုန်းထိ ဖွဲ့စည်းသွားရန် အဲဒါဆိုရင် ကြိုးဝိုင်းသစ်တော ကြိုးပြင်တော နောက်ပြီးတော့ သဘာဝထိန်းသိမ်း ရေးနယ်မြေများ သတ်မှတ်ထားတယ်လို့ ဆိုပေမယ့် မြန်မာနိုင်ငံရဲ့ Forest Cover ဧရိယာ သစ်တောဖုံးလွှမ်းတဲ့ ဧရိယာကို ပြန်ကြည့်တော့ ၁၉၅၃ ခုနှစ်တုန်းက (၆၅.၈) ရာခိုင်နှုန်း ရှိခဲ့ရာက ၂၀၁၀ ကျတော့ (၄၆.၉၆) ရာခိုင်နှုန်းပဲ ရှိတဲ့အတွက်ကြောင့် ဒီကာလအတွင်းမှာ (၁၉)ရာခိုင်နှုန်း ကျဆင်းသွားတာ တွေ့ရပါတယ်။ အလားတူပဲ နှစ်စဉ် တောပြုန်းမှု Annual Defrestation Rate ကလည်း (.၉၅) ရာခိုင်နှုန်း (၁)ရာခိုင်နှုန်းလောက် နှစ်စဉ်ရှိနေတဲ့အတွက်ကြောင့် ဒီအချက်ကို ထောက်ပြသွားတာ တွေ့ပါတယ်။ ဒါကြောင့်တောဖုံးလွှမ်းမှု လျော့နည်းရခြင်း အကြောင်းရင်း (၇)ရပ်လုံးလည်း တင်ပြသွားတယ်။ သစ်တောမြေကို အခြားနည်း အသုံးပြုနည်း (၁၀)မျိုးကိုလည်း တင်ပြသွားတဲ့အတွက်ကြောင့် ငြင်းလို့မရတဲ့ Data တွေနဲ့ တင်ပြသွားခြင်း ဖြစ်ပါကြောင်း ကျွန်တော် မြင်ပါတယ်။ ကာကွယ်တောဧရိယာထဲက ဧက(၁)သန်းကို ထုတ်နုတ်ပေးလိုက်ရတယ်ဆိုတဲ့ ကိန်းဂဏန်းဟာ ပေါ့သေးသေး ကိန်းဂဏန်းတော့ မဟုတ်ဘူး။ ကြီးမားတဲ့ ပမာဏတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် ဒါဟာ စဉ်းစားရမယ့်အချက် ဖြစ်ပါတယ်။ အလားတူပဲ သစ်တောမြေကို အခြားနည်း အသုံးချဖို့အတွက်လည်းပဲ ဖယ်ပေးရတဲ့ ဧရိယာဟာ (၈)ရာခိုင်နှုန်း ရှိတယ် ဆိုတဲ့အခါကျတော့ ဧက(၃)သန်းလောက် ဖြစ်နေတယ်။ ဧက(၃)သန်းနဲ့ စောစောက (၁)သန်းဆိုတော့ (၄)သန်းလောက် လျော့သွားတယ်ဆိုတဲ့ သဘော အဖြေပေါ်ပါတယ်။ တစ်ဖက်ကတော့ ကုစားတဲ့ နည်းအနေနဲ့ ပုဂ္ဂလိက သစ်တောစိုက်ခင်းများ ပြန်လည်ပြုစု ပျိုးထောင်ရန်ဆိုပြီး တာဝန် ပေးထားတယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ တာဝန်စပေးတဲ့ နှစ်က ၂၀၀၆ - ၂၀၀၇ ဘဏ္ဍာနှစ် အဲဒီနှစ်ကနေ အခု လက်ရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရဲ့ ပထမနှစ်ဝက် ထိအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်တဲ့ ပမာဏကလည်း 38 Percent ဆိုတဲ့အခါကျတော့ တစ်ဝက်တောင် မရှိသေးတဲ့အတွက်ကြောင့် စိတ်အေးလက်အေးနဲ့နေလို့တော့ ရနိုင်တဲ့ အနေအထားတော့ မရှိဘူးဆိုတာ တွေ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒါကြောင့်မို့လို့ ၁၉၉၅ ခုနှစ်၊ သစ်တောမူဝါဒဟာ အကောင်အထည် ဖော်နေပါတယ်။ ဒါပေမဲ့ နှေးကွေးနေကြောင်းနဲ့ အားထည့်ဖို့ လိုအပ်ကြောင်း ထောက်ပြသွားတာကို ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိစေရန် ဦးမျိုးမြင့် ရဲ့ မူရင်းတင်ပြချက်ကို ပြန်လည်နွှေးပြခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်လက်တွေ့ ဖြစ်ပျက်နေတဲ့ သဘာဝဝန်းကျင် ရှုထောင့်ကပဲ တင်ပြမှာ ဖြစ်ပါတယ်။ (၁) ကတော့ ဒီရေတော ကိစ္စပဲ ဖြစ်ပါတယ်။ Mangrove Forest ကျွန်တော်တို့ တနင်္သာရီမှာလည်း ရှိပါတယ်။ မွန်မှာလည်း ရှိပါတယ်။ ဒါပေမဲ့ တစ်ချိန်တုန်းက ဒီရေတောဟာ ဧရာဝတီတိုင်းမှာ အများဆုံးပါပဲ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဟာ ဒီရေတော အများဆုံးပါပဲ။ ကျွန်တော် ဘာလို့ သိလဲဆိုတော့ ဂြိုလ်တုဓာတ်ပုံတွေ မြင်ဖူးလို့ ဖြစ်ပါတယ်။ အဲဒီမှာ ပျံ့ပျံ့နှံ့နှံ့ ဖုံးလွှမ်းနေခဲ့ပါတယ်။ နောက်ပိုင်းကျတော့ ငါး၊ ပုစွန်ကန်တွေ လုပ်ခွင့်ပေးပါတယ်။ စိုက်ပျိုးမြေတွေ ချဲ့ထွင်ခွင့်ပေးပါတယ်။ ကမ်းနားထိအောင် ဆန်စက်တွေ လာတည်တာ ရှိပါတယ်။ ဒါကြောင့်မို့လို့ တောတွေ ခုတ်ပါတယ်၊ ပြုန်းပါတယ်။ တစ်ခါ လူတွေကလည်း ကျူးကျော်ဝင်ရောက်တယ်၊ နေထိုင်တယ်၊ စိုက်ခင်း

တွေ တိုးချဲ့တယ်။ ဒါကြောင့်မို့လို့ သစ်တောတွေဟာ ခုတ်လာရင်း ခုတ်လာရင်းနဲ့ တစ်တိတိနဲ့ ပိုဆိုးလာပါတယ်။

ဒီရောက်တောထဲမှာ တန်ဖိုးအရှိဆုံးသစ်က အမာဆုံးက ကနစို ဖြစ်ပါတယ်။ ကနစိုသားကို မီးသွေးဖုတ်ရင် အင်မတန်ကောင်းတဲ့ မီးသွေး ထွက်ပါတယ်။ တစ်ချိန်က ရန်ကုန်ဘက်မှာ နာမည်ကြီးခဲ့တဲ့ ဘိုကလေး မီးသွေး ဆိုတာ ကနစိုသားမီးသွေး ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်ကို အဓိကတင်ပို့တဲ့ မီးသွေး ဖြစ်ပါတယ်။ မီးသွေးကို တင်ပို့လို့ ကောင်းတိုင်း တင်ပို့လိုက်တာ တဖြည်းဖြည်းနဲ့ ကနစိုသား ပျောက်သွားပါတယ်။ ကနစိုသားဟာ တော်တော် ရှားနေပါတယ်။ ဒါကြောင့် ကျွန်တော် တင်ပြချင်တဲ့အချက်က ဘာလဲ ဆိုတော့ အဲဒီရဲ့ဒဏ်ကို ဘယ်ကျမှ သွားပြီး နားလည်လဲဆိုတော့ ၂၀၀၈ ခုနှစ် နာဂစ်တိုက်မှ နားလည်ပါတယ်။ နာဂစ်မုန်တိုင်း တိုက်တဲ့အချိန်မှာ ဧရာဝတီတိုင်းဟာ လေကာပင်လည်း မရှိ၊ Mangrove Forest တွေ မရှိတော့ လေကာပင်လည်းမရှိ လှိုင်းကာတာလည်း မရှိတဲ့အတွက်ကြောင့် ပြင်းပြင်းထန်ထန် လေရိုက်ဒဏ်ခံရတယ်။

အလားတူပဲ ရေလွှမ်းမိုးမှု ခံရပြီးတော့ ရွှံ့နွံမြေပြင်ကြီးတွေ ဖြစ်သွားတဲ့အထိ ပြင်စလူတို့ ဘာတို့မှာ ကျွန်တော် မျက်စိနဲ့ မြင်ခဲ့တဲ့ နေရာတွေမှာ တော်တော် ဆိုးဆိုးဝါးဝါး ဖြစ်ပြီးတော့ မြန်မာနိုင်ငံ သမိုင်းမှာ လူ တစ်သိန်းခွဲခန့် သေကြေပျောက်ဆုံးတယ်ဆိုတာ ဒါ အကြီးဆုံး နစ်နာမှုကြီး ဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ ဘိုကလေးမြို့နယ်ထဲကပဲ ကျွန်တော် မိန်းမလှကျွန်းနဲ့ ပြူန်းမွှေးကျွန်း (၂)ကျွန်းဟာ စောစောကလို ခုတ်ထွင်ရှင်းလင်းမှု နည်းပါးတဲ့အတွက်ကြောင့် နဂိုနီးပါးကျန်နေတဲ့ ဒီရေတောကြောင့် လှိုင်းကာ၊ ရေကာ ရပ်ပြီးတော့ ပျက်စီးဆုံးရှုံးမှု နည်းခဲ့တာ သွားပြီး သတိထားမိပါတယ်။ အလားတူ အဲဒီ ကျွန်းကြီး(၂)ကျွန်း အကာအကွယ်နဲ့ သူ့နောက်မှာ ရှိနေတဲ့ ကန့်ဘလာကျွန်းနဲ့ စက်ဆန်းကျွန်းတို့ ဟာလည်း အပျက်အစီး အသေးအပျောက် အနည်းဆုံး ဖြစ်ခဲ့တာကို သွားသတိထားမိပါတယ်။ ကျွန်တော် ဒီကျွန်းတွေကို မျက်စိနဲ့လည်း မြင်ဖူးပါတယ်။ ရောက်လည်း ရောက်ဖူးပါတယ်။ နာမည်တွေ မေ့သွားတဲ့ အတွက်ကြောင့် ပြီးခဲ့တဲ့ လွှတ်တော်မှာ ကျွန်တော် ဒုဝန်ကြီးကို ကျွန်တော် မေးရပါတယ်။ ဒုတိယဝန်ကြီး ကတော့ အဲဒီဒေသတွေမှာ အထိုင်ချပြီး ပြန်လည်ထူထောင်ရေးကို တစ်နှစ်နီးပါး တာဝန်ယူခဲ့တဲ့အတွက် ကြောင့် နာမည်တွေပါ အလွတ်ရနေတယ်။ ကျွန်တော်မေ့လို့ ပြန်မေးရတာ သတိပေးပေးတဲ့ ဒုဝန်ကြီးကို ကျေးဇူးတင်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်ဆို့ဆီက တောခုတ်လို့ ကောင်းနေတဲ့ အချိန်မှာ ၁၉၉၀ လောက်က တည်းက ဗီယက်နမ်နိုင်ငံက ဒါတွေ ပြန်လည်ပြုစုပျိုးထောင်လို့ အရမ်းအောင်မြင်သွားပါတယ်။ ဒါကြောင့် ၁၉၉၀ ဝန်းကျင်လောက်က ၁၉၉၄ လား၊ ၁၉၉၅ လား၊ မမှတ်မိပါဘူး။ ဗီယက်နမ်ကိုသွားတဲ့ လေ့လာရေး အဖွဲ့ တစ်ဖွဲ့ လွှတ်ပါတယ်။ အဲဒီမှာလေ့လာခဲ့တဲ့ကိုယ်စားလှယ်ထဲမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ ပါ ပါတယ်။ သူတို့ မေးကြည့်ရင်လည်း ဗီယက်နမ်နိုင်ငံရဲ့ ပြုစုပျိုးထောင်မှုအခြေအနေကို မြင်နိုင်ပါတယ်။ အလားတူ ဘိုကလေးဒေသ၊ လပွတ္တာဒေသဘက်က လွှတ်တော်ကိုယ်စားလှယ်ကြီးကို မေးကြည့်ရင်လည်း နာဂစ်ဒဏ်နဲ့ ပတ်သက်လို့ သူတို့ဟာ လက်တွေ့ မျက်မြင် ကိုယ်တွေ့ ရှင်းပြနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယကိစ္စကတော့ သစ်တောတွေကို အကြောင်းကြောင်းကြောင့် ခုတ်လှဲတဲ့အတွက်ကြောင့် လူနဲ့ ဆင်သတ္တဝါများရဲ့ ထိပ်တိုက်ရင်ဆိုင်မှုကိစ္စ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီမနက်ပဲ ကိုယ်စားလှယ်ကြီး ဦးစောမော်ထွန်း က မေးပြီးတော့ ဒုတိယဝန်ကြီးက ပြည့်ပြည့်စုံစုံ ဖြေသွားပါတယ်။

ကျွန်တော်ပြောမှာနဲ့ တိုက်ဆိုင်နေပါတယ်။ ဒါ ဆင်တွေ ဝင်ရောက်နှောင့်ယှက်လို့ လူသေတယ်၊ ရွာပျက်တယ်၊ စိုက်ခင်းပျက်တယ်။ ဒါကြောင့် ဆင်ကို ဆင်ဆိုးလို့ ခေါ်ပြီးတော့ လူတွေက အန္တရာယ်ပြုတယ်။

သို့သော် စဉ်းစားလိုက်တဲ့ အခါကျတော့ ဆင်က လူကို စ ထိပါးတာ မဟုတ်ဘဲနဲ့ လူက ဆင်ကို စထိပါးတာ ဖြစ်နေတော့ ဆင်ရဲ့ Habitat လို့ ခေါ်ရမယ့် စားကျက်နေရာကို လူတွေက နှောင့်ယှက်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းထဲမှာတော့ သာပေါင်း၊ ငပုတော နောက် ပုသိမ်မြို့နယ်ထဲကနေ ရွှေသောင်ယံနဲ့ ငွေဆောင်မြို့နယ်ခွဲ(၂)ခု ဖြစ်ပါတယ်။ ပဲခူးတိုင်းထဲမှာလည်း ပဲခူးရိုးမအနီးက ဦးစောမော်ထွန်း တင်ပြသွားတဲ့ ရွာ(၉)ရွာ ကျွန်တော် ကြားလိုက်ပါတယ်။ ငွေဆောင်ဘက် ရွှေသောင်ယံကျတော့ ဘာဖြစ်တာလဲဆိုတော့ ရိုးမကို ရွှေဖြူလွှမ်းရမယ်ဆိုတဲ့ ကြွေးကြော်သံနဲ့ ရာဘာစိုက်ဖို့ ခွင့်ပြုတာ ဖြစ်ပါတယ်။ ပုဂ္ဂိုလ်ရေးအရ ရတာ ကုမ္ပဏီတွေနဲ့ ရတာ ပေါက်ရောက်ရင် ပေါက်ရောက်သလို ရတာတွေ ရှိတဲ့အတွက်ကြောင့် ဧကဟာ ရာနဲ့ချီပြီး ပေးပါတယ်။ ရာဘာစိုက်တဲ့ ကုမ္ပဏီတွေက စလာကတည်းကိုက ခြံစည်းရိုးခတ်ပြီးတာနဲ့ တောခုတ်တာပဲ။ အပြောင်ရှင်း ပြီးတော့မှ တောင်ကတုံးပေါ်လာတော့မှတောင်မှာ Contour မျဉ်းကြောင်းတွေဆွဲပြီး ရာဘာ ပြန်ပြုစုတာ ဖြစ်ပါတယ်။ စိုက်တာ စောတဲ့ နေရာတွေကတော့ ခုတော့ (၅)နှစ်သား (၁၀)နှစ်သားဆိုတော့ ကြည့်လို့တော့ ကောင်းနေပါပြီ။ ဒါပေမဲ့ အဖိုးတန် သစ်တောတွေတော့ မရှိတော့ပါဘူး။

အဲဒီလို ခုတ်ဖို့အတွက် ခုတ်လှဲလို့ ပြောင်သွားတာ ခုတ်ရင်း ခုတ်ရင်း ခုတ်ရင်းနဲ့ အတွင်းပိုင်းကျတော့ ဆင်စားကျက် ကုန်သွားပါတယ်။ Habitat မရှိတော့ပါဘူး။ ဆင်တွေ အင်မတန်ကြိုက်တဲ့ တောငှက်ပျောတွေ ဇင်ပြွန်းတွေ၊ ကျူတွေ ဒီအပင်တွေ အကုန်လုံး ပြုန်းသွားတဲ့အခါ ဆင် စားစရာ မရှိတော့ဘူး။ စားစရာ မရှိတော့ နောက်ဆုံး ဘာလုပ်လဲဆိုတော့ ရာဘာခင်းပဲ နှောင့်ယှက်တာ နောက်တစ်ခါ ကားလမ်းရဲ့ ဝဲယာမှာ သံဆူးကြိုးတွေကာတယ်။ Chain link တွေ ကာပါတယ်။ ငွေဆောင်၊ ချောင်းသာရဲ့ လမ်းသဘောက ဒီဘက်က တောင်ကို ပတ်ဖောက်တာ ဖြစ်တဲ့အတွက်ကြောင့် ဒီဘက်က တောင်ကမ်းပါးယံဆိုရင် ဒီဘက်ခြမ်းက လျှိုဖြစ်ပါတယ်။ အဲဒီလျှိုထဲမှာ စိမ့်စမ်းရှိပါတယ်။ အဲဒီစိမ့်ရေ စမ်းရေကိုပဲ ဆင်က သောက်တာ ဖြစ်ပါတယ်။ ဒါကြောင့် တောင်ပေါ်ကနေ ဆင်းလာပြီးရင် လျှိုထဲကို ဆင်းဖို့ လမ်းပိတ်ထားပါတယ်။ ဘယ်ရော ညာရော ပိတ်ထားပါတယ်။ ဒါကြောင့် တွန်းလှဲတယ်၊ ဖျက်ဆီးတယ်။ အဲဒီအခါမှာ လူတွေက ဗျောက်အိုးဖောက်တယ်၊ မီးကွင်းပစ်တယ်။ အဲဒီလိုနေရာကို ဆင်က မှတ်ထားပါတယ်။ ဆင်က အမှတ်သည်းခြေ အင်မတန်ကြီးပါတယ်။ ဒါကြောင့် ညကျတော့ ဒါတွေ လာပြီး နှောင့်ယှက်ဖျက်ဆီးတာတွေ လူတွေနဲ့ ထိပ်တိုက်တွေ့တာတွေ ဖြစ်ကြပါတယ်။

ကျွန်တော် ပုသိမ်မှာ တာဝန်ထမ်းဆောင်နေတုန်းက တိုင်းပညာရေးမှူး လုပ်တဲ့အချိန်မှာ တုန်းက ငွေဆောင်ဘက်က မီးတိုဆိုတဲ့ သင်းကွင်းဟိုင်းဆင်တစ်ကောင် တော်တော်ကြီး နာမည်ကြီးခဲ့တယ်။ တော်တော်ကြီးလည်း လူတွေ ကြောက်ရတယ်။ ကြီးလည်း တော်တော်ကြီးပါတယ်။ သစ်တော ဆင်တွေလည်း အနားမကပ်ရဲဘူး။ အဲဒီဆင်ကြီးဆိုလို့ရှိရင် သူဆင်းနေကျ လမ်းကြောင်းရဲ့ ဘယ်ညာမှာ ရှိတဲ့ တဲအိမ်လေး (၄)လုံးကို ဘာအနှောင့်အယှက်မှ မပေးဘူး။ သူ့ကို မနှောင့်ယှက်ဘူး။ ဒါပေမဲ့ သူ့ကို နေ့လယ်က နှောင့်ယှက်ထားတဲ့ နေရာကျတော့ ညကို သွား သွားပြီး ဖျက်ဆီးတတ်တဲ့သဘော ရှိပါတယ်။

ဒါကြောင့် ဆင်နဲ့ လူရဲ့ ပဋိပက္ခဖြစ်တဲ့ကိစ္စတွေဟာ ဘာရဲ့ လက္ခဏာလဲဆိုတော့ Eco system Biodiversity ကို ထိနေတယ်ဆိုတာကို ပြခြင်းဖြစ်တယ်ဆိုတာ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Biodiversity ကို ခွဲရင် နိုင်ငံတစ်နိုင်ငံမှာ အပင်နဲ့တိရစ္ဆာန်ဆိုပြီး ခွဲပါတယ်။ သက်ရှိ သတ္တဝါနဲ့ သက်ရှိအပင်နဲ့ Flora and Fauna လို့လည်း ခေါ်ကြတယ်။ တောပြုန်းတောခုတ်မှု လုပ်ရင် Flora လည်း ထိပါတယ်၊ Fauna လည်း ထိတယ်။ အပင်ရော သတ္တဝါရော ထိခိုက်ပါတယ်။ စောစောက ပြောသွားတဲ့အထဲမှာ ပါ ပါတယ်။ အင်မတန် ရှားပါးတဲ့ သစ်ခွတစ်မျိုးကို လိုချင်လို့ အပင် အရင်းက လှဲတာ၊ သစ်မွှေးလို သစ်ခေါင်းထဲကရမယ့်ဟာတွေကို လိုချင်တဲ့အတွက်ကြောင့် အပင်ကြီး တစ်ပင်ကို လှဲပစ်တာ၊ ပျားအုံလိုချင်လို့ အပင်လှဲပစ်တာ စသည်ဖြင့် ဒီလို အပင်တွေပေါ်မှာ အလွဲသုံးစား တွေ ရှိသလို တောထဲမှာ သူ့ဟာသူ နေတဲ့သတ္တဝါတွေကို ခိုးထုတ်ခိုးရောင်းတဲ့အတွက်ကြောင့် သတ္တဝါ ပြုန်းတီးပါတယ်။ ဥပမာ မြွေတို့၊ သင်းခွေချပ်တို့၊ ကြယ်လိပ်တို့ကအစ တရုတ်ပြည်ဘက်ကို ခိုးထုတ်တာ နယ်စပ်ဘက်ကို ခိုးထုတ်တာ လမ်းကြောင်းပေါ်မှာ မိတာတွေ၊ နယ်စပ်မှာ မိတာတွေဟာ နေ့တိုင်းကြား နေရတဲ့ သတင်းတစ်ခု ဖြစ်ပါတယ်။ သစ်တောရေးဝန်ကြီးဌာနဟာ ကျွန်တော်တို့ အစိုးရသစ်လက်ထက် မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနလို့ နာမည်ကို ပြောင်ပြောင်တင်းတင်း ခံယူပြီးတော့ ကမ္ဘာမှာ ဂုဏ်ယူပြီး ကျွန်တော်တို့က သစ်တောကို ထိန်းသိမ်းတော့မယ်၊ ပတ်ဝန်းကျင်ကို ထိန်းသိမ်းတော့မယ်ဆိုပြီးတော့ ကြွေးကြော်ထားတဲ့ ဌာနဖြစ်ပါတယ်။ Focal Angency ဖြစ်ပါတယ်။ ဒါပေမဲ့ သစ်တောဌာနမှာတော့ တာဝန် သိပ်ကြီးနေပါတယ်။

ဒါကြောင့် Eco system နဲ့ Biodiversity ကို ထိန်းသိမ်းမယ်ဆိုရင် ဆန်းစစ်ရမယ့်အချက်တွေ အများကြီးရှိပါတယ်။ ကျွန်တော် ကြားခဲ့တဲ့ ကိစ္စတစ်ခုက ဟိုတုန်းက လွန်ခဲ့တဲ့ မှတ်မိပါလိမ့်မယ်။ အားလုံးလည်း တနင်္သာရီတိုင်းမှာ Sumatra ကြံ့ လို့ခေါ်တဲ့ Rhinoceros ပေါ့၊ ချိုနှစ်ချောင်းနဲ့ ကြံ့နှစ်ကောင်မှာ သုံးကောင် တွေ့ခဲ့တဲ့ မှတ်တမ်း ရှိပါတယ်။ နောက်ပိုင်း မကြားတော့ပါဘူး။ အလားတူပဲ ရွှေသမင်တို့ (တာကင်) လို့ ခေါ်တဲ့ သားမင်းတို့ဆိုတာ မြန်မာနိုင်ငံမှာ ရှားရှားပါးပါး ကျန်တဲ့ သတ္တဝါ ဖြစ်ပါတယ်။ အဲဒီသတ္တဝါတွေဟာလည်း ရှားပါးလာသလို Endangerous Species ကလည်း တစ်နေ့ တခြား တိုးတိုးပြီး သတ်မှတ်လာတာ တွေ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒါတွေနဲ့ ပတ်သက်လို့ သတိထားရမယ်ဆိုတဲ့ အဖြေက ထွက်ပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံက ဂုဏ်ယူဖို့ကောင်းတဲ့ အချက် တစ်ချက်ဟာ ဟူးကောင်းဒေသဟာ ကမ္ဘာမှာ Tiger Sanctuary ရထားတာ မြန်မာနိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် ဒါဟာ ဂုဏ်ယူစရာ ဖြစ်တဲ့ဟာကို ဆက်လက်ထိန်းသိမ်းဖို့ လိုပါတယ်။ PFE တွေ ထာဝရရှင်သန် နေဖို့ လိုပါတယ် ဆိုတဲ့ အဖြေတစ်ခု ထွက်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ချက်က ကျွန်တော်တို့ ပြင်ဦးလွင်ရဲ့ အမျိုးသားကန်တော်ကြီး ဥယျာဉ် ဖြစ်ပါတယ်။ ပြင်ဦးလွင် ကန်တော်ကြီးဥယျာဉ်ဟာ ကျွန်တော်တို့ ပြင်ဦးလွင်သားများ၊ မေမြို့သား များအတွက်က ဂုဏ်ယူစရာတစ်ခု ဖြစ်သလိုပဲ မြန်မာနိုင်ငံမှာလည်း တစ်ခုတည်းသော သစ်တောရေးရာ ဌာန ထိန်းသိမ်းထားတဲ့ သဘာဝအမျိုးသားဥယျာဉ်ကြီး ဖြစ်ပါတယ်။ အင်မတန်ရှားပါးတဲ့ အပင်တွေ ဘာတွေကို ထိန်းသိမ်းထားနိုင်ပါတယ်။ ဘယ်တော့မှ ရေမခမ်းဘူးလို့ ကြွေးကြော်ထားတဲ့ သဘာဝ ကန်ကြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ၁၉၈၀ ခုနှစ်လောက်ခန့် ကပါ။ ဘာဖြစ်လို့ ၈၀ ခုနှစ်ကျမှ မှတ်မိသလဲ ဆိုတော့ ကျွန်တော်တို့ အဲဒီက လက်ထပ်တဲ့နှစ်ဖြစ်တော့ လက်ထပ်ပြီးတော့ ကျွန်တော့်ရဲ့ မွေးစားအမေ

အဒေါ် ရှိတဲ့ ပြင်ဦးလွင် ဟန်းနီးမွန်း သွားတဲ့ လုံးဝ ဟန်းနီးမမွန်းလိုက်ရဘူး။ ဘာ့ကြောင့်လဲဆိုတော့ တစ်မြို့လုံး ရေပြတ်ပြီးတော့ ကျွန်တော်တို့ အိမ်ဝန်းထဲမှာ လက်တွင်းပေါ့ surface well တူးတဲ့အခါ ကျတော့ ကျွန်တော်ကိုယ်တိုင်ပဲ လုပ်အားပေးရဘာရနဲ့ မိန်းမလည်း ချက်ရ ပြုတ်ရနဲ့ တော်တော်လေး အလုပ်ရှုပ်သွားခဲ့ပါတယ်။ မေမြို့ ပြင်ဦးလွင်ကို ပေးတဲ့ အထက်က သရက်ကန်လို့ ခေါ်တဲ့ ကန်ကြီးဟာ မိုးနည်းသွားတဲ့အတွက်ကြောင့် ရေမဝင်ဘူး။ ရေမဝင်တော့ မြို့ကို စည်ပင်သာယာက ရေမပေးနိုင် တော့ဘူး။ အဲဒီအခါမှာ ရေပြတ်ပြီးတော့ အိမ်တွေဟာ ကိုယ့်အားကိုယ်ကိုး တွင်းတူးတာ ဖြစ်ပါတယ်။ ဒီနေ့ထိအောင်လည်း အဲဒီတွင်းက ရေထွက်နေပါတယ်။ ဗိုလ်ချုပ်လမ်းမှာလည်း အဲလိုတွင်းတွေ အများကြီး ရှိပါတယ်။။ (၂၁)မိုင်ကို တက်သွားရင် အားလုံး သိကြပါတယ်။ ဟိုခေတ်က ဂျစ်ကားခေတ်က (၂၁)မိုင်ကျရင် ကားက နားကို နားရပါတယ် အင်ဂျင်ပူလို့။ အဲဒီမှာ သဘာဝရေထွက်က ပိုက် ကလေးနဲ့ ရေကိုသယ်ပြီး ရေတိုင်ကီတွေကို ဖောက်ထုတ်ပြီး ရေလဲရပါတယ်။ အဲဒီ ရေထွက်တွေပါ အကုန်ခန်းကုန် တာ ဖြစ်ပါတယ်။ အဲဒီခုနှစ်တွေကျတော့မှ ထိတ်ထိတ်ပျာပျာဖြစ်ပြီးတော့ ပြင်းပြင်းထန်ထန် ကြပ်မတ် ပြီးတော့ ထိန်းသိမ်းလိုက်တဲ့အခါမှာ ပြန်ပြီးတော့ ပြန်လည်စိမ်းလန်းစိုပြည်လာတယ် ဆိုတာတွေ့ရ တယ်။

သူ့ထက်ဆိုးတဲ့ကိစ္စကတော့ ကျွန်တော်တို့ တောင်ပေါ်ပင်လယ်လို့ တင်စားနေကြတဲ့အင်းလေး ကန်ကြီး ရေခန်းတဲ့ကိစ္စပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း အင်းလေးကန်ကို ကြည့်ခဲ့တုန်းက ရောက်ခဲ့ဖူး တုန်းက (၈)တန်းကျောင်းသားဘဝ စရောက်တုန်းက ဒီကန်ကတော့ ဒီတစ်သက်မခန်းဘူးထင်တာ၊ ဒါပေမဲ့ ခမ်းတာပဲ။ ဘာလို့ ခမ်းလဲဆိုတော့ စောစောကလိုပဲ တောပြုန်းတဲ့ကိစ္စ ရွှေ့ပြောင်းတောင်ယာပဲ အင်းလေး ကန်ထဲကို ဝင်တဲ့ ရေဝင်လမ်းကြောင်းတွေ ပိတ်တာပဲ၊ နုံးတွေကျတာပဲ၊ sedimentation။ အဲဒီ သဘာဝ ဝန်းကျင်ပျက်တဲ့အခါမှာ အင်းလေးကန် ပျက်သွားတဲ့ အတွက်ကြောင့် ကမ္ဘာပေါ်မှာ အလှဆုံးလို့ ပြောတဲ့ Tourist Attraction ဟာ လျော့ကျသွားပြီး အဲဒီနှစ်က နိုင်ငံခြားသားခရီးသည် လျော့သွားတယ်။ ရွံ့ထဲမှာ ဆင်းတွန်းနေရတာကို စိတ်မချမ်းသာလို့ မလာတော့ဘူးဆိုတဲ့ နိုင်ငံခြားသား အများအပြား ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ဒီကိစ္စတွေ အားလုံးဟာ PFE တွေ ပျက်နေပြီဆိုတဲ့ အချက်ပေးခေါင်းလောင်း များလို ကျွန်တော်တို့က ဖြစ်ပါတယ်။

ဒါကြောင့် ဒီကိစ္စနဲ့ ပတ်သက်လို့ရှိရင် ဘာလုပ်ကြမလဲဆိုတော့ ထုံးစံအတိုင်းပဲပေါ့။ Focal Agency ဖြစ်တဲ့ ဌာနကတော့ မျက်နှာပူရတာပေါ့။ ဒါပေမဲ့ ပြန်စဉ်းစားကြည့်ရမယ်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောဝန်ကြီးဌာန တစ်ခုတည်း ထိန်းနိုင်သလား ဘယ်လိုမှ မထိန်းနိုင်ဘူး။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့ ဝန်ထမ်းဦးရေ ကြည့်လိုက်တယ်။ (၆၀၀၀)(၁၀၀၀၀) ထားပါတော့။ (၁၀၀၀၀) Maximun ပေါ့ ထိန်းသိမ်းရမယ့် Forest ဧရိယာဧကသန်း(၅၀) စားကြည့်ရင် ဝန်ထမ်း တစ်ယောက်က ဧက(၈၀၀၀)ဘယ်လိုမှ မထိန်းနိုင်ပါဘူး။ ရဟတ်ယာဉ်နဲ့ ပတ်ကြည့်တောင် မနိုင်ဘူး။ ဒီလောက်ထူထပ်တဲ့ တောတွေ ဒါကြောင့် Under staff ဖြစ်နေတဲ့ဌာန၊ ဘယ်လိုမှ တာဝန်မယူနိုင်ဘူး ဆိုတာ အဖြေပေါ်တယ်။ မယူနိုင်ဘူးဆိုတာ မယူဘူးလို့ မပြောတာ မဟုတ်ဘူး။ ယူဖို့ အခက်အခဲများစွာ ရှိတယ်ဆိုတဲ့အချက်ကို ပြောလိုတာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ လက်တွေ့ကျကျ လုပ်မယ်ဆိုတဲ့စကားကိုသုံးပြီဆိုရင် ထည့်စဉ်းစား ရမှာက လူအင်အား၊ နည်းပညာ၊ ပညာရှင်၊ ဘတ်ဂျက်၊ စက်ယာဉ်ယန္တရား၊ အသုံးအဆောင်ပစ္စည်း Instrument စတာတွေ မပါဘဲနဲ့ ဒါတွေကို မဖြည့်တင်းဘဲနဲ့တော့ သေနတ်မပါဘဲ စစ်တိုက်ခိုင်းတာနဲ့

သွားတူနေတာ ဖြစ်တဲ့အတွက်ကြောင့် ရလဒ်ကောင်း မရနိုင်ဘူးဆိုတာ သေချာပါတယ်။ အခု ဖြစ်ခဲ့တဲ့ ဟာတွေ အားလုံး ပြန်ကြည့်ရင် တောပြုန်း တောပျက်တဲ့ကိစ္စတွေ အားလုံးဟာ အဓိက က လူပါပဲ။ လူ့ပယောဂတွေ ဖြစ်တာ သွားတွေ့ရပါတယ်။ ဒါကြောင့် လပ္ပတ္တာမြို့နယ်ထဲက ဒီမှာ ကျွန်တော့်ဘေးမှာ ကိုယ်စားလှယ်တော်ကြီး ပါ ပါတယ်။ ကြိုးဝိုင်းနာမည်က လယ်ပျောက်ကြိုးဝိုင်းပါ။ ဆိုင်းဘုတ်ကို တိုင်မှာ (၈)ခုစီ ဆင့် ဆင့် စီထားပါတယ်။ မကျူးကျော်ရ၊ စားကျက် မကျောင်းရ၊ အိမ်မဆောက်ရ၊ ယာမစိုက်ရ၊ လယ်မထွန်ရ အဲဒီဆိုင်းဘုတ်တပ် ထားတဲ့ဟာတွေ တစ်ခုမှ မလိုက်နာဘူး။ မကျူးကျော်ရ အိမ်တွေ ချည်းပဲ၊ အိမ်ယာ မဆောက်ရ ရွာဖြစ်နေပြီ၊ လယ်မစိုက်ရ စိမ်းစိုနေတာပဲ။ ကျွဲမကျောင်းရ အုပ်လိုက်ကြီးပဲ ဆိုတော့ လယ်ပျောက် ကြိုးဝိုင်းလို့ သတ်မှတ်တဲ့ ကြိုးဝိုင်းဟာ ခုကတော့ ကြိုးပျောက် လယ် ဖြစ်နေပါပြီ။ အဲဒါက လက်တွေ့ပါ။ မြောင်းမြက သွားလိုက်ရင် ကျောက်ဖြူမရောက်ခင် တောက်လျှောက် အဲဒီမှာ ဒါဟာ လူ့ပရောဂပဲ။ လူတွေရဲ့ စည်းကမ်း မရှိတာပါ။ ဒါကြောင့် ဒီလိုဟာမျိုး ပါလာရင်တော့ သစ်တော ဝန်ကြီးဌာန ဘယ်လိုမှ မနိုင် နိုင်ဘူး။ အုပ်ချုပ်ရေးအာဏာပိုင် လိုပါတယ်။ ဌာနပေါင်းစုံ ပါဝင်ပတ်သက်တဲ့ ဌာနတွေ လိုပါတယ်။ ပါဝင်ပတ်သက်သူအားလုံး Stateholder တွေအားလုံး ညီညွတ်ဖို့ လိုအပ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ သစ်တောနဲ့ ပတ်သက်ရင် အမျိုးသားရေး ဖြစ်တယ်။ ငါ့တို့နိုင်ငံရဲ့ အနာဂတ်ရေး ဖြစ်တယ်ဆိုတဲ့ အမြင်မျိုးနဲ့ Stateholder တွေ အားလုံး၊ အုပ်ချုပ်ရေးအဖွဲ့တွေ အားလုံး ပေါင်းစုံ တိတိကျကျ လိုက်နာကြပ်မတ် ဝိုင်းဝန်းပျိုးထောင်မှရမယ့် ကိစ္စဖြစ်တဲ့အတွက်ကြောင့် အမျိုးသားရေး တစ်ရပ်အနေနဲ့ တင်ပြသွားတဲ့ ဦးမျိုးမြင့် ရဲ့ အဆိုကို ကျွန်တော်က အလေးအနက် ထောက်ခံရင်း နိဂုံးချုပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တနားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ ကိုယ်စားလှယ်များ အားလုံး ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၄း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၄း၁၅ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၁၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထား သည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၄း၂၀။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၂၀။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပညာရှင်များ အားလုံးမင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် အဆို တင်သွင်းခဲ့တဲ့ သစ်တောဂေဟစနစ်မျိုးစုံ (Forest Eco system) နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝတဲ့ မြန်မာနိုင်ငံ၏ အမြဲတမ်း သစ်တောနယ်မြေများ (Permanent Forest Estate-PFE) ထာဝစဉ် ဖွံ့ဖြိုး ရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ဆောင်ရွက် နေမှုများကို အကျဉ်းချုပ် Power Point နဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဦးစွာ ကျွန်တော် ဆွေးနွေးမတင်ပြမီမှာ ဒီကနေ့ အမျိုးသားလွှတ်တော်မှာ ဥက္ကဋ္ဌကြီး အပါအဝင် လေးစားအပ်ပါတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက ကျွန်တော်တို့နိုင်ငံရဲ့ အဖိုး မဖြတ်နိုင်တဲ့ သဘာဝသစ်တော သယံဇာတများကို ထာဝစဉ် တည်တံ့စေရေးနဲ့ ဒီသယံဇာတတွေကို အနာဂတ် မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းနိုင်ရေးအတွက် အလေးထားပြီးတော့မှ ဝိုင်းဝန်းပြီး တစ်ဦးချင်းရဲ့ အတွေ့အကြုံ တစ်ဦးချင်းရဲ့ အမြင်တွေနဲ့ ဆွေးနွေးအကြံပြု သုံးသပ်ပြီးတဲ့အတွက် ဝန်ကြီးဌာန အနေနဲ့သော်လည်းကောင်း၊ ကျွန်တော် တစ်ဦးချင်း နိုင်ငံသားတစ်ဦး အဖြစ်အနေနဲ့သော် လည်းကောင်း၊ တာဝန်ရှိသူတစ်ဦး အဖြစ်နဲ့သော်လည်းကောင်း အလွန်ပဲ ကျေးဇူးတင်ရှိပါကြောင်း ဦးစွာ ဆွေးနွေးတင်ပြလိုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဒီသဘာဝသစ်တော သယံဇာတတွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ်တည် မှုနဲ့ သမိုင်းကြောင်း ယှဉ်တွဲပြီး ပါလာတာ ဖြစ်ပါတယ်။ ၁၈၂၄ ခုနှစ်မှာ ပထမမြန်မာ အင်္ဂလိပ်စစ်ပွဲရဲ့ အခြေခံဟာ ကျွန်တော်တို့ရဲ့ အဖိုးမဖြတ်နိုင်တဲ့ သစ်တောသယံဇာတတွေကို အရှေ့အိန္ဒိယကုမ္ပဏီရဲ့ တရားမဝင် အနိုင်ကျင့်မှုတွေကြောင့် ကျွန်တော်တို့ စတင်ပြီးတော့မှ ကျွန်တော်တို့နိုင်ငံရဲ့ သူ့ကျွန်ဘဝ ရောက်ရတဲ့ အခြေခံဇာတ်လမ်းဟာ သယံဇာတတွေအပေါ်မှာ အခြေခံခဲ့တယ်ဆိုတာ အားလုံး အသိပဲ ဖြစ်ပါတယ်။

အဲဒီတော့ ဒီသယံဇာတတွေကို ထာဝစဉ်တည်တံ့စေဖို့ လွန်စွာမှ အရေးကြီးလှပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်ကလည်း သစ်တောများ ထာဝစဉ် တည်တံ့စေပြီး လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဟန်ချက်ညီမှုတွေကို ထိန်းကျောင်းကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ဒီလိုစီမံအုပ်ချုပ် လုပ်ကိုင်တဲ့အခါမှာ သစ်တောများဟာ လွှတ်တော် ကိုယ်စားလှယ်ကြီးများ ကိုယ်တိုင်ကလည်း ဆွေးနွေးသွားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ သစ်တောတွေဟာ သမိုင်းကြောင်း ရှည်လျားစွာ ထာဝစဉ် ရှင်သန်ဖွံ့ဖြိုးခဲ့ပြီးတော့မှ နိုင်ငံရဲ့ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ ဖွံ့ဖြိုး

တိုးတက်ရေးကဏ္ဍ အသီးသီးမှာ ကျွန်တော်တို့ အထောက်အကူပြုခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ သစ်တောတွေကို စီမံအုပ်ချုပ်တဲ့အခါမှာ မူဝါဒတွေ ဥပဒေတွေ၊ အမိန့်ညွှန်ကြားချက်တွေ၊ လုပ်ထုံးလုပ်နည်းတွေ၊ စီမံကိန်းတွေ ရေးဆွဲပြီးတော့ အုပ်ချုပ်လုပ်ကိုင်ပါတယ်။ ဒါကလည်း မူဝါဒနဲ့ပတ်သက်လို့လည်း ရှင်းလင်းတင်ပြရရင် ကျွန်တော်တို့ မူဝါဒ(၆)ရပ် ရှိပါတယ်။

အဲဒီတော့ မူဝါဒ(၆)ရပ်အပေါ်မှာ အကောင်အထည်ဖော်ဖို့ ဥပဒေပိုင်းဆိုင်ရာ Policy ပြီးတဲ့အခါမှာ ကျွန်တော်တို့ Principle ဥပဒေအနေနဲ့ ကျွန်တော်တို့ ဥပဒေ (၃)ရပ်နဲ့ နည်းဥပဒေ(၂)ရပ် ဒါကို ကျွန်တော်တို့က ဆောင်ရွက်လျက်ရှိပါတယ်။ ထိုနည်းတူပဲ ကျွန်တော်တို့ သစ်တောမူဝါဒ(၆)ရပ်ကို ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြရရင် ရေမြေတောရိုင်း တိရစ္ဆာန် ဇီဝမျိုးစုံနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်ခြင်း သစ်တောသယံဇာတ အရင်းအမြစ်များ ထာဝစဉ် တည်တံ့ စေခြင်း ပြည်သူတို့ရဲ့ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်ဘဲ သစ်တော သယံဇာတများကို စွမ်းဆောင်ရည် မြင့်မားစွာ စီမံအုပ်ချုပ်ခြင်း၊ သစ်တောစီမံအုပ်ချုပ်ခြင်းနဲ့ သစ်တော သယံဇာတများ အသုံးချရေးမှာ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း၊ သစ်တော သယံဇာတများ အရေးပါမှုအပေါ် ပြည်သူများ အသိအမြင် ရှင်သန်ကြီးထွား လာစေခြင်း ဆိုပြီးတော့မှ ကျွန်တော်တို့ မူဝါဒ(၆)ရပ် ချမှတ်ခဲ့ပါတယ်။ ဒီမူဝါဒကလည်း ၁၉၉၂ ခုနှစ်မှာ ကျွန်တော်တို့ ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျိနေရိုးမှာလုပ်တဲ့ ကမ္ဘာမြေထိပ်သီးညီလာခံကနေ သစ်တောကဏ္ဍနဲ့ပတ်သက်လို့ ချမှတ်ခဲ့တဲ့ မူဝါဒအပေါ် အခြေခံပြီး ကျွန်တော်တို့က ၉၅ ခုနှစ်မှာ ဒါ ချမှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

ထိုနည်းတူပဲ ခုန ဖော်ပြပါ မူဝါဒတွေကို အကောင်အထည်ဖော်ဖို့အတွက် ဥပဒေတွေ ရေးဆွဲပြီးတော့မှ စီမံကိန်းတွေ ရေးဆွဲအကောင်အထည် ဖော်ပါတယ်။ အဲဒီတော့ ဒီလိုစီမံကိန်းတွေ ရေးဆွဲ အကောင်အထည်ဖော်တဲ့အခါမှာ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းဟာ ၂၀၀၀-၂၀၀၁ ကနေ ၂၀၃၀-၂၀၃၁ တစ်နည်းပြောရရင် အဲဒီအချိန်က ထောင်စုနှစ် ရည်မှန်းချက် ဖြစ်ပါတယ်။ Millennium Development Goal နှင့်အညီ ဒီဘက်က အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီသစ်တောကဏ္ဍ ပင်မစီမံကိန်းရဲ့ ရည်မှန်းချက်ဟာ ၂၀၃၀-၂၀၃၁ ပြည့်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောမြေအားလုံးဟာ နိုင်ငံရဲ့ (၃၀)ရာခိုင်နှုန်း၊ ထိုနည်းတူပဲ သဘာဝနယ်မြေတွေအားလုံးဟာ၊ သဘာဝထိန်းသိမ်းနယ်မြေတွေ အားလုံးဟာ (၁၀)ရာခိုင်နှုန်း ရှိရမယ်လို့ ရည်မှန်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်ခဲ့တဲ့အခါမှာ ကနေ့အချိန်အခါထိဆိုရင် ကျွန်တော်တို့က ကြိုးဝိုင်းမြေ (၈၁၂)ခု၊ ဧကအားဖြင့် ကျွန်တော်တို့ သန်း(၃၀)၊ ထိုနည်းတူပဲ ကြိုးပြင်ကာကွယ်တော (၃၂၆)ခု၊ စုစုပေါင်း ကျွန်တော်တို့ နိုင်ငံ့ဧရိယာရဲ့ (၂၅.၀၁)၊ နိုင်ငံတော်ဧရိယာက အကြမ်းဖျင်းဧက(၁၆၇)သန်း၊ (၂၅)ရာခိုင်နှုန်း ဖြစ်တဲ့အတွက် ဧက(၄၀)၊ (၄၁)သန်းဟာ ကျွန်တော်တို့ ထိန်းသိမ်းထားတဲ့ သစ်တောမြေထဲမှာ ပါဝင်ပါတယ်။ ထိုနည်းတူပဲ Permanent Forest Estate ထဲမှာ တစ်ခုဖြစ်တဲ့ သဘာဝထိန်းသိမ်းရေး နယ်မြေတွေကိုလည်း ဥပဒေနဲ့အညီ ထူထောင်ထားရှိပါတယ်။ ကျွန်တော်တို့ ထူထောင်ထားရှိတဲ့ သဘာဝထိန်းသိမ်းနယ်မြေတွေဟာ ယခင် ၂၀၁၁ ကာလတုန်းက (၃၅)ခုကနေ ကနေ့ (၃၈)ခု ထူထောင်ထားရှိပြီး ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ စုစုပေါင်း နိုင်ငံ့ဧရိယာရဲ့ (၅.၆၁)ရာခိုင်နှုန်းကို ထူထောင်ထားရှိပြီး ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော် အနည်းငယ် ရှင်းလင်းတင်ပြလိုတာကတော့ ကျွန်တော်တို့ နိုင်ငံရဲ့ ပထဝီအခြေအနေနဲ့ ဂေဟစနစ် အမျိုးအစားလေးတွေကို အလျဉ်းသင့်လို့ ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင် အာရှဒေသအတွင်းမှာ တည်ရှိပြီးတော့မှ မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၅၈ မိနစ်၊ ၂၈ ဒီဂရီ ၂၉ မိနစ်အတွင်း တည်ရှိသလို အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ်၊ ၁၀၁ ဒီဂရီ ၁၀ မိနစ်အတွင်းမှာ ကျရောက်ပါတယ်။ တစ်နည်းပြောရရင် မြန်မာပြည် မြောက်ဖျား ရေခဲဖုံးလွှမ်းတဲ့ ဟိမဝန္တာ တောင်တန်းမှသည် မြန်မာပြည် တောင်ဘက် ပင်လယ်ကမ်းရိုးတန်းအထိ တည်ရှိပါတယ်။

တစ်နည်းပြောရရင်တော့ ကျွန်တော်တို့ရဲ့ ပထဝီဝင် ကွဲပြားခြားနားသလို မတူကွဲပြားလှတဲ့ မြေအခြေအနေ၊ ရာသီဥတုများအပေါ် မူတည်ပြီးတော့မှ ဂေဟစနစ်များဟာလည်း တည်ရှိခဲ့ပါတယ်။ အဲဒီဂေဟစနစ်တွေကတော့ ကျွန်တော်တို့ တောင်တန်းဂေဟစနစ်၊ အပူပိုင်းဂေဟစနစ်၊ သစ်တောဂေဟစနစ်၊ ကုန်းတွင်း ရေဝပ်ဂေဟစနစ်၊ အခြားရေဝပ်ဒေသဂေဟစနစ်၊ ပင်လယ်နဲ့ ကမ်းရိုးတန်း ဂေဟစနစ်၊ မြက်ခင်းဂေဟစနစ်၊ ဒီရေတောဂေဟစနစ်များ ဖြစ်တည်နေပါကြောင်း အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ တစ်နည်းပြောရရင် ဒီလိုဖြစ်တည်မှုဟာ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားသလိုပဲ ကျွန်တော်တို့နိုင်ငံဟာ အဖိုးမဖြတ်နိုင်တဲ့ သစ်တောသယံဇာတဟာကိုပဲ မတူကွဲပြားလှတဲ့ သစ်မျိုးများ၊ အဖိုးတန်လှတဲ့ သစ်တောသစ်ပင်များ၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်တယ်ဆိုတာကို ကျွန်တော် အလျဉ်းသင့်လို့ တင်ပြခြင်း ဖြစ်ပါတယ်။

နောက် ၂၀၁၄-၂၀၁၅ မှာ ကျွန်တော်တို့က ကြိုးဝိုင်းပေါင်း၊ ကြိုးဝိုင်းကြိုးပြင်(၉၄)ခု၊ သဘာဝ ထိန်းသိမ်းရေးနယ်မြေ(၂)ခု ဒါတွေကို ကျွန်တော်တို့ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမြဲတမ်းသစ်တောနယ်မြေ များကို ကျွန်တော်တို့ တည်ထောင်ရတဲ့ ရည်ရွယ်ချက်ကတော့ တင်ပြပါ အတိုင်း ကျွန်တော်တို့ ရည်ရွယ်ချက်(၇)ခုနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကလည်း ကျွန်တော်တို့ စဉ်ဆက်မပြတ် သစ်နဲ့ သစ်တောထွက်ပစ္စည်းများ ထုတ်ယူရရှိရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ပါး သက်သာရေးနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ ပြည်သူလူထုအတွက် အခြေခံစားဝတ်နေရေး ဖြည့်ဆည်းရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရေဝေရေလဲဒေသနှင့် မြေဆီမြေလွှာ ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားလာစေရေးတို့အတွက် ဖွဲ့စည်းဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

ဒီနေရာမှာလည်း ကျွန်တော်တို့ သဘာဝသစ်တောများကို ထာဝစဉ် တည်တံ့စေဖို့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှုမှာ အစိတ်အပိုင်း တစ်ခုအနေနဲ့ အထောက်အကူပြုပြီးတော့မှ သစ်ထုတ်လုပ်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ သစ်တော အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းနှင့်အညီ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့ အခြေခံစနစ်ကတော့ Myanma Selection System ဖြစ်ပါတယ်။ တစ်နည်းပြောရရင် သစ်တော ကြိုးဝိုင်းတွေမှာ အကွက်တွေ ရှိပါတယ်။ အကွက်တွေအတွင်းမှာရှိတဲ့ ပေါက်ရောက်တဲ့ သစ်မျိုးနဲ့ အဲဒီသစ်မျိုးတွေကို ခွဲခြားသလို အရွယ်အစားတွေကို စာရင်းကောက်ယူရပါတယ်။ အဲဒီ စာရင်း ကောက်ယူပြီးတော့မှ ရရှိလာတဲ့ ရင်စို့လုံးပတ် တစ်နည်းအားဖြင့် (၄)ပေ (၆)လက်မရှိတဲ့ အမြင့်မှာရှိတဲ့ အပင်ရဲ့ လုံးပတ်ကို တိုင်းပြီးတော့မှ အဲဒီလုံးပတ်က ကျွန်တော်တို့ သတ်မှတ်ချက်နဲ့အညီ ကျွန်းသစ်မာ တွေကို ကျွန်တော်တို့ ထုတ်လုပ်နိုင်တဲ့ ပမာဏထားရှိ ထုတ်လုပ်တာ ဖြစ်ပါတယ်။

သို့သော်လည်း ဒီနေရာမှာ ခုန ဒီအကွက်တစ်ကွက်ကို သစ်ထုတ်ပြီးရင် အမှန်တကယ်ကတော့ နှစ်(၃၀)ပြည့်မှ ခုတ်ပတ်လှဲတဲ့ circle ပြည့်တယ်လို့ မှတ်ယူပါတယ်။ အဲဒီခုတ်ပတ်ပြည့်မှ ပြန်ပြီးတော့မှ ဒီအကွက်ကို ဝင်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း အကြောင်းကြောင်းကြောင့် ယခင်ကာလတွေမှာ မူဝါဒတွေ၊ စီမံကိန်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ ရှိခဲ့သော်လည်း ဦးစားပေးရတဲ့ လုပ်ငန်းစဉ်များကြောင့် အားနည်းခဲ့ရတာလည်း ရှိပါတယ်။ ဒါကြောင့်မို့လို့လည်း အဲဒီတောတွေဟာ ခုန ရင်စို့လုံးပတ် လျှော့ချပြီး ထုတ်ရတာတွေ အကြိမ်ကြိမ်ပြန်ဝင်ပြီး ထုတ်ရတာတွေကြောင့် သဘာဝသစ်တောတွေ အထိုက်အလျောက် ထိခိုက်မှုတွေ ရှိခဲ့ပါတယ်။ ဒီနေရာမှာ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း ခုန ကျွန်တော် ဆွေးနွေး တင်ပြခဲ့ပါတယ်။

သစ်တောမြေတွေကို ဖွဲ့ပြီးရင် သစ်တောတွေကို စီမံအုပ်ချုပ်ဖို့ ဆိုတာ ကျွန်တော်တို့ တပ်မှာ လိုပါပဲ ကျွန်တော်တို့က မြေကို စုဖွဲ့ရပါတယ်။ အဲဒီတော့ မြေကို စုဖွဲ့တဲ့အခါမှာ ကျွန်တော်တို့ သစ်တော မြေကို ဥပဒေနဲ့အညီ သစ်တောဥပဒေတွေ Wild Act၊ ဒါတွေ နှစ်ခုကို စုဖွဲ့ပြီးမှ ဥပဒေအရ ပြဋ္ဌာန်းပြီးတဲ့ အခါမှာ အဲဒီမြေတွေကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ရပါတယ်။ ဒါဟာ ကျွန်တော်တို့ လက်ရှိမှ မဟုတ်ပါဘူး။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦး ဆွေးနွေးသွားသလို သစ်တောဦးစီးဌာနဟာ ၁၈၅၆ ခုနှစ်မှာကတည်းက စတင်ပေါ်ပေါက်ခဲ့တဲ့ဟာ အဲဒီကာလကတည်းက နှစ်ပရိစ္ဆေတ ရာချီပြီး တော့မှ သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွေကို ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

သို့သော်လည်း ဒီနေရာမှာ ကျွန်တော် အလျဉ်းသင့်လို့ ကျွန်တော် တင်ပြရရင် အုပ်ချုပ်ရေး စနစ်၊ နိုင်ငံရေးစနစ် ပြောင်းလဲတာနဲ့အမျှ ဒီဘက်က ကျွန်တော် သစ်တောကဏ္ဍမှာလည်း အုပ်ချုပ်ရေး အစိတ်အပိုင်းတွေ ထိခိုက်ခဲ့ပါတယ်။ ဒါကတော့ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ ခရိုင်တွေကို ဖျက်ပြီးတော့မှ မြို့နယ်စုတွေ ဖွဲ့တဲ့အခါမှာ ခရိုင်အဆင့်ဆိုတာ ကျွန်တော်တို့က ပျက်ပြယ်သွား ခဲ့တာပါ။ အဲဒီအချိန်မှာ ခရိုင်အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းဆိုတာ ပျက်ပြယ်သွား ပြီးတော့မှ ၁၉၉၆ ခုနှစ်မှာမှ ပြန်ပြီးတော့မှ ဒါကို ကျွန်တော်တို့ ရေးဆွဲပြီးတော့မှ စနစ်တကျ ပြန်လည် အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ဒါ ကျွန်တော် အလျဉ်းသင့်လို့ တင်ပြခြင်း ဖြစ်ပါတယ်။ ဒီမှာလည်း ခရိုင်အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းဆိုတဲ့အတိုင်း ကျွန်တော်တို့က သစ်တောခရိုင်တွေကို အခြေခံပါတယ်။ အခြေခံပြီးတော့မှ သစ်တောသယံဇာတစာရင်း ကောက်ယူခြင်းတွေ လုပ်ရပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်တော် အနည်းငယ် ရှင်းလင်းတင်ပြ လိုပါတယ်။

ဘာကြောင့် ရှင်းလင်းတင်ပြရသလဲဆိုတော့ သစ်တောဖုံးလွှမ်းမှုတို့၊ အဖိုးတန်တဲ့သစ်မျိုးတို့ကို ကျွန်တော်တို့ စာရင်းဇယားနဲ့ စနစ်တကျ ဘယ်လို ဆောင်ရွက်တယ်ဆိုတာလေး အကျဉ်းပါ။ ကျွန်တော် မျှဝေချင်ပါတယ်။ ဒါလေးကတော့ ဘာလဲဆိုတော့ နှစ်စဉ် ကျွန်တော်တို့က ပွင့်လင်းရာသီမှာ သတ်မှတ် ထားတဲ့ သစ်တောမြေအလိုက် ကျွန်တော်တို့ ဆင်းပြီးတော့မှ ကျွန်တော်တို့ Inventory ခေါ်ပါတယ်။ တပ်လို ပြောရင်တော့ မြေပြင်မှာ စာရင်းကောက်ယူတာပါပဲ။ စာရင်းကောက်ယူတာဟာ နှစ်စဉ်လုပ်ပါတယ်။ သို့သော် (၁၀)နှစ်တစ်ကြိမ် အဲဒီနေရာကို ပြန်ဝင်ရပါတယ်။ ကျွန်တော်တို့ရဲ့ Plan အရ အဲဒီ (၁၀)နှစ် တစ်ကြိမ် ဒီဘက်က မြေပြင်မှာ စာရင်းကောက်ယူနေသလို တစ်ဖက် ကလည်း ဘာလဲဆိုတော့ Satellite Image, Satellite Image ဆိုတဲ့နေရာမှာ ဒီနေ့ခေတ် နည်းပညာတွေ တိုးတက်လာတဲ့အခါမှာ Remote Sensing နောက်တစ်ခါ ကျွန်တော်တို့ Geographical Information System၊ နောက် Global

Position System စတဲ့ ခေတ်မီနည်းပညာတွေနဲ့ ကောင်းကင်မြေတိုင်း မြေပုံကို တစ်ဖက်က အသုံးပြုတယ်။ တစ်ဖက်က ကျွန်တော်တို့ ဂြိုလ်တုဓာတ်ပုံ အသုံးပြုတယ်။ ပြီးတော့မှ လူတွေ ဝင်ပြီးတော့မှ ဒီနေရာကို စာရင်းကောက်ယူ ပြီးတော့မှ Confirm လုပ်ပါတယ်။

ခုနကလို ဦးစီးအရာရှိက သူထင်သလို မြေကို Assement လုပ်လို့ မရပါဘူး။ ကျွန်တော်တို့က နှစ်စဉ် ခုဟာက ပိုပြီး ခက်သွားတာက နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ ခုဆိုရင် ကျွန်တော်တို့ သုံးနေတာသည် ၂၀၁၀ အိန္ဒိယကနေ ဝယ်တာ ရှိပါတယ်။ latest 3 လို့ ခေါ်ပါတယ်။ (၂၃)မီတာထိ ဖတ်လို့ရပါတယ် ကောင်းကင်ကို ဒီ Satelite Image သစ်တောတွေ ဖုံးလွှမ်းနေမှုကို အကြမ်းဖျင်း အားဖြင့် မြေပုံပေါ်မှာ ကျွန်တော်တို့က အမြဲတမ်း ဆန်းစစ်ပါတယ်။ ဆန်းစစ်ပြီးတော့မှ Inventory ခေါ်တဲ့ အဖွဲ့တွေက မြေပြင်မှာ လိုက်ပြီးတော့မှ ဒါကို ကျွန်တော်တို့ တိုင်းထွာပြီးတော့မှ သစ်တောသယံဇာစာရင်း ကောက်ယူရပါတယ်။ ကောက်ယူပြီးတော့မှ ရရှိတဲ့ အချက်အလက်ပေါ်မှာ အခြေခံပြီးတော့ ဖော်ပြပါ အတိုင်း အလုပ်တိုက်နယ်(၆)ခု ကျွန်တော်တို့ ဖွဲ့စည်းရပါတယ်။ အလုပ်တိုက်နယ်ဆိုတာထဲမှာ ထုတ်လုပ်ရေး တိုက်နယ်လို့ သတ်မှတ်သည့်ဟာသည် သစ်ထုတ်ဖို့ ဖြစ်ပါတယ်။

ထိုနည်းတူပဲ သစ်တောစိုက်ခင်း အလုပ်တိုက်နယ် ဆိုတာက အကြောင်းအမျိုးမျိုးကြောင့် တောနိမ့်တောပျက်တွေ ကျွန်တော်တို့ မြေထဲမှာ ရှိခဲ့ရင် ဒီနေရာသည် သစ်တောစိုက်ခင်းတွေ ထူထောင်ဖို့၊ နောက် ထောက်ပံ့ရေးနဲ့ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်ဆိုတာကတော့ Local Supply၊ နောက်တစ်ခါ community Forest ထူထောင်ဖို့ပါ။ တစ်နည်းပြောရရင်ကနေ့ ကျွန်တော်တို့ရဲ့ သက်ရောက်မှုက လူဦးရေ တိုးလာတဲ့အပေါ်မှာ အခြေခံပါတယ်။ အဲဒီတော့ ဒီလူတွေရဲ့ ကျေးလက်ပေါ်မှာ တည်မှီမှုတွေကို သူတို့ကိုယ်တိုင် ပါဝင်ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ဖို့အတွက် ခုန ဒီဒေသထောက်ပံ့ရေးနဲ့ ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင် အလုပ်တိုက်နယ်ဆိုပြီး ကျွန်တော်တို့ သတ်မှတ်တာ ဖြစ်ပါတယ်။

ထိုနည်းတူပဲ သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းများ တိုက်နယ်ဆိုတာက ကျွန်တော်တို့ ကနေ့ သစ် မဟုတ်တဲ့ သစ်တောထွက်ပစ္စည်းများက ဘာကြောင့် ကျွန်တော်တို့က ပေးထားရသလဲ ဆိုတော့ ကျေးလက်နေ ပြည်သူတွေက တစ်နည်းအားဖြင့် ကျွန်တော်တို့ရဲ့ ပြည်သူ(၇၀)ရာခိုင်နှုန်းဟာ ကျေးလက်မှာ နေပါတယ်။ ကျေးလက်နေပြည်သူအများစုဟာ သစ်တောတွေကို တည်မှီနေပါတယ်။ ပြီးရင်လည်း ထောင်စုနှစ်ရည်မှန်းချက် ၂၀၁၃ ခုနှစ်မှာ ကုလသမဂ္ဂက သစ်တောကဏ္ဍနဲ့ပတ်သက်လို့ တင်ပြခဲ့တာကိုလည်း ကျွန်တော် နောက်ဆုံးပိတ်မှာ တင်ပြသွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ အဲဒီဆင်းရဲတဲ့ ကျေးလက်နေလူထုအဖွဲ့၊ သစ်မဟုတ်တဲ့ သစ်တောထွက်ပစ္စည်း ထုတ်လုပ်ပြီးတော့မှ ရောင်းချခြင်းဖြင့် သူ့အတွက်လည်း ပုံမှန်အားဖြင့် သူ့ဘဝရှင်သန်ရေးကို အထောက် အကူ ပြုစေပါတယ်။ ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ်၊ ရေဝေရေလဲ သစ်တောများအလုပ် တိုက်တွေ လည်း ဒါ ကျွန်တော် ပြီးရင် ရှင်းတဲ့အခါမှာ အသေးစိတ်ဆွေးနွေးပါမယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ဧရိယာ (၈၀)ရာခိုင်နှုန်းက ရေဝရေလဲတွေ ဖြစ်ပါတယ်။ ခုနက ဆွေးနွေးသွားပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခင်မောင်ရီ ဆွေးနွေးပါတယ်။ ပြင်ဦးလွင်မှာ ရေရှားတာ၊ ဒါဟာ ကျွန်တော်တို့က ရေမြေတောတောင်သဘာဝဆိုတဲ့ အရာတွေမှာ ရေဝေရေလဲဒေသတွေကို အလေးမထားခဲ့ရင် အချိန် တစ်ခုမှာ ကျွန်တော်တို့တွေ ခုလိုကြုံတွေ့မှာ ဖြစ်ပါတယ်။ ဒါ ယခင်နှစ်ကဆိုရင် ပဲခူးတိုင်းထဲမှာ၊ ရှမ်းပြည်နယ်မှာ ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်တို့ နွေရာသီမှာ ရေခမ်းခြောက်ပြီးတော့မှ လူတွေ အားလုံး

ဒုက္ခရောက်ခဲ့ပါတယ်။ ဒါဟာ အားလုံးအတွက် ရေဝေရေလဲ သစ်တောများ အလုပ်တိုက်နယ်ဆိုပြီး ဖွဲ့ပါတယ်။

နောက်တစ်ခုကတော့ သဘာဝနယ်မြေများ၊ သဘာဝနယ်မြေများနဲ့ ပတ်သက်လို့ ခုနက ကျွန်တော်တို့ Permanent Forest Estate ဖွဲ့ကတည်းက ဒီထဲမှာ သဘာဝနယ်မြေ တည်ထောင်ရမယ့်ဟာကို ကျွန်တော်တို့က ဇီဝမျိုးစုံ မျိုးကွဲတွေနဲ့ သူ့ရဲ့ မူရင်းကျက်စားရာ နယ်မြေတွေ ရှိခဲ့တဲ့ဟာတွေ ပြန်စုဖွဲ့ပြီး ထူထောင်တာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ဒီနှစ်ဆိုရင် ကျွန်တော်တို့ ထူးထူးခြားခြား မြိုင်မြို့နယ်၊ အိုင်မမှာ ကျွန်တော်တို့ အပူပိုင်းဒေသထဲမှာ သက်ဆိုင်ရာ ဒေသခံပြည်သူတွေရဲ့ တောင်းဆိုချက်အရ ကျွန်တော် ကိုယ်တိုင်သွားပြီးတော့မှ သူတို့က သူတို့ရဲ့ အင်တိုင်းတောလေးကို ထိန်းချင်ပါတယ်။ ရှားတောလေး ထိန်းချင်ပါတယ်။ ဒီထဲမှာ သမင်ပေါက်ရောက်မှုတွေ ရှိပါတယ်။ ကျွန်တော်သွားကြည့်တော့ သက်ဆိုင်ရာ ဘုန်းကြီးကျောင်းကနေ ထိန်းထားတဲ့အတွက် ဒါကိုလည်း ကျွန်တော်တို့က သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခု ဒီနှစ်ဆိုရင် ထူးထူးခြားခြား အပူပိုင်းဒေသထဲမှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ဒီလိုပဲ သဘာဝနယ်မြေတွေကိုလည်း ကျွန်တော်တို့က ဘာကြောင့် အလေးထားထိန်းသိမ်းရလဲ ဆိုတော့ ခုနက ကျွန်တော်တို့ရဲ့ အဓိက ဇီဝမျိုးစုံမျိုးကွဲတွေ၊ တစ်ဖက်က ဂေဟစနစ် တည်ငြိမ်ရေးတွေ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုတွေကို ထိန်းသိမ်းနိုင်ဖို့ ဖြစ်ပါတယ်။ သစ်တောဖုံးလွှမ်းမှုနဲ့ ကျွန်တော် ဆက်လက်ပြီးတော့ ရှင်းလင်းတင်ပြရရင် ကျွန်တော်တို့တွေ အားလုံး သစ်တောဖုံးလွှမ်းမှုအသီးသီး လျော့ကျလာတဲ့အပေါ်မှာ အားလုံး ပူပူပန်ပန်နဲ့ ဆွေးနွေးကြပါတယ်။ အလွန်ပဲ ဒါဟာ ဖြစ်သင့်ပါတယ်။ ကျွန်တော်တို့ကလည်း ဒါကို အလေးထားပြီးတော့ အမြဲတမ်းလည်း ဆန်းစစ်လျက်ရှိပါတယ်။ သစ်တော ဖုံးလွှမ်းမှုနဲ့ပတ်သက်လို့ ကျွန်တော် ရှင်းလင်းတင်ပြရရင် ကျွန်တော်တို့ သစ်တောဖုံးလွှမ်းမှုက ၁၉၅၈ ခုနှစ်မှာ ကျွန်တော်တို့ရဲ့ လူဦးရေဟာ သန်း(၂၀)ကျော်လောက်ပဲ ရှိပါတယ်။ ယနေ့ သန်း(၆၀) ရှိပါတယ်။ သန်း(၆၀)သော လူတွေ ဘယ်မှာ နေမှာလဲ။ ဒါ တစ်ကမ္ဘာလုံးမှာ အခုကြုံတွေ့နေတဲ့ အရာပါ။

အဲဒီတော့ လူတွေရဲ့ နေရေး၊ နောက်တစ်ခါ လူတွေရဲ့ စားရေးအတွက် ကျွန်တော်တို့ ခုတ်ထွင်ရှင်းလင်းတာတွေ၊ လူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းတွေဖောက်၊ ဆည်တွေဆောက် ဒီလိုတိုးတက်ဆောင်ရွက်လာတဲ့အရာတွေ အားလုံးသည် ခုကိုပဲ ကျွန်တော်တို့ အမြန်လမ်းမကြီး ဥပမာအားဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ဖောက်ထားတာသည် သစ်တောကြိုးဝိုင်းများစွာ ဖောက်ထားတာပဲ ဖြစ်ပါတယ်။ ထိုနည်းတူပဲ ပဲခူး အရှေ့အနောက်ကူးတဲ့ လမ်းတွေ ဒါတွေ အားလုံးက ကြိုးဝိုင်းတွေကို ဖောက်ထားတာ ဖြစ်ပါတယ်။ အဲဒီကြိုးဝိုင်းတွေ အားလုံးက ဒီထဲမှာ အထိုက်အလျောက် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပေးခဲ့ရတာ ရှိပါတယ်။ ထိုနည်းတူပဲ ဆည်ပေါင်း (၃၀၀)ကျော် ကျွန်တော်တို့ တည်ဆောက်ပါတယ်။ ဆည်ပေါင်း(၃၀၀)ကျော်က ရေဝပ်ဧရိယာ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦးက ဆွေးနွေးပါတယ်။ အပြောင်ရှင်းဆိုတဲ့နေရာမှာ ဇောင်းတူက ရေဝပ်ဧရိယာ ဖြစ်ပါတယ်။ ကျွန်တော်တို့က အပြောင်ရှင်း ဆိုတာ ဒီတိုင်းမပေးပါဘူး။ ဒါလည်း အလျဉ်းသင့်လို့ ကျွန်တော် တင်ပြတာပါ။

အပြောင်ရှင်းဆိုတာက ဆည်ထဲမှာ ကျွန်တော်တို့က မည်သို့သောအခါမှ မည်သည့်ငုတ်ရင်းမှ၊ မည်သည့်သစ်ပင်မှ မရှိရဘူး။ ဒါ ဆည်တည်ဆောက်တဲ့ လူတွေ သိပါတယ်။ အဲဒီတော့ ဆည်ရေဝပ်ဧရိယာ

Cashment Area သည် တိုင်းထွာပြီးတော့ အဲဒီထဲမှာ အပြောင်ရှင်း ရပါတယ်။ အပြောင်ရှင်းတဲ့အခါမှာ သစ်ပင်မှန်သမျှ ကျွန်တော်တို့က (၂)ပေနဲ့အထက်ကို သစ်ထုတ်လုပ်တယ်။ ကျွန်တော်တို့က (၂)ပေရဲ့ အောက်ကိုတော့ သစ်တောဦးစီးဌာနကနေ တိုင်နဲ့ မျော၊ အပေါ်ကတော့ သစ်၊ ဒီလိုသတ်မှတ်ပြီးတော့မှ ထုတ်လုပ်ရတာပါ။ အဲဒီ အပြောင်ရှင်းတယ်ဆိုတာ ကျွန်တော်တို့ ကိုယ်သဘောနဲ့ကိုယ် ရှင်းလို့ မရပါဘူး။ ခုနက စီမံကိန်းတွေ ပေါ်လာတဲ့အခါမှာ အဲဒီစီမံကိန်းတွေအတွက် ကျွန်တော်တို့က အပြောင်ရှင်းရတာ ဖြစ်ပါတယ်။ ဒီလို အပြောင်ရှင်းလိုက်တဲ့အတွက် ဧရိယာတွေ ဥပမာအားဖြင့် ပဲခူးရိုးမကြီး ခုနက ပြောနေကြပါတယ်။ ပဲခူးရိုးမမှာ တည်ဆောက်ထားတဲ့ ဆည်ပေါင်း(၇၀)ကျော်ဟာ ကျွန်တော်လည်း ၁၉၈၄ ခုနှစ်က ပဲခူးရိုးမ အုတ်တွင်းကို ကျိုင်းဟိုကျောင်းကို လျှောက်ခဲ့တဲ့အခါမှာ နှစ်ညအိပ် ကြာခဲ့ပါတယ် တောထဲမှာ ကျွန်တော်ကိုယ်တိုင် လျှောက်ဖူးပါတယ်။ ကျွန်တော်ကိုယ်တိုင် ဒီဘဝကို ဖြတ်ကျော်ခဲ့ဖူးပါတယ်။ တကယ့်ကို တောနက်ကြီးပါ။ တောကို ပျောက်သွားပါတယ်။ သို့သော် ကနေ့ ဘာဖြစ်လို့လဲ။ ဒီဆည်တွေ ဆောက်တယ်၊ ဒီလမ်းတွေ ဖောက်တယ် ကျွန်တော်တို့ တားမရဘူး။ ဒါ ဖွံ့ဖြိုးတိုးတက်ဖို့ လူတွေရဲ့လိုအပ်ချက်၊ ဒီပေါ်မှာအခြေခံတဲ့ သစ်တောပြုန်းတီးမှုဆိုတဲ့ အရာတွေဟာလည်း အထိုက်အလျောက် ရှိနေမှာပါပဲ။

တစ်နည်းပြောရရင်တော့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ ကျွန်တော်တို့က ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ Development Environment ဒါကို Balance ဖြစ်အောင်လုပ်ဖို့ ကျွန်တော်တို့ စဉ်းစားကြဖို့ ဖြစ်ပါတယ်။ နောက် ဒီမှာလည်း ကျွန်တော်တို့ တင်ပြပါအတိုင်း သစ်တောဖုံးလွှမ်းမှုတွေနဲ့ ပတ်သက်လို့ ကျွန်တော် ခုနက ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ ယခင်က သစ်တောဖုံးလွှမ်းမှုတွေကို တိုင်းတာ တာသည် သိပ္ပံနည်းကျတွက်ချက်မှုတွေ အားနည်းလှပါတယ်။ ကနေ့ခေတ်အခါကတော့ ကျွန်တော်တို့ရဲ့ နည်းပညာတိုးတက်မှုအရ Satelite Image တွေက အလွန်ကို တိကျလှပါတယ်။ ကျွန်တော်တို့ သဘောနဲ့ ကျွန်တော်တို့ တိုင်းလို့ မရပါဘူး။ FAO က ကိုယ်စားလှယ်တွေ လာပါတယ်။ (၅)နှစ်တစ်ကြိမ် တစ်ကမ္ဘာလုံးကို ကျွန်တော်တို့က သစ်တောသယံဇာတတွေ တည်ရှိမှုကို အမြဲတမ်းဆန်းစစ်ပါတယ်။ ဆန်းစစ်တဲ့ အချိန်မှာ ကျွန်တော်တို့ရဲ့ (၅)နှစ်တစ်ကြိမ် ဆန်းစစ်ချက်အရ သစ်တောဖုံးလွှမ်းမှုတွေက ၁၉၉၀ ခုနှစ်မှာ (၅၇.၉၇)ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်မှာ (၅၁.၅၄)ရာခိုင်နှုန်း၊ ၂၀၁၀ မှာ (၄၆.၉၆)ရာခိုင်နှုန်း တစ်နည်းပြောရရင် ကျွန်တော်တို့ရဲ့ သစ်တောဖုံးလွှမ်းမှုတွေဟာ ယခင် (၅၇.၉၇)ရာခိုင်နှုန်း ကနေပြီးတော့ (၄၆.၉၆)ရာခိုင်နှုန်းထိ လျော့ကျသွားတယ်။ နှစ်ပေါင်း(၂၀)မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့က (.၅၅)ရာခိုင်နှုန်းသာ ဖြစ်ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ တွက်တာ မဟုတ်ပါဘူး။ FAO က တရားဝင် FARA 2010 မှာ တရားဝင် တစ်ကမ္ဘာလုံးဖြန့်တဲ့ ကိန်းဂဏန်းတွေ ဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာလည်း ကျွန်တော်တို့ အဲဒီတုန်းက ၁၉၉၀ လောက်မှာတုန်းက ၂၀၀၀ ပြည့်နှစ်ထိ အဆင့်(၄)လောက်မှာ ရှိပါတယ်။ သစ်တောပြုန်းတီးမှုက ယခုအခါမှာတော့ သစ်တောပြုန်းတီးမှုက အဆင့် (၈)ကို လျော့ကျသွားပါတယ်။ ထိုနည်းတူပဲ သစ်တောပြုန်းတီးမှု နှစ်စဉ်က ဖော်ပြပါရာခိုင်နှုန်းနဲ့ ဧက ဖြစ်ပါတယ်။ နောက် ဒီမှာလည်း သစ်တောပြုန်းတီးရတဲ့ အဓိက အကြောင်းတရားတွေကို ဖော်ပြထားပါတယ်။ အဓိက က (၇)ချက် ရှိပါတယ်။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း၊ ဒါကလည်း ခုန အဓိက သစ်တောပြုန်းတီးရတဲ့ အကြောင်းထဲက အဓိကဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သစ်တောပြုန်းတီးရတဲ့ ဒီလိုကိစ္စတွေမှာစဉ်းစားတဲ့အခါမှာ ကျွန်တော် ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦးနဲ့ အလွတ်သဘော ဆွေးနွေးပါတယ်။ ပြည်သူတွေရဲ့ လူမှုစီးပွားရေးဘဝ ဘယ်လောက်ရှိနေပြီလဲ လူတစ်ဦးချင်း

ဝင်ငွေ ဘယ်လောက် တက်လာပြီလဲ အသိဉာဏ်တွေ ဘယ်လောက်ရှိပြီလဲ အဲဒီဟာတွေကလည်း တစ်နည်းနည်းနဲ့ အကျိုးဆက် ဖြစ်နေပါတယ်။ ဒီအကျိုးဆက်က သစ်တောသယံဇာတအပေါ်မှာ လာပြီး တော့မှ သက်ရောက်မှု ဖြစ်တာပဲ ဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာလည်း ကျွန်တော်တို့ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးတဲ့အခါမှာ အဓိကအားဖြင့် တောင်ပေါ်ဒေသ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးတဲ့ တိုင်းရင်းသားတွေ အားလုံးဟာ ခုန ဖွံ့ဖြိုးတိုးတက်မှု ပိုင်းဆိုင်ရာတွေမှာ အသိဉာဏ်ပိုင်းဆိုင်ရာတွေကိုပါ ဖြည့်ဆည်းဆောင်ရွက်မှာ ဖြစ်ပါတယ်။ နောက် အလွန်အကျွံ သစ်ထုတ်လုပ်ခြင်း၊ အလွန်အကျွံ သစ်ထုတ်လုပ်ခြင်းနဲ့ ပတ်သက်လို့လည်း ခုနက ရှင်းလင်း ဆွေးနွေးသွားပါတယ်။ တရားဝင်၊ တရားမဝင် တရားဝင် သစ်ထုတ်လုပ်တဲ့ဟာတွေသည် ခုန ကျွန်တော်တို့ ကတော့ သစ်တောခရိုင် အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းအရ သစ်ထုတ်လုပ်ရေးအလုပ်တိုက်နယ် စသဖြင့် ခုတ်ပတ်၊ ဒီလို သတ်မှတ်ပြီး ဆောင်ရွက်ခဲ့သော်ငြားလည်း ကျွန်တော်တို့ ခုန အခြေအနေအချိန်အခါအရ သစ်တောတွေရဲ့ ခရိုင်ရဲ့ လိုအပ်ချက်၊ နောက် ထိုနည်းတူပဲ တစ်ဖက်က ကျွန်တော်တို့က တရားဝင်သစ် ထုတ်နေတဲ့အချိန်မှာပဲ တရားမဝင်သစ် ခုတ်လှဲထုတ်လုပ်မှုက အလွန်ပဲ စိုးရိမ်ဖွယ်ရာ အခြေအနေကို ရှိပါတယ်။ ပြီးရင် ကျွန်တော် သီးခြားဆွေးနွေးတင်ပြပါမယ်။

နောက် စိုက်ပျိုးမြေများနဲ့ လူနေအိမ်များ ကျူးကျော်တိုးချဲ့လာခြင်း၊ ဒါဟာလည်း ကနေ့ ကျွန်တော်တို့ နိုင်ငံတင် မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာ လူဦးရေ တိုးတက်လာနဲ့အမျှ သစ်တောမြေတွေ များထဲမှာ လူတွေ နေထိုင်ဖို့အတွက် ဝင်လာတယ်။ ခုန သူ့ရဲ့ဘဝ ရှင်သန်ရေးအတွက် စိုက်ပျိုးမြေတွေ ဖော်ထုတ်တယ်။ ကျွန်တော်တို့ကလည်း ဒီစာရင်းတွေကို အမြဲမပြတ် ကောက်ယူပါတယ်။ အဲဒီတော့ ကျွန်တော်တို့ရဲ့ သစ်တောမြေထဲမှာ အားလုံးပေါင်း (၁.၆)သန်းသည် အခြားမြေအဖြစ်နဲ့ အသုံးပြုနေတယ် ဆိုတာကိုလည်း ကျွန်တော်တို့ လေ့လာတွေ့ရှိထားပြီး ဖြစ်ပါတယ်။

နောက် လမ်းများဖောက်လုပ်ခြင်း စိုက်ပျိုးရေနဲ့ ရေအားလျှပ်စစ် အတွက် ရေလောင်တမံများ တည်ဆောက်ခြင်း၊ ခုန ကျွန်တော် ဆွေးနွေး တင်ပြ သွားပါတယ်။ လမ်းများ ဖောက်လုပ်ခြင်း၊ မြို့ရွာများ တိုးချဲ့တည်ထောင်ခြင်း၊ လူဦးရေ တိုးပွားလာမှုနဲ့အတူ သစ်၊ ထင်း လိုအပ်ချက်အတွက် သစ်တောများ အပေါ် မှီခိုလာခြင်း၊ ဒါဟာလည်း ထင်းကဏ္ဍကျရင် ကျွန်တော် ရှင်းလင်းတင်ပြသွား ပါမယ်။ ဒီနေရာမှာ ကျွန်တော်တို့ရဲ့ သစ်တောတွေ အကြောင်းအမျိုးမျိုးကြောင့် တောနိမ့်တောပျက်တွေ သစ်တော အတန်းအစားတွေ ကျဆင်းလာတယ်။ အဲဒီနေရာ တွေကို တစ်ဖက်ကလည်း ဒီသစ်တောတွေကို သဘာဝနည်းလမ်းအရ သစ်တောတွေကို ထိန်းသိမ်းတဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်တယ်။ တစ်ဖက် ကလည်း ဘာဖြစ်လဲဆိုတော့ ကျွန်တော်တို့ အဲဒီလို ဆောင်ရွက်လို့ မရတဲ့နေရာတွေမှာ ဓမ္မတာနည်းနဲ့၊ Natural Generation နဲ့ ဆောင်ရွက်လို့မရတဲ့ နေရာတွေမှာ ပဝတ္တိမျိုးဆက်ခြင်း တစ်နည်းအားဖြင့် Artifical generation, Regeneration များနဲ့ စိုက်ခင်းတည်ထောင်ပါတယ်။ တည်ထောင်တဲ့အခါ မှာလည်း ပထမဆုံး နှစ်စဉ် ကျွန်တော်တို့ စိုက်ခင်းထူထောင်တဲ့ဟာ အကျဉ်းတင်ပြလိုပါတယ်။

ကျွန်တော်တို့က တစ်နည်းအားဖြင့် ကျွန်တော်တို့ ၈ လပိုင်း (၉)လပိုင်း ဆိုရင် ကျွန်တော်တို့ရဲ့ သက်ဆိုင်ရာ ခရိုင်ကနေပြီးတော့ ခုန စိုက်ခင်း အလုပ် တိုက်နယ်မှာရှိတဲ့ မြေပုံနဲ့ ဒီနှစ်မှာ ထူထောင်နိုင်တဲ့ ကျွန်တော်တို့ စီမံချက်နဲ့ ကျွန်တော်တို့ ပြန်ပြီးတော့ ရေးဆွဲထားတဲ့ လျာထားချက်ကို ပြန်စိစစ်ပါတယ်။ စစ်ပြီးရင် အဲဒီဟာသည် အဲဒီမြေကို ကျွန်တော်တို့က ပြန်လည်ပြီးတော့မှ မြေသည် ဒီသစ်မျိုး စိုက်သင့်တဲ့

နေရာလား၊ မြေရဲ့ မြေဆီလွှာ၊ နောက်တစ်ခါပြီးရင် မြေရဲ့ အနိမ့်အမြင့်၊ သူ့ရဲ့ အပူချိန်၊ မိုးရေချိန်လက်မ စသဖြင့် ဒါတွေအပေါ်မှာ ဆန်းစစ်ပါတယ်။ ဆန်းစစ်ပြီးတော့မှ အဲဒီ မြေနေရာ ရွေးချယ်ခြင်းကို အတည်ပြု တာသည် ကျွန်တော်တို့က စက်တင်ဘာလကုန် အောက်တိုဘာမှာ အတည်ပြုပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့က ကျွန်တော်တို့ အတည်ပြုပြီးတာနဲ့ ကျွန်တော်တို့ ပေါင်းရှင်းရပါတယ်။ နောက်တစ်ခါ ကျွန်းခွေ မီးရှို့၊ မီးရှို့ ကျွန်းခွေ စတဲ့ ဒီလုပ်ငန်းတွေ ရှေ့ဆက်သွားရပါတယ်။

ဒီလို ဒါကြောင့်မို့ ကျွန်တော်တို့က စက်တင်ဘာ၊ အောက်တိုဘာမှာ ဆိုရင် ဒီလုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ ဒီမြေကိုရွေးချယ်တဲ့ဟာကို ကျွန်တော်တို့ သက်ဆိုင်ရာ ခရိုင် အခုဆိုရင် ကျွန်တော်တို့ ဒီဘက်ပိုင်းမှာ ခရိုင်၊ မြို့နယ်မှာ ညွှန်ချုပ်ကိုယ်တိုင်ဒါကို အသေးစိတ် မြေပုံရော၊ မြေပြင်မှာရော ဆန်းစစ်ချက်နဲ့ ဆန်းစစ်ပါတယ်။ ဆန်းစစ်ပြီးမှ ဒီနေရာသည် ကျွန်တော်တို့ စိုက်သင့်/ မစိုက်သင့် ဒါသည် ပထမပိုင်း ဖြစ်ပါတယ်။ ပြီးရင် ကျွန်တော်တို့ Soil Test လုပ်ပါတယ်။ Soil Test ဆိုတဲ့နေရာမှာ ဒီမြေသည် ကျွန်တော်တို့မှာ သစ်တော သုတေသနဌာန ရှိပါတယ်။ ရေဆင်းမှာ၊ ဒါအများ သိပါတယ်။ အဲဒီမှာ ကျွန်တော်တို့က Soil Test လုပ်ပါတယ်။ အဲဒီ Soil Test မှာ သူ့မှာ ပါဝင်တဲ့ ဓာတုဗေဒပါဝင်မှုတွေ၊ နောက်တစ်ခါ သူ့မှာ ခုနက ရေအောက်ကို ဝါရှာ contact ခေါ်တဲ့ အငွေ့ပါဝင်မှု တွေ စသည်ဖြင့် PH နဲ့ ဒါတွေအပေါ်မှာ ဆန်းစစ်ပြီးတော့မှ ဒီမြေကို ကျွန်တော်တို့ စိုက်သင့်၊ မစိုက်သင့် ဆန်းစစ်ပါတယ်။ ပြီးရင် ဒီအပိုင်းအပြင်ကို စိုက်သင့်ပြီ ဆိုတဲ့ဒီမြေကို ကျွန်တော်တို့က ချပေးပါတယ်။ ချပေးပြီး ဒီအပေါ်မှာ ဒီမြေကို အတည်ပြု လိုက်ပြီးပြီဆိုတဲ့အချိန်မှာပဲ စိုက်ရမယ့် သစ်မျိုးကို ရွေးချယ်တဲ့ အခါမှာ အဲဒီ သစ်မျိုးတွေကို သစ်စေ့တွေကို ကျွန်တော်တို့က သုတေသန ကျွန်တော်တို့က Germination Test လို့ခေါ်ပါတယ်။ အဲဒီဟာကို ကျွန်တော်တို့ စမ်းသပ် ပါတယ်။

တစ်နည်းပြောရရင်တော့ ယခင်တုန်းက ကျွန်တော်တို့ စိုက်ခဲ့တဲ့ ဧကတွေ အောင်မြင်သလား၊ ဆုံးရှုံးသလား ဆိုတဲ့ အပိုင်းတွေမှာ တချို့အပိုင်းတွေမှာ ကျွန်တော်တို့က ရိုးသားစွာဝန်ခံရရင် ခုနက ကျွန်တော် ပြောခဲ့တဲ့ လူအင်အားနဲ့ ကျွန်တော်တို့ ဝန်ထမ်းတွေရဲ့ အားထုတ်ကြိုးပမ်းမှု၊ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှု၊ အခြားသော သက်ရောက်မှုတွေ များစွာနဲ့ဆိုတော့ တချို့ကိစ္စတွေမှာ ကျွန်တော် စိုက်ခင်းတွေမှာ အောင်မြင်မှုနည်းခဲ့တာကို သင်ခန်းစာ ရယူပြီးတော့ အခုလိုဆောင်ရွက်တာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီမှာလည်း ကျွန်တော်တို့က စိုက်ခင်းတွေကို တည်ထောင်တဲ့အခါမှာ ဒီအတိုင်း ကျွန်တော်တို့က အဲဒီလို စမ်းပြီးပြီ စိုက်ပြီးပြီဆိုတဲ့အချိန်မှာ အချိန်ကာလအလိုက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေ ကျွန်တော်တို့မှာ ရှိပါတယ်။ အဲဒီလုပ်ငန်းစဉ်တွေကို အဖွဲ့နဲ့ ကျွန်တော်တို့ ပြန်စာရင်းစစ်ပါတယ်။ ဒီနေရာ မှာလည်း အဲဒီလို ဆောင်ရွက်တဲ့သူတွေရဲ့ အားနည်းချက်အပေါ်မှာလည်း နှစ်စဉ် အရေးယူဆောင်ရွက် ရတာမျိုးလည်း ရှိပါတယ်။ အားနည်းချက်တွေ ရှိပါတယ်။ မရှိဘူးလို့ မဟုတ်ပါဘူး။

အဲဒီတော့ သူတို့စိုက်တဲ့အပေါ်မှာ အချိန်ကာလအလိုက် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို အချိန်မီ မလုပ်နိုင်လို့တစ်ကြောင်း၊ နောက်တစ်ခုက ငွေကြေး အလွဲသုံးမှုကြောင့်တစ်ကြောင်း၊ နောက် ကျွန်တော်တို့ ကြီးကြပ်ရန် ပျက်ကွက်မှုကြောင့်တစ်ကြောင်း၊ စသဖြင့် စိုက်ခင်းတွေအပေါ်မှာ အဆင့်ဆင့် စိစစ်ပြီးတော့မှ နှစ်စဉ် စိစစ်ရပါတယ်။ အဲဒီစိုက်ခင်းတွေ ပြီးစီးသွားတဲ့အခါမှာ အဲဒီစိုက်ပြီးတော့ စိုက်ခင်း စပြီးတော့ ဇွန်လမှာ စိုက်လိုက်လို့ စက်တင်ဘာလကုန်မှာ ပြီးပြီဆိုတာနဲ့ အဲဒီစိုက်ခင်းရဲ့ report ကို ကျွန်တော်တို့က စိုက်ခင်းပြီးစီးမှု report ယူပါတယ်။ အဲဒီစိုက်ခင်း report ကို ဘယ်ကို တင်ရသလဲ

ဆိုတော့ အစိုးရအဖွဲ့ကို တင်ပါတယ်။ တင်တဲ့အပြင်ကို စိုက်ခင်းပြီးစီးမှုအပေါ်မှာ ကျွန်တော်တို့က ဒီလို ဒီဇင်ဘာလကစပြီးတော့ ကျွန်တော်တို့က ရှင်ပင်/သေပင် ရေတွက်ရပါတယ်။ ဒီဇင်ဘာ counting လို့ ခေါ်ပါတယ်။ အဲဒါကတော့ ကျွန်တော်တို့က နမူနာအကွက်တွေ ချပြီးတော့မှ ဒီအပင် ဘယ်လောက် ရှင်တယ်၊ သေတယ် ဆိုတာကို counting လုပ်ရပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော်တို့က (၉၀)ရာခိုင်နှုန်းမှ ဒီစိုက်ခင်းက မရရင် ကျွန်တော်တို့က ဒီဥစ္စာကို ပြန်လည် ဖာထေးရမယ့်နည်းလမ်းတွေ တစ်ခါတည်း ချမှတ်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါ ငွေလုံးငွေရင်းကနေ နိုင်ငံတော်က ငွေလုံးငွေရင်းက ရင်းနှီးမြှုပ်နှံတာ ဖြစ်ပါတယ်။ နှစ်ရှည် ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့ အတွက် ကြောင့်မို့လို့ ဒါကို အလေးထားပြီးတော့ ဆောင်ရွက်တာ ဖြစ်ပါတယ်။

အဲဒီမှာလည်း ကျွန်တော်တို့က တကယ်တမ်း အဓိကအားဖြင့် စိုက်ခင်းပျက်စီးရတဲ့အထဲမှာ အဓိက ကျွန်တော်တို့ ဖော်ထုတ်လိုက်တဲ့အခါမှာ ဘာတွေက အဓိက စိုက်ခင်းတွေက ပျက်စီးသလဲလို့ မေးရင် ကျွန်တော်တို့ ရေဝေရေလဲ စိုက်ခင်းတွေ အပျက် အစီးများပါတယ်။ နောက်တစ်ခါ ကျေးရွာသုံး စိုက်ခင်း အပျက်အစီး များပါတယ်။ ဒါ ကျွန်တော် စာရင်းနဲ့ အသေးစိတ် ကျွန်တော် ကောက်ယူထားချက် အရဆိုရင် 25 percent လောက်သာ အဲဒီအပေါ်မှာ အခြေခံပြီးပျက်စီးတယ်လို့ ကျွန်တော်တို့ဆီမှာ လေ့လာထားချက် အရ သိရှိရပါတယ်။ အဲဒီတော့ ဒီမှာလည်း ကျွန်တော်တို့က စိုက်ခင်း ဒီကနေ့အထိ ထူထောင်ပြီးစီးမှုအခြေအနေကို ခုန ဒီဇင်ဘာ counting ခုနလို ပြီးသွားပြီ၊ စိုက်ခင်းတွေကို ကျွန်တော်တို့က တစ်ပြိုင်နက်မှာပဲ ဒီ ကျွန်တော်တို့ အမှန်တကယ် ပြောရရင် ဒီ (၆)လပိုင်းမှာပဲ စိုက်ကတည်းက ကျွန်တော်တို့က လအလိုက် လအလိုက် စစ်သွားတယ်။ လအလိုက် လအလိုက် ပေါင်းရှင်းရမယ့် (၃)ကြိမ်ကို အဲဒီမှာ တင်ပေါင်းရှင်းဖို့၊ မီးကာကွယ်ဖို့ လုပ်ငန်းတွေကို ဒီအချိန်ဆိုရင် ကျွန်တော်တို့ မီးကာကွယ်ဖို့ လုပ်ငန်းတွေကို လုပ်ရပါတယ်။ အဲဒီဟာတွေအတွက်လည်း ဘတ်ဂျက်က အပြည့်အဝ ပေးပါတယ်။ ဘတ်ဂျက်က အပြည့်အဝ ပေးပါတယ်။

နောက် မီးစောင့်ချထားခြင်း ဒီလိုသေသေချာချာ စိုက်ခင်းကို ထိန်းခိုင်းပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီဟာတွေကလည်း ခုနကလိုပဲ ကျွန်တော်တို့ရဲ့ လေ့လာချက်များအရ အားနည်းချက်တွေ တွေ့ရှိလို့ ဒီလိုပြင်ဆင်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့က ဒီစိုက်ခင်းတွေရဲ့ ဇွန်လမှာ စိုက်ပြီး စက်တင်ဘာလအတွင်းမှာပဲ သေသွားတဲ့အပင်တွေကို ဖာထေးနိုင်ဖို့အတွက် ကျွန်တော်တို့မှာ အရန်သစ်ပင်တွေ ရှိပါတယ်။ အဲဒါတွေကို ရှင်ပင်/သေပင် ဖာထေးခြင်းလုပ်ငန်းတွေကို တစ်ခါတည်း ဆောင်ရွက်ရပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ စိုက်ခင်းတွေဟာ တစ်နည်းပြောရရင် နိုင်ငံတော်က ပြည်သူ တွေရဲ့ဘဏ္ဍာနဲ့ ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံထားတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်တဲ့အတွက် ဒီအပေါ်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အလေးထားပြီးတော့မှ ဆောင်ရွက်ပါတယ်။ သို့သော် ဒီနေရာမှာလည်း ခုန ကျွန်တော် တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့လူတွေဟာ လူတွေနဲ့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ကြောင့်မို့လို့ အားနည်းချက်တွေ အထိုက်အလျောက် ရှိပါတယ်။ နောက် ဒီမှာလည်း ကျွန်တော်တို့ စုစုပေါင်း စိုက်ထားတဲ့ဧက တင်ပြရရင် သစ်တောဦးစီးဌာနက (၂.၁)သန်း၊ အပူပိုင်းဒေသ စိမ်းလန်း စိုပြည်ရေးဦးစီးဌာနက (၃၅၁၉၃၉)ဧက ဖြစ်ပါတယ်။ စုစုပေါင်း(၂.၅၁၉)သန်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ ခုန မူဝါဒထဲမှာပါတဲ့ ပြည်သူတို့ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အပိုင်းနဲ့ ပတ်သက်လို့ အနည်းငယ် တင်ပြလိုပါတယ်။ ကျွန်တော်တို့ရဲ့ လုပ်ငန်းတွေ အားလုံးဟာ ခုန လွှတ်တော် ကိုယ်စားလှယ်ကြီးများလည်း ဆွေးနွေးသွားပါတယ်။ ဝန်ကြီးဌာနရဲ့ ဝန်ထမ်းအင်အား၊ ငွေကြေးကန့်သတ်ချက် နည်းပညာ ကန့်သတ်ချက်၊ ထို့နည်းတူပဲ အထောက်အကူပြုပစ္စည်းတွေရဲ့ ကန့်သတ်ချက် ဒီအပေါ်မှာ အခြေခံပြီးတော့မှ ဆောင်ရွက်နိုင်တဲ့ လိုအပ်ချက်တွေဟာ ရှိနေပါတယ်။ အဲဒီမှာ အဓိကအားဖြင့်တော့ ပြည်သူလူထုရဲ့ အဓိကပူးပေါင်းပါဝင်ဆောင်ရွက်မှုဟာ အဓိကကျလှ ပါတယ်။ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ ကျွန်တော်တို့ရဲ့ သဘာဝတောတွေရဲ့ ထိန်းသိမ်း စောင့်ရှောက်ရာမှာလည်းကောင်း၊ စိုက်ခင်းတွေ ထူထောင်ရာမှာလည်းကောင်း၊ သဘာဝနယ်မြေတွေကို ဖွင့်လှစ်ရာမှာလည်းကောင်း ဒါတွေဟာ ရည်မှန်းချက်အတိုင်း ရရှိနိုင်မှာဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့ အဓိကအားဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတွေကို အခြေခံပြီးတော့ ကျွန်တော်တို့ ထိန်းသိမ်းဆောင်ရွက်ဖို့ စီမံထားရှိခဲ့ပါတယ်။ ဒါကတော့ ၁၉၉၅ ခုနှစ်မှာ ဒီ Community Forest Industry (CFI) ၁၉၉၅ ခုနဲ့ ထုတ်ပြန်ခဲ့ပါတယ်၊ ဒီနေ့အထိ ဧကပေါင်း(၁၁၀၀၀၀)ကျော် ထူထောင်ပြီး ဖြစ်ပါတယ်။ အဖွဲ့ပေါင်းလည်း(၇၄၂)ဖွဲ့ ရှိပြီးတော့မှ အဖွဲ့ဝင်အရေအတွက် ကျွန်တော်တို့ (၃၀၃၆၂)ဦးရှိပါတယ်။ တင်ပြပါ ကိန်းဂဏန်းကိုကြည့်ရင် ကျွန်တော်တို့ရဲ့ လုပ်ငန်းဟာ တိုင်းနဲ့ ပြည်နယ်အနှံ့ တစ်ပြည်လုံးမှာ ပျံ့နှံ့သက်ရောက်မှု အားနည်းနေသေး တယ်လို့ တွေ့ရမှာဖြစ်ပါတယ်။ ဒါကို ရိုးသားစွာ ဝန်ခံပါတယ်။ ဒီမှာလည်း လုပ်ငန်းစဥ်တွေဟာ တကယ် ပြောရရင် ကျွန်တော်တို့ ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်နိုင်မှု အားနည်းတာ လည်း ပါ ပါတယ်။

တစ်နည်းပြောရရင် ကျွန်တော်တို့ရဲ့ သစ်တောမြေထဲမှာ တောနိမ့်၊ တောပျက်ဖြစ်သွားတယ်။ သို့သော်လည်း ဒီနေရာမှာ အစုအဖွဲ့ ကျေးရွာတွေက ထူထောင်ချင်ရင် ကျွန်တော်တို့က အဲဒီ အစုအဖွဲ့ပိုင် သစ်တော စိုက်ခင်းတွေ ထူထောင်ခွင့်ပေးပါတယ်။ အဲဒီထူထောင်တဲ့နေရာမှာလည်း နည်းလမ်း တွေ ရှိပါတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ Agro Foresty ဖြစ်ပါတယ်။ ကျွန်တော်တို့က သစ်တော၊ သစ်ပင်ချည်းပဲ စိုက်ရမယ် မဟုတ်ပါဘူး။ သစ်တော၊ သစ်ပင်ကို ဒီနေရာမှာ Spacing ကျွန်တော်တို့ရဲ့ တစ်ပင်နဲ့ တစ်ပင် အကွာအဝေးတွေကို ခြားပြီးတော့မှ ကြားထဲမှာ ရာသီသီးနှံ သူ့အတွက် income generation ရနိုင်တဲ့ သီးနှံစိုက်ပျိုးနိုင်ပါတယ်။ ထိုနည်းအတူပဲ ဒီသစ်တော၊ သစ်ပင်တွေကို ထိန်းသိမ်းခြင်းအားဖြင့် သူဟာ အချိန်ကာလတစ်ခုမှာ သူ့အတွက် လိုအပ်တဲ့ ထုတ်လုပ်ရောင်းချမှုတွေနဲ့ သူ့ကို အခွင့်အရေးပေးထား ပါတယ်။ ဒီအပြင်နှစ်(၃၀) သူဟာ ဒီမြေမှာ သူ့ကိုတကယ် လုပ်ပိုင်ခွင့် ပေးထားပြီး ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က ပြောရရင် ကျွန်တော်တို့ရဲ့ ပြည်သူလူထု အောက်ခြေကို ထိတွေ့စည်းရုံး ဆောင်ရွက်တာသည် အကြိမ်ပေါင်းများစွာ ဖြစ်သော်လည်း သက်ရောက်မှုအားဖြင့်တော့ နည်းနေပါသေးတယ်။

ဥပမာအားဖြင့် ကျွန်တော်တို့ ဒီကနေ့ရေတာရှည်မှာ ကျွန်တော်တို့ သစ်တောမြေထဲမှာပဲ ရေတာရှည်၊ ကိုးပင်၊ သာစည်ရဲ့ လမ်းပေါ်မှာ ကျွန်တော်တို့ သစ်တောကြိုးဝိုင်းထဲမှာ တည်ထားတဲ့ရွာတွေ ရှိပါတယ်။ အဲဒီရွာတွေကို ကျွန်တော်တို့က အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းလုပ်ငန်းတွေ ထူထောင် ပါတယ်။ ထိုနည်းအတူပဲ အဲဒီ သစ်တောစိုက်ခင်းလုပ်ငန်းတွေကနေ သူတို့ကို ကျွန်တော်တို့က ဧက(၂၀၀)

သူတို့ကို ပေးပါတယ်။ ဧက(၂၀၀)မှာ တစ်နည်းပြောရရင် ကျွန်တော်တို့က ကြီးမြန်သစ်ပင်၊ တစ်ဖက်က ကြီးမြန်သစ်ပင် ကျွန်တော်တို့ စိုက်ခိုင်းပါတယ်။ အခုကဝင်ငွေလွယ်မယ့် ကနေ့ ခေတ်စားနေတဲ့ ငျှော်ဖြူ ပေးစိုက်ပါတယ်။ နောက်ဒီအပြင် ရာသီသီးနှံရနိုင်တဲ့ အပင်လည်း ပေးစိုက်ပါတယ်။ အဲဒီအခါကျတော့ တဖြည်းဖြည်း အဲဒီနားက ရွာတွေက သူတို့ကိုလည်း ကျွန်တော်တို့က ပြန်ပြီးတော့မှ ဒီသစ်တောကို စောင့်ရှောက်ခိုင်းတဲ့အတွက် ဒီနားလေးမှာ ကျွန်တော်တို့အတွက် အပြန်အလှန် တည်မှီပြီးတော့ အကျိုး ရှိတာတွေလည်း ဖြစ်လာပါတယ်။

ဒီအပြင် ကျွန်တော်တို့ ဆက်လက်ရည်ရွယ်ပြီးတော့ ဆောင်ရွက်မှာက ဒီရေတာရှည်မြို့နယ်မှာ အလျဉ်းသင့်လို့ ကျွန်တော်တို့ တင်ပြရရင် ကျွန်တော်တို့က စက္ကူစက်ရုံ၊ ရေနီစက္ကူစက်ရုံ ရှိပါတယ်။ ရေနီစက္ကူစက်ရုံက ကျွန်တော်တို့ ပုဂ္ဂလိကကို လွှဲတဲ့အခါမှာ ရေနီစက္ကူစက်ရုံရဲ့ ပျော့ဖတ် လိုအပ်ချက်ဟာ နေ့စဉ် တန်ရာချီ ပါတယ်။ အဲဒီအတွက် ကုန်ကြမ်းဟာ မဖြစ်မနေ ကျွန်တော်တို့ဝယ်ရမှာ ဖြစ်ပါတယ်။ အဲဒီလိုဝယ်ရမယ့်ကုန်ကြမ်းဟာ ကျွန်တော်တို့ Fast growing species တွေဖြစ်တဲ့ ယူကလစ်ကဲ့သို့ ကြီးမြန်သစ်ပင်တွေ စိုက်ပျိုးဖို့ ဒါကိုလည်း ကျေးရွာကို ကျွန်တော်တို့ တောနိမ့်၊ တောပျက်ထဲမှာပဲ ထင်းကြိုးဝိုင်းထဲမှာ ကျွန်တော်တို့က ရေနီမှာ ထင်းကြိုးဝိုင်း ရှိပါတယ်။

အဲဒီ ကြိုးဝိုင်းထဲမှာ ကျွန်တော်တို့က ပြန်ပြီးတော့မှ Agro Foresty ရော လုပ်ငန်းစဉ် (CF)နဲ့ ပြန်ထူထောင်ဖို့ စီမံဆောင်ရွက်လျက် ရှိပါတယ်။ တစ်နည်း ပြောရရင်တော့ တစ်ဖက်ကလည်း ကျွန်တော်တို့ လိုချင်တဲ့ သစ်တော၊ သစ်ပင် အနည်းဆုံး သူသည်အချိန် (၃)နှစ်၊ (၄)နှစ် စောင့်ရပါတယ်။ (၃)နှစ်၊ (၄)နှစ် စောင့်ပြီးမှ ခုတ်ရပါတယ်။ (၃)နှစ်၊ (၄)နှစ်အတွင်းမှာ ကျွန်တော်တို့အတွက် ရေမြေ ရာသီဥတုကို ကာကွယ်ဖို့၊ အထိုက်အလျှောက် ကာဗွန်ထုတ်လုပ်မှု၊ ကာဗွန်စုပ်ယူမှု လျှော့ချနိုင်ရန် carbon energy များတယ်ဆိုတဲ့ လုပ်ငန်းစဉ်တစ်ရပ် ကျွန်တော်တို့က ဒီဟာတွေကို ဆောင်ရွက်တာ ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မှာ ကျွန်တော်တို့က ဦးစွာ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ထိုနည်းအတူပဲ ဒါ တစ်တိုင်းလုံးအတွက်မှာ CF ကို အလေးထားပြီး ဆောင်ရွက်ခဲ့တဲ့ သာဓကလေးတွေ ကျွန်တော် တင်ပြလိုပါတယ်။ အဲဒါကတော့ ကချင်ပြည်နယ်မှာ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်က မူဟန်ကျေးရွာ ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ရောက်ဖူးပါတယ်၊ မူဟန်ကို။ အဲဒီ ကျေးရွာလေးဟာ သူ့အသိစိတ်နဲ့သူ သဘာဝတောကို ထိန်းပြီးတော့ သူတို့ တစ်ရွာလုံးက ဒါကို တန်ဖိုးထားပြီး ထိန်းပါတယ်။ သူတို့အတွက် လိုအပ်တဲ့ထင်း၊ သူတို့အတွက် လိုအပ်တဲ့ တိုင်မျှော ဒီကပဲ ထုတ်ပါတယ်။ စနစ်တကျလည်း စီမံအုပ်ချုပ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ပြီးခဲ့တဲ့ ကမ္ဘာ့စားနပ်ရိက္ခာနေ့မှာ သူ့တို့ကို ကျွန်တော်တို့ ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ပါတယ်။ တစ်နည်းပြောရရင် အဓိကကတော့ အဲဒီ ဒေသခံ ပြည်သူတွေဟာ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ့်ရဲ့အဖိုးမဖြတ်နိုင်တဲ့ သစ်တောသယံဇာတတွေကို ကိုယ်ထိန်းသိမ်းခြင်းအားဖြင့် ကိုယ့်အတွက် အကျိုးရှိနိုင်မယ်ဆိုတဲ့ ရေရှည်သားစဉ် မြေးဆက်အကျိုး ရှိနိုင်တယ် ဆိုတာကို နားလည်နိုင်ဖို့ လိုပါတယ်။

ထိုနည်းတူပဲ အင်းလေးကန်ဒေသအတွင်းမှာ ကျွန်တော်တို့ လွယ်ငြိမ့် ကျေးရွာ ရှိပါတယ်။ လွယ်ငြိမ့် ကျေးရွာ ကို ကျွန်တော်တို့ အစုအဖွဲ့ အဖွဲ့ပိုင် သစ်တောစိုက်ခင်း ထူထောင်ပါတယ်။ ဒီအပြင် ကျွန်တော် သမဝါယမဝန်ကြီးဌာနနဲ့ ကျွန်တော် ညှိနှိုင်းပြီးတော့မှ သူတို့အတွက် microfinance ထူထောင် ပေးပါတယ်။ ထူထောင်ပေးတဲ့အခါမှာ တစ်ဖက်က micro finance က အခုသူတို့ ချေးထားတဲ့ငွေ

ကျေသွားပါပြီ။ ကျေသွားတဲ့အပြင်ကို သူတို့အထဲမှာ ရန်ပုံငွေ ပြန်ပြီးတော့မှ ကျန်ပါတယ်။ သစ်တော ကိုလည်း သူတို့ ထိန်းနိုင်ပါတယ်။ ဒါဟာ တစ်နည်းပြောရရင်တော့ ဒါတွေဟာ သူ့အတွက် လိုအပ်ချက်ကို၊ အခြေခံလိုအပ်ချက်ကိုလည်း ရတယ်။

တစ်ဖက်ကလည်း အကျိုးစီးပွားဖြစ်အောင် ကျွန်တော်တို့ စီမံတာ ဖြစ်ပါတယ်။ ရေတာရှည်မှာ ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်တွေမှာလည်း ကျွန်တော်တို့ တစ်ဖက်က microfinance သူတို့အတွက် ကျွန်တော်တို့ အသေးစားချေးငွေလုပ်ငန်းလေးတွေ ဒါလေးတွေကို ကျွန်တော်တို့က တစ်ဖက်က ထူထောင်ပေးပြီးတော့မှ ဒီစိုက်ခင်းတွေကို ထူထောင်စေမှာ ဖြစ်ပါတယ်။ ဒါ ကျွန်တော် တင်ပြတာဟာ လူမှုစီးပွားရေးဘဝ အခြေခံလိုအပ်ချက်သည် ဒီတကယ့် ဒေသခံပြည်သူတွေ လူမှုစီးပွားရေးဘဝ အခြေခံ လိုအပ်ချက်ကို ကျွန်တော်တို့က ဘယ်လို ရောက်အောင်သွားနိုင်မလဲဆိုတဲ့ နည်းလမ်းတစ်ခုက သူတို့ပါ ပါမှ ကျွန်တော်တို့ သဘာဝတောတွေ ထိန်းလို့ရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ဒေသခံ ပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ (Community Forestry Natioanal Working Group - CFNWG) ဆိုတာကို ဖွဲ့စည်းရေးကို နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ကျွန်တော်တို့ ပေါင်းစပ်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

နောက်ဆက်လက်ပြီး ကျွန်တော်တင်ပြလိုတာကတော့ ကျွန်တော်တို့ တစ်ဖက်က အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတွေ ထူထောင်နေသလို ကျွန်တော်တို့ရဲ့ တစ်ဦးချင်း ကျေးလက်နေပြည်သူတွေရဲ့ လိုအပ်ချက်၊ ထင်းလိုအပ်ချက်၊ တိုင် မျှောလိုအပ်ချက် ဒါတွေကို ကျွန်တော်တို့ စဉ်းစားတဲ့အခါမှာ ယခင် ၂၀၀၈ ခုနှစ် ကစပြီးတော့ ကျွန်တော်တို့ တစ်အိမ်ထောင် ကျွန်း(၃)ပင်၊ ယူကလစ်(၂၀)၊ တစ်ရွာ တစ်ဧက ဒီမူနဲ့ ကျွန်တော်တို့က စပြီးတော့မှ စံပြကျေးရွာတွေ ထူထောင်ပြီးတော့မှ ဒါတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့ ကနေ့အထိ ကျွန်တော်တို့ စိုက်ပျိုးပြီးတဲ့ အပင်ပေါင်းဟာ ကျွန်းပင်(၁၁)သန်း၊ သစ်မာ (၂၄)သန်း၊ ကျေးရွာပိုင် စိုက်ခင်းအတွက် ပျိုးပင်(၈)သန်း စုစုပေါင်း(၄၃)သန်း အရေအတွက် ဖြစ်ပါတယ်။ ဒီအထဲမှာ ကျွန်တော်တို့ ဆန်းစစ်ချက်အရ (၇၀)ရာခိုင်နှုန်းကျ အပူပိုင်းဒေသမှာ အောင်မြင် ပါတယ်။

သို့သော်လည်း တချို့ ကျွန်တော်တို့ သစ်တောသစ်ပင် ပေါက်ရောက်မှုများတဲ့ သဘာဝတောအုပ် တည်မှီရာ နီးတဲ့ကျေးရွာတွေကတော့ အလေးထားမှု အားနည်းနေပါသေးတယ်။ ဒါကိုလည်း ကျွန်တော်တို့ ဆက်လက် စည်းရုံးဖော်ဆောင်လျက်ရှိပါတယ်။ တစ်နည်းပြောရရင် ဒီဟာတွေဟာ ဒီကရရှိလာတဲ့ ကျွန်တော်တို့ ခုနက တစ်အိမ်ထောင် ကျွန်း(၃)ပင်၊ ယူကလစ်(၂၀) ဒီမှာလည်း ကျွန်တော်တို့ကို ဆွေးနွေး ပါတယ်။ အလျဉ်းသင့်လို့ပါ။ ကျွန်တော်တို့ နယ်မြေဒေသဆင်းတဲ့အခါမှာ ဒီကျွန်းပင်တွေဟာ သူတို့ ပိုင်ရဲ့လား ဆိုတာ။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်းစိုက်ခင်း ထူထောင်တာနဲ့ပတ်သက်လို့ သစ်တောဥပဒေကို ကျွန်တော်တို့ ပြင်ဆင်လျက်ရှိပါတယ်။ တကယ်စိုက်ပျိုးတဲ့၊ သဘာဝမဟုတ်တဲ့ မိမိကိုယ်တိုင် တကယ် စိုက်ပျိုးတဲ့ ကျွန်းပင်ဟာ ကိုယ်တိုင်ပိုင်ဆိုင်မှာ ဖြစ်ပါတယ်။

နောက်အဲဒီမှာ ရရှိလာတဲ့ ကျွန်တော်တို့ ခုနက မိမိတစ်အိမ်ထောင် ကျွန်း(၃)ပင်၊ ယူကလစ် (၂၀) ကျေးရွာသုံးစိုက်ခင်းတွေ၊ ဒီကနေရတဲ့ထင်း၊ ထင်းနဲ့ ပတ်သက်လို့ ကျွန်တော် အနည်းငယ် တင်ပြလို ပါတယ်။ ဒါဟာ သစ်တောပြုန်းတီးမှုရဲ့ အဓိကအကြောင်းတရားထဲမှာ ထင်းဟာ ပါ ပါတယ်။ တစ်ကမ္ဘာလုံး ကလည်း ဒါကို အလေးထား ဆောင်ရွက်ပါတယ်။ ကနေ့ ကျွန်တော်တို့ တွက်ချက်မှုအရ အရင် ကျွန်တော်တို့

အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းမှာ ကြိုတင်မှန်းဆတွက်ချက်ခဲ့ပါတယ်။ လူဦးရေသန်း(၆၀)မှာ လိုအပ်မယ့်ဟာသည် ထင်း ကုဗတန်(၁၉)သန်းလို့ သတ်မှတ်ပြီးတော့မှ ဒါလည်း ကနေ့ ကျွန်တော်တို့ တွက်ချက်လိုက်တဲ့အခါမှာ မှန်ပါတယ်။ စွမ်းအင်ကဏ္ဍမှာ ကျွန်တော်တို့ ဒါကို တွက်ချက်ပြီးတော့မှ စဉ်းစားဆောင်ရွက်ပါတယ်။

အဲဒီဆောင်ရွက်တဲ့အခါမှာ တကယ်တမ်းအားဖြင့် ကျွန်တော်တို့ အဲဒီတုန်းက စီမံကိန်းမှာ ရေးဆွဲခဲ့သလို၊ ကျွန်တော်တို့ မျှော်မှန်းခဲ့သလို ကျွန်တော်တို့ရဲ့ ကျေးရွာသုံး စိုက်ခင်းတွေက ရာခိုင်နှုန်း တစ်ခု၊ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတွေက ရာခိုင်နှုန်းတစ်ခု၊ နောက်မိမိပိုင် ဥယျာဉ်ခြံမြေတွေက ရာခိုင်နှုန်းတစ်ခု ဒီဟာတွေရမယ်လို့ မှန်းခဲ့ပေမယ့် ကနေ့အချိန်အခါမှာတော့ ကျွန်တော်တို့ရဲ့ ဒီမှန်းဆချက်တွေ အားနည်းပြီးတော့မှ လက်တွေ့ဘဝမှာတော့ သဘာဝတောကို (၇၀) ရာခိုင်နှုန်းလောက် ကျန်နေသေးတဲ့ အတွက် ကျွန်တော်တို့ ထင်းစိုက်ခင်း ခုနက ကျွန်တော်တို့ တစ်အိမ်ထောင် ကျွန်း(၃)ပင်၊ ယူကလစ်(၂၀) ဆိုတာ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က အလေးထားပြီးတော့ ဒါကို ဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း နှစ်စဉ် ကျွန်တော်တို့ သန်းချီပြီး ဖြန့်သော်လည်း အလေးထားဆောင်ရွက်ဖို့ ဆိုတဲ့နေရာမှာ ခုနက အားလုံးက ဒေသဆိုင်ရာ အဖွဲ့အစည်းတွေ၊ နောက်ကျွန်တော်တို့ ဝန်ကြီးဌာနတွေ၊ နောက် ကျေးရွာအဆင့်ဆင့်အုပ်ချုပ်ရေး အဖွဲ့အစည်းတွေက ကျွန်တော်တို့နဲ့ အတူတကွ ပူးပေါင်းပြီး ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်မှသာ ရည်မှန်းချက်ကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

အဲဒီတော့ တည်ထောင်ပြီးတဲ့ ကျေးရွာသုံး စိုက်ခင်းပေါင်းဟာ ကျွန်တော်တို့ (၄၅၀၆၈၆) ဧက ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှဲပြီးတဲ့ ဧကဟာ (၅၁၁၂၅)ဧက အလွန်ပဲ နည်းလှပါတယ်။ ခုနက ကျွန်တော် တင်ပြခဲ့ပါတယ်။ ကျွန်တော်တို့က ကျေးရွာသုံးထင်းစိုက်ခင်းက ခန့်မှန်းခဲ့တဲ့အတိုင်း မရရှိခဲ့ပါဘူး။ ဖြန့်ဝေနိုင်တဲ့ပမာဏကို ဖော်ပြပါအတိုင်း အိမ်ထောင်စု(၁၅၇၇၄)စုအတွက် ထင်း(၅၇၄၀)တန် ဖြန့်ဝေပေး နိုင်ပါတယ်။

အဲဒီမှာလည်း ကျွန်တော်တို့ အထူးသဖြင့် အပူပိုင်းဒေသမှာ ကျွန်တော်တို့ ဒါကို အလေးထားပြီး ဆောင်ရွက်ပါတယ်။ ထင်းနဲ့ပတ်သက်လို့ ကျွန်တော်တို့က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှာ စထထရ လုပ်ငန်း(၄)ခု ရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကျေးရွာသုံးထင်းစိုက်ခင်း ထူထောင်ရေး ဆိုတာ ပါ ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့က ဘာကြောင့် ကျွန်တော်တို့က အပူပိုင်းဒေသမှာ ဆောင်ရွက်တဲ့ အခါမှာ တစ်ပိုင်းကတော့ ကျွန်တော်တို့ ထင်းစိုက်ခင်းတွေ ထူထောင်ပါတယ်။ တစ်ပိုင်းကတော့ ဘာလည်းဆိုတော့ ကျွန်တော်တို့ ထင်းအစားထိုး လောင်စာဖြန့်ဖြူးဖို့ လုပ်ရပါတယ်။ နောက် ဒီအပြင် စွမ်းအားမြင့် မီးဖို၊ ဥပမာအားဖြင့် ဒါတွေနဲ့ ဆောင်ရွက်တဲ့အခါမှာလည်း သူတို့က နိုင်ငံတကာအဖွဲ့အစည်း တွေနဲ့ ကျွန်တော်တို့အကူအညီရယူပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်တာ ရှိပါတယ်။

ဒီနေရာမှာ ဥပမာအားဖြင့် ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်မှာ (မာစီကောဖ့်) က စွမ်းအားမြင့် မီးဖို နိုင်ငံခြားက တစ်နည်းပြောရရင် ကျွန်တော်တို့ ထင်းရဲ့ တကယ်ကုန်ဆုံးမယ့် လောင်စာပမာဏရဲ့ သူဟာ 50 percent လောက် Save လုပ်နိုင်ပါတယ်။ သူ့ရဲ့မီးဖိုကို ကျွန်တော်တို့ ဒေသကျေးလက်တွေမှာ ဖြန့်ပါတယ်။ နောက် ဒီအပြင် ကျေးရွာသုံး ခုနက စွမ်းအားမြင့်မီးဖိုတွေကို ကျေးရွာတွေမှာ အနှံ့အပြား ရောက်ဖို့အတွက် ကျွန်တော်တို့ နှစ်စဉ်စီမံချက်နဲ့ ဖြန့်ပေးပါတယ်။ အထူးသဖြင့် အပူပိုင်းဒေသ မိုးနည်း ရပ်ဝန်းဒေသမှာ ကျွန်တော်တို့ အများဆုံး ဆောင်ရွက်ပေးပါတယ်။

အဲဒီလို ဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့က ထင်းသုံးစွဲမှု လျှော့ချနိုင်တယ်။ တောပြုန်းမှုကို ကာကွယ်နိုင်တယ်။ တစ်နည်းအားဖြင့် အပူပိုင်းဒေသမှာ ကျွန်တော်တို့ သဲကန္တာရတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွေမှာ အဓိကကျလာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဉ်ထဲမှာကိုပဲ နိုင်ငံတကာ အဖွဲ့အစည်း ဖြစ်တဲ့ JICA နဲ့(၂)နှစ် ၂၀၁၄-၂၀၁၅ နဲ့၂၀၁၅-၂၀၁၆ (၂)နှစ်ကို စိုက်ခင်းဧကပေါင်း (၅၀၀)ကျော် ထူထောင်ဖို့ ဒီလိုစီမံထားရှိပါတယ်။ ဒါလည်းတစ်ဖက်က စိုက်ခင်းတွေ ထူထောင်မယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ ထင်းအစားထိုးလောင်စာ၊ နောက်တစ်ခါ စွန့်ပစ်၊ စိုက်စွန့်ပစ္စည်း ဒါတွေကို သုံးစွဲမယ်။ နောက် ခုနက စွမ်းအားမြှင့် မီးဖိုတွေကို ထိထိရောက်ရောက် သုံးစွဲမယ်ဆိုရင် ခုန ထင်းလျော့ကျသွားမှာ ဖြစ်ပါတယ်။

ထင်းက ကနေ့ ကျွန်တော်တို့ ကြုံတွေ့နေတာသည် ရန်ကုန်မြို့မှာ လူဦးရေ (၆)သန်းရှိပါတယ်။ သုံးပုံနှစ်ပုံဟာ ထင်းနဲ့ မီးသွေးကို မှီပါတယ်။ ရန်ကုန်မြို့ရဲ့ သုံးပုံနှစ်ပုံ ထင်းမီးသွေးသည် ဘယ်က ရသလဲလို့ မေးရင် ပဲခူးက၊ ပဲခူးရိုးမ၊ နောက်တစ်ခါ ရခိုင် ဆက်စပ်၊ အထူးသဖြင့်တော့ တနင်္သာရီ ဖြစ်ပါတယ်။ ဒါဟာပြီးရင် ဒီရေတော ဆွေးနွေးတဲ့အခါမှာ ထည့်သွင်းဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မီးသွေးနဲ့ ထင်းဟာ အလွန်ကို သစ်တောပြုန်းတီးတဲ့ လုပ်ငန်းစဉ်ထဲမှာ အဓိက ပါဝင်လျက် ရှိပါတယ်။ နောက် ဆက်လက် တင်ပြသွားမှာကတော့ တစ်ဖက်က ကျွန်တော်တို့တွေ နိုင်ငံတော်က တောနိမ့်တောပျက်ဧရိယာတွေမှာ ကျွန်တော်တို့ သစ်တောစိုက်ခင်းအလုပ် တိုက်နယ်တွေမှာ ကျွန်တော်တို့က ထူထောင်နေသလို ကျွန်တော်တို့ရဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကို တစ်နည်းအားဖြင့်ပြောရရင် ဘဏ္ဍာငွေ ခြိုးခြံရာလည်းရောက်၊ နောက်တစ်ခုကကျွန်တော်တို့ နိုင်ငံသားလုပ်ငန်းရှင်များ ကျွန်တော်တို့ရဲ့ သစ်တောကဏ္ဍမှာ နှစ်ရှည်ရင်းနှီးမြှုပ်နှံမှုအဖြစ်နဲ့ ပါဝင်အောင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များမှာလည်း ပါဝင်လာအောင်၊ စည်းရုံး ဖော်ဆောင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။

တစ်နည်းပြောရရင် ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ကျွန်းနဲ့ သစ်မာ စိုက်ခင်းတွေကို ၂၀၀၅-၂၀၀၆ ကနေ စတင်ပြီးတော့ အလေးထားပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့အစိုးရဝန်ကြီးဌာန တစ်ခုတည်းကနေပြီးတော့မှ စိုက်ခင်းတွေကို နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ သုံးစွဲပြီးတော့မှ နောက် ဆက်ပြီးတော့ ထိန်းရမှာသည် ကျွန်တော်တို့က အခြားသောဌာနတွေနဲ့ မတူပါဘူး။ ကျွန်တော်တို့က နှစ်ရှည်နှစ်ပေါင်း(၃၀) (၄၀) ဒီလိုထိန်းရတာ ဖြစ်ပါတယ်။ အဲဒီလို ထိန်းရတဲ့ကာလတွေမှာ မျှော်မှန်းလိုက်ရင် ကျွန်တော်တို့အတွက် သစ်တောစိုက်ခင်းတွေရဲ့ အောင်မြင်မှု/ဆုံးရှုံးမှုကို အနာဂတ်အတွက် ကျွန်တော်တို့က ကြိုတွက်ရပါတယ်။ တွက်တဲ့အခါကျတော့ ကျွန်တော်တို့နဲ့အတူ စိုက်ခင်းစိုက်နိုင်မယ့် တစ်ဦးချင်းက ကိုယ်ကျိုးစီးပွားနဲ့ဆိုရင် ပိုပြီးတော့မှ အလေးထား ထိန်းသိမ်းရင် ပိုအောင်မြင်နိုင်တယ်။ နောက်တစ်ခု ကတော့ အဲဒီလိုအောင်မြင်ရင် တစ်ဖက်ကတော့ သူ့အကျိုးစီးပွား၊ နောက်တစ်ဖက်ကတော့ ကျွန်တော်တို့ရဲ့ နိုင်ငံအတွက် ရေ၊ မြေ၊ ရာသီဥတု ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ် ဒါကို ကျွန်တော်တို့က တွက်ပြီးတော့ သူတို့ကို ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ ဒီလိုခွင့်ပြုတဲ့အခါမှာ ကျွန်တော်တို့ ခုနက ကျွန်းနဲ့ သစ်မာ ဖော်ပြပါအတိုင်း ဒါသည် (၂၀၁)ဦး၊ ခွင့်ပြုဧက (၂၁၃၆၇၄)မှာ စိုက်ပြီးဧက (၁၀၇၃၅၆) ဖြစ်ပါတယ်။ အဲဒီရာခိုင်နှုန်းအားဖြင့် (၅၀.၂၄) ဖြစ်ပါတယ်။

ဒီနေရာမှာလည်း ကျွန်တော် တင်ပြလိုတာက အဲဒီစိုက်ခင်းမြေတွေနဲ့ ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတို့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့ ဟာသည်၊ အချို့အစိတ်အပိုင်းသည် မှန်ပါတယ်။

ကျွန်တော်ရိုးသားစွာပဲ ကျွန်တော် ဘာဖြစ်လို့လဲဆိုတော့ အချိန်ကာလတစ်ခုတုန်းကတော့ အချို့ကတော့ မြေဦးလိုတဲ့ဆန္ဒ၊ အချို့ကလည်း ခုနက ဒီအပေါ်မှာ အခြားသောလုပ်ငန်းတွေကို အကျိုးအမြတ် ရမလား လို့ ရည်ရွယ်ပြီးတော့ ဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ ပြီးရင်လည်း ကျွန်တော် တင်ပြသွားပါမယ်။

အဲဒီတော့ တကယ်စိုက်တဲ့သူတွေကလည်း တကယ်ရှိပါတယ်။ တကယ်စိုက်တဲ့ သူတွေ တကယ်ရှိပါတယ် ဆိုတာ ဒါ ခုနက ဒီကနေ ကျွန်တော်တို့ သွားလို့ရှိရင် မိုင်တိုင်(၈၀)ပတ်ဝန်းကျင်မှာ ညာဘက်မှာဆိုရင် ပုဂ္ဂလိက ကျွန်းစိုက်ခင်းတွေပဲ ဖြစ်ပါတယ်၊ တောက်လျှောက် ထိုနည်းတူပဲ တချို့ ကျွန်တော်တို့ တကယ်ကို စိတ်ဝင်တစားနဲ့ လုပ်တဲ့ ပုဂ္ဂိုလ်များသည် ခုန (၅၀.၂၄)ရာခိုင်နှုန်းလို့ တင်ပြတာသည် တကယ်ပြောရရင် သူ့စီမံချက် ကာလထက် အပြည့် ပြီးသွားတဲ့ဟာတွေ ခုန ၂၀၀၅-၂၀၀၆ မှာ (၅)နှစ်ဆိုရင် ပြီးရမယ်ဆိုတဲ့ဟာတွေက ရာခိုင်နှုန်းပြည့် ပြီးတာ ကျွန်တော်တို့ရှိပါတယ်။ အဲဒီထဲမှာပဲ တချို့ကမပြီးတဲ့ သူတွေကိုလည်း ကျွန်တော်တို့က စာရင်းကောက်ယူပြီးတော့ ပြန်သိမ်းဖို့ ကလည်း ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။

နောက် သစ်မာမှာလည်း ကျွန်တော်တို့ (၂၃၉၇)ဦး ရှိပါတယ်။ (၁၁၃၅၅၇)ဧက သစ်မာမှာ စိုက်ပျိုးတဲ့သူကတော့ (၅၄၆၈၈)၊ (၄၈.၁၅)ရာခိုင်နှုန်း ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့ ကျွန်တော်တို့ သစ်မာစိုက်ပျိုးမှုမှာတော့ အတော်များများ သည် စိုက်ခင်းထူထောင်ရာမှာ အားနည်းနေပါသေးတယ်။ ကျွန်းမာကိုတော့ ပိုပြီးတော့ဆောင်ရွက်တာများပါတယ်။ အဲဒီတော့ ဒီမှာလည်း လွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့ အဆိုပြုချက်မှာ စိုက်ခင်းတွေထူထောင်တဲ့အခါမှာ နည်းပညာတွေ၊ ဖြန့်ဝေတာတွေ၊ သူတို့ကို အသိပညာပေးဖို့တွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ဒါတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာတော့ အလုပ်ရုံ ဆွေးနွေးပွဲ(၃)ကြိမ် ပုဂ္ဂလိကသစ်တောစိုက်ခင်း ထူထောင်တဲ့သူတွေကို သစ်တောစိုက်ခင်း ထူထောင်ခြင်း ဆိုင်ရာ နည်းစနစ် (၁၆)ကြိမ်၊ သစ်တောစိုက်ခင်းနည်းပညာဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲ၊ ဒါကိုဆောင်ရွက်သလို ဈေးကွက်နဲ့အလားအလာ ဆန်းစစ်တဲ့ အလုပ်ရုံဆွေးနွေးပွဲ၊ မျိုးကောင်း မျိုးသန့် ရွေးချယ်ခြင်းဆိုင်ရာ နည်းပညာသင်တန်းနဲ့ အကျိုးပြုတဲ့ စိုက်ခင်းထူထောင်တဲ့ နည်းပညာသင်တန်း ဒါတွေကို ကျွန်တော်တို့က ဖွင့်လှစ်ပြီးတော့ ဆောင်ရွက်ပါတယ်။

ဒီနေရာမှာလည်း ပုဂ္ဂလိကစိုက်ခင်းတွေကို ကျွန်တော်တို့ အခု နောက်ပိုင်းမှာ နှစ်စဥ် ခုန မြေပြင်ကတည်းက ဘယ်စိုက်ခင်း၊ ဘယ်ပုဂ္ဂလိက လုပ်ငန်းရှင်က ပြင်တယ်၊ မပြင်ဘူးဆိုတာကို သက်ဆိုင်ရာ ခရိုင်ကနေ ဆန်းစစ်ပြီးတော့ တင်ခိုင်းပါတယ်။ (၂)နှစ်ရှိပါပြီ ဒီလိုလုပ်တာ၊ ကျွန်တော်တို့၊ အဲဒီပေါ်မှာ မြေပြင်မှုမရှိတဲ့ ပုဂ္ဂိုလ်များကို ခေါ်ယူတွေ့ဆုံပါတယ်။ ဒီနှစ် စိုက်မလား၊ မစိုက်ဘူးလား။ အဲဒါ ကျွန်တော်တို့ သတိပေးပါတယ်။ ဒါပေမယ်လို့ မစိုက်ဘူးဆိုတဲ့ ပုဂ္ဂိုလ်များကို ကျွန်တော်တို့က စာရင်းယူထားပါတယ်။ ဒီအတိုင်း ဆောင်ရွက်တာမဟုတ်ပါဘူး။ အဲဒီတော့ ဒီမှာလည်း စိုက်ခင်းတွေအပေါ်မှာ ထူထောင်ခြင်း အားဖြင့် ဘာအကျိုးအမြတ်ရမလဲ။ သစ်တောဖုံးလွှမ်းမှုပမာဏ တိုးတက်လာမှာ ဖြစ်ပါတယ်။ (၁.၅၉) ရာခိုင်နှုန်း တိုးတက်လာမယ်လို့ မှန်းဆရပါတယ်။

ဒါလည်း ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အပူပိုင်းဒေသမှာ ကနေ့ ခုန စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဥ်တွေကို မြို့နယ်အလိုက်ပြန်ပြီးတော့မှ Survey လုပ်ပါတယ်။ လုပ်တဲ့အခါမှာ သစ်တော ဖုံးလွှမ်းမှု တက်လာမှုကို ပြန်ပြီးတော့မှ ဒါကို အသေးစိတ် ကောက်ယူပြီးတော့မှ ဒါကို ပြန်လည်တင်ပြခြင်း ဖြစ်ပါတယ်။ ဒီမှာ စည်းကမ်းမညီညွတ်တဲ့ စိုက်ခင်းမြေတွေကို ပြန်သိမ်းဖို့ကိစ္စ ဖြစ်ပါတယ်။ ဒါနဲ့

ပတ်သက်လို့ ကျွန်တော် တစ်ခုတင်ပြလိုတာက ကျွန်းနဲ့သစ်မာ စိုက်ခင်းတွေ တကယ်စိုက်တာထက် ကျွန်တော်တို့ သစ်တောမြေ ဆုံးရှုံးသွားရတဲ့ အကြောင်းတရားလေး ကျွန်တော် တင်ပြလိုပါတယ်။ ဒါကတော့ ပြီးခဲ့တဲ့ကာလက တနင်္သာရီတိုင်း အခုနက ဆွေးနွေးတဲ့အထဲမှာ ပါ ပါတယ်။ အပူပိုင်း မိုးသစ်တော Tropical Rain Forest ကျွန်တော်တို့ နိုင်ငံမှာ တကယ်ပြောရရင် အဲဒီတနင်္သာရီ တစ်ခုတည်း ရှိပါတယ်။ တစ်ကမ္ဘာလုံးမှာ မရှိတော့ပါဘူး။ သို့သော်လည်း အဲဒီအချိန်မှာတုန်းက တိုင်းပြည်ရဲ့ လိုအပ်ချက်အရ ဆီအုန်းစိုက်ခင်းတွေ ထူထောင်ဖို့ ခွင့်ပြုခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့လည်း အမျိုးသားလွှတ်တော်ကြီး အချို့လည်း ဟိုတုန်းက ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့တာ ရှိပါတယ်။ အဲဒီ ပေးလိုက်ရတဲ့ သစ်တောပြုန်းတီးမှုဟာ အများဆုံး ကျွန်တော်တို့ ခံစားခဲ့ရပါတယ်။ အဲဒီစိုက်ခင်းတွေ ကလည်း ကနေ့ စာရင်းကောက်ယူတဲ့အခါမှာ အခု ပြန်သိမ်းမယ့်အထဲမှာ အများဆုံး ဖြစ်ပါတယ်။

ကျွန်းနဲ့သစ်မာက ဒီလောက် မဟုတ်ပါဘူး။ သူ့ရဲ့ ရာခိုင်နှုန်းအရပြောရင် သူ့ဆီက သိမ်းရမှာ (၄၅)ရာခိုင်နှုန်းလောက် ပြန်သိမ်းရမှာ ဖြစ်ပါတယ်။ အဲဒီတော့ဒီမှာ ပုဂ္ဂလိက စိုက်ခင်းထူထောင်ဖို့ မြေရယူထားပြီးတော့ လုံးဝမစိုက်ပျိုးသေးရတဲ့ မြေနေရာများကို ပြန်လည် အပ်နှံဖို့ ၁၁-၁၂-၂၀၁၂ မှာ တစ်ကြိမ်၊ ၂၇-၅-၂၀၁၃ မှာ တစ်ကြိမ် သတင်းစာ အသီးသီးကနေ ထည့်သွင်းပြီးတော့ ကြေညာပါတယ်။ အဲဒါကိုလည်း ခေါ်ယူပြီးတော့ တွေ့ဆုံတယ်။ ကျွန်တော်တို့ အမှန်တကယ် ခရိုင်အဆင့်မှာလည်း တွေ့ဆုံ ခိုင်းတယ်။ ရုံးချုပ်ကလည်း တွေ့ဆုံပါတယ်။ သူတို့နယ်တွေဆင်းပြီးတော့ အဲဒီအထိ ၂၀၁၃ခုနှစ် စိုက်ရာသီ ကုန်ဆုံးတဲ့အထိမှာ မစိုက်တဲ့သူတွေရဲ့ စာရင်းကို ပြုစုပါတယ်။ ပြုစုပြီးတော့မှ နိုင်ငံတော်သမ္မတရုံးကို တင်ပြတဲ့ အခါမှာ ၂၂-၁၁-၂၀၁၃ ခုနှစ်မှာတော့ နိုင်ငံတော်သမ္မတရုံးက ဖော်ပြပါစာနဲ့ စိုက်ပျိုးပြီးစီးခြင်း မရှိတဲ့ ကျွန်း၊ သစ်မာ၊ ရာဘာ၊ ဆီအုန်း စက်မှုကုန်ကြမ်းစိုက်ခင်း စုစုပေါင်း(၅၂၈၉၇၃.၉၂)ဧကကို ပြန်လည်သိမ်းဆည်းရန် ဆိုပြီးတော့ ကျွန်တော်တို့ကို ညွှန်ကြားလာပါတယ်။ အဲဒီညွှန်ကြားချက်နဲ့အညီ ပြန်လည်သိမ်းဆည်းဖို့ ဆောင်ရွက်နေပါပြီ။ ဒီနေရာမှာလည်း တင်ပြလိုတာကတော့ ဒီစိုက်ခင်းတွေကို ပြန်သိမ်းဆည်းတဲ့အခါမှာ မူဝါဒချပြီးတော့မှ သိမ်းသွားမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့က အလွယ်တကူ ငါးသိန်းကျော်ကို သိမ်းယူပြီးတော့မှ အမှန်တကယ် စိုက်ပျိုးထူထောင်လိုတဲ့သူတွေအတွက်ကို ပြန်လည် စဉ်းစားပြီးတော့ ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ နစ်နာဆုံးရှုံးအောင် မလုပ်ပါဘူး။

ဒီမှာလည်း ရာဘာ၊ တင်ပြရရင် (၂၁၈၈၈၂)ဧက၊ စက်မှုကုန်ကြမ်း (၂၀၈၃၆၂)ဧက၊ ဆီအုန်း (၄၆၁၃၂၁)ဧက ရှိပါတယ်။ ကျန်တာ ရွှေနဲ့သတ္တု၊ ဒါကတော့ အခြားမြေ ကျွန်တော်တို့ မြေထဲမှာ အသုံးပြု တာကို တင်ပြခြင်းဖြစ်ပါတယ်။ ဒီမှာလည်း ခုန ရွှေသတ္တုတူးတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဆီမှာ သတ္တုတွင်းကနေ မေတ္တာရပ်ခံလာတယ်၊ ညှိနှိုင်းလာခဲ့တဲ့အခါမှာ ကျွန်တော်တို့က မြေပြင်မှာကွင်းဆင်း စစ်ဆေး ပြီးတော့မှမြေပြင်မှာ သစ်တော၊ သစ်ပင်ပေါက်ရောက်မှု၊ ရေဝေရေလဲအတွင်း ကျရောက်မှု နောက်တစ်ခါ သက်ဆိုင်ရာလူမှုရေးဆိုင်ရာ ထိခိုက်နစ်နာနိုင်တဲ့ အကြမ်းဖျင်း အကြောင်းတရားတွေကို ဆန်းစစ်ပါတယ်။ ဆန်းစစ်ပြီးရင် ဒီအပေါ်မှာ အဆင့်ဆင့်တင်ပြပြီးတော့မှ ဝန်ကြီး EC မှာ ဒါကို အတည်ပြု ပြန်ကြားတာဖြစ်ပါတယ်။

ဒီနေရာမှာ ရွှေတူးတဲ့၊ သတ္တုတူးတဲ့ လူအားလုံးကို စည်းကမ်းချက် (၁၆)ချက် ကျွန်တော်တို့က ပေးသလို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန နောက် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်း ဝန်ကြီးဌာန ဒီနေရာမှာလည်း သတ္တုတူးဖော်ရေးဝန်ကြီးဌာန စည်းကမ်းချက်တွေ ရှိပါတယ်။ သို့သော်လည်း

ဆွေးနွေးသွားတာအမှန်ပါပဲ။ သတ္တု တူးသွားတဲ့လူတွေ သစ်ပင်ဘယ်လောက်စိုက်သွားလဲလို့မေးရင် တကယ်တော့ အတော့်ကို ကျွန်တော်တို့ ပြောရဖို့ ခက်လာပါတယ်။ စည်းကမ်းချက် ပါမှန်တယ်။ နောက်တစ်ခါ အကွက်ပြန်အပ် တဲ့စနစ်မရှိပါဘူး။ စည်းကမ်းချက် လိုက်နာမှု အလွန် အားနည်းပါတယ်။ ဒါကိုလည်း ကျွန်တော်တို့က တစ်နှစ်တစ်ကြိမ် ကွင်းဆင်းစစ်ဆေးပြီးတော့မှ အဲဒီမှာ စည်းကမ်းချက် မလိုက်နာတဲ့သူတွေကို ကျွန်တော်တို့ ဒဏ်ရိုက်ခြင်း၊ နောက်တစ်ခါ အရေးယူဆောင်ရွက်ခြင်း၊ လုပ်ငန်း ပိတ်သိမ်းခြင်းစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ အဲဒီတော့ ဒီမှာလည်း ကျွန်တော်တို့က ဒီလို ဆောင်ရွက်တာဟာ ခုနက အထူးသဖြင့် ဘယ်မှာလာဖြစ်နေ သလဲဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသွားတဲ့ ဖားကန့်ဒေသ ဒါလည်း ကျွန်တော်တို့ ကချင်ပြည်နယ် ရောက်ခဲ့ပါတယ်။ ထိုနည်းတူပဲ စစ်ကိုင်းတိုင်းမှာ အတော်လေး ဆိုးဆိုးဝါးဝါး ဖြစ်ပါတယ်။ နောက် ဧရာဝတီမြစ်ရဲ့ ရေဝေရေလဲ ဒေသ တွေမှာ ဒါတွေဟာ အကုန်လုံး သက်ရောက်မှု ရှိနေပါတယ်။

ဒီကနေ့ ကျွန်တော် ဒီဇင်ဘာ ၂၈ ရက်နေ့မှာ ဗန်းမော်ကနေ ထီးချိုင့်အထိကို ဧရာဝတီမြစ် အတိုင်း ရေယာဉ်နဲ့ စုန်ဆင်းပါတယ်။ မြစ်ကြောင်း ကြပ်မှုသိအောင်ဆိုပြီးတော့ ကျွန်တော် ကိုယ်တိုင် စုန်ဆင်းတာပါ။ အဲဒီတော့ မြစ်ကြောင်းဟာ တဖြည်းဖြည်းနဲ့ သဲသောင်ထွန်းမှုတွေ များလာပါတယ်။ သူ့ရဲ့ စီးဆင်းရာ ချောင်းလက်တက်တွေမှာ အားလုံးမှာလည်း သဲသောင်တွေနဲ့ ပြည့်နေပါတယ်။ ဒါဘာလဲ ဆိုတော့ ရေဝေရေလဲဒေသတွေမှာ သတ္တုတွေတူးတယ်၊ သစ်ပင်တွေ ခုတ်တယ်။ ရေဝေရေလဲဒေသတွေရဲ့ မြေဆီလွှာတိုက်စားမှုနဲ့ နုန်းပို့ ချမှုတွေဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာတာကို သက်သေပြတာပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့က သတ္တုတူးတဲ့ကိစ္စတွေမှာ အားလုံးက ခုနကအသိစိတ်ဓာတ် သိသိနဲ့ တစ်ဖက်ကလည်း ကိုယ်ကျိုးစီးပွား တစ်နည်းအားဖြင့် နိုင်ငံအတွက်လည်း အကျိုးစီးပွား ဒီလို ရသလို တစ်ဖက်ကတော့ ရေရှည်ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူ ပြုနိုင်မယ့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆန်းစစ်မှုတွေ (EIA)၊ နောက်တစ်ခါ (SIA) ဆန်းစစ်မှုတွေ၊ လူမှုဆိုင်ရာ(HIA) ကျန်းမာရေးဆိုင်ရာဆန်းစစ်မှုတွေ နောက်ဒီအပြင် ဒီဟာတွေအပေါ်မှာ အခြေခံပြီးတော့မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အစီအမံတွေဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါတင်လား၊ မဟုတ်ပါဘူး။ ကျွန်တော် တို့က PES ခေါ်တဲ့ Payment for Environmental Service တစ်နည်းပြောရရင် ကိုယ့်ကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နစ်နာမှုတွေ ဖြစ်ခဲ့ရင် ပြန်လည်ပြီးတော့မှ ပေးလျော်ရမယ့်ဟာသည် လူတိုင်းမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဒီ Practice အားနည်းလှပါတယ်။ ဒီဟာကို ကျင့်သုံးမယ်လို့ ပြောလိုက်တိုင်းမှာ စီးပွားရေးလုပ်ငန်းရှင်တွေကရော အတော်များများသည် တော်တော်လေးကို ဒီဟာကို မလုပ်ချင်ပါဘူး။

ဒီကနေ့ကိုပဲ တစ်ဖက်က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပေါ်လာပြီးတော့ ဒီလုပ်ငန်းစဉ် တွေကို ကြပ်မတ်ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့က ကျင့်သားလည်း မရသေးတဲ့အခါမှာ အကြောင်း အမျိုးမျိုးတွေနဲ့ အဆင်မပြေမှုလေးတွေ၊ လုပ်ငန်းရှင်ဘက်က အဆင်မပြေမှုတွေ၊ အချိန်ကြန့်ကြာမှုတွေ တစ်ဘက်ကလည်း ဒီပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစဉ်ကို ရှောင်လွှဲလိုတဲ့ အကြောင်းတရား တွေ စသည်ဖြင့် ဒီလိုဟာတွေ ကျွန်တော်တို့ ကြုံတွေ့နေရပါတယ်။ နောက်ဒီနေရာမှာလည်း ကျွန်တော် တို့ရဲ့ မြေတွေကို အသုံးချတဲ့အခါမှာ ခုနက အလုပ်တိုက်နယ်က ဒါကတော့ ကျွန်တော်တို့ အုပ်ချုပ်

လုပ်ကိုင်မှုအရ ကျွန်တော်တို့က အလုပ်တိုက်နယ်နဲ့ ခွဲပါတယ်။ ဒီအပြင် ကျွန်တော်တို့က ဒီမြေတွေကို အသုံးချနိုင်မယ့်အပေါ်မှာ ဇုန်ကြီးတွေ ပြန်ခွဲပေးပါတယ်။ အဲဒီတော့ ခွဲတဲ့အခါမှာ တင်ပြပါအတိုင်းဇုန် (၁၀) ဇုန် ကျွန်တော်တို့ ထားရှိပြီးတော့မှ ထပ်ပြီးတော့မှ မြေယာခွဲဝေသုံးချဖို့ဆိုပြီးတော့မှ သတ်မှတ်ပြီး ကျွန်တော်တို့က ဆောင်ရွက်ပါတယ်။

ဒီနေရာမှာလည်း ခုနက အဓိကအားဖြင့်တော့ ကွဲပြားသွားမယ့်ဟာတွေက တော့ ကျွန်တော်တို့ မြေအောက်သယံဇာတတူးဖော်ရေး၊ နောက်ဖွံ့ဖြိုးရေး နောက် စက်မှုကုန်ကြမ်းစိုက်ခင်းများဆိုတဲ့ ဒီလို အဲဒီလိုနေရာမှာ လေးမှာပဲ ပထမအလုပ် တိုက်နယ်(၆)ခုရဲ့ ဇီဝတွေ ကွဲပြားတာဖြစ်ပါတယ်။ ဆက်လက်ပြီး ရေဝေရေလဲဒေသ ထိန်းသိမ်းဆောင်ရွက်ရေးကိစ္စနဲ့ ပတ်သက်လို့ တင်ပြလိုပါတယ်။

ဦးစွာတင်ပြတဲ့ အချိန်မှာလည်း ရေဝေရေလဲဒေသ၊ ကျွန်တော်တို့ရဲ့ အရှေ့ရိုးမ၊ အလယ်ရိုးမ၊ အနောက်ရိုးမ ရိုးမကြီး(၃)ခုနဲ့ မြစ်ကြီးလေးသွယ် ဒါသည် နိုင်ငံရဲ့ ဖြစ်တည်မှု လုပ်ငန်းစဉ်တစ်လျှောက်မှာ ဒါအရေးပါတဲ့အခန်းကဏ္ဍ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း နိုင်ငံရဲ့ (၈၀)ရာခိုင်နှုန်းက ရေဝေရေလဲ ဒေသတွေ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံသည် အဓိက စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ကျွန်တော်တို့က ဒီစိုက်ပျိုးရေးကို အခြေခံပြီးတော့မှ ဒီနိုင်ငံဖြစ်တဲ့ အတွက် ကျွန်တော်တို့ရဲ့ ရေမြေရာသီဥတုဟာ စဉ်ဆက်မပြတ် မှန်ကန်မျှတနေဖို့ လိုအပ်ပါတယ်။

အဲဒီလို မျှတနေဖို့ဆိုလို့ရှိရင် ကျွန်တော်တို့က မြစ်ချောင်း၊ ဆည်၊ တာတမံ၊ ဒါတွေရဲ့ ရေဝေရေလဲတွေ အဲဒီဟာတွေရဲ့ ရေဝေရေလဲတွေက တည်တံ့နေဖို့ လိုပါတယ်။ ဒီလို တည်တံ့နေဖို့ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ ဆောင်ရွက်သွားတာသည် သဘာဝတောထိန်းခြင်းလုပ်ငန်းတွေ ဆောင်ရွက် ပါတယ်။ အဲဒီထဲမှာ တောပျက်နေတဲ့ နေရာမှာစိုက်ခင်းတွေ၊ ရေဝေရေလဲစိုက်ခင်းတွေ၊ အခြားစိုက်ခင်း တွေ ထူထောင်ပါတယ်။ ထိုနည်းတူပဲ ဇီဝမျိုးတူမျိုးကွဲတွေကိုလည်း ခုနက ရေဝေရေလဲဒေသတွေမှာ ထိန်းသိမ်းပါတယ်။ ဒီအပြင် ကျွန်တော်တို့က လိုအပ်လို့ရှိရင် ဒီနေရာတွေမှာ စုပေါင်းဆောင်ရွက် ကြရတာ ဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ ဒီလို ဆောင်ရွက်ဖို့အတွက် အဓိကအားဖြင့် ရေဝေရေလဲဌာန ဆိုပြီးတော့ ဖွင့်လှစ်ထားရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြလိုတာက ခုနက ကျွန်တော် တင်ပြခဲ့တဲ့ Payment for Environmental Service ပတ်ဝန်းကျင်ထိခိုက်မှုအရ ပြန်လည် ပေးလျော် ရမယ့် လုပ်ငန်းစဉ်နဲ့ ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံရဲ့ Practice ဒါလေးကို ကျွန်တော် အလျဉ်းသင့်လို့ တင်ပြလိုပါတယ်။ ဒီရေဝေရေလဲကိစ္စနဲ့ ပတ်သက်လို့ ဧရာဝတီမြစ် ရေဝေရေလဲထိန်းသိမ်းရေး လုပ်ငန်းစဉ်ကို ကျွန်တော်တို့ကို နော်ဝေကလည်းကောင်း၊ ကမ္ဘာ့ဘဏ်ကလည်းကောင်း ဒီလို အဖွဲ့အစည်း တွေ လာတွေ့တဲ့အခါမှာ နော်ဝေက ကျွမ်းကျင်ပညာရှင်တစ်ဦးက ဆွေးနွေးပါတယ်။ ရေအားလျှပ်စစ်တွေ၊ ဆည်တွေ ဒီမှာရှိတယ်၊ မင်းတို့ဆီမှာ အများကြီးပဲ ရာချီနေပြီ။ ကောင်းပြီ။ သူတို့က မင်းတို့ရဲ့ ရေဝေရေလဲ ဒေသတွေထဲမှာ ထိန်းသိမ်းရေး ဘာတွေများ မင်းတို့လုပ်ပေးခဲ့သလဲ။ ကျွန်တော်တို့ကို ပြန်မေးပါတယ်။ ဆိုတဲ့အခါမှာ ကျွန်တော် တော်တော်လေး အဖြေရကျပ်လာပါတယ်။ ဘာလို့ဆိုတော့ ကျွန်တော်တို့ ရေအားလျှပ်စစ်အတွက် ဆည်တွေ လုပ်ပါတယ်။ အဲဒီရဲ့ ဆည်ရဲ့ ကျွန်တော်တို့ အဓိကထိန်းသိမ်းရမယ့် ရေဝေရေလဲဧရိယာလောက်ကို ထိန်းသိမ်းဖို့ လိုပါတယ်။ ဒီဟာ အဓိကကျလာပါတယ်။ သို့သော်လည်း အဲဒီအတွက် လျှပ်စစ်တွေ ဖြန့်လိုက်တယ်။ ရတဲ့ငွေတွေရှိမယ်၊ နိုင်ငံတော်ကို ပြန်ဝင်တယ်။ သို့သော် အချိုးတစ်ခုကတော့ ကျွန်တော်တို့က သတ်မှတ်ထားတဲ့ နှုန်းတစ်ခုကတော့ ဒီဟာကို ပေးဆပ်ဖို့

လိုပါတယ်။ အဲဒါအပြင်ကို သူက ထိန်းသိမ်းဖို့ သူ့ရဲ့မဖြစ်မနေ ရေအားလျှပ်စစ်ထဲကို နှန်းပို့ချမှု မရှိစေဖို့ အတွက် ထိန်းသိမ်းဖို့တာဝန် သူ့မှာရှိပါတယ်။ ဒီတာဝန်ကိုလည်း သူက ပေါင်းစပ်ညှိနှိုင်းပြီး ကျွန်တော်တို့နဲ့ ဆောင်ရွက်ဖို့ လိုပါတယ်။ အခုနောက်ပိုင်းမှာတော့ ဒါက Integrated Water Resources Management ဆိုပြီးတော့ ဒါကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

ဒီနေရာမှာ ရေဝေရေလဲဒေသကို ထူထောင်ရတယ်။ ဒီလိုပဲ တစ်ပိုင်းက အဲဒီလို ထူထောင်လိုက်ခြင်းအားဖြင့် အဲဒီရေဝေရေလဲဒေသတွေက သစ်တောတွေ ကောင်းလာလို့ရှိရင် တစ်ချိန်မှာ Carbon credit Trading ခေါ်တဲ့ ကာဗွန်စုပ်ယူမှု ပမာဏအပေါ်မှာ တိုင်းတာပြီးတော့ တွက်ချက်ရောင်းဝယ်တဲ့ လုပ်ငန်းစဉ်တွေမှာ ရနိုင်တယ်။ သူတို့ရဲ့ နည်းပညာအရ တချို့နိုင်ငံတွေမှာ ဘယ်လိုလုပ်နေပြီ။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ အိမ်နီးနားချင်းနိုင်ငံတွေမှာ ဒါကျင့်သုံးနေတာ ဒီလိုရှင်းပြပါတယ်။ အဲဒီတော့ သဘောပြောရရင်တော့ ကျွန်တော်တို့နိုင်ငံမှာ ကနေ့ အခုနက လွှတ်တော် ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားသလိုပဲ ဝန်ကြီးဌာနအသီးသီးက ကိုယ့်တာဝန် ကိုယ်ဝင်ပြီးတော့ ပါဝင်ပူးပေါင်းဆောင်ရွက် မယ်ဆိုရင် အခုကနေ့ ကြုံတွေ့နေတဲ့၊ ဆွေးနွေးနေတဲ့ အဖြေတွေဟာ ကောင်းမွန်တဲ့ ရလာဒ်ရနိုင်ပါတယ်။

ဒီနေရာမှာလည်း ကျွန်တော်တို့က ရေဝေရေလဲ ဒီလို ထူထောင်ဖို့အတွက် ဥပမာအားဖြင့် ရန်ကုန်မြို့တော်စည်ပင် ကျွန်တော်တို့ တင်ပြပါတယ်။ ကျွန်တော် အလျဉ်းသင့်လို့ ဒါ တင်ပြတာပါ။ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုလည်း တင်ပြပေးဖူးပါတယ်။ ကျွန်တော်တို့မှာ ဖူးကြီး ရှိတယ်။ ဂျိုးဖြူ ရှိတယ်။ ငမိုးရိပ် ရှိတယ်။ လှော်ကားရှိတယ်။သူတို့ရဲ့ ရေဝေရေလဲ တွေကို ဘယ်လိုထိန်းမှာလဲ။ သဘောအားဖြင့် အခုကိုပဲ ဒီရေတွေ နွေအခါမှာ နောင်မှာ ရှားပါးမယ်။ လူဦးရေ (၆)သန်း ဖြစ်လာပြီ။ ကျွန်တော်တို့က ဒီရေရရှိရေး ရေအရင်းအမြစ်ကို ကျွန်တော်တို့ ဘက်ကထိန်းတဲ့အခါမှာ ဒါလေးကို ဘယ်လို လုပ်ပေးမလဲ။ ဒီလို ကျွန်တော်တို့ စဉ်းစားခိုင်းပါတယ်။ ဥပမာအားဖြင့် အဲဒီဟာဆိုရင် ရန်ကုန်မြို့တော်စည်ပင်က၊ သူကိုယ်တိုင်က တာဝန်ယူ ထိန်းလိုက်ရင် ကျွန်တော်တို့အတွက် အချိုးပူးပေါင်းဆောင်ရွက်တဲ့နေရာမှာ နောက်ဆက်လက်ပြီးတော့ ကျွန်တော်တို့က ရေဝေရေလဲဧရိယာဟာ ဧကအားဖြင့် (၄.၅)သိန်း ဒီအထဲမှာ စိုက်ခင်းတွေ ထူထောင်ထား ရှိပါတယ်။ သို့သော်လည်း အထိုက်အလျောက် အောင်မြင်မှု အထိုက်အလျောက်ပဲ ရှိပါတယ်။ ဒီလို ရေဝေရေလဲဒေသတွေဟာ ကျယ်ပြန့်ပြီးတော့မှ လုပ်ငန်းစဉ်တွေလည်း များပြားတဲ့အတွက် ခုန သက်ဆိုင်တဲ့ ကျွန်တော်တို့ အကျိုးကျေးဇူးခံစားနိုင်တဲ့ ပုဂ္ဂိုလ်များ၊ ဌာနများ အားလုံးက ဒါတွေကို ပူးပေါင်းဆောင်ရွက်ပြီး လူထုအားလုံးကလည်း ဒါကို ကျွန်တော်တို့နဲ့ ပါဝင်ဆောင်ရွက်ဖို့ လိုပါတယ်။

ခုနက ကျွန်တော်တင်ပြခဲ့သလို နွေအခါမှာ ရေရှားတဲ့ ဆည်တွေမှာ ရေအားလျှပ်စစ်တွေ၊ သတ်မှတ်ထားတဲ့ ရေသိုလှောင်မှုပမာဏ မပြည့်မီဘူး၊ ဒါကြောင့်မို့ လျှပ်စစ်ဓာတ်မထုတ်နိုင်ဘူး။ အကျိုးဆက်တွေအများကြီး ဖြစ်ပါတယ်။ အဲဒီလျှပ်စစ် ဓာတ်အားမထုတ်နိုင်တဲ့အခါမှာ နွေမှာ မီးမရဘူး။ လျှပ်စစ်မီးမရတဲ့ဟာ သည် ဟိုတစ်နေ့က နိုင်ငံတော်သမ္မတရဲ့ ခရီးစဉ်မှာ JICA က ထောက်ပြတဲ့အခါမှာ ကျွန်တော်တို့က ရေအားလျှပ်စစ်ပေါ်မှာ (၇၄) ရာခိုင်နှုန်းလောက် ထင်ပါတယ်။ ဒါ အကြမ်းဖျင်းမှတ်မိတာပါ။ တည်မှီနေတယ်ဆိုတဲ့ဟာ ဒါမျိုး ဖြစ်ပါတယ်။ အဲဒီတော့ ရေအားလျှပ်စစ်ကို တည်မှီနေရင်

ရေအရင်းအမြစ်ကို ရှင်သန်မှုအတွက် အလေးထားဖို့ လုပ်ငန်းဟာ ရေဝေရေလဲဒေသပဲဖြစ်ပါတယ်။ ဒါဟာ ကျွန်တော် အလျဉ်းသင့်လို့ ပဏာမတစ်ခုကို တင်ပြတာပါ။

ဒီရေဝေရေလဲဒေသ ထိန်းသိမ်းလိုက်ခြင်းအားဖြင့် ပဲခူးရိုးမဆည်တွေမှာ အခုဆိုရင် သက်ဆိုင်ရာ အကျိုးဆက်တွေက ဘာရမလဲ။ ရေကိုထိန်းတဲ့အတွက် မြေဆီလွှာလည်း ထိန်းပြီးသား ဖြစ်တယ်။ ရေတိုက်စားမှု ထိန်းတာ၊ ထိုနည်းတူပဲ ရေသယံဇာတတွေဟာ မြေအောက်ရေတွေ ရေသယံဇာတ ကောင်းတဲ့အတွက် စိုက်ပျိုးမြေတွေ သီးနှံဖြစ်ထွန်းမယ်။ သောက်သုံးရေတွေရမယ်၊ စတဲ့ ရေဝေရေလဲ ဒေသရဲ့ အကျိုး ကျေးဇူးဟာ အလွန်အကျိုးကြီးမားလှပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဂေဟစနစ်ထဲမှာ တစ်ခုပါတဲ့ ဒီရေတောဂေဟ စနစ်ကို ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းလေးကို ဆွေးနွေး တင်ပြလိုပါတယ်။ ဒီရေတောဂေဟစနစ်ဟာ အခုနက အကြမ်းဖျင်း ဦးခင်မောင်ရီ ဆွေးနွေးတဲ့အချိန်မှာလည်း ပါ ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ကြီးက ဧရာဝတီ တိုင်းသားဖြစ်လို့ သူလည်း လေ့လာဆည်းပူးမှု အပြည့်အဝနဲ့ ကြိုတင် ပြင်ဆင်ပြီးတော့မှ ဒါတွေကို လေ့လာထားရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဒီရေတောဟာ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ဟာ ၂၀၁၀ ခုနှစ်မှာ ကျွန်တော်တို့ (၁.၂)သန်းရှိတယ်လို့ သတ်မှတ်ထားရှိပါတယ်။ အဲဒီထဲက (၁.၂)သန်းမှာ တကယ် ပြောရရင် ဒီရေတော တွေရဲ့အခြေအနေကို ပြန်သုံးသပ်တဲ့အခါမှာ ဒါသည် အခုနက အကြောင်းအမျိုးမျိုး ကြောင့် လူတွေရဲ့ လူဦးရေတိုးပွားလာတယ်။ ကျေးရွာတွေ တိုးချဲ့တည်ထောင်တယ်။

နောက်ခုနက ပုစွန်ကန်တွေ၊ လယ်တွေ ဖော်တယ်။ နောက် ထင်း၊ မီးသွေးတွေ ဖုတ်တယ်။ စတဲ့ဒီလုပ်ငန်းစဉ်တွေကြောင့် အထူးသဖြင့် ထိခိုက်ဆုံးရှုံးခဲ့ရပါတယ်။ ဒီနေရာမှာ ဒီရေတောနဲ့ ပတ်သက်လို့ ထိန်းသိမ်းကာကွယ်ရေးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ဘက်မှာ အခု ဘာတွေလုပ်နေလဲဆိုတော့ ထိန်းသိမ်းရေးကာကွယ်ရေး ဥပဒေတစ်ရပ် အကြမ်းဖျင်း ကျွန်တော်တို့ ရေးဆွဲဖို့ ဆောင်ရွက်နေပါတယ်။ နောက် ထိုနည်းတူပဲ ဒီရေတောဌာနခွဲတစ်ခု ထူထောင်ပြီးတော့မှ ဒီရေတောတွေ ထိန်းသိမ်းဖို့ ဆောင်ရွက် နေတာ ရှိပါတယ်။ ဒီမှာလည်း ဆွေးနွေးတင်ပြလိုတာကတော့ ဒီရေတောတွေရဲ့ ပျက်စီးရတဲ့ အကြောင်းရင်းက ဒါ အဓိကအားဖြင့်တော့ လူဦးရေ တိုးပွားလာမှုနဲ့ ကျွန်တော်တို့က စနစ်တကျ မြေအသုံးချမှုမရှိလို့ပါပဲ။ မြေအသုံးချမှု ရှိဖို့လည်း မြေအသုံးချမှု မူဝါဒရေးဆွဲရေးကိုလည်း ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။

ဒီနေရာမှာ ဒီရေတောတွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့အများဆုံး ဖြစ်စဉ်တွေ ကျွန်တော် ခုနက တင်ပြရရင် ထင်း၊ မီးသွေးပဲ ဖြစ်ပါတယ်။ ထင်း၊ မီးသွေးသည် ရန်ကုန်မြို့ရဲ့ လိုအပ်ချက်ကို ကျွန်တော်တို့က အစဉ်တစိုက် အလေးထားပြီးတော့မှ ဖြည့်ဆည်း နေရတာ ဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ တနင်္သာရီမြိတ်ကျွန်းစု ကနေပြီးတော့မှ ထင်း၊ မီးသွေး တရားမဝင် သယ်ဆောင်မှုတွေက ကျွန်တော်တို့ ရန်ကုန်မြို့ထဲကို စီးဝင်မှုဟာ လွန်စွာပဲများပြားလှပါတယ်။ ခုနက ကျွန်တော် တင်ပြသလို လူဦးရေ (၆)သန်းမှာ သုံးပုံနှစ်ပုံသည် ထင်း၊ မီးသွေး သုံးပါတယ်။ နောက် ပဲခူးတိုင်း ဒီအတိုင်းပါပဲ။ ထင်းမီးသွေး အများဆုံး ထုတ်လုပ် သုံးစွဲပြီးတော့မှ အဓိကအားဖြင့် ဒီရေတောတွေ အဲဒါကြောင့်မို့ ပျက်သုဉ်းပါတယ်။ ဒီမှာလည်း ဘာကြောင့် ကျွန်တော်တို့ အခုန တင်ပြလည်းဆိုတော့ ဒီရေတောတွေက ၁၉၅၇ ခုနှစ်က ပြည်ဒရယ်ကြိုးဝိုင်းထဲမှာ ဘဝသစ် စီမံကိန်းဆိုတာရှိပါတယ်။ ၅၇ ခုနှစ်က တင်ပြတာ အကြောင်းတရားရှိပါတယ်။ အဲဒီရွာတွေ၊ အဲဒီတုန်းက ထင်းထုတ်တဲ့လူတွေကို နေရာချတာ၊ သူတို့

လုပ်စားပိုင်တဲ့မြေတွေကို စနစ်တကျ မပေးခဲ့တဲ့အပေါ်မှာ အခြေခံပြီးတော့ အဲဒီလူတွေတိုးပွားလာပါတယ်။ ထို့အတူပဲ ဒီနေ့ နာဂစ်မှာဖြစ်သွားလို့ အကြီးအကျယ်ပျက်စီးခဲ့တဲ့ ကြိမ်ချောင်းတို့၊ ဟိုဘက်က ကျွန်းသာယာတို့ စတဲ့ဒီကျေးရွာတွေဟာ အမှန်တကယ်ပြောရရင် ဒါတွေဟာ ဒီရေတောထဲမှာ ကဒုံကနိ ကြိုးဝိုင်းထဲမှာ မူလရှိတဲ့ရွာတွေ မဟုတ်ပါဘူး။ လူဦးရေတွေ တိုးပွားလာတဲ့အတွက် ဒီအထဲကိုရောက်ရှိလာပြီး အဲဒီမှာပဲ တစ်ဆက်တစ်စပ်တည်း ကျွန်တော်တို့ ဒီရေတောတွေကို ခုတ်ထွင်ပြီးတော့မှ နေထိုင်တယ်၊ လယ်တွေ လုပ်တယ်။ ဒါလည်း ဒီနေ့မှာ ဒီရေတော ထိန်းသိမ်းခြင်းရဲ့ ပြဿနာ ဘာလဲဆိုတော့ လူတွေရဲ့အတ္တပါပဲ။ လူတွေရဲ့အတ္တဆိုတာ ဒီနေ့ ပုဇွန်ကန်တူးတဲ့ ကိစ္စတွေ၊ ရခိုင်မှာလည်း ဒါ ရှိပါတယ်။ ရခိုင်ပြည်နယ်မှာလည်း ဒါ ဖြစ်ပါတယ်။ ထိုနည်းတူပဲ ဧရာဝတီတိုင်းမှာလည်း ဒါ လပွတ္တာတို့၊ ဘိုကလေး တို့မှာ ဒါ အဓိကဖြစ်ပါတယ်။ ဘိုကလေးမှာပဲ ဖျာပုံခရိုင်ထဲမှာဆိုရင် အခု မကြာခင်ကပဲ ဒါ တိုင်စာတွေ ဖြစ်ပေါ်ခဲ့ပြီးတော့မှ အရှေ့ဖျားရွာမှာ သွားရောက်ပြီးတော့ဖြေရှင်းရတာ ရှိပါတယ်။

အဲဒီတော့ ဘာလဲဆိုတော့ အဓိကအားဖြင့် စီးပွားရေးအလို့ငှာ ဖွံ့ဖြိုးတိုးတက်တဲ့အခါ စဥ်းစားတဲ့အခါမှာ သက်ဆိုင်ရာ ကျွန်တော်တို့ ကျေးလက်နေ ပြည်သူတွေရဲ့လူနေမှုဘဝ၊ နောက်တစ်ခါ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုဆိုတဲ့ အလေးထားမှု မရှိတဲ့အခါ အဲဒီပြဿနာတွေ ဖြစ်လာတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီဟာတွေကို ထူထောင်တဲ့အခါမှာလည်း ဒီရေတော ထိန်းသိမ်းခြင်းကိစ္စတွေကို ဆောင်ရွက်တဲ့အခါမှာ တစ်ဖက်ကလည်း စီးပွားရေးဘဝနဲ့ လူမှုရေးဘဝ နောက်တစ်ခါ ဥပဒေစိုးမိုးမှု၊ ဒီရေတောဆိုင်ရာထိန်းသိမ်းမှု ဒါတွေကို အလေးထားဆောင်ရွက်ရပါတယ်။

ဒီမှာ ကျွန်တော်တို့ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ချည်း မဟုတ်ဘဲနဲ့ နည်းပညာအရလည်းကောင်း၊ ငွေကြေးအရလည်းကောင်း နောက် အခြားသော နိုင်ငံတကာအတွေ့အကြုံများကို ရယူဖို့အတွက်ဆိုပြီးတော့ နိုင်ငံတကာ အဖွဲ့အစည်းတွေ နဲ့ ပူးပေါင်းဆောင်ရွက်ရပါတယ်။ အဲဒီတော့ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ စပြီးတော့ JICA နဲ့ ကျွန်တော်တို့ ကဒုံကနိ ကြိုးဝိုင်း ဧရာဝတီတိုင်း ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ် ကဒုံကနိကြိုးဝိုင်းထဲမှာ ဒီရေတော စိုက်ခင်းတွေကို ပြန်လည် ထူထောင်ပါမယ်။ နောက်တစ်ဖက်ကလည်း သဘာဝတောတွေ ထိန်းသွားပါမယ်။ အဲဒီမှာတော့ (၂၈၅၂) ဧက ထူထောင်ဖို့ ရှိပါတယ်။

အဲဒီလို ထူထောင်ခြင်းအားဖြင့် ဥပမာအားဖြင့် ကျွန်တော်တို့ရဲ့ မိန်းမလှကျွန်း၊ မိန်းမလှကျွန်းဟာ တကယ်ပြောရရင် တစ်ဖက်ကလည်း ကျွန်တော်တို့ရဲ့ သမိုင်းဝင်ပေါ့။ သမိုင်းဝင်ဆိုတာကလည်း ရေငန်ပိုင်ဦးရှင်ကြီး ဇာတ်လမ်းမှာ မဖြစ်မနေပါခဲ့တဲ့ အဓိက နေရာပဲ ဖြစ်ပါတယ်။ မိန်းမလှကျွန်းကို ကျွန်တော်တို့ရဲ့ ဘေးမဲ့တောထဲမှာ အလေးထားပြီး ထိန်းသိမ်းပါတယ်။ ဒါလည်း ကနေ့ ကျွန်တော်တို့ အလျဉ်းသင့်လို့ တင်ပြရရင် ခုနက သဘာဝထိန်းသိမ်းရေး နယ်မြေတွေထဲမှာ Asean Culture Heritage လို့ခေါ်တဲ့ အာဆီယံယဥ်ကျေးမှု အမွေအနှစ်စာရင်းဝင်တာ ကျွန်တော်တို့ (၇)ခု ရှိပါတယ်။ (၇)ခုထဲမှာ ကျွန်တော်တို့ ရှိတာက ခါကာဘိုရာဇီ၊ နတ်မောက်တောင်၊ လန်ပိ၊ အင်းလေး၊ အင်းတော်ကြီး၊ မိန်းမလှကျွန်း ပါတယ်။ အဲဒီတော့ မိန်းမလှကျွန်းကို ကျွန်တော်တို့မှာ ဒီမှာ ထိန်းသိမ်းတာသည် မိန်းမလှကျွန်းနဲ့အတူ မိချောင်း ဒါသည် ဇီဝမျိုးစုံမျိုးကွဲထဲမှာ ဒါကို အလေးထားပြီး ထိန်းသိမ်းပါတယ်။

အဲဒီတော့ မိန်းမလှကျွန်းရဲ့ ထိန်းသိမ်းထားတဲ့ ဧက ထိန်းသိမ်းထားတဲ့ ဧကဟာလည်း တစ်ပိုင်းက ဧက(၃)သောင်းကျော်လောက် ထိန်းသိမ်းနိုင်ပေမယ့်လို့ အဲဒီမှာ လိုအပ်တဲ့ ဒေသခံပြည်သူ

တွေရဲ့ ထင်း လိုအပ်ချက်တွေကို အခုနက စနစ်တကျ ဖြည့်ဆည်းစီမံနိုင်ဖို့ အဲဒီကျေးရွာတွေကို ဆောင်ရွက်ဖို့လည်း လိုနေ ပါတယ်။ ဒါလည်း ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်နေပါတယ်။ နောက် အဲဒီမှာလည်း ကျွန်တော်တို့က တစ်ပြိုင်တည်း ဒီရေတောတွေ ဘာကြောင့် အရေးကြီးသလဲဆိုတော့ ဒီရေတောတွေဟာ ကုန်းတွင်းဂေဟစနစ်နဲ့ ပင်လယ်ပြင်ဂေဟစနစ် (၂)ခုကြားမှာ ထိန်းသိမ်းပေးတဲ့အရာ ဖြစ်ပါတယ်။ ထိုနည်းတူပဲ ကျွန်တော်တို့က ဆားငန်ရေဝင်ရောက်မှုတားဆီးနိုင်တယ်။ မြေပြိုတာကို ကာကွယ်နိုင်တယ်။ မုန်တိုင်းဒဏ်ကို ကာကွယ်နိုင်တယ်။ ရေနေ ငါး၊ ပုစွန် ပွားများမှုတွေဟာ ဒေသခံ ပြည်သူတွေအတွက် အသက်ရှင်သန်နေထိုင်မှုတွေကို ဖြစ်စေနေပါတယ်။ ဒီအပြင် အဲဒီဒေသတွေမှာပဲ ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်လာဖို့အတွက် ပြီးခဲ့တဲ့နှစ်ထဲမှာ ယုန်မွေးကျွန်းမှာ သင်တန်းတွေ ဒီမှာ ခေါ်မပေးဘဲနဲ့ ဒီထဲမှာရှိတဲ့ ခုနက ပြောတဲ့ မိန်းမလှကျွန်းမှာရှိတဲ့ ယုန်မွေးကျွန်းမှာကိုပဲ သင်တန်းတွေ သွားရောက်ပြီးတော့မှ ပညာပေးခြင်း၊ စည်းရုံးခြင်းများကိုလည်း အလေးထား စဉ်ဆက်မပြတ် ဆောင်ရွက် နေပါတယ်။

ဆက်လက်ပြီး ကျွန်တော်တင်ပြသွားမှာတော့ ကနေ့ ကျွန်တော်တို့ အစိမ်းရောင် စီးပွားရေးနဲ့ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေး ဆိုပြီးတော့ နိုင်ငံတကာမှာ ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ အပိုင်းမှာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ သစ်တောကဏ္ဍက ဘာတွေ ဆောင်ရွက်နေလဲ၊ အဲဒီလို ဆောင်ရွက် ခြင်းဖြင့် ဘာတွေ အကျိုးကျေးဇူးရနိုင်တယ်။ ဒါလေးကို ကျွန်တော်အကျဉ်းချုပ် တင်ပြလိုပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ REDD+ တို့ ဒီမှာ ဖော်ညွှန်းထားပါတယ်။ Reducing emission from Deforestation and Forest Degradation ပေါ့နော်၊ ဒါ သူတို့ အတိုကောက်ရေးတာပါ၊ တစ်နည်း ပြောရရင် ကာဗွန်သစ်တောများ ပြုန်းတီးခြင်းနဲ့ သစ်တော အတန်းအစား နိမ့်ကျခြင်းမှာ ကာဗွန် ထုတ်လုပ်မှု လျှော့ချခြင်း လုပ်ငန်းစဉ် ဖြစ်ပါတယ်။ ဒီ လုပ်ငန်းစဉ်ဟာ ကျွန်တော်တို့ စပြီးတော့မှ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ စပြီးတော့မှ ကျွန်တော်တို့ရဲ့ ဒီ UN ဒီ REDD+ Program ကနေပြီးတော့မှ ကျွန်တော် တို့နဲ့ စတင်ပြီးတော့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ အဓိကအားဖြင့် ကျွန်တော်တို့က ဘာကို ဦးတည်လည်းဆိုတော့ သစ်တောများကို ခုတ်လှဲထုတ်လုပ်ခြင်းထက် သစ်တော များကို အရှိအတိုင်းထားရှိခြင်းဖြင့် ပင်ထောင်အတိုင်း ထားရှိခြင်းဖြင့် ကျွန်တော်တို့က သစ်ထုတ်လုပ်ခြင်း ကနေ ရတဲ့ ဝင်ငွေကဲ့သို့ ကျွန်တော်တို့ ဝင်ငွေရရှိလာနိုင်တဲ့ လုပ်ငန်းစဉ် ဖြစ်ပါတယ်။

အဲဒီလုပ်ငန်းစဉ်တွေကတော့ အဓိကအားဖြင့် ကျွန်တော်တို့ သစ်တောပြုန်းတီးမှုကို တားဆီး ခြင်း၊ သစ်တောအတန်းအစား ကျဆင်းခြင်းမှ တားဆီး ကာကွယ်ခြင်း၊ သစ်တောများ ထာဝစဉ်တည်တံ့ရန် စီမံအုပ်ချုပ်ခြင်း၊ သစ်တောများထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ တစ်နည်းပြော ရရင်တော့ သဘာဝတော ထိန်းတဲ့လုပ်ငန်းပါ ပါမယ်၊ နောက် စိုက်ခင်းတွေ ထူထောင်တာ ပါ ပါ့မယ်။ နောက်တစ်ခါ ကျွန်တော်တို့ စီမံအုပ်ချုပ်တဲ့လုပ်ငန်းစဉ်တွေ ပါ ပါ့မယ်။ ဒါတွေအပေါ်မှာ အခြေခံပြီး တော့မှ ကျွန်တော်တို့ လုပ်ငန်းစဉ်(၅)ရပ်အပေါ်က နေပြီးကျွန်တော်တို့ အခြေခံပြီး ဆောင်ရွက်ပါတယ်။ ကနေ့ ကျွန်တော်တို့က အဲဒီ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းနဲ့ ပြည်နယ် အသီးသီးကို ဆင်းပြီးတော့မှ တကယ်အကောင်အထည်ဖော် ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေ ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ဒီ လုပ်ငန်းတာဝန်ခံတွေ ကိုယ်တိုင် ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ်စတဲ့ ဒီ စစ်ကိုင်းတိုင်းတွေကို ဆင်းပြီးတော့မှ တွေ့ဆုံပြီးတော့ ရှင်းလင်းဆွေးနွေးပါတယ်။

အဲဒီတော့ ဒီလုပ်ငန်းတွေကို Pilot Project အနေနဲ့ ဆောင်ရွက်နေတာသည် ခုန ကျွန်တော် တင်ပြခဲ့တဲ့ ရေတာရှည် ကျွန်တော်တို့ မြို့နယ်ထဲမှာ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အဲဒီဆောင်ရွက်ချက်ရဲ့ အကျိုးကျေးဇူးကတော့ ကျွန်တော်တို့ ဘာတွေ ပြန်ရသလဲဆိုတော့ သစ်တောဖုံးလွှမ်းမှု များပြားလာ ပါမယ်။ ရာသီဥတုပြောင်းလဲမှု လျော့ပါးခြင်းဆိုင်ရာ လုပ်ငန်းတွေကို ကျွန်တော်တို့ အထောက်အကူပြု ပါတယ်။ ဇီဝမျိုးစုံ၊ မျိုးကွဲတွေ ထိန်းသိမ်းကာကွယ်နိုင်ပါတယ်။ ဂေဟစနစ်ဝန်ဆောင်မှု တိုးပွားလာနိုင် ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်ပါတယ်။

ကျွန်တော်ဆက်လက်ပြီးတော့မှ ဒါတော့ ကျွန်တော်တို့ရဲ့ သစ်တောမြေအတွင်းမှာ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦး ဆွေးနွေးပါတယ်။ သစ်တောမြေထဲမှာ အကြောင်းအမျိုးမျိုးနဲ့ ကျွန်တော်တို့ ကျူးကျော်ပြီးတော့မှ ရောက်ရှိပြီးတော့မှ လယ်ယာလုပ်ကိုင်နေတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေ အားလုံးအတွက် ဘာတွေ စီမံဆောင်ရွက်သင့်တဲ့ဟာတွေ ဆွေးနွေးသွားတာရှိပါတယ်။ ဒီမှာ ကျွန်တော်တို့ အခုတင်ပြမှာကတော့ ကျွန်တော်တို့ ဒီသစ်တောမြေထဲမှာ နှစ်ကာလ အတန်ကြာ ကျွန်တော်တို့ ဝင်ရောက်နေထိုင်ပြီးတော့မှ ကျေးရွာတွေ၊ လယ်တွေ ဖြစ်တည်ပြီးတော့မှ အဲဒီကျေးရွာ တွေကို ကျွန်တော်တို့က ပြန်ပြီးတော့မှ စနစ်တကျ စုဖွဲ့ထူထောင်ဖို့အတွက် လုပ်ငန်းတွေ ဆောင်ရွက်ခဲ့ ပါတယ်။ အဲဒီ ဆောင်ရွက်တဲ့ အခါမှာ ကျွန်တော်တို့ အိမ်ခြေ(၅၀)နဲ့ အထက် ကျွန်တော်တို့ ပြည်ထဲရေး အမည်ပေါက်၊ အမည်မပေါက်။ နောက် အိမ်ခြေ(၅၀)အောက် ပြည်ထဲရေး အမည်ပေါက်၊ အမည်မပေါက် ကျေးရွာတွေကို တစ်တိုင်းပြည်လုံးမှာ ကျွန်တော်တို့ စာရင်းကောက်မှုလုပ်ငန်းတွေကို စနစ်တကျ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ အဓိကအားဖြင့် ယခင် ကျွန်တော်တို့ သတင်းစာမှာ ကြေညာတုန်းက (၁၂၁၃)ရွာပါ။ သို့သော်လည်း အဲဒီ ပြည်ထဲရေးအမည်ပေါက် (၅၀)နဲ့ အထက်မှာ ကျွန်တော်တို့ ပြန်စိစစ်တဲ့အခါမှာ အမည်ထပ်တာတွေ၊ နောက် တစ်ချို့ရွာတွေ မရှိတော့တာ တွေကြောင့် (၁၁၈၄)ရွာနဲ့ ရွာမြေ၊ လယ်မြေ၊ အများပိုင် မြေ၊ သာသနာ့မြေ၊ (၃၃၇၄၄၄)ဧကကို ကျွန်တော်တို့ စာရင်းပယ်ဖျက်ပြီးတော့မှ ပြည်ထဲရေးကနေ စနစ်တကျ ကျွန်တော်တို့ လယ်သမားတွေ ဆိုလည်း ဒီမှာ လယ်တွေကို ကျွန်တော်တို့က စနစ်တကျ နောက်ပိုင်းမှာ လယ်မြေတွေကို ခုန ပေါင်တာ တွေ၊ သူ့အတွက်ငွေကြေးရရှိနိုင်တဲ့ လမ်းစဥ်တွေ ဒါတွေလုပ်နိုင်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ပယ်ဖျက်ပေးခဲ့ပါတယ်။

ဆက်လက် ပယ်ဖျက်ပေးမယ့် အခြေအနေကလည်း ကျွန်တော်တို့ အိမ်ခြေ(၅၀)နဲ့ အထက် ပြည်ထဲရေး အမည်ပေါက်တဲ့ ကျေးရွာ(၄၀၃)ရွာအတွက် ရွာမြေ၊ လယ်မြေနဲ့ အများပိုင်မြေ၊ သာသနာ့မြေ၊ (၉၅၅၂၈)ဧကကို ဆက်လက် ပယ်ဖျက်ပေးဖို့ ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒါကလည်း ခုန ကျွန်တော်တို့ လူဦးရေတွေ တိုးပွားလာတဲ့အခါမှာ ကျွန်တော်တို့ ကျေးလက်နေ ပြည်သူတွေ အထူးသဖြင့် သူတို့ရဲ့ နေရေးဘဝနဲ့ စားရေးဘဝ၊ လူနေမှုဘဝတွေအတွက် လိုအပ်တဲ့ဟာကို ကျွန်တော်တို့ စဥ်းစား ပြီးတော့မှ တစ်ဖက်က ပယ်ဖျက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ ခုန ဒီ လယ်မြေ၊ အများပိုင်မြေ၊ ဒီမြေတွေ ဟုတ်လား ကျေးရွာမြေတွေ ပယ်ဖျက်သလို၊ ယာတွေ၊ နောက်တစ်ဦးချင်း ပိုင်တဲ့ ဥယျာဥ်ခြံမြေတွေ အဲဒီရွာတွေမှာရှိခဲ့ရင် ကျွန်တော်တို့က အဲဒါတွေကို ကျွန်တော်တို့က အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းနဲ့ နောက်တစ်ခါ သီးနှံရောနှော သစ်တောစိုက်ခင်းထူထောင်ဖို့ ဒါတွေကိုလည်း စဉ်းရုံးပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးနေပါတယ်။ သူတို့ မဆုံးရှုံးရအောင်လို့ တစ်ချို့က ယာတွေ ရှိပါတယ်။ ယာဖြစ်တဲ့ဟာလည်း ကျွန်တော်တို့က တစ်ဖက်က ယာလုပ်ကိုင်ခွင့် လည်းပေးမယ်။ ယာစည်းရိုး

တွေမှာ သစ်ပင်တွေ စိုက်မယ် စသည်ဖြင့် သူတို့ရဲ့ လုပ်ပိုင်ခွင့်လည်း ရစေ၊ တစ်ဖက်ကလည်း သစ်တော ကို ထူထောင်စေဆိုတဲ့ နည်းလမ်းကိုသွားမှာ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ တရားမဝင်သစ် ဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းအပိုင်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်ရှင်းလင်းတင်ပြရရင် ကျွန်တော်တို့ တရားမဝင်သစ် ခုနက ကျွန်တော်တို့ သစ်ထုတ်လုပ်ခြင်း၊ တရားဝင်၊ တရားမဝင်ဆိုပြီးတော့ ကျွန်တော် သစ်တောပြုန်းတီးရတဲ့ အကြောင်းတရားထဲမှာ ဖော်ထုတ်ခဲ့ပါတယ်။ အဲဒီအထဲမှာ အဓိက ကျွန်တော်တို့နိုင်ငံအတွက် အလွန်ပဲ ဒီ တရားမဝင်သစ်ဟာ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ထိန်းသိမ်းကာကွယ်ပြီး၊ ပူးပေါင်းဆောင်ရွက် ကြဖို့ လိုအပ်လှပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကနေ့ ကျွန်တော်တို့ တင်ပြပါ ကိန်းဂဏန်းတွေက ဖမ်းဆီး ရမိတဲ့ ကိန်းဂဏန်းသာ ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ မဖမ်းနိုင်ဘဲနဲ့ စီးဆင်းသွားတဲ့ အရာတွေ များစွာရှိပါတယ်။ ဒါဟာ အမှန်အတိုင်းပဲ သုံးသပ်ကြရမှာ ဖြစ်ပါတယ်။ ဒီ နေရာမှာ ကျွန်တော်တို့ ၂၀၀၅-၂၀၀၆ ကနေ ၂၀၁၃-၂၀၁၄ အထိ ဆိုရင် ကျွန်တော်တို့ စုစုပေါင်း လုံးတန်အားဖြင့် (၂၄၄၀၇၈)တန်၊ ခွဲသားတန် (၁၀၈၆၅၆)၊ စုစုပေါင်း (၃၅၂၇၃၄)တန် ဖြစ်ပါတယ်။ ဒီမှာလည်း ကားအားဖြင့် (၄၀၉၄)စီး၊ ဆိုင်ကယ်(၁၁၈၇)စီး၊ ထော်လာဂျီ(၄၇၆)စီး၊ ထွန်စက်(၅)စီး၊ စက်လှေ(၉၇၄)စီး၊ ကရိန်း(၇)စီး စတဲ့ ယာဥ်ယန္တရားတွေကိုပါ ကျွန်တော်တို့ ဖမ်းဆီးနိုင်ပြီးတော့မှ နိုင်ငံတော်ကို ပြန်လည်အပ်နှံနိုင်ခဲ့ပါတယ်။

နောက်ဒီမှာတော့ ကျွန်တော်တို့ အထူးသဖြင့် ကနေ့ ကျွန်တော်တို့အတွက် အလွန်အရေးကြီးတဲ့ issue ဖြစ်တဲ့ တစ်ဖက်နိုင်ငံနယ်စပ်မှာရှိတဲ့ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ် လားရှိုးတစ်ဝိုက်မှာ ဖမ်းဆီး ရမိတဲ့ သစ်ပမာဏကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ခုန ၂၀၀၅-၂၀၀၆ ကနေ ၂၀၁၃-၂၀၁၄ အထိ (၂၄၀၆၉၈)၊ တစ်နည်းပြောရရင် သုံးပုံနှစ်ပုံလောက်ဟာ မိနေတယ်လို့ ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော် အလျဥ်းသင့်လို့ တင်ပြရရင် တရားမဝင်သစ် ဒီကိစ္စနဲ့ ပတ်သက်လို့ ခုန လွှတ်တော် ကိုယ်လှယ်ကြီး ဦးစံပြည့် ဆွေးနွေးသွားတဲ့အခါမှာ ပါ ပါတယ်။ တကယ်တော့ ဒီ တရားမဝင်သစ်ကို ကျွန်တော်တို့ ခေတ်အဆက်ဆက်လည်း တာဝန်ယူခဲ့တဲ့ အစိုးရများကလည်း အလေးထားပြီး ဆောင်ရွက် ခဲ့ပါတယ်။ ယခင်ကာလက ၂၀၀၆ အချိန်ကာလမှာ ကျွန်တော်တို့ကိုယ်တိုင်လည်း ပါဝင်ပြီးတော့မှ ဒါ တာဝန်ယူဆောင်ရွက်ခဲ့တာ ရှိပါတယ်။ ဒါကတော့ အဲဒီအချိန်မှာ နိုင်ငံတော် အတွင်းရေးမှူးဖြစ်တဲ့ လက်ရှိ နိုင်ငံတော် သမ္မတကြီးကိုယ်တိုင် မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမိတ်ကို သွားပြီးတော့မှ ဒီ တရားမဝင် သစ် တားဆီးကာကွယ်ရေးလုပ်ငန်းတွေကို အလေးထား ဆောင်ရွက်ဖို့အတွက် စီမံချက်ရေးဆွဲပြီး ပြည်သူလူထု နဲ့ပါ ထိတွေ့ပြီး ပြည်သူတွေ ပါဝင်တဲ့ တားဆီးကာကွယ်ရေးလုပ်ငန်းစဥ်တွေကို ချမှတ်ပြီး ဆောင်ရွက် ပါတယ်။ အဲဒီ အချိန် ကာလမှာ အဲဒီနှစ်မှာ ကျွန်တော်တို့ ကားများရော၊ လူများရော ခုန ကျွန်တော်တို့ ရာချီ ပြီးတော့ မိပါတယ်။ မိတဲ့အတွက် ဒီပြဿနာဖြေရှင်းဖို့အတွက် ဒါ အလျဥ်းသင့်လို့ အကျဥ်းချုပ် တင်ပြရရင် တစ်ဖက်ကလည်း ဒီလိုတားဆီးကာကွယ် သလို၊ တစ်ဖက်ကလည်း သံတမန်နည်းလမ်းအရ ကျွန်တော်တို့ ကြိုးစား နိုင်ငံတော်က ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ အဲဒီအချိန်ကာလက ၂၀၀၆ ခုနှစ်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနကလည်း ဆောင်ရွက်သလို၊ တစ်ဖက်ကနိုင်ငံတော် အဆင့်ကနေ ပြီးတော့မှ ကနေ့ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ခေါင်းဆောင်ပြီးတော့မှ ကျွန်တော်တို့ အဖွဲ့ဝင်နဲ့ လိုက်သွားပြီး ၂၀၀၆ ခုနှစ်၊ ဧပြီလ ၁၉ ရက်ကနေ ၂၆ ရက်နေ့အထိ အဲဒီ တရုတ်၊ ယူနန်ပြည်နယ် ကူမင်းမှာ ကျွန်တော်တို့ သူတို့ဆီကတော့ ကျွန်တော်တို့ ခေါ်ရရင်တော့ ဗဟိုပေါ့၊ ဗဟိုအစိုးရက တာဝန်ရှိတဲ့ပုဂ္ဂိုလ်များကို ကျွန်တော်တို့ ဆွေးနွေးပါတယ်။

သို့သော်လည်းပဲ ကနေ့အချိန်အထိ ဒီ လုပ်ငန်းစဉ်တွေဟာ ထိရောက်တဲ့ သက်ရောက်မှု အားနည်းလှပါတယ်။ အားနည်းတဲ့အတွက် လည်း ဒါ အခုလို ကြုံတွေ့ရတာဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော် အလျဉ်းသင့်လို့ တင်ပြရရင် တရားမဝင်သစ်ဟာ တစ်ဖက်ကတော့ ကျွန်တော်တို့ ပြည်တွင်းမှာ ရှိတဲ့ လုံခြုံရေးနဲ့ တရားဥပဒေ စိုးမိုးမှုရှိတဲ့နေရာတွေမှာ ကျွန်တော်တို့တွေ၊ ကျွန်တော်တို့ ဝန်ထမ်း အဖွဲ့အစည်းတွေက လုပ်ငန်းအစီအမံ ရေးဆွဲပြီးတော့မှ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက် နိုင်သော်လည်း၊ တရားဥပဒေစိုးမိုးမှုနဲ့ လုံခြုံရေးအားနည်းတဲ့ နယ်မြေတွေမှာတော့ ကျွန်တော်တို့ အလွန်ပဲ ခက်ခဲလှပါတယ်။

တစ်ဖက်က ဒီလိုအခြေအနေမျိုးမှာ အဓိကအားဖြင့်တော့ ကျွန်တော်တို့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စတဲ့ ဒီအဖွဲ့အစည်းတွေရဲ့ အားတွေကို ရယူပြီး ဆောင်ရွက်ကြရတာ ဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ အလျဉ်းသင့်လို့ တင်ပြရရင် ကနေ့အချိန်အထိ ကျွန်တော်တို့တွေ ဆောင်ရွက်တဲ့ အပိုင်းမှာ ခုနမြန်မာနိုင်ငံ သစ်တောလုံခြုံရေး ရဲတပ်ရင်းဖွဲ့စည်းတယ်ဆိုပေမယ့်လို့ ကနေ့ကျွန်တော်တို့ ပွင့်လင်းရာသီ ကနေ့အချိန်အထိဟာ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ အင်အားနဲ့ပဲ ကျွန်တော်တို့ တည်ဆောက်ပြီး ဆောင်ရွက်နေပါတယ်။ လာမယ့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှသာ သူတို့စတင်ပြီးတော့မှ တာဝန် ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆောင်ရွက်တဲ့ အခါမှာလည်း ခုန မိုးမိတ်ဒေသကို ကျွန်တော်ကိုယ်တိုင် ဒီဇင်ဘာလ ၆ ရက်နေ့က သွားပြီးတော့မှ ကျွန်တော်တို့ အထူး ကိစ္စရပ်အနေနဲ့ ကျွန်တော်တို့ ဝန်ထမ်းတွေနဲ့ပဲ လုံခြုံရေး အကန့်အသတ်ရှိသော်လည်း ဆောင်ရွက်တဲ့ အခါမှာ ကျွန်တော်တို့ အဖိုးတန် သစ်မျိုးတွေ (၈၇၁)တန် လောက်ရပါတယ်။

ထို့နည်းတူပဲ ဗန်းမော်ဒေသကို ကျွန်တော် ဒီဇင်ဘာလ ၂၆ ရက်နေ့မှာ ကျွန်တော်ကိုယ်တိုင် သွားပါတယ်။ သွားပြီးတော့ အောက်ခြေကျွန်တော်တို့ ဝန်ထမ်း တွေရော၊ ကျွန်တော်တို့ တစ်ဖက်က ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့ နမ့်ဟန် က သစ်ကိစ္စ၊ ဒါက ကျွန်တော်တို့ဆီမှာ ရှိပြီးသားပါပဲ၊ အဲဒီတုန်းက (၄၀၉) တန် မိတယ်လို့ ပြောတယ်ဆိုတဲ့ အပိုင်းမှာလည်း (၄၀၉)တန် အဲဒီအချိန်မှာ နယ်မြေ လုံခြုံရေး၊ သူတို့တာဝန်၊ အခြေအနေအရ ကျွန်တော်တို့ ဒီ ဝန်ထမ်းတွေ ပြန်ဆုတ်လိုက်ရပါတယ်။ ဆုတ်လိုက်ရပြီးတော့ အခုအချိန်အခါမှာ အဲဒီ့ ကျွန်တော်တို့ ၂၆ ရက်နေ့သွားပြီး၊ ၂၈ ရက်နေ့မှာလည်း ကျွန်တော် ဗန်းမော်ခရိုင်၊ AD ကိုယ်တိုင်၊ ကနေ့ သတင်းစာမှာ ပါ ပါတယ်။ ကျွန်တော်တို့ သွားပြီးမှ အဲဒီ့သစ်လုံးတွေကို စနစ်တကျ တိုင်းပါတယ်။ သစ် အမျိုးအစားနဲ့ သစ်လုံးတွေကို တိုင်းတယ်။ ပြီးရင် စာရင်းပြုစုတယ်။ တစ်ဖက်ကလည်း တစ်ပြိုင်တည်းမှာပဲ ကျွန်တော်တို့ ဝန်ကြီးဌာနအစီအစဉ်နဲ့ မြန်မာ့ သစ်လုပ်ငန်းက စက်ယန္တရားတွေနဲ့ မြေသားလမ်းကို ဖောက်ရပါတယ်။ ကျွန်တော်တို့ ဟိုဘက်က လမ်းတွေ၊ တံတားတွေ ချိုးထားပါတယ်။ ချိုးထားတဲ့ အတွက် ကျွန်တော်တို့ တိုက်လို့မရပါဘူး။ ဒီအတွက် ကျွန်တော်တို့ အစီအစဉ်နဲ့ပဲ ကျွန်တော်တို့က ဒါကို သစ်တိုက်ထုတ်ဖို့ စီစဉ်ပါတယ်။ စီစဉ်တဲ့အခါမှာလည်း လမ်းကြောင်းမှာ တစ်ချို့နေရာတွေ မိုင်းဗုံးချထားတဲ့အတွက် တချို့နေရာတွေကို တပ်ရဲ့ အကူအညီနဲ့ မိုင်းရှင်းပြီးတော့မှ လမ်းကြောင်းကို ဖောက်ရတဲ့အတွက် လမ်းကြောင်းပေါက်သွားပါတယ်။ တိုက်ဖို့ အစီအစဉ် ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့ တရားမဝင်သစ်မှာ တာဝန်ယူဆောင်ရွက်နေတဲ့ သူတွေ ကန့်ထရိုက် ရတယ်ဆိုတဲ့အပိုင်း၊ ဒါလည်း ကျွန်တော်တို့က ကျွန်တော်တို့ သစ်တိုက်တဲ့အခါမှာ ခုနက သစ်လုံးတွေကို ကျွန်တော်တို့က တိုင်းတယ်။ ပြီးရင် ဖမ်းတံဆိပ်ရိုက်တယ်။ နောက်ပြီးတော့ ဒီမှာ အတိုင်းစာရင်းပါတယ်။ နောက်ပြီးရင် ဒီကားတွေပေါ်မှာ ကျွန်တော်တို့က သတ်မှတ်ထားတဲ့ စနစ်တကျ

ဒီဟာတွေကို တင်ဆောင်မယ်။ ချတယ်၊ ခုနက သူအကြံပြုတဲ့အပေါ်မှာလည်း ကျွန်တော်တို့က ကျွန်တော့် အောက်ခြေကို ဒါကိုချက်ချင်းပဲ ဟိုတစ်နေ့က တွေ့ခဲ့ရတာ ကျွန်တော့်ပြောတယ်။ ကျွန်တော်ချက်ချင်းပဲ ညွှန်ကြားပြီးတော့ ဒါကို အလေးထားဆောင်ရွက်ပါတယ်။

တစ်နည်းပြောရရင်တော့ ကျွန်တော်တို့ တရားမဝင်တဲ့ ကျွန်တော်တို့ရဲ့ လုပ်နည်းလုပ်ဟန်တွေနဲ့ ကျွန်တော်တို့ရဲ့ လုပ်ငန်းတာဝန်ဆောင်ရွက်မှုတွေကို ထိခိုက်လာမယ့်အရာတွေကို အခုလို အကြံပြုပေးတာကိုလည်း လက်ခံပြီးတော့ ကျွန်တော် ပြင်ဆင်ဆောင်ရွက်ပါတယ်၊ ဒီနေရာမှာလည်း တရားမဝင်သစ် ဘာကြောင့် ကျွန်တော်တို့ လူတွေဟိုဟာ လုပ်သလဲဆိုတော့ ဒါ ခုနက ကျွန်တော် အလွတ်သဘောပြောရရင် သစ်တစ်ပင်ခုတ်လိုက်ရင် ကနေ့ ကျွန်တော်တို့ ဒီဘက် ပဲခူးရိုးမမှာ တစ်ချို့ ဖမ်းမိတဲ့အခါ ကလေးတွေရတဲ့ ငွေဟာ သစ်(၃)ပင်လောက် ခုတ်ရင် နှစ်သောင်း၊ သုံးသောင်းလောက် ရပါတယ်။ ခုတ်ခ၊ အဲဒီတော့ တစ်နည်းပြောရရင်တော့ မြေပေါ်မှာ ပေါက်ရောက်ပြီးတော့မှ ထင်ရှားပြီးတော့ လွယ်ကူတဲ့၊ ခိုးလွယ်တဲ့အရာ ဖြစ်နေတယ်။ နောက်တစ်ခုကတော့ အဲဒီ့ လူအများစုဟာ တစ်ဖက်ကခုန ကျွန်တော်တို့ နယ်စပ်ဒေသနဲ့ ထိစပ်တာမပါဘဲနဲ့ ပြည်မထဲမှာကတော့ ကျွန်တော်တို့က လူမှုစီးပွားရေးဘဝနဲ့ နည်းနည်းလေး ဆိုင်ပါတယ်။ လူမှုစီးပွားရေးဘဝ ကျွန်တော်တို့က ထိုက်သင့်တဲ့ အသိဉာဏ်နဲ့၊ ထိုက်သင့်တဲ့ လူမှုစီးပွားဘဝ တိုးတက်လာရင်တော့ ဒါဟာ တစ်ဖက်ကလည်း ကျွန်တော်တို့နဲ့ အတူတူပူးပေါင်းဆောင်ရွက်လာနိုင်မယ်လို့ ထင်ပါတယ်။

အဲဒီမှာ တင်ပြထားတာတော့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ တကယ် တစ်ဖက်နိုင်ငံကို တရားမဝင်သစ် ခိုးထုတ်တဲ့အခါမှာ တစ်နည်းပြောရရင် ကျွန်တော်တို့ ထုတ်တဲ့ ပမာဏသည် ဟိုတုန်းက ကျွန်းတန်(၃)သိန်း ထုတ်နေတဲ့ အချိန်မှာ ကျွန်တော်တို့နဲ့ နည်းတူနည်းပါး တစ်ဖက်ကို နှစ်စဉ် ခိုးထုတ်ခံရပါတယ်။ ဒါလည်း ကျွန်တော်တို့ဆီမှာ Global witness ဆိုတာ အင်္ဂလန်နိုင်ငံ၊ ဗြိတိန်က လာပြီးတော့ တွေ့တဲ့အခါမှာလည်း ကျွန်တော်တို့နဲ့ ဆွေးနွေးပါတယ်။ အဲဒီတော့ ဒီမှာလည်း နိုင်ငံရေးအရ ကျွန်တော်တို့က ဘာတွေဖြစ်သလဲဆိုတော့ ကျွန်တော်တို့ ရဲ့ အချုပ်အခြာအာဏာ ထိပါးခံရပါတယ်။

နောက်တစ်ခုကတော့ စီးပွားရေးအရ တင်ပြပါအတိုင်း ကျွန်တော်တို့ ထိခိုက်ပါတယ်။ လူမှုရေးအရလည်း ထိခိုက်ပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာလည်း တင်ပြပါ အချက်များအတိုင်း ကျွန်တော်တို့ ထိခိုက်တာကို အားလုံးတွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါတော့ ကျွန်တော်တို့ ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံလေးတွေ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့မှ ခုနက ကျွန်တော်တို့ တရားဝင်၊ တရားမဝင် သစ်ထုတ်တဲ့အခါမှာ သစ်ထုတ်လုပ်မှုကို ကျွန်တော်တို့ သစ်တောတွေ ပြုန်းတီးမှုရဲ့ အခြေခံ အကြောင်းတရား တွေဖြစ်တယ်။ တရားဝင် သစ်ထုတ်လုပ်မှု လျှော့ချဖို့ လုပ်ငန်းစဉ်ကို တင်ပြမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ မှာ ကျွန်းက (၁၈၆၆၅၀)တန်နဲ့ သစ်မာ(၇၈၇၆၀၀)တန်ထုတ်လုပ်ဖို့ သတ်မှတ်ထားခဲ့ပေမယ်လို့ ကျွန်တော်တို့ ကျွန်းက(၄၉.၅၅)ရာခိုင်နှုန်း၊ သစ်မာ(၅၆.၂၄) ရာခိုင်နှုန်း ကျွန်တော်တို့ လျှော့ပြီးထုတ်ပါတယ်။ ၂၀၁၄-၂၀၁၅ မှာတော့ ကျွန်တော်တို့ နှစ်စဉ် တောထွက် Annual allowance က ဘောင်အတွင်းကနေပြီးတော့ ကျွန်း တန် ခြောက်သောင်း၊ သစ်မာ၊ တန် ခြောက်သိန်းခုနှစ်သောင်း ကို ထုတ်လုပ်ဖို့ ကျွန်တော်တို့ အစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက် ရှိပါတယ်။ တစ်နည်းပြောရရင် သစ်ထုတ်လုပ်မှု အားလုံးကို လျှော့ချပြီးတော့မှ မြန်မာ့သစ်လုပ်ငန်းက အစီအစဉ်နဲ့ပဲ ထုတ်လုပ်မှုကို

ဆောင်ရွက်မှာ ဖြစ်ပြီးတော့မှ ကျန်တဲ့ အခြားသော ကုမ္ပဏီများကို ကျွန်တော်တို့ သစ်ထုတ်လုပ်ခွင့် ပြုတော့မှာ မဟုတ်ပါဘူး။

သို့သော်လည်း ဒီမှာ ကျွန်တော်တို့ သစ်တောတွေကို စီမံအုပ်ချုပ်တဲ့ အခါမှာ နောက်ပိုင်းမှာ ကျွန်တော်တို့ သွားမယ့်လမ်းကြောင်းက long lease နှစ်ရှည်ငှားရမ်းခြင်း ကြိုးဝိုင်းတွေကို၊ နောက်တစ်ခါ ထိုနည်းအတူပဲ ကျွန်တော်တို့ Joint Management ပူးပေါင်းပြီးတော့မှ ကျွန်တော်တို့ရဲ့ စီမံအုပ်ချုပ်ခြင်း၊ နောက်တစ်ခါ private puplic partnership (PPP) ဒီလိုလုပ်ငန်းတွေနဲ့ ကျွန်တော်တို့ သစ်တောကြိုးဝိုင်းတွေကို နှစ်ရှည် ထာဝစဥ်တည်တံ့နေဖို့ ကျွန်တော်တို့က သစ်ထုတ်လုပ်ခြင်းကို တစ်ဖက်က ထိန်းသိမ်းသလို တစ်ဖက်ကလည်း အဲဒီလို ရေရှည်စီမံဆောင်ရွက်သွားဖို့ ကျွန်တော်တို့ လျာထား ဆောင်ရွက်လျက် ရှိပါတယ်။

နောက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ စပြီးတော့မှ သစ်လုံးလိုက် တင်ပို့မှု ရပ်ဆိုင်းမယ် ဆိုတာလည်း ကျွန်တော်တို့ အတိအလင်းတင်ပြပြီး ဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့ သစ်လုံးလိုက်တင်ပို့မှုကို ရပ်ဆိုင်းလိုက်တဲ့ အတွက် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေ ဒါလည်း ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့အထဲမှာ ပါ ပါတယ်။ အဲဒီတော့ ဒီမှာလည်း ကျွန်တော်တို့ ဘက်က ဆောင်ရွက်သွားမယ့် အပိုင်းပါ။ ဒီ ပထမဆုံး ကုမ္ပဏီနဲ့ လုပ်ငန်းရှင်တွေကို ရောင်းချထားတဲ့ လက်ကျန်သစ်လုံးစာရင်းတွေကို စာရင်းကောက်ပါတယ်။ စာရင်းကောက်တယ်ဆိုတဲ့အထဲမှာ စာရင်းကောက်သလို မြေပြင်စာရင်းကိုလည်း ရယူပါတယ်။ ထိုနည်းအတူပဲ ထုတ်လုပ်ပြီး ရောင်းချရန် ကျန်ရှိတဲ့ သစ်လုံးများ စာရင်းကို စာရင်းပြုစုတယ်။ မြေပြင် စာရင်းကောက်တယ်။ နောက် ကုမ္ပဏီ၊ လုပ်ငန်းရှင်များမှ ဝယ်ယူထားတဲ့ လက်ကျန်သစ်လုံးများကို သစ်အခြေခံ အချောထည်လုပ်ငန်းနဲ့ သစ်ခွဲသားအဖြစ်နဲ့ ခွဲစိတ်ရောင်းချခြင်း လုပ်ငန်းများမှာ သုံးစွဲဖို့ အလေးထားကြီးကြပ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ထုတ်လုပ်ပြီး လက်ကျန်သစ်လုံးများနဲ့ နောင် လျှော့ချထုတ်လုပ်မယ့် ထွက်ရှိလာမယ့် သစ်လုံးများကို ကျွန်တော်တို့ ဈေးပြိုင်စနစ်၊ အိတ်ဖွင့် တင်ဒါစနစ်နဲ့ လွတ်လပ်စွာ ရောင်းချပြီး၊ ရောင်းချလာတဲ့ သစ်လုံးကိုသာလျှင် သစ်အချောထည် လုပ်ငန်းနဲ့ သစ်ခွဲသားအဖြစ် ခွဲစိတ်ရောင်းချတဲ့ လုပ်ငန်းများဖြင့် ကြပ်မတ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ ဒီမှာ သစ်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေရဲ့ ရရှိတဲ့ သူတို့ရဲ့ အကျိုးစီးပွားအပြင် ကျွန်တော်တို့ နိုင်ငံရဲ့ အခြားသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဥ်တွေ၊ နိုင်ငံဖွံ့ဖြိုးရေး လုပ်ငန်းစဥ် တွေမှာ ပါဝင်ဆောင်ရွက်ခဲ့တာကို ကျွန်တော် အကျဥ်းချုပ်တင်ပြခြင်း ဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ရဲ့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို တစ်ဖက်က ရှေ့ရှုဆောင်ရွက်သလို၊ တစ်ဖက်ကလည်း ၎င်းတို့ရဲ့ အကျိုးစီးပွားအပြင် ကျွန်တော် တင်ပြပါ အတိုင်း ဒေသခံပြည်သူတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူ လုပ်ငန်းတွေကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့တာရှိပါတယ်။ ရှမ်းပြည်နယ်မှာဆိုရင် ကျွန်တော်တို့ ပညာရေးပိုင်း မိုင်းပန်မှာ ပညာရေး၊ ကျန်းမာရေး၊ တာချီလိတ်၊ မိုင်းတုံ၊ မိုင်းပန်မှာ ရေရရှိရေးနဲ့ လူမှုရေး၊ နောက် တာချီလိတ်၊ မိုင်းပန် မှာပဲ မီးရရှိရေး၊ သာသနာရေး၊ ဆောက်လုပ်ရေး၊ မိုင်းတုံ၊ တာလေ ဒါ ကျွန်တော်တို့ တာလေ လျောင်မှာတုန်းက သူတို့ကို အကူအညီပေးပြီး ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေးက တာချီလိတ်၊ မိုင်းဆတ်၊ မိုင်းပန် ဒီမှာ ဒါ လမ်းပန်းဆက်သွယ်ရေး အပိုင်းတွေ ကူညီဆောင်ရွက်ပေးခဲ့တာရှိပါတယ်။ နောက် ချင်းပြည်နယ်မှာ အထူးသဖြင့် ကျွန်တော်တို့ ချင်းပြည်နယ်က ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး ပြည်နယ်ဖြစ်ပါတယ်။ ဒီပြည်နယ်မှာ ကျွန်တော်တို့ အထူးသဖြင့် ဒါ ချင်းပြည်နယ်က တစ်ချို့ လွှတ်တော်ကိုယ်စားလှယ်တွေလည်း သိပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနက သွားရောက်ပြီးတော့မှ ပညာရေးဆိုင်ရာမှာလည်း ကျွန်တော်တို့ စာသင်ကျောင်းတွေ၊ ထို့အပြင် စာသင်ကျောင်းတွေမှာ ဝေးလံတဲ့ ဒေသကနေ လာတက်တဲ့အခါမှာ ကျောင်းအိပ်၊ ကျောင်းစား၊ အဆောင်တွေ ဆောက်လုပ်ပေးခြင်း၊ ထိုနည်းတူစွာ ကျွန်တော်တို့ ကျောင်းတွေရဲ့ အင်္ဂါရပ်တွေ မကောင်းတာကို အင်္ဂါရပ်ကောင်းအောင်၊ နောက် ကျောင်းအသစ်တွေ ဆောက်လုပ်တာ ဒါတွေ ဆောင်ရွက်ပေးပါတယ်။ မီးရရှိရေးကိုလည်း ကျွန်တော်တို့ ရေအားလျှပ်စစ်၊ ကျေးရွာသုံးရေအားလျှပ်စစ်တွေကို ကျွန်တော်တို့ ထူထောင်ပေးခဲ့ ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း ကျွန်တော်တို့ ဖလမ်း၊ ထန်တလန်၊ ကန်ပက်လက်၊ မတူပီ၊ တီးတိန်၊ မင်းတပ်၊ ရေဇွာ၊ ပလက်ဝ စတဲ့ အဲဒီနေရာတွေမှာ ဂျစ်ကားလမ်း(၄၂)မိုင်၊ ဆိုင်ကယ်လမ်း (၁၁၉)မိုင် ဒါကို ကျွန်တော်တို့ စက်ယန္တရားတွေ၊ စက်သုံးဆီတွေ သုံးပြီးတော့ ဖောက်လုပ်ပေးခဲ့ပါတယ်။ ဒါ ဖော်ပြပါ လမ်းတွေကတော့ ကျီခါးမြို့နယ်ကို ကျွန်တော်တို့ ကျီခါး-ခွေဗွမ်း ကျေးရွာချင်း ဆက်လမ်း၊ အောက်ဖက်ကတော့ ကျွန်တော်တို့ လိုင်ဗား ကနေပြီး လေးလက် အထိ ကျေးရွာချင်းဆက်လမ်းတွေကို ဖောက်လုပ်ထားတဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော်တို့ သစ်ထုတ်လုပ်တဲ့ ကုမ္ပဏီတွေ၊ တစ်ပိုင်းက ဒေသဖွံ့ဖြိုးရေးကို ပါဝင်ပူးပေါင်း လှူဒါန်းဆောင်ရွက်သလို၊ တစ်ဖက်က သူတို့ထုတ်လုပ်ခဲ့တဲ့ သစ်ထုတ်လုပ်မှုအပေါ်မှာ ထိခိုက်ခဲ့တဲ့ သစ်တော အထိုက်အလျောက် ပြုန်းတီးခဲ့တဲ့ အပေါ်မှာ ပြန်လည်ပေးဆပ်တဲ့အနေနဲ့ သစ်တော စိုက်ခင်းတွေကို ကျွန်တော်တို့ အလေးထားထူထောင် စိုက်ခင်းတွေကို ထူထောင်စေခဲ့ပါတယ်။ အဲဒီမှာတော့ ဖော်ပြပါအတိုင်း ကျွန်တော်တို့ ၂၀၀၄-၂၀၀၅ ကနေပြီး စတင်ပြီးဆောင်ရွက်ခဲ့တဲ့အခါမှာ ကနေ့အထိ (၃၃၅၂၀)ဧက ထူထောင်ပြီး ဖြစ်ပါတယ်။ ဒါနဲ့ ဆက်စပ်ပြီး တစ်လက်စထဲ တင်ပြလိုတာက ကျွန်တော်တို့ ကနေ့ သစ်အခြေခံစက်မှုလုပ်ငန်းထူထောင်ဖို့ ပြည်ပကနေ လာရောက် ရင်းနှီးမြှုပ်နှံတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဖွဲ့အစည်းများ၊ နောက် ပြည်တွင်းသစ်အခြေခံစက်မှုလုပ်ငန်းကို ထူထောင်မယ့် အဖွဲ့အစည်းများ အားလုံးကို ကျွန်တော်တို့ အတိအလင်း ကတိကဝတ်လည်း ယူခိုင်းပါတယ်။ အဲဒါကတော့ ကျွန်တော်တို့သည် သဘာဝတောများမှ ထုတ်လုပ်တဲ့သစ်များကို အခြေခံတဲ့ သစ်အခြေခံ စက်မှုလုပ်ငန်း မဟုတ်ဘဲနဲ့ ကျွန်တော်တို့သည် အထိုက်အလျောက် Anitial stage ကို သာလျှင် ဈေးပြိုင်စနစ်နဲ့ ဝယ်ယူပြီးတော့မှ ဆောင်ရွက်ဖို့ ရေရှည်မှာ မိမိကိုယ်တိုင် စိုက်ပျိုးပြီးတော့ ထုတ်လုပ်တဲ့ သစ်မှ သစ်အခြေခံ စက်မှုလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ကျွန်တော်တို့ ညှိနှိုင်းထားရှိပါတယ်။

နောက်ဆက်လက်ပြီးတော့ ဒါကတော့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနရဲ့ ဖြစ်ပေါ်တိုးတက်မှုနဲ့ ဆောင်ရွက်ချက် အကျဉ်း တင်ပြခြင်း ဖြစ်ပါတယ်။ ဒါလည်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တစ်ဦး ဆွေးနွေးသွားပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနဟာ သစ်တောရေးရာဝန်ကြီးဌာနက ဆိုပြီးတော့ အစက ဆောင်ရွက်ခဲ့ပေမယ်လို့ ၂၀၁၁ မှာ စပြီးတော့မှ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနဆိုပြီးတော့ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှာ စပြီး အမည်ပြောင်းပြီး ဖွဲ့စည်းပါတယ်။ ပြီးတော့မှ ဒါနဲ့အတူပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကို ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေပြီး အတည်ပြုပေးတဲ့အတွက် မတ်လ(၃၀)ရက်နေ့မှာ

ကျွန်တော်တို့ ဒီဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့နည်းဥပဒေကိုလည်း ကျွန်တော်တို့ ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။

ဒီအပြင် ခုန ဆွေးနွေးတဲ့အခါမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်တွေဖြစ်တဲ့ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း၊ EIA နောက်တစ်ခါ SIA၊ HIA၊ EMP စတဲ့ ဒီလုပ်ငန်းစဉ်တွေ အားလုံးကို ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် နိုင်ငံတကာစံနှုန်းများနဲ့အညီ ရေးဆွဲနိုင်မှု အာရှ ဖွံ့ဖြိုးရေးဘဏ်နဲ့ နောက်တစ်ခါ JICA အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း တင်ပြလိုပါတယ်။ ဒါကတော့ ကျွန်တော်တို့နိုင်ငံ ယနေ့အချိန်အခါမှာ အာဆီယံဥက္ကဋ္ဌ တာဝန်ယူထားပြီးတဲ့အခါမှာ အာဆီယံဒေသအတွင်း ကျွန်တော်တို့ သစ်တောကဏ္ဍခုက ပူးပေါင်း ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်(၄)ရပ်ရှိပါတယ်။ ဒါကတော့ ခုနက အာဆီယံလူမှု သစ်တော ကွန်ရက်၊ နောက် အာဆီယံသဘာဝပတ်ဝန်းကျင်နဲ့ ဇီဝမျိုးစုံ မျိုးကွဲလုပ်ငန်းများအဖွဲ့၊ အာဆီယံဒေသအတွင်းတောရိုင်းတိရစ္ဆာန်များ တရားမဝင် ကူးသန်းရောင်းဝယ်မှု အရေးယူဆောင်ရွက်ရေးအဖွဲ့၊ အာဆီယံ ဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနတို့ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ခုန နိုင်ငံတကာ မိသားစုဝင်နိုင်ငံ ဖြစ်ပါတယ်။

ကနေ့အချိန်အခါမှာ နိုင်ငံရေးစနစ်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးစနစ် ပြောင်းလဲမှု၊ ခုနက စီးပွားရေးစနစ်ပြောင်းလဲမှု ကျွန်တော်တို့ရဲ့ လွှတ်တော် နောက်တစ်ခါ ရွေးချယ်ခံပုဂ္ဂိုလ်များနဲ့ ပြည်သူ့ဆန္ဒနဲ့အညီ တင်မြှောက်ထားတဲ့ အစိုးရပေါ်ပေါက်လာတဲ့အခါမှာ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ အသင်းများကနေပြီးတော့ ဒါတွေဟာ ကျွန်တော်တို့နဲ့ ယခင်ထက်ပိုပြီးတော့ နီးစပ်စွာ ဆောင်ရွက်လာပါတယ်။ ဒီလိုဆောင်ရွက်တဲ့အထဲမှာ ပထမဦးစွာတော့ ကျွန်တော်တို့က ယခင်ကတည်းက ကျွန်တော်တို့နိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ၊ နိုင်ငံတကာ မိသားစုဝင် နိုင်ငံဖြစ်တဲ့အတွက် ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲ convention UNCBD၊ နောက် ကုလသမဂ္ဂ သဲကန္တာရတိုက် UNCCD၊ ကုလသမဂ္ဂ ရာသီဥတု ပြုပြင်ပြောင်းလဲဆိုင်ရာ convention UNFCC၊ ကုလသမဂ္ဂရာသီဥတု ပြုပြင်ပြောင်းလဲဆိုင်ရာ ကျိုတိုနောက်ဆက်တွဲစာချုပ် Kyoto protocol နောက် မျိုးဆက်ပျက်သုဉ်းမှုရှိတဲ့ တိရစ္ဆာန်များ နိုင်ငံတကာ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ CITES Ramsar ၊ နောက်တစ်ခါ ITTU စတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သစ်တောကာကွယ် ထိန်းသိမ်းရေး ဇီဝမျိုးစုံမျိုးကွဲနဲ့ သဘာဝနယ်မြေများ ထိန်းသိမ်းရေး၊ ဒီရေတောများ ပြန်လည်ထူထောင်ရေး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြေရေး၊ ပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများနဲ့ ပတ်ဝန်းကျင်နဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များ၊ ရေဝေရေလဲဒေသ စီမံအုပ်ချုပ်ရေးစတဲ့ နယ်ပယ်အသီးသီးမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်တဲ့ စီမံကိန်း(၂၉)ခု၊ တစ်နည်းပြောရရင် ကျွန်တော် ခုနက တင်ပြခဲ့တာဟာ၊ ဒီဟာက ဘာကြောင့်လည်းဆိုတော့ တစ်ဖက်က နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေသည် အကန့်အသတ်နဲ့ ရှိနေတဲ့အခါမှာ နိုင်ငံတကာရဲ့ အကူအညီ ရယူရပါတယ်။ နည်းပညာ ရယူရပါတယ်။ အတွေ့အကြုံ ဖလှယ်ရပါတယ်။ ဒီအပေါ်မှာ ရယူပြီးတော့ စီမံကိန်း(၂၉)ခု၊ ညှိနှိုင်းဆဲ စီမံကိန်း(၆)ခု ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့ အဓိက နိုင်ငံတွေကတော့ ကျွန်တော်တို့ ဒီကနေ့ အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ နော်ဝေ၊ ပြင်သစ်၊ ဂျာမဏီ၊ ဗြိတိန်၊ တရုတ်နိုင်ငံများ ဖြစ်ပါတယ်။ ဒီထဲမှာ အဓိကအားဖြင့် portion အများဆုံးကတော့ နော်ဝေ နဲ့ ကိုရီးယား၊ ဂျပန် ဒါဟာ အများဆုံး ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေကတော့ ကျွန်တော်တို့နဲ့ အတူ WCS, ITTO, IIT, APF, Reco FFI, IEF, WIF အဖွဲ့အစည်းများဖြစ်ပြီးတော့မှ ကုလသမဂ္ဂအဖွဲ့အစည်းတွေကတော့ UNDP နဲ့ UNF၊ UNESCO၊

FAO စတဲ့အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ကျွန်တော် နိဂုံးမချုပ်ခင်မှာ သစ်တောကဏ္ဍနဲ့ပတ်သက်လို့ တချို့အချက် ကောက်နှုတ် ပြီးတော့မှ တင်ပြလိုပါတယ်။

ဒါကတော့ ကျွန်တော်တို့ ထောင်စုနှစ်ရည်မှန်းချက် ၂၀၁၃ ခုနှစ်မှာ ကုလသမဂ္ဂကနေ report ထွက်တဲ့အထဲမှာ ကျွန်တော် ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားတဲ့ အချက်တွေ အားလုံးအပေါ်မှာ အကျုံးဝင် တယ်ဆိုတာလေးကို ကျွန်တော်တင်ပြချင်ပါတယ်။ ဒါကတော့ ထောင်စုနှစ် ရည်မှန်းချက်ထဲမှာ ရည်မှန်းချက်(၇) ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ဆိုင်ရာ တည်ငြိမ်မှု စဉ်ဆက်မပြတ် ရရှိစေရန် ဆိုပြီးတော့ ပါရှိပါတယ်။ အဲဒီတော့ ထောင်စုနှစ် ရည်မှန်းချက် ၇(က) က စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်များကို နိုင်ငံ့မူဝါဒများနှင့် အစီအစဉ်များတွင် ပေါင်းစပ်ဆောင်ရွက်ရန် သဘာဝ သယံဇာတများ၊ ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးမှုများကို တားဆီးကာကွယ်ရန် ဖြစ်ပါတယ်။ အဲဒါ ကျွန်တော်တို့ လူသားအားလုံးအတွက် နိုင်ငံသားတင် မဟုတ်ပါဘူး၊ လူသားအားလုံးအတွက် တာဝန်ရှိတယ် ဆိုတာကို ဒီရည်မှန်းချက်မှာ ဖော်ညွှန်း ထားတာဖြစ်ပါတယ်။

အဲဒီတော့ ဒီမှာ ဆက်လက်ပြီး အကျဉ်းချုပ် ဘာသာပြန်ဆိုထားတဲ့ အပေါ်မှာ ကျွန်တော် တင်ပြရရင် နိုင်ငံအများအပြားမှာ စဉ်ဆက်မပြတ် သစ်တော စီမံအုပ်ချုပ်မှုကို အထောက်အပံ့ပေးတဲ့ သစ်တောမူဝါဒများ၊ ဥပဒေများ ရှိသော်လည်း သစ်တောသည် လျင်မြန်စွာ ဆုံးရှုံးပျောက်ကွယ်နေ ပါသည်။ တောင်အမေရိကနှင့် အာဖရိကတွင် သစ်တောပြုန်းတီးမှု အများဆုံးဖြစ်ပြီး နှစ်စဉ်သန်းပေါင်း (၃.၄) ကနေ (၃.၆) ဟက်တာခန့် ရှိတယ်လို့ ဖော်ပြပါတယ်။ ကမ္ဘာ့သစ်တောများ ရဲ့ (၇၅)ရာခိုင်နှုန်းကို နိုင်ငံအဆင့် သစ်တောအစီအစဉ်များဖြင့် စီမံအုပ်ချုပ်နေပါတယ်။ သို့သော်လည်း အဆိုပါ အစီအစဉ် များမှ ထိန်းချုပ်နိုင်မှုမရှိတဲ့ အခြေအနေများကြောင့် သစ်တောပြုန်းတီးခြင်းကို ဖြစ်ပေါ်စေပါတယ်။

သစ်တောပြုန်းတီးခြင်းရဲ့ အဓိကအချက်သည် ကမ္ဘာ့လူဦးရေ တိုးပွားလာမှုကြောင့် သစ်တော မြေမှ စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲသွားခြင်း ဖြစ်ပါတယ်။ သစ်တောများ ဆုံးရှုံးခြင်းဟာ ဒေသခံ ဆင်းရဲသားများရဲ့ ဘဝလုံခြုံမှု အပေါ် အကြီးမားဆုံး အကျိုးသက်ရောက်စေပါတယ်။ သစ်တောများသည် ဆင်းရဲ နွမ်းပါးမှုလျှော့ချခြင်းနဲ့ သန်းပေါင်းများစွာသော ကမ္ဘာ့အဆင်းရဲဆုံး အိမ်ထောင်စု များအတွက် အစားအစာ၊ သစ်၊ ထင်းလောင်စာ၊ ဆေးဝါးနဲ့ သစ်မဟုတ်တဲ့ အခြား သစ်တောထွက်ပစ္စည်းများကို စဉ်ဆက်မပြတ် ကူညီထောက်ပံ့ပေးလျက်ရှိပါတယ်။ သစ်တောပြုန်းတီးခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့စေရန် အဆိုးဝါးဆုံး ခြိမ်းခြောက်မှုဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုကို အမြစ်ဖြတ်တိုက်ဖျက်ခြင်းကိုလည်း ထိခိုက်စေပါတယ်။

သစ်တောများ အပါအဝင် သဘာဝသယံဇာတ အရင်းအမြစ်များ ဆုံးရှုံးမှုနည်းပါးစေရန် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ခြင်း၊ စဉ်ဆက်မပြတ် မြေယာ စီမံအုပ်ချုပ်မှု၊ ရာသီဥတုပြောင်းလဲမှု လျော့နည်းသက်သာစေခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် စိုက်ပျိုးရေးနဲ့ သစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းများ ရှာဖွေရန် လိုအပ် ပါသည်ဟု ဖော်ပြထားပါတယ်။ တစ်နည်းပြောရရင်တော့ ကနေ့ ကြုံတွေ့နေရပြီး ကျွန်တော်တို့နိုင်ငံ နည်းတူ တစ်ကမ္ဘာလုံးမှာလည်း သစ်တော များဟာ ဆုံးရှုံးလျက် ရှိပါတယ်။ ဒါဟာ ခုနက ဘာလဲဆိုတော့ လူဦးရေတွေ တိုးပွားလာတယ်၊ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီးများ ဆွေးနွေးတဲ့အထဲမှာ ပါရှိပြီး ဖြစ်ပါတယ်။ အဲဒါတော့ လူတွေသာလျှင် လောကကို ဖန်တီးသလို၊ လူတွေသာလျှင် လောကကို

ဖျက်ဆီးတာဖြစ်ပါတယ်။ လူသာလျှင် အဓိက ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာလည်း အဓိကအားဖြင့် ကနေ့ ကျွန်တော်တို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့မှာလည်း အင်အား ခုနလည်း ဖော်ပြသွားပြီးဖြစ်ပါတယ်။ ကျွန်တော် အကြမ်းဖျင်းလည်း ခုန အလုပ်သဘော ဆွေးနွေးလိုက်တော့ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း ဆွေးနွေးသွားပါတယ်။

ကျွန်တော်တို့မှာ အင်အား၊ သစ်တောဦးစီးဌာနက (၁၅၆၃၆)ဦး အရာထမ်း၊ အမှုထမ်း ရှိပါတယ်။ ခန့်အပ်အင်အား (၈၅၂၅)ဦး ရှိပါတယ်။ ကျွန်တော်တို့ရဲ့ သစ်တောမြေသည် Permanent Forest Estate (PFE) စုစုပေါင်း သန်း(၄၀)နဲ့ ပြောရင်တော့ ကျွန်တော်တို့ ဒီဘက်က သန်း(၄၀)၊ စိုက်ခင်းဧက (၂.၅၁) ဒါတွေကို ကျွန်တော်တို့ တကယ်တမ်း စီမံအုပ်ချုပ်ဖို့ဆိုတာ ကျွန်တော်တို့ အဖွဲ့တစ်ခုတည်းနဲ့ လုံလောက်တဲ့ အင်အား၊ အင်အားဆိုတဲ့နေရာမှာ လူအင်အား၊ ငွေအင်အား၊ နည်းပညာအင်အား စတဲ့ ဒီဥစ္စာတွေ လိုအပ်လာမှာ ဖြစ်ပါတယ်။ ဒီအတွက်လည်း တစ်ဖက်က နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ နည်းပညာအင်အား၊ ငွေအင်အားရနိုင်သလောက် ကြိုးပမ်းဆောင်ရွက်သလို တစ်ဖက်က မိမိရဲ့ အစွမ်း ရှိသလောက် ရုန်းကန်ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

သို့သော်လည်း ဒီသစ်တောတွေဟာ ကျွန်တော်တို့ ခုန ဆွေးနွေး သွားသလို ကျွန်တော်တို့ရဲ့ သန်း(၆၀)သော ပြည်သူတွေ ပိုင်ဆိုင်တဲ့ အဖိုးမဖြတ်နိုင်တဲ့ သယံဇာတများသာ ဖြစ်ပါတယ်။ ဒီအဖိုး မဖြတ်နိုင်တဲ့ သယံဇာတများဟာ ကနေ့ ကျွန်တော်တို့တွေ အားလုံးဟာ အနာဂတ်က မျိုးဆက်သစ်တွေရဲ့ သယံဇာတတွေကို ကျွန်တော်တို့က ချေးယူပြီး သုံးနေတာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ကျွန်တော် တို့မှာ တာဝန်ကြီးမားလှပါတယ်။ အဲဒီ တာဝန်သည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာ ဝန်ကြီးဌာနကတော့ Focal Ministry ဖြစ်ပါတယ်။ ကျွန်တော်တို့မှာတော့ အဓိက တာဝန်ယူရတာ ဖြစ်ပါတယ်။

သို့သော်လည်း ဒီတာဝန်သည် ကျွန်တော်တို့ရဲ့ ကနေ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပုဒ်မ ၄၅ မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရန်အတွက် နိုင်ငံတော်မှာ တာဝန်ရှိတယ်၊ ပုဒ်မ ၃၉၀ မှာ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်း စောင့်ရှောက်ရန် လုပ်ငန်းစဉ်တွေကို ပြည်သူတွေက ကူညီရန် တာဝန်ရှိတယ်လို့ အတိအလင်း ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ တစ်နည်းပြောရရင် ကျွန်တော်တို့တွေ အားလုံးမှာ နိုင်ငံသားတာဝန်အရ အကုန်ရှိပါတယ်။ အဲဒီတော့ အခု ကနေ့ အချိန်ယူပြီးတော့မှ ကျွန်တော် တို့ရဲ့ တင်ပြချက်ကိုလည်း အချိန်ယူပြီးတော့မှ ခွင့်ပြုပေးခဲ့တဲ့ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များကို ကျွန်တော်တို့ ပြည်သူတွေများရော၊ နောက် ဝန်ကြီးဌာနများရော ဆက်စပ်အဖွဲ့အစည်းများ အားလုံးက ကျွန်တော်တို့ရဲ့ အဖိုးမဖြတ်နိုင်တဲ့ သယံဇာတ များကို ရေရှည်တည်တံ့စေရေးနဲ့ ကျွန်တော်တို့ရဲ့ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေ ကောင်းတွေကို အနာဂတ်မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းနိုင်ရေးအတွက် အားလုံး ပူးပေါင်းပြီး တော့မှ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ဖို့ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၅:၅၆။**

**ဥက္ကဋ္ဌ။** ။ အခုလို စနစ်တကျနဲ့ ပြည့်ပြည့်စုံစုံ ရှင်းပြတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒုတိယဝန်ကြီးလည်း မောတော့မောမှာပေါ့၊ သို့သော်လည်း တစ်ခုစိတ်ဝင်စားတဲ့ ကိစ္စလေးတစ်ခု

မေးကြည့်ချင်တယ်။ အဲဒီတော့ carbon credit ကိစ္စပေါ့နော်၊ ခုနက REDD+ နဲ့ဆိုင်မယ်ထင်တယ်။ အဲဒါကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း သိအောင်ပါ။ ကျွန်တော်တို့ ဖတ်ဖူး သလောက်တော့ တခြားနိုင်ငံမှာ စက်ရုံကြီးရှိတယ်၊ ကျွန်တော့် စက်ရုံက ကာဗွန်တွေ ထုတ်တယ်ဆိုလို့ရှိရင် ကျွန်တော် အဲဒီမှာ သစ်တောမစိုက်နိုင်ရင် မြန်မာနိုင်ငံမှာ ရှိတဲ့ သစ်တောတစ်ခုကို ကျွန်တော့်နာမည်နဲ့ ထားပေးပါ၊ Register လုပ်ပေးပါ။ ငွေ ဘယ်လောက်ပေးပါမယ်၊ တစ်နှစ်ကို ဆိုတာမျိုးပေါ့။ အဲဒါနဲ့ REDD+ နဲ့ ဆိုင်သလား၊ နောက်တစ်ခု အဲဒါနဲ့ ပတ်သတ်လို့ရော ကျွန်တော်တို့နိုင်ငံက ဝင်ငွေရတာ ရှိသလားဆိုတာလေး သိချင်တယ်။ အကြမ်းဖျင်း ဖြစ်ဖြစ် ပြောပါရပါတယ်။

**အချိန်၊ ၁၅:၅၈။**

**ဦးအေးမြင့်မောင် (ဒုတိယဝန်ကြီး၊ သစ်တောရေးရာနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန)**။ ။ တစ်နည်းအားဖြင့်တော့ ကျွန်တော်တို့က အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကို တင်ပြရရင် Kyoto Protocol ရှိပါတယ်။ အဲဒီမှာတုန်းက သဘောတူညီချက် ရှိပါတယ်။ နောက် ထိုနည်းတူပဲ အမှန်တကယ်ကတော့ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတွေက သူတို့ရဲ့ ထုတ်လွှတ်လိုက်တဲ့ carbon emission ကို သူတို့ လျှော့ချရမှာပါ။ အဲဒီမှာ တစ်ချို့က မလျှော့ချနိုင်ပါဘူး။ မလျှော့ချနိုင်တဲ့အတွက် တချို့ကုမ္ပဏီတွေက ဥပမာအားဖြင့် ကျွန်တော်တို့ဆီမှာ အခုဆိုရင် လာရောက်ရင်းနှီးမြှုပ်နှံမှု ရှိပါတယ်။ သစ်တော စိုက်ခင်းတွေ ပြန်ပြီးတော့ ထူထောင်ရပါမယ်။ တစ်နည်းပြောရရင်တော့ ကာဗွန် ထုတ်လုပ်မှုကို တစ်ဖက်က သူက လျှော့ချဖို့ စက်ရုံက မလျှော့ချနိုင်တဲ့အတွက် ကာဗွန်စုပ်ယူမှုကို ဒီဖက်မှာ လာထူထောင်တာ ဖြစ်ပါတယ်။

ထိုနည်းတူပဲ ကျွန်တော်တို့နိုင်ငံက အခု သဘာဝတောတွေ ထိန်းလိုက် တယ်၊ နောက် ခုနက သစ်တောစိုက်ခင်းတွေ ထူထောင်တယ်။ စနစ်တကျ စီမံအုပ်ချုပ်တယ်ဆိုရင် ကာဗွန်စုပ်ယူမှု ပမာဏတွေ များလာပါတယ်။ ကျွန်တော်တို့က ကာဗွန်ထုတ်လုပ်မှု လျှော့ချသွားပါတယ်။ အဲဒီအခါကျရင် အဲဒီအပေါ်မှာ တွက်ချက်တဲ့ ကာဗွန် တွက်ချက်ပြီးတော့ ရောင်းဝယ်တဲ့ market ရှိပါတယ်။ အဲဒါကတော့ volunteer carbon market လို့ ခေါ်ပါတယ်။ အဲဒီကို ကျွန်တော်တို့က တင်သွင်းပြီးတော့ ရောင်းဝယ်လို့ရပါတယ်။ ဒါက ကျွန်တော်တို့ ခုန သစ်တော၊ renewable energy ကလည်းရပါတယ်။ renewable energy ကလည်း သဘောအားဖြင့် ကျွန်တော်တို့ ဟိုက်ဒရိုပါဝါတွေ တည်ထောင်တဲ့ ဟာတွေ၊ solar energy၊ wind power စတဲ့ ဒီဟာတွေကလည်း ခုန ကျွန်တော်တို့ carbon credit trading ကို ရစေပါတယ်။ သို့သော်လည်း ကျွန်တော်တို့ အရောင်းအဝယ် လုပ်တဲ့အပိုင်းက ဥက္ကဋ္ဌကြီးကိုလည်း ဝန်ကြီးတစ်ချိန်က ရှင်းပြဖူး ပါတယ်။ ဒီဟာမှာ သူတို့ဖွဲ့စည်းထားတဲ့လုပ်ငန်းစဥ်လေးတွေ အဆင့်ဆင့် ကျွန်တော်တို့ ဆောင်ရွက်နေရတာ ရှိပါတယ်။

ဒါပေမဲ့လို့ အခုအခါကျတော့ ပွင့်လင်းတဲ့ နိုင်ငံရေး ပြောင်းလဲသွားမှုအရ ကျွန်တော်တို့ဖက်ကို ပိုပြီးတော့မှ အလေးထားပြီးတော့ ဆောင်ရွက်လာပါတယ်။ ကျွန်တော်တို့နိုင်ငံက အခုန ဒေသခံအစုအဖွဲ့တွေက ဒီတောတွေကို ထိန်းတဲ့အတွက် ရလာမယ့် အကျိုးအမြတ် ကာဗွန်၊ အဲဒီ ခုနက volunteer carbon market က ရတဲ့ အကျိုးအမြတ် သူတို့ရမှာပါ။ ရမှာပါ။ ကျွန်တော်တို့က ခုနက တစ်ဖက်က စက်မှုလုပ်ငန်းကြီးတွေက ဒီ carbon market မှာကျတော့ ခုနက စက်မှုလုပ်ငန်းတွေက သူက ဝယ်ရမှာပါ။ carbon certificate ဘယ်လောက်ရှိရှိ ဝယ်ရပါမယ်။ မလျှော့ချမှုအတွက်၊ သူမလျှော့ချနိုင်

တဲ့အတွက် ဝယ်ရပါမယ်။ ဝယ်တဲ့အခါကျရင် ဒီလိုဝယ်ဖို့အတွက် နောက် carbon market မှာ သူက ကျွန်တော်တို့ဆီက ကာဗွန်စုပ်ယူမှုပမာဏကို သူဝယ်ရဖို့ ဖြစ်ပါတယ်၊ အကြမ်းဖျင်းကတော့။ အသေးစိတ် လည်း စာအုပ်ထဲမှာတော့ သေချာ ပါ ပါတယ်။

**အချိန်၊ ၁၅း၁၆။**

**ဥက္ကဋ္ဌ။** ။ ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်။ မူလအဆိုရှင် ဦးမျိုးမြင့် ပြောစရာ ရှိရင် ပြောဖို့၊ ပြောချင်သေးရင် ပြောလို့ရပါတယ်။

**အချိန်၊ ၁၆း၀၀။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ အချိန်လည်း တော်တော်လေး ကြာသွားပါပြီ၊ ဥက္ကဋ္ဌကြီး ကျွန်တော့်ကို အခုလို ခွင့်ပြုတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ အခုလို ပတ်ဝန်းကျင်နဲ့ သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်ထောင်စုဝန်ကြီးကိုယ်စား တော်တော်ကို အသေးစိတ် ဒီလို ဆွေးနွေးသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ် များ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ နည်းနည်းလေး ကျွန်တော် ပြောလိုတာက အဆိုတင်ခဲ့တုန်းက သစ်တောပြုန်းတီးမှုနှုန်းဟာ(၀.၉၈)ရာခိုင်နှုန်းလို့ တင်ခဲ့ပါတယ်။ ဒါ ကျွန်တော်ဟာ သစ်တောဘက်က ရတဲ့ဇစ်မြစ်ပါ။ ကျွန်တော်တို့ FRA ၂၀၁၂ ကနေပြီးတော့မှ အဲဒီက data နဲ့ တင်နဲ့ အခါမှာ အခု ကျွန်တော်တို့ ဒုတိယဝန်ကြီး ရှင်းသွားတဲ့ဟာက (၀.၅၅) ဆိုတဲ့ဥစ္စာလေးကို ကွဲလွဲနေသော အကြောင်းလေးတော့ တင်ပြလိုပါတယ်။

နောက်တစ်ချက်က စစ်ကိုင်းတိုင်းကိုပဲ ကျွန်တော် နမူနာလေးတစ်ခုပဲ တင်ပြပါမယ်။ စစ်ကိုင်း တိုင်းဟာ စီမံကိန်းနဲ့ပြောရရင် ထမံသီတဇုန်းအထက် ကျွန်တော်တို့ အပြောင်ရှင်း ထမံသီ ရေအား လျှပ်စစ်စီမံကိန်းဆိုတာ ထမံသီတဆုံး အထက်ဘက် ခန္တီး၊ မော်လိုက် အကြိမ်ပေါင်း (၁၅)ကြိမ်ထက် မနည်းပါဘူး ကျွန်တော် ရောက်တယ်။ အဲဒီတော့ ကျွန်တော်တို့ဟာထမံသီ အပြောင်ရှင်းဆိုတာ ၂၀၀၅-၂၀၀၆ ခုနှစ်ထဲ ကနေပြီးတော့ စခဲ့တာဟာ ၂၀၁၂-၂၀၁၃ ခုနှစ် ရောက်သွားပါပြီခင်ဗျား။ ကျွန်တော်တို့ ထမံသီ ရေအားလျှပ်စစ်စီမံကိန်းကို မူလစတင်ခဲ့တာဟာ ကျွန်တော်တို့ ဒါ လျှပ်စစ်ဝန်ကြီးဌာနနဲ့ Colenco အတိုင်ပင်ခံ ဆွစ်ဇာလန်နိုင်ငံက စခဲ့တာပါ။ ဆွစ်ဇာလန်ကစခဲ့တဲ့အခါမှာ နောင်မှာ အိန္ဒိယ က သူတို့နဲ့ နီးတယ်ဆိုတဲ့သဘောနဲ့ NHPC ဆိုတာ ကုမ္ပဏီပေါ့၊ အိန္ဒိယ Government undertaking ပေါ့၊ အဲဒီက ကုမ္ပဏီကနေပြီးတော့မှ သူတို့ Colenco လုပ်တာကို သူတို့ လက်မခံနိုင်ဘူး ဆိုပြီးတော့ သူတို့ဘာသာ သူတို့ဝင်မယ်ဆိုတဲ့ သဘောနဲ့လုပ်ကြတာမှာ အချီအချ များရင်းနဲ့ ကျွန်တော်တို့ MoU အဆင့်ပဲရှိပါတယ်ခင်ဗျား၊ ထမံသီက။ ဘာမှ Binding မရှိပါဘူးခင်ဗျား။ MoU ဆိုတာက legal Binding ပြောရရင် ကြီးကြီး မားမား ဘာမှမရှိဘူးခင်ဗျား။

အဲဒီတော့ ကျွန်တော်တို့ ၂၀၀၇ ခုနှစ်၊ ၂၀၀၈ ခုနှစ်မှာဆိုရင် စရင်တော့ ၂၀၀၆-၂၀၀၇ ခုနှစ်လောက်ကနေပြီးတော့ ဒီစီမံကိန်း မလုပ်တော့ ဘူးဆိုပြီးတော့ လုပ်တာပါ။ ကျွန်တော်တို့ သစ်ထုတ် ပစ်တဲ့ဥစ္စာက ၂၀၀၇-၂၀၀၈ ခုနှစ် ဆိုလို့ရှိရင် ၂၀၀၅-၂၀၀၆ ခုနှစ် (၃၃၉၅)တန် လောက်ကနေပြီးတော့ ၂၀၀၇-၂၀၀၈ ခုနှစ်မှာ(၁၃၄၄၅၂)၊ နောက် ၂၀၀၈-၂၀၀၉ မှာ (၁၀၂၂၂၀) စသည် ဖြင့်ပေါ့လေ၊ ကျွန်တော်အချိန်ငဲ့လို့ မပြောတော့ပါဘူး။ ၂၀၁၁-၂၀၁၂ ခုနှစ် ထိအောင် သိန်းဂဏန်း ရှိပါတယ် ခင်ဗျား။

ကျွန်တော်တို့ ပြည်ထောင်စုအစိုးရ တက်လာပြီးတဲ့နောက်ကိုက အတင်းအဓမ္မ အတင်းဇွတ် ထုတ်တဲ့ ကိစ္စ ဖြစ်ပါတယ်။ ကျွန်တော် သစ်တောရေးရာ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။

သို့သော်လည်း အသားပေးပြောသွားတာက ဒါဟာ ကျွန်တော်တို့က သစ်တောနဲ့ သစ်ထုတ် ဆိုတာ ခွဲလို့မရပါဘူး။ သစ်တောဘယ်လောက်ပဲ ကျွန်တော်တို့ ရှေ့ကပဲ စိုက်စိုက် သစ်ပင်နောက်ကနေ ခုတ်တဲ့သူက ခုတ်လို့ရှိရင် ဒါဟာ တစ်ချိန်တည်း စိုက်တဲ့သူက စိုက်လို့ ကျွန်တော်တို့ ကျွန်းဆိုလို့ရှိရင် နှစ်(၃၀)လည်း ဟုတ်တယ်၊ (၅၀) ဟုတ်တယ်၊ သစ်တောကလူတွေ ပြောတာ ကတော့ ရောင်းတမ်း တကယ်တမ်းဆိုရင် ရာချီပြီး ရှိတယ်လို့ ပြောပါတယ်။ ဒီစိုက်တဲ့ဥစ္စာက သမင်မွေးရင်း ကျားစားရင်း သဘောဖြစ်တော့ ကျွန်တော်တို့က ဒါလေးကိုလည်း နည်းနည်းထုတ်လုပ်တဲ့အပိုင်းကို ဘယ်လိုစီမံမယ် ဆိုတဲ့ ဥစ္စာလေး ကျွန်တော်တို့ ရှင်းတာတော့ လိုကောင်းလိုမယ်လို့ ကျွန်တော် ယူဆပါတယ်။

နောက်တစ်ချက်က ခုနက အဆိုရှင်တွေ အဆိုအပေါ်မှာ ထောက်ခံသွားတဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ ကိုယ်စားလှယ်တော်တွေအနေနဲ့က ဒီသစ်ထုတ်တဲ့ကိစ္စကို ဓာတ်ပုံတွေနဲ့ရော အထောက်အထားတွေ နဲ့ရော အကုန်လုံးပြောသွားတဲ့အခါမယ် ကျွန်တော်တို့ ရှင်းလင်းတာလေးပေါ့လေ၊ သစ်ထုတ်တဲ့ဥစ္စာနဲ့ ပတ်သက်လို့ အနာဂတ်မှာ ဘယ်လိုစီမံချက်တွေနဲ့ ကျွန်တော်တို့ ကာကွယ်မယ်၊ ဘယ်လိုလုပ်မယ်၊ ကျွန်တော်တို့ ဒီလို ဖမ်းဆီးရရှိတဲ့သစ်လေး ကျွန်တော် ဖော်ပြရုံလောက်နဲ့တော့ ကျွန်တော်ထင်တယ်လေ၊ ဒါ မလုံလောက်ဘူးလို့ ယူဆ ပါတယ်။ ကျွန်တော် အဲဒါလေးကို တင်ပြတာပါ။ ဥပမာ စစ်ကိုင်းတိုင်း ဆိုလို့ ရှိရင် သစ်တော သူ့ရဲ့ဧရိယာဆိုရင် ဧက(၂၃)သန်းရှိပါတယ်။ Forest cover ဟာ ဆိုလို့ရှိရင် (၁၁) သန်း နီးပါးလောက် ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် ဆိုရင်(၄၉.၃၆)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒီထဲမှာ ကြိုးဝိုင်း (၁၅၈)ခု (၅.၉၃)သန်း ရှိပါတယ်။ ကြိုးပြင်ကာကွယ်တောက (၈၁)ခု (၁.၃၁)သန်းရှိပါတယ်ခင်ဗျား။

အဲဒီတော့ ကျွန်တော် အခု ၂၀၁၁-၂၀၁၂ ခုနှစ်မှာ အဓိက ပြုန်းတီးတဲ့နေရာတွေ ပြန်စိုက် တာမှာ ဘယ်လောက်စိုက်သလဲဆိုလို့ရှိရင် နှစ်ခု ပေါင်းမှ ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ထိအောင်ဆိုလို့ ရှိရင် (၈၅၀၀)ဧကနဲ့ တစ်ခါ နိုင်ငံပိုင်က (၈၅၀၀)ဧက၊ ပုဂ္ဂလိက(၇၉၀)ဧကနဲ့ ဒေသအစုအဖွဲ့ပိုင်က (၂၀)ဧကဆိုတော့ ဒုတိယဝန်ကြီး ရှင်းပြသွားတဲ့ တစ်နိုင်ငံလုံးသန်းဂဏန်းနဲ့ ဆိုလို့ရှိရင်တော့ စစ်ကိုင်းတိုင်း နမူနာကြည့်လို့ရှိရင် ကျွန်တော်တို့ ဒါ လက်တွေ့ ဖြစ်နိုင်ဖို့ပေါ့လေ။ ကျွန်တော်တော့ ဒါလေးအပေါ်မှာ နည်းနည်းလေး စဥ်းစား မိတာပါခင်ဗျား။ တစ်ခါ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ဘယ်လောက်စိုက်မလဲဆိုရင် စစ်ကိုင်းတိုင်းမှာ (၁၆၅၅)ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာဆိုရင် (၁၅၆၅)ဧက ဆိုတော့ ကျွန်တော်တို့ ပြုန်းတီးတဲ့ ဧရိယာနဲ့စာလို့ရှိရင် ဒါဟာ ဒီတိုင်းတစ်တိုင်းထဲတောင် အလွန်ကွာခြားနေတော့ ဒါလေး ကိုလည်း တစ်နိုင်ငံလုံးအတိုင်းအတာ ပေါ့လေ၊ ကျွန်တော် မပြောနိုင်ဘူးပေါ့။ စစ်ကိုင်းတိုင်းကို ကျွန်တော် နမူနာလေး ယူပြီးတော့ ပြတာဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ တစ်ခုလေး ပြောချင်တာကတော့၊ တင်ပြချင်တာကတော့ ကျွန်တော်တို့ နမူနာတစ်ခု ပြောပါမယ်ခင်ဗျာ။ ဆည် ဆောက်တယ်၊ ရေအားလျှပ်စစ်လုပ်တယ်၊ ဥပမာ ဒီနားမှာရှိတဲ့ ငလိုက်ဆည်ကြီး ကို ကျွန်တော်ပြောမယ်။ ကျွန်တော်တို့ ပါဝင်ပတ်သက်လုပ်ခဲ့တာပါ။ စီမံကိန်းကို ဆိုပါစို့၊ (၅)နှစ်နီးပါးကြာခဲ့ပါတယ်။ (၄)နှစ်နဲ့ (၅)နှစ်ကြားမှာ၊ ကျွန်တော်တို့အနေနဲ့ ဆည်စီမံကိန်းစကတည်းက ပြီးတော့မယ့် (၁)နှစ်ခွဲ အလိုလောက်မှာ သစ်တော၊ သစ်ထုတ်ကို စာရေး ပါတယ်။ ဒီအကွက်တွေ ဒီအကွက်တွေကတော့ ထုတ်ပါတော့။ ကျွန်တော်တို့ အပြောင်ရှင်း လုပ်ပါတော့

ဆိုတဲ့ သဘောနဲ့ ရေလှောင်ပါတော့မယ်။ ဘယ်အချိန်မယ်။ ကျွန်တော်တို့ တာဝန်မယူပါဘူး နောက်ပိုင်း Reservoir Rim ကို Survey လုပ်ပေးပါတယ်။ လုပ်ပေးပြီးရင် အဲဒီမှာ သစ်တော၊ သစ်ထုတ်က ဝင်ပါတယ်ခင်ဗျား။ ထုံးစံကတော့ ဘယ်စီမံကိန်းပဲ လုပ်လုပ် ကျွန်တော်တို့ အပြီးသတ်က မြစ်ဖြစ်ဖြစ်၊ ချောင်းဖြစ်ဖြစ် ပိတ်ပြီးတော့မှ မပိတ်ခင်(၁)နှစ်၊ (၁)နှစ်ခွဲခန့်မှာ ကျွန်တော်တို့ ဒီလို ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အဲဒီနားမှာရှိတဲ့ အထက်ပေါင်းလောင်း ရေအား လျှပ်စစ်စီမံကိန်း၊ ပြီးခဲ့တဲ့ ဒီဇင်ဘာလမှာ ပိတ်ပါ တယ်ခင်ဗျား။ ကန်တွင်းမှာ နစ်မြုပ်နေတဲ့ ရွာ(၂၃)ရွာ မပြောင်းမရွှေ့ရမချင်း ကျွန်တော်တို့ ပိတ်လို့ မရဘူး။ သစ်တော သစ်ထုတ်ကိုလည်း ဘယ် Level ထိအောင်ကို အပြောင်ရှင်းမယ်ဆိုတာကို ကျွန်တော် ပြောပါတယ်ခင်ဗျား။

အဲဒီတော့ ကျွန်တော်တို့ ထမံသီဟာ ဘယ်နေလို့ နေမှန်းမသိဘူး ခင်ဗျား။ (၁၂)နှစ်လည်း ဟုတ်တယ်။ ဒီစီမံကိန်းက (၁၅)နှစ်လည်း ဟုတ်တယ်။ နည်းနည်းနောနော Work Load ကြီး မဟုတ်ဘူး။ ချင်းတွင်းမြစ်ကြီးကို ပိတ်ပြီး ကျွန်တော်တို့ တည်ဆောက်ရမှာပါ။ တကယ့်ကို ခက်ခက်ခဲခဲ Foundation ဆိုတာ အင်မတန် ခက်ခဲပါတယ်။ ဘယ် Consultant မှ မတိုးရဲဘူးခင်ဗျ။ ကုလားရော၊ ကျွန်တော်တို့ အနောက် EU ဘက်ကနိုင်ငံတွေရော ဒါ မတိုးရဲတာနဲ့ ဒီ ထမံသီ ဟာ ဖြစ်တာပါခင်ဗျ။ နောက်ဆုံးမှာ ကျွန်တော်တို့ ခန္တီးထိအောင် ရေထောက် ပါတယ်။ ဟူးကောင်းတောင်ကြား ကျားခိုတဲ့ တောတွေကအစ ရေနစ်တဲ့ ဥစ္စာတွေ ဖြစ်ပါတယ်။ ထမံသီက လုံးဝ ကျွန်တော်တို့က Preparatory Works ကြိုတင် ပြင်ဆင်မှု ကာလအတွင်းမှာ ဒါ သစ်ကို ဖွတ်ထုတ်ပစ်တာ၊ ဒါ လွန်တာတွေက လွန်ပြီးပါပြီ ခင်ဗျာ။ ကျွန်တော် အပြစ်ပြော သဘောနဲ့ ပြောတာမဟုတ်ပါဘူး။

နောင်မှာလည်းပဲ ရေအားလျှပ်စစ်စီမံကိန်းတွေ၊ ဆည်မြောင်း စီမံကိန်းတွေ လုပ်တဲ့အခါမယ် ဒီစီမံကိန်းကို လုပ်တော့မယ်ဆိုကတည်းက စပြီး သစ်ထုတ်လုပ်တော့ ဒီစီမံကိန်းက တစ်ချို့ဆို MoU အဆင့်ပဲ ရှိသေးတယ်။ MoA အဆင့်ပဲ ရှိသေးတယ်။ ဒါလေးတွေကိုတော့ သစ်တောသစ်ထုတ်ကို ကျွန်တော်တို့အနေနဲ့ ပေါ့လေ။ အပြုသဘောနဲ့ ဝေဖန်တာပါခင်ဗျာ။ ကျွန်တော့် အနေနဲ့ ဟိုပျော့ကွက်ကို ကျွန်တော် လျှောက်ပြောတာ မဟုတ်ပါဘူးခင်ဗျ။ ကျွန်တော့်အနေနဲ့တော့ ခုလို ပြောခွင့်ပြုတာရော၊ ဒုတိယဝန်ကြီး ရှင်းပြတာ တွေရော ကျေးဇူးတင်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၆း၀၈။**

**ဥက္ကဋ္ဌ။** ။ အဆိုနဲ့ ပတ်သက်ပြီးတော့ မဲခွဲပေးရမှာလား၊ မှတ်တမ်းတင်မလား၊ ရုပ်သိမ်း မလား၊ အဆိုနဲ့ ပတ်သက်ပြီးတော့

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ကျွန်တော်ကတော့ ဒါ အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူပါ့မယ်။

**အချိန်၊ ၁၆း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့ သစ်တောဂေဟစနစ်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်းသစ်တောနယ်မြေများ ထာဝစဉ်ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို

လက်တွေ့ ပဓာနကျစွာ ပံ့ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် အမျိုးသား လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေ လိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။

ထောက်ခံမဲ( ၁၀၁)၊ ကန့်ကွက်မဲ(၂)၊ ကြားနေမဲ(၅၉)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒုတိယနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် တတိယနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၆း၁၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်၊ တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၆း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။]